

# မြတ်ဗုဒ္ဓ၏

# လိုအင်ဆန္ဒပြည့်ဝစေကြောင်း နည်းလမ်းကောင်းများ

ချောင်းဆုံ အုန်းသွင်

မြု စု သ.ညီ

စာပေဝါသနာ၊ စာပေစေတနာ၊ စာပေသစ္စာဖြင့်……

# စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး

ဘာသာရေးစာပေ ကြိုတင်ခွင့်ပြုချက်အမှတ် (၄၃၆)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် (၃၁၄/၈၉) (၉)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ချောင်းဆုံ အုန်းဘွင်
(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

ပေယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်လမ်း)
ရန်ကုန်မြို့ (ဖုန်း—၇၆၃၇၁)

၂၀၂၈၇

ဘုရားဟူသည် သိရုံနှင့် မပြီး၊

ကျင့်ကြံ အားထုတ်မှ ပြီး၏။

သံသရာမှ လွတ်ချင်သည်ဆိုလျှင် အပြောနှင့် မရ။

# မြတ်ဗုဒ္ဓ၏
# ကိုရင်သနှင့်ပြုပြင်ပေးဝေကြောင်း

## နည်းလမ်းကောင်းများ

ဆောင်ဆိုရန်ရွှင်

ပြုသည်

ဓမ္မ

ပထမအကြိမ်၊
၁၉၇၉-ခု၊ နိုဝင်ဘာလ
အုပ်ရေ (၂၀၀၀)

---

မျက်နှာဖုံးပန်းချီ
တင်ထွန်းကျော်

---

အဖုံး ဖလင်ခွဲ
ဒိုက်တာဖလင်ခွဲ

---

စာအုပ်ချုပ်
မိဘမေတ္တာ

---

ပုံနှိပ်သူ (မျက်နှာဖုံး/အတွင်း)
ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊
ရန်ကုန်မြို့

---

ထုတ်ဝေသူ
ဒေါ်လှမြင့် (၀၁၉၅၅) မှန်ရတနာစာအုပ်တိုက်
အမှတ် ၃၃၊ ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့၊

# မာတိကာ


| | |
|---|---|
| အမှာ | ........ |
| နိဒါန်း | ........ |
| အိန္ဒိယနိုင်ငံနှင့် ဝါဒမျိုးစုံ | ၇ |
| သိဒ္ဓတ္ထမင်း၏ တွေးကြံမှု | ၁၅ |
| သိဒ္ဓတ္ထမင်း ဖြစ်ကြောင်း အကျဉ်းကောင်း | ၂၀ |
| အလုံးစုံသော တရားတို့ကို သိသူ ပေါ်ပြီ | ၂၇ |
| ပဋိသန္ဓေနှင့် သုဂတဝင်္ဂသာ | ၃၄ |
| စတုမဟာရာဇ်ဘုံ | ၃၄ |
| နတ်သျှင်နောင်နှင့် ဓာတုကာလျှာ | ၃၉ |
| လူးဆန်းမှုသော တေးဂါထာ | ၄၂ |
| ရှတနှသုံးပါးနှင့် ဗုဒ္ဓဝင်္ဂသာ | ၅၇ |

| မာတိကာ | စာမျက်နှာ |
| --- | --- |
| သိကြားမင်းကြီး၏ ဘုရားဖူးခရီး | ၆၀ |
| သိကြားမင်းကြီးနှင့် ပုဗ္ဗနိမိတ် | ၆၆ |
| ဘင်ကူး ကျောင်းဖွို | ၇၀ |
| မကျွတ်ထိုက်သေးရှိ၍လော | ၇၃ |
| တရားနာလို လူ့ပြည်သွား | ၇၇ |
| ထွန်းလင်း ညီညာ | ၈၁ |
| အပြစ်ခြောက်ပါး ကင်းရာ အရုပ် | ၈၄ |
| မြတ်စွာဘုရား၏ ချီးကျူးစကား | ၈၉ |
| ဘုရား ပေးသော ဆု | ၉၄ |
| ကာလပေါ် ဘုရားရှိခိုးနည်းများ | ၉၅ |
| မြတ်စွာဘုရား၏ နှုတ်ဆက် စကား | ၉၈ |
| ဟောနံထုတ်ချောက် နတ်ပြည် ရောက်ရန် | ၁၀၁ |
| ကိုးကွယ် ဆည်းကပ်ခြင်း | ၁၀၅ |
| ဆရာ ဒကာတို့၏ ပြောင်းပြန် အဖြစ် | ၁၀၆ |
| ရောက်ရာ ဘဝမှ ပျော် | ၁၀၉ |
| သိကြားမင်း၏ မျှော်လင့်ချက် | ၁၁၂ |
| သိကြားမင်း၏ လျှောက်မေးချက် | ၁၁၃ |
| ချမ်းသာလိုလျှက် ဘယ်သင်းဖျက် | ၁၁၃ |
| အဖျက်တရား နှစ်ပါး | ၁၁၅ |
| မနာလိုခြင်း | ၁၁၆ |
| အိုးထိန်းသည်နှင့် ခပါသည် ဇာတ်လမ်း | ၁၂၁ |
| ဗာရာဏသီ မင်းညီလာခံ (၁၂၊၁၃၊၄၊၅၊၆) | ၁၂၄ |
| ဝန်တိုခြင်း | ၁၃၃ |
| သူဌေးဘဝမှ ခွေးဘဝသို့ | ၁၃၅ |
| ဝန်တိုခြင်း ငါးပါး | ၁၃၇ |
| ဆရာ၊ ဒကာနှင့် ချေသည် | ၁၄၂ |
| ဝန်တိုစိတ် ဝင်ပြီ | ၁၄၄ |

လေးခွန်းသော ဆဲရေးခြင်း ၁၄၇
ဝန်တိုသမား အပါယ်လားပြီ ၁၅၁
နှောက်ဆုံးဘဝ ဝဋ်ဒုက္ခ ၁၅၂
ပထမ ဆဲရေးခြင်းအတွက် ၁၅၄
ဒုတိယ ဆဲရေးခြင်းအတွက် ၁၅၅
တတိယ ဆဲရေးခြင်းအတွက် ၁၅၆
စတုတ္ထ ဆဲရေးခြင်းအတွက် ၁၅၆
ခွန့်ပစ်ကြရလေပြီ ၁၅၇
လှည့်စားနေပုံ ၁၆၀
အကျင့်ဆန်း တစ်မျိုး ၁၆၂
ကျွတ်ချိန် တန်ပြီ ၁၆၆
အံ့သြလွန်းစွ ဇမ္ဗူကာ ၁၇၀
ဇမ္ဗူကာ ကျွတ်တမ်းဝင်ပြီ ၁၇၃

ချစ်ခြင်းမုန်းခြင်း ၁၇၅
မနာလိုခြင်း၊ ဝန်တိုခြင်း၊ အဘယ်အကြောင်းရှင်း ၁၇၇
ချစ်ခြင်း၊ မုန်းခြင်း၊ အကြောင်းရင်း ၁၈၁
လိုအင်ဆန္ဒ ဘယ်ကလာ ၁၈၅
ကြိုးစည်းခိုးဖြတ်သော ချုပ်တွင်မှတ်သားရာ ၁၈၇
ယုံမှား သံသယကင်းပြီ ၁၉၀
ချုပ်တွင်ကွဲမှတ် ပယ်ဖျောက်ရေး ၁၉၁
ဝေဒနာသုံးပါးနှင့် မှိုင်အပ်၊ မမှိုင်အပ် ၁၉၂
အကုသိုလ် ပယ်နည်း ၁၉၆
သတိ၊ သတိ၊ သတိ ၂၀၀

သာချုပ်လကာ ၂၀၂
သိကြားမင်း သောတာပန်ဖြစ်ပြီ ၂၀၃
သိကြားမင်းအတွက် အကျိုးရှေးရှု ၂၀၃
မှသာတာပန် ဟူသည် ၂၀၄

| မာတိကာ | စာမျက်နှာ |
|---|---|
| သောတာပန် ဖြစ်ရန် | ၂၀၅ |
| သောတာပန် သုံးမျိုး | ၂၀၇ |
| သောတာပန်တို့ ခံစားမှု | ၂၀၈ |
| သောတာပန်တို့ ပယ်ပြီးသော တရားများ | ၂၀၉ |
| ဘုံစဉ်စံ သောတာပန် | ၂၁၁ |
| သိကြားမှ သိကြားသို့ | ၂၁၃ |
| မှန်သော အကျင့် | ၂၁၄ |
| သိကြားမင်း သဘောပေါက်ပုံ | ၂၁၆ |
| အကျင့်တရားနှင့် အဆုံးသတ်တရား | ၂၁၈ |
| အပါယ်ဘေးမှ လွတ်ငြိမ်း | ၂၂၁ |
| ဝမ်းမြောက်ခြင်း အင်္ဂါ | ၂၂၂ |
| သိကြားမင်းရသော အကျိုး ခြောက်ပါး | ၂၂၃ |
| နတ်ဘဝသုံး | ၂၂၃ |
| လူ့ဘဝသုံး | ၂၂၄ |
| သကဒါဂါမ် ဘဝ | ၂၂၄ |
| သိကြား တင်ဖဲ | ၂၂၅ |
| နောက်ဆုံး ဘဝ | ၂၂၅ |
| မွေ့သို့ အတွက် အကျိုးကျေးဇူး | ၂၂၉ |
| ကျေးဇူးဆပ်ပြီ | ၂၃၁ |
| သိကြားမင်းကြီး၏ ဘုရားရှိခိုး | ၂၃၂ |
| မြင်မှ ပုဂ္ဂိုလ်များ | ၂၃၇ |
| သိကြားမင်း၏ ဥဒါန်း | ၂၃၇ |
| နိဂုံး | ၂၃၉ |

ဘုရား၊ တရား၊ သံဃာ၊
အမိအဖ၊ ဆရာသမား
အနန္တငါးပါး
ဦးထိပ်ထားလျက်....

## ဤစာအုပ်ဖြင့်—

- မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား
  လည်းကောင်း။
- မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ တရားတော်
  မြတ်များအား လည်းကောင်း။
- ပရမတ္ထ သံဃာတော် အရှင်မြတ်များနှင့်တကွ သံဃာ
  မဟာနာယကအဖွဲ့ချုပ် အမှူးရှိသော သမုတိ သံဃာ
  တော် အရှင်မြတ်များအား လည်းကောင်း။
- ကွယ်လွန်သူ အဖ ဦးဘိုးထွန်းနှင့် အမိ ဒေါ်စောနီတို့အား
  လည်းကောင်း။
- ဆရာ ဦးလှကြည်
- ဆရာ ဦးသန်းတင့်
- ဆရာ ဦးစောဦး
- ဆရာ ဦးညိုမြ
- ဆရာ ဦးဇေယျခေါင်

အစရှိသည့် လောကုတ်လောကီ နှစ်လီသိပ္ပံ အဝဝကို
သင်ကြားပြသ ဆုံးမတော်မူကြကုန်သော ကျေးဇူးရှင်
ဆရာသမားများအား လည်းကောင်း။

အလွန် ရိုသေစွာ ကန်တော့ပါ၏။

# ဝန်ခံချက်

ဤစာအုပ်တွင် ဖော်ပြပါရှိသော—

မြတ်စွာဘုရားသခင်၏ တရားတော် အားလုံး၊ စကားတော် အားလုံးနှင့် သိကြားမင်းကြီး၏ စကားအားလုံး၊ ပဉ္စသိခနတ်သား၏ တေး ဂါထာ များနှင့် လျှောက်ထား ချက်များ အားလုံးသည် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ သက္ကပဉှာသုတ် (တရားတော် စာအုပ်မှ မူရင်းမပျက် ကောက်နုတ် ရေးသားထား ခြင်း ဖြစ်ပါသည်။

ဇမ္ဗူကြူဇာတ်ကို ထေရအပဒါန်မှ ထုတ်နုတ်ယူပြီး၊ မြတ်စွာဘုရားနှင့် ဇမ္ဗူကြူတို့၏ အပြန်အလှန် ပြောဆို ချက်များ၊ မြတ်စွာဘုရား၏ စကားတော်၊ တရားတော်များကို ယင်း စာအုပ်မှ မူရင်း အတိုင်း ထုတ်နုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

သောတာပန်နှင့် ပတ်သက်သော အကြောင်းအရာ အချက် အလက်များကိုမူ ဒဂုန်ဦးစန်းငွေ၏ သောတာပန်နှင့် ယထာဘူတ စာအုပ်မှ မူရင်းမပျက် ထုတ်နုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

နမောတဿဘုရားရှိခိုးကို ၁၉၇၅ခုနှစ်၊ ဧပြီလထုတ်ဒဂုန်မဂ္ဂဇင်း ပါ ဆန်းထွန်း (မန်းတက္ကသိုလ်) ၏ နတ်ကြီးငါးပါး ဘုရားရှိခိုး ဆောင်းပါးမှ မူရင်းမပျက် ထုတ်နုတ်ရေးသားထားခြင်း ဖြစ်ပါ သည်။

စာရေးသူ

# နိဒါန်း

လောကတွင် လူတိုင်းလူတိုင်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြသည်။ ဘ၀တွင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူသည် ပြီးပြည့်စုံနေသူတစ်ဦး ဖြစ်နေပြီ မဟုတ်ပါလော။

'ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း' ဆိုသဖြင့် စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူသိုက်ရေး၊ အန္တရာယ်ကင်းရေး၊ ဘေးရန်ရှင်းရေး စသည့်လို ဘားတောင့်တ နှစ်သက်အပ်သည့် အရာများအားလုံး ပါဝင်သွားပြီ မဟုတ်ပါလော။

ထို့ကြောင့် အချို့သူများသည် မိမိအတွက် 'ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလို၏' ဟု ဆုတောင်းပြီး သူတစ်ပါးအတွက် 'ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ' ဟု ဆုပေးတတ်ကြသည်။

ဆပ ယိန္ဒြိုး စာပေ

# နိဒါန်း

ဤဆုတောင်း ဆုပေးပုံမှာ အတိုဆုံးနှင့် အထိရောက်ဆုံး အပြည့်စုံဆုံး ဆုတောင်း ဆုပေးပုံ ဖြစ်၏။ ထို့ကြောင့် ဤ ဆုမျိုးကို လူတိုင်း အလိုရှိကြသည်။

လူများသာမဟုတ် ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် တစ်ပါး ဂဠုန်၊ ကုမ္ဘာန်ယက္ခ၊ ဂန္ဓဗ္ဗစသည့် အားလုံးတို့သည်လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြသည်။ မိမိတို့ လိုလားနှစ်သက် ချစ်ကျွမ်းဝင်သူ အားလုံးကိုလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ စေလိုကြသည်။

ထို့ကြောင့် မိမိတို့ ကိုယ်ပိုင်အတွက် လည်းကောင်း၊ မိမိတို့ ချစ်ကျွမ်းဝင်သူများ အတွက် လည်းကောင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေကြောင်း ဆုတောင်း မေတ္တာ ပို့သကြသည်။

ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းသည် အထက်က ဖော်ပြခဲ့ သည့်အတိုင်း သတ္တဝါတိုင်းနှင့် ဘာသာတိုင်းတွင် ရှိကြသည်။

သို့သော် ဆုတောင်းသူ မိမိ ကိုယ်တိုင်သည် လည်းကောင်း၊ ဆုပေးခံရသူ၊ မေတ္တာပို့ခံရသူ၊ ဆုတောင်း ပေးခြင်းခံရသူ၊ မိမိ၏ ချစ်ကျွမ်းဝင်သူများသည် လည်းကောင်း တောင်းသည့် ဆု၊ ပေးသည့်ဆုနှင့် ပြည့်စုံကြပါ၏လော။ ပို့သည့် မေတ္တာ အတိုင်း အပြည့်အဝ အကျိုးခံစားကြရပါ၏ လော။

ဤအချက်ကို ဆန်းစစ်ကြည့်လျှင် သတ္တဝါတိုင်းတို့တွင် တောင်းသည့် ဆု၊ ပေးသည့် ဆု၊ ပို့သည့် မေတ္တာအတိုင်း အခါခပ်သိမ်း မပြည့်စုံသည်ကို တွေ့ရပေမည်။

ဤသို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေကြောင်း ဆုတောင်း မေတ္တာပို့သပါလည်း လိုရာဆန္ဒ မပြည့်ဝ ဖြစ်နေရခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။

စပယ်ဦးဓာ့ပေ

အဘယ် အကြောင်းတရားများက ဤဆုတောင်း မေတ္တာ အတိုင်း မပြည့်ဝအောင် တားဆီးထားပါသနည်း။

ထို အတားအဆီးကို မည်ကဲ့သို့ ရှင်းလင်း ဖယ်ရှား ပစ်ရမည်နည်း။ မည်သည့် လက်နက်ဖြင့် သုတ်သင်ရမည်နည်း။

ဤအချက်ကို စာရှုသူများ သိလိုကြပေမည်။ ဤအချက်ကို စာရေးသူလည်း သိလိုလှပါသည်။ စာရှုသူနှင့် စာရေးသူတို့ သာမက ရှေးအခါက သိကြားမင်းသည်ပင် သိလိုခဲ့ပါသည်။

ဤစာအုပ်သည် ဤအမေးကို ဖြေထားသော စာအုပ်ငယ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိသည် လည်းကောင်း၊ မိမိ ချစ်ကျွမ်းဝင်သူများသည် လည်းကောင်း မိမိ ဆန္ဒရှိသည့် အတိုင်း ကိုယ်စိတ်နှစ်ဖြာ အပြည့်အဝ ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်ပေးသော စာအုပ်ငယ် ဖြစ်ပါသည်။

စာရေးသူက လမ်းညွှန်ပေးခြင်း မဟုတ်ပါ။ သိကြားမင်း မေးလျှောက်ထား၍ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဖြေကြား လမ်းညွှန် ပေးထားခြင်း ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုဖြင့် စာမတတ်သူ ဦးရေမှာ အလွန်နည်းပါးပြီး စာတတ်သူဦးရေ အလွန် တိုးပွားလာသည်ကို တွေ့ရပေသည်။ စာတတ်သူဦးရေ တိုးပွားလာသည်နှင့်အမျှ စာဖတ်သူဦးရေမှာ ကျေနပ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိ နေပါသည်။ ထို တိုးပွားလာသော စာဖတ်သူ ဦးရေ အတွက် အကျိုး များစေမည့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် စာပေ အမျိုးအစားလည်း များစွာ လိုပေသည်။

လစဉ် ထွက်ရှိနေသော ပုံနှိပ်စာစောင် မဂ္ဂဇင်းများနှင့် အခါအားလျော်စွာ ထွက်ရှိနေသည့် လုံးချင်း စာများမှာ ဘာသာရပ် စုံစုံလင်လင်နှင့် ဝေဝေ ဆာဆာ ရှိပေသည်။ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး စသည့် အဘက်ဘက်မှ အကျိုးပြုသည့် စာအုပ်များ ဖြစ်စေရေးအတွက် သက်ဆိုင်ရာမှလည်း မူဝါဒများ ချမှတ် ဆောင်ရွက်လျက် ရှိပေသည်။

မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော တရားတော်မြတ်များသည် လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးကို အတိုင်းမသိ ဖြစ်ထွန်းစေပါသည်။

'မြတ်စွာဘုရား၏ တရားတော်များ' ဟု ဆိုလိုက်သည်နှင့် အများအားဖြင့် သာသနာ့ဝန်ထမ်းများ၊ ယောဂီများ၊ သက်ကြီးရွယ်အိုများနှင့်သာ သက်ဆိုင်သည်ဟု ထင်မြင်တတ်ကြသည်။

ထို့ကြောင့် 'တရားစာအုပ်'ဟု ဆိုလျှင် လူငယ်လူရွယ်များ၊ တရားဓမ္မနှင့် မနီးစပ်သူများ ကိုင်ကြည့်ရန်ပင် ဝန်လေးတတ်ကြသည်။ အချို့ ကလေးသူငယ်များကမူ ကိုင်လျှင် ငရဲကြီးမည်ဟု ထင်ပြီး မကိုင်ဝံ့သည်ကိုပင် တွေ့ရသည်။

အချို့ လူငယ် လူရွယ်များ၊ တရားဓမ္မနှင့် မနီးစပ်ကြသူများက တစ်ရံတစ်ခါ ဖတ်ကြည့်ကြ ပြန်တော့လည်း 'ပါဠိ' များကြောင့် မဖတ်တတ်၍ ဆက်မဖတ်ကြတော့ပေ။ အနက်ပြန်ထားသည်ကို ဖတ်ကြည့်ပြန်တော့လည်း ပါဠိ မူရင်းကို အာဘော်မပျက်အောင်၊ မကျန်အောင် အနက် ပြန်ထားရခြင်း

ဖြစ်၍ လောကီ စာပေ စကားပြေကဲ့သို့ ချောချောမောမော မဖြစ်နိုင်ပေ။ ထို့ကြောင့် အသာပြန်ထားပြီး နောင်မဖတ်ဖြစ်တော့သည့် အဖြစ်မျိုးသို့ ရောက်သွားတတ်ကြသည်။

ယခုအခါ မြတ်စွာဘုရား၏ တရားဓမ္မများကို ကြီးငယ်မရွေး လူတိုင်းဖတ်လွယ်သော အရေးအသားဖြင့် ကြိုးစားပြုစုထုတ်ဝေလာကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိလာရပေသည်။ သို့သော် အားနည်းနေပါသေးသည်။

ဤစာအုပ်သည် မြတ်စွာဘုရား၏ တရားဓမ္မများကို စကားမူရင်းမပျက်စေဘဲ ကလေးမှစပြီး စာဖတ်တတ်သူမှန်သမျှ ဖတ်နိုင်အောင် နားလည်လွယ်အောင် ဖတ်ချင်အောင် ကြိုးစားပြုစုထားသော စာအုပ်ဖြစ်ပါသည်။ အထူးသဖြင့် လူငယ် လူရွယ်များနှင့် ဘာသာရေးတွင် စိမ်းနေသေးသူများအတွက် ရည်စူးပါသည်။

တရားအရသာလည်း မပျက်၊ ဘာသာရေး စာပေနှင့် အကျွမ်းမဝင် စိမ်းနေသူများလည်း စိတ်ဝင်စားပြီး ဘာသာရေးစာပေကို ဖတ်ရှုလေ့လာအောင် စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းထားသော စာအုပ် ဖြစ်ပါသည်။

ဤစာအုပ်ကို....

မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော သုတ္တန်ဒေသနာတော်များ အထဲမှ အလွန်ထင်ရှား ကျော်ကြားသည့်

သက္ကပဥှသုတ်ကို မြန်မာ စကားပြေ သက်သက် ဖြင့် အကျဉ်းချုံး ရေးသားထားပါသည်။

တင်ပြပုံ တင်ပြနည်းကိုလည်း ဖတ်ရှုသူတို့ လွယ်ကူရှင်းလင်းပြီး စိတ်ဝင်စားစေရန် မြတ်စွာဘုရား၏ တရားတော်များ၊ စကားတော်များကို မူရင်းမပျက်စေဘဲ ခေတ်စကား၊ ခေတ်ဝေါဟာရ မပါဝင်စေဘဲ တင်ပြထားပါသည်။ အလျဉ်းသင့်သလို ပုံပြင် ဥပမာ များကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

ဤစာအုပ်သည်...

ဘာသာရေး စာပေနယ်ပယ်ကို နည်းမှန် လမ်းမှန် စေတနာမှန်ဖြင့် ချဲ့ထွင်လိုက်သော စာအုပ် ဖြစ်ပါသည်။ ရည်ရွယ်ချက်ပြည့်ဝအောင်မြင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော် -

ချောင်းဆုံ အုန်းသွင်

# မြတ်ဗုဒ္ဓ၏
# လိုအင်ဆန္ဒပြည့်ဝစေကြောင်း
# နည်းလမ်းကောင်း

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့် ခြောက်ရာ ကျော်ခန့်က အိန္ဒိယနိုင်ငံ၏ သမိုင်းကို ပြန်၍လှေ့လာကြည့်ပါလျှင် တိုင်းငယ် ပြည်ငယ်ကလေးများ အကွဲကွဲအပြားပြား၊ ကောရာဇ် ပဒေသရာဇ်များ အမျိုးမျိုးအစားစားရှိလျက် ဘာသာအယူဝါဒ အထူးထူးအခြားခြား ဟောကြ ပြောကြသည့် ဆရာဓမ္မများ အဆန်းဆန်းအပြားပြား၊ ဘာသာရေး ဂိုဏ်းတွေ ဂိုဏ်းခေါင်းဆောင်တွေ အခမ်းခမ်းအနားနားနှင့် ရဟန်း၊ ပုဏ္ဏား၊ ရသေ့များဖြင့် တောတွင်းပေါက်သည့် မှိုများပမာ ဖြစ်နေကြသည်။

သို့ ဘာသာရေး ခေါင်းဆောင်များ၊ တရား ရှာမှီး နေကြသူများကို ရသေ့၊ ပရိဗိုဇ်၊ ရဟန်း၊ ပုဏ္ဏား စသည်ဖြင့် အမျိုးမျိုး ခေါ်ကြသော်လည်း အားလုံးကို စုပေါင်း၍ ခေါ်ရလျှင် “သာသနာပ တွင်၊ သံသရာမှ လွတ်မြောက်လမ်းကို စမ်းတဝါးဝါး ရှာဖွေကျင့်ကြံ အားသုတ်နေကြသူများ”ဟု ခေါ်နိုင်ပေသည်။

ထိုပုဂ္ဂိုလ်များတွင် လောကီဈာန် ရသူများ ယခုဘဝမှ ကွယ်လွန်သွားသူကို မည်သည့် ဘဝ ရောက်နေကြောင်း သိနိုင်မြင်နိုင် ဟောပြောနိုင်သူများလည်း ရှိပေသည်။ အချို့ ‘ဘုရား’ ဟု ဝန်ခံထားသူများလည်း ရှိသေးသည်။

အဆိုပါ ပုဂ္ဂိုလ်များအထဲတွင် ဗုဒ္ဓဘာသာ စာပေများတွင် ပါဝင်ပြီး ထင်ရှားသည့် ပုဂ္ဂိုလ် ခြောက်ဦး ရှိ၏။ ယင်းတို့မှာ-

၁။ ပူရဏကဿပ
၂။ မက္ခလိဂေါသာလ
၃။ အဇိတကေသကမ္ဗလ
၄။ ပကုဓကစ္စာယန
၅။ သဉ္စယဗေလဋ္ဌပုတ္တ
၆။ နိဂဏ္ဌနာဋပုတ္တ

တို့ ဖြစ်၏။

ပူရဏကဿပ သည် သူဌေးအိမ်မှ တစ်ရာမြောက် စာရင်းဝင် အစေခံ ဖြစ်၏။ သူဌေးအိမ်မှ ထွက်ပြေးခဲ့ပြီးနောက် အတွေးအခေါ် အယူအဆများ ထူထောင်ပြီး ဂိုဏ်းထောင်ကာ ဂိုဏ်းခေါင်းဆောင် ဖြစ်လာသည်။ သူ့ အယူအဆမှာ

အချုပ်အားဖြင့် ကံ ကံ၏ အကျိုးကို ပစ်ပယ်သော ဝါဒ ဖြစ်၏။ သူ့ကိုယ်သူ “ငါကား အလိုဆိုးမှန်သမျှ ထိန်းချုပ်နိုင်ခြင်းကြောင့် ဗုဒ္ဓမည်၏” ဟု ဆိုပြီး ဘုရားဖြစ်ကြောင်း ဝန်ခံသည်။

မက္ခလိဂေါသာလ သည်လည်း အစေခံ တစ်ဦးပင် ဖြစ်၏။ သူသည်လည်း ကံ ကံ၏အကျိုးကို ပစ်ပယ်သူ ဖြစ်၏။ “လောကမှာ အဓိက သတ္တဝါပေါင်း တစ်သန်း လေးသိန်း ခြောက်ထောင် ခြောက်ရာသာ ရှိပြီး ထိုသတ္တဝါတို့သည် မဟာကပ် ရှစ်သန်း လေးသိန်းပတ်လုံး တစ်ဘဝပြီး တစ်ဘဝ ကျင်လည်ပြီးလျှင် ဘဝကုန်သွားမည်။ သံသရာမှ အလိုလို လွတ်မြောက်သွားမည်” ဟု ဆိုသည်၊ သတ္တဝါတို့ ကြုံတွေ့ရသော ဆင်းရဲမှု၊ ချမ်းသာမှုသည်လည်း မူလကတည်းက သတ်မှတ် ထားသည့်အတိုင်း တွေ့ရခြင်း ဖြစ်၏။ မည်သို့မျှ ပြုပြင်၍ မရဟုလည်း ဆိုသည်။

အဇိတကေသကမ္ဗလ သည်လည်း အစေခံ တစ်ဦးပင်ဖြစ်၏။ သူ့အယူအဆ သည်လည်း အထက်ကပုဂ္ဂိုလ် နှစ်ဦး အတိုင်း ကံမဲ့ဝါဒ ဖြစ်၏။ “ပေးလှူခြင်းနှင့် ကောင်းကျိုး ရှိသည်။ နှိပ်စက် ညှဉ်းပန်းခြင်းနှင့် ဆိုးကျိုးရှိသည်ဟု ဟောသောသူမှာ လူမိုက် ဖြစ်သည်” ဟု ဆိုသည်။ “သတ္တဝါ ဟူသည် ဓာတ်ကြီး လေးပါး ပေါင်းစပ် ထားခြင်း ဖြစ်၍ သတ္တဝါသေလည်း ဓာတ်ကြီးလေးပါးကွဲပြီး တူရာဓာတ်သို့ ပေါင်းစပ် သွားမည်။ နောက်ဘဝ မရှိ။ သတ္တဝါတို့၏ ဘဝလမ်းဆုံးကား သချိုင်းသာ ဖြစ်သည်” ဟုလည်း ဆိုသည်။

ပကုဓကစ္စယနကား၊ အစေခံမဟုတ် ရိုးရိုးသူဆင်းရဲမျိုးရိုးမှ ဖြစ်၏။ သူ့အယူဝါဒသည်လည်း ကံ ကံ၏ အကျိုးကို ပစ်ပယ် သော ဝါဒ ဖြစ်၏။ သူက "လောကတွင်-

၁။ မြေအစု
၂။ ရေအစု
၃။ မီးအစု
၄။ လေအစု
၅။ ချမ်းသာအစု
၆။ ဆင်းရဲအစု
၇။ အသက်အစု

ဟူ၍ အစုကြီး ခုနစ်ပါး ရှိသည်။ ဤအစုတို့သည် အလိုလို ဖြစ် နေပြီး မဖောက်မပြန် တည်ရှိ၏" ဟု ဆိုသည်။

သဉ္စယဗေလဋ္ဌ သည်လည်း အစေခံ [illegible] ဖြစ်၏။ သိဉ္စည်း ဟူ၍ အများက ခေါ်ဝေါ်ကြသည်။ အရှင် သာရိ ပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလာန်တို့၏ ဆရာဟောင်းဆရာလည်း ဖြစ်၏။ သူ့အယူဝါဒကို 'ငါးခုံးမြီး ပစ်လှုပ်လိုက်သော ဝါဒ' ဟု ခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော်-

"သင်တို့ အကယ်၍ တစ်ဂိုဏ်းတစ်ဦးသော သူသည် ငါ့ အား ငါ့ဝါဒနှင့် ပတ်သက်၍ အောက်ပါအတိုင်း မေးလာ သော် အောက်ပါအတိုင်း ငါ ဖြေကြားအံ့-

မေး ။ ။ဤလောကမှ အခြား တစ်ပါးသော လောက ရှိ သလော။

ဖြေ ။ ။ရှိသည်ဟု ငါမယူဆ။
မေး ။ ။ဒါဖြင့် မရှိသလော။
ဖြေ ။ ။မရှိဟုလည်း ငါမယူဆ။
မေး ။ ။ဒါဖြင့် ရှိလည်း မဟုတ်၊ မရှိလည်း မဟုတ်လော။
ဖြေ ။ ။ဤသို့လည်း ငါမယူဆ။
မေး ။ ။သို့ဆိုက မည်သို့မျှ မယူဆလေသလော။
ဖြေ ။ ။မည်သို့မျှ မယူဆဟူ၍လည်း ငါမယူဆ။
မေး ။ ။သို့ဆိုက ယူဆသေးသလော။
ဖြေ ။ ။ယူဆသေး၏ ဟူ၍လည်း ငါမယူဆ။

ဟူ၍ ဆိုသောကြောင့် ဖြစ်သည်။ စင်စစ်အားဖြင့် သူ့ဝါဒကို 'မသက်ဆိုင်သူအားမဖြေကြား' ဟုဆိုလိုကြောင်းအချို့ယူဆကြသည်။ အဇာတသတ်မင်းကမူ 'အယုတ်ညံ့ဆုံး၊ ပညာအမဲ့ဆုံး၊ အတွေဝေဆုံး ဝါဒ' ဟုမှတ်ချက်ချသည်။

နိဂဏ္ဍနာဋ္ဌပုတ္တ သည် မြတ်စွာဘုရားမပွင့်မီ အတန်ကြာကပင် အိန္ဒိယတွင် ရှိခဲ့သည့် နိဂဏ္ဍဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ လယ်သမားမျိုးရိုးမှ ဆင်းသက် ပေါက်ပွားလာသူဖြစ်ပြီး သိဘသေနာပတိ၊ ဥပါလိသူကြွယ် စသည့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များ ကိုးကွယ်ခြင်းကို ခံခဲ့ရသူဖြစ်၏။ ယင်း၏ တရားကိုယ် အနှစ်ချုပ်မှာ 'အတ္တဝါဒ' ဖြစ်၏။ လူ၏ခန္ဓာကိုယ်တွင်းဝယ် သီးခြားတည်ရှိနေသည့်ဝိညာဉ်ကောင် ရှိကြောင်းယုံကြည်သည်။ 'အဟိံသဝါဒ' သစ်ပင်၊ ကျောက်တုံးမှအစ မည်သည့် သက်ရှိ သက်မဲ့ကိုမျှ မညှဉ်းဆဲရသော အယူရှိသည်။ 'ကမ္မဝါဒ' ဝိညာဉ်ကောင်ကို အရင်းခံကာ အတိတ်နှင့် အနာဂတ်ကို အလေးပေးစဉ်းစားသည်။

စပယ်ဦး:စာပေ

အထက်ပါပုဂ္ဂိုလ်ခြောက်ဦးစလုံးသည် ရာဇဂြိုဟ်ပြည်မှ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များအပြင် ဥရုဝေဠတောမှ နောက်လိုက်နောက်ပါ ငါးရာစီရှိသည့် ကဿပညီနောင်၊ အဂ္ဂိဒတ္တရသေ့၊ သစ္စကပရိဗိုဇ်၊ နန္ဒုတ္တရာပရိဗိုဇ်မ စသည့် ထင်ရှားသော ရသေ့ ပရိဗိုဇ် အများအပြား ရှိသေးသည်။

အချို့ပုဂ္ဂိုလ်များသည် သစ်ကိုင်းတုတ်ကြီး တစ်ချောင်းကို ကိုင်ပြီး "ဝါဒချင်းပြိုင်မယ်၊ ရှုံးသူ ကျွန်ခံစေမယ်၊ သတ္တိရှိက လက်ခံလော့" ဟု ကြွေးကြော်ကာ တစ်ရွာထွက်၊ တစ်ရွာဝင် ကာ ရွာတကာဖြင့် လိုက်လံ စိန်ခေါ်နေကြသည်။

အချို့မိဘမျိုးရိုးမှ ဆင်းသက်ပြီး ဝါဒရေးရာများကို လေ့လာလိုက်စား အညီးနှဲ့ကြသည်။ အမိဘက်က ဝါဒ ငါးရာ၊ အဖဘက်က ဝါဒ ငါးရာ ရထားခြင်းကြောင့် ဝမ်းဗိုက်တွင် ဝါဒများ ပြည့်ဖောင်းနေသဖြင့် ဗိုက်ကွဲထွက်မည် စိုးသောကြောင့် ဝမ်းဗိုက်ကို သားရေ ခါးပတ်ကြီး ပတ်ထားရသူများလည်း ရှိသည်။

ထိုသူများသည် မိမိတို့ကိုယ်ကို မိမိတို့ ဘုရား၊ ရဟန္တာ၊ ပါရဂူ၊ လွတ်မြောက်ပြီးသူ၊ အဆုံးသတ်ပြီးသူ စသည်ဖြင့် အမျိုးမျိုး ဂုဏ်တင်ပြီး ကြွေးကြော်ကြသည်။

ထိုသူများတွင် အစဉ်သဖြင့် နောက်လိုက် တပည့်ခံ အလုပ်အကျွေးပြုသည့် တပည့်တပန်း များစွာ ရှိသကဲ့သို့ ကြည်ညိုလှူဒါန်းကာ ဩဝါဒခံသည့် ဒါယကာများလည်း များစွာ ရှိကြသည်။

သူတို့တွင် လူ့ပရိသတ် တပည့်တပန်းများသာမက နတ်ပရိသတ် တပည့်တပန်းများပင် ရှိကြသည်။

မြတ်စွာဘုရား သခင် ပွင့်တော်မူပြီးနောက် ဝေဠုဝန် ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် နတ်မင်းကြီးများ ဘုရားနှာလာရာတွင် အခြံအရံအဖြစ် လိုက်ပါလာကြသော နတ်များအနက် ထိုရသေ့ ပရိဗိုဇ် တိတ္ထိများကို ကြည်ညို ကိုး ကွယ်သော နတ်များ အချင်းချင်း မိမိတို့ ဆရာ တိတ္ထိများကို ချီးမွမ်းပြောဆိုသည့် သာဓကာတစ်ရပ်ကို အောက်ပါအတိုင်း တွေ့ရပေသည်။

အသမ နတ်သား။ ဖြတ်အပ် သတ်အပ်သည်၌ သည်း ကောင်း၊ ပုတ်ခတ်ခြင်း၊ ညှဉ်းဆဲစွာ ဆုံးရှုံးခြင်း၌ သည်း ကောင်း၊ မကောင်းမှုကို အပြန်တစ်လဲလဲ မရှုတတ်။ ထိုအခြင်း အရာ ဂုဏ်ပုဒ်နှင့် ပြည့်စုံသူကား ‘ပူရဏကဿပ’ ပင်တည်း” ဟု ပူရဏကဿပ အား မြတ်နိုးစွာ ပူဇော်လိုက်၏။

အသဟာလိ နတ်သား။ ကိုယ်ကို ပင်ပန်းစေမှု အကျင့်နှင့် မကောင်းမှုတို့ကို စက်ဆုပ်ခြင်းဖြင့် ကောင်းစွာ စောင့်စည်း သော စိတ် ရှိ၏။ လူတို့နှင့် ငြင်းခုံခဲ့သော စကားကို ပယ်၍ တွေ့တွေ့ဝေဝေ သိခြင်းမှလည်း ကင်း၏။ မှန်သော စကားကို သာ ဆိုလေ့ရှိ၏။ မကောင်းမှုတို့ကို မပြု။ ထိုသို့သော အကျင့် သီလနှင့် ပြည့်စုံသည့် ‘မက္ခလိဂေါသာလ’ သူမြတ်ကို ပူဇော် လိုက်၏။

နိက နတ်သား။ မကောင်းမှုကို စက်ဆုပ်သော ရင့်ကျက် သော ပညာရှိသော နိဂဏ္ဌ သည် လေးပါးသော စောင့်စည်း ခြင်းဖြင့် စောင့်၏၊ မြင်အပ်သည်ကိုလည်းကောင်း၊ ကြားအပ် သည်ကိုလည်းကောင်း ပြောကြားတတ်၏။ မကောင်းမှုကို မပြု တတ်၊ ထို ‘နိဂဏ္ဌ’ သူမြတ်အား ပူဇော်အပ်၏။

အာကောဒုကနတ်သား။ 'ပကုဇေ စွယန၊ နိဂဏ္ဌနာဋ္ဌပုတ္တ၊ မက္ခလိဂေါသာလနှင့် ပုရဏကဿပ စသော ဂိုဏ်းဆရာကြီးတို့သည် ရဟန်းအဖြစ်နှင့် အထွတ်အထိပ်သို့ ရောက်ကုန်ကြ၏။ ထို့ကြောင့် ယင်းတို့အား ပူဇော်ထိုက်၏။

ဤသို့ သာသနာ့ပတွင် သံသရာမှ လွတ်မြောက်ကြောင်းတရားကို စမ်းတဝါးဝါး ရှာဖွေရင်း ဂိုဏ်းခေါင်းဆောင်ကြီးများအဖြစ် ထင်ရှား ကျော်ကြားနေသူ အများအပြားရှိသကဲ့သို့ လူနှင့်တကွ နတ်ပရိသတ်ပါ တပည့်နောက်လိုက်အများအပြားလည်း ရှိနေပေသည်။ လူတို့သည် မိမိတို့ သိလိုသော အချက်များ၊ မိမိကိုယ်တိုင် မတွေးနိုင် မဖြေနိုင်သော အချက်များကို ထို ခေါင်းဆောင်ကြီးများအား မေးမြန်းကြ၏။ အချို့ကလည်း အဖြေရကြ၏။ အချို့လည်း ကျေနပ်သော အဖြေကို ရကြ၏၊ အချို့လည်း မကျေနပ်သော အဖြေကို ရကြ၏။

လူသားများသာမက နတ်သိကြားများပင်လျှင် မိမိတို့ကိုယ်တိုင် မတွေးနိုင် မဖြေနိုင်သော အချက်များကို အထက်ပါ ဂိုဏ်းခေါင်းဆောင်ကြီးများ၊ ရသေ့၊ ရဟန်း၊ ပုဏ္ဏား၊ ရိုဗိုဇ် ဆိုသူများထံ မေးမြန်းကြ၏။ ထိုအထဲတွင် သိကြားမင်း ကိုယ်တိုင် ပါဝင်ခဲ့ပေသည်။

ထိုအချိန်က တာဝတိံသာ နတ်ပြည်ကို အစိုးရသည့် သိကြားမင်းကား ဗုဒ္ဓဘာသာဝင် အများတို့ သိထားကြသည့် လူ့ဘဝက 'ဦးမာဃ' ကွယ်လွန်ပြီး ဖြစ်နေသော သိကြားမင်း ဖြစ်၏။

တာဝတိံသာ နတ်ရွာ အရှင် သိကြားမင်းသည် တစ်ချိန်၌ စိတ်တွင်းဝယ် သိလိုသော ဆန္ဒတစ်ခု ပေါ်လာသည်။ ပုစ္ဆာ တစ်ရပ် ပေါ်လာသည်။ အဘယ်သို့ နည်း ဟူမူ—

နတ်တွေ၊ လူတွေ၊ အသူရာနတ်တွေ၊ နဂါးတွေ၊ ဂန္ဓဗ္ဗနတ်တွေ စတဲ့ သတ္တဝါတွေမှာ ငါတို့သည် ခိုက်ရန် ဒေါသ ကင်းလိုကြ၏။ လက်နက်ဘေး၊ ဥစ္စာဒဏ်ဘေး (ကြေးတင်သည့်ဘေး)မှ ကင်းလိုကြကုန်၏။ စိတ်ဆင်းရဲခြင်း ကင်းလိုကြကုန်၏။ ခိုက်ရန်ဒေါသအနည်းငယ်မျှ မရှိဘဲ နေလိုကြကုန်၏ဟု တောင့်တကြကုန်၏။ သို့သော် ထိုသူတို့သည် ခိုက်ရန် ဒေါသများ မကင်းကြလျက် လက်နက် ဘေးဒဏ်၊ ဥစ္စာ ဘေးဒဏ်များ ထိမှန်ကျရောက်လျက် နှလုံးမသာ စိတ်မချမ်းသာဘဲ စိတ်ဆင်းရဲလျက် အလိုမကျဘဲ ဖြစ်နေကြရ၏။ မည်သို့သော သံယောဇဉ် နှောင်ကြိုးကြောင့် ဤသို့ တောင့်တတိုင်း မရ၊ အလိုမကျဖြစ်နေကြရပါလိမ့် ဟူ၍ ဖြစ်ပေသည်။ အတိုချုပ်ကတော့ လူနတ် သိကြား နဂါး ဂဠုန် စသည့် ပုဂ္ဂိုလ် သတ္တဝါအားလုံးမှာ အလိုဆန္ဒရှိပြီး အလိုဆန္ဒ မပြည့်ရခြင်း အကြောင်းပင် ဖြစ်သည်။

ထိုပုဂ္ဂိုလ် သတ္တဝါများသည် မိမိတို့ အတွက် ချည်း သာ အထက်ပါ ဆန္ဒ ဖြစ်နေကြသည် မဟုတ်။ မိဘ ဆရာသမား ဇနီး မယား၊ သမီး သားနှင့်တကွ ဆွေသား မျိုး နွယ် အသွယ်သွယ်သော ချစ်ကျွမ်းဝင်သူများအတွက်လည်း ဤ ဆန္ဒ ရှိနေကြသည်မှာ အမှန်ပင် ဖြစ်၏။ ထို့ကြောင့်လည်း—

ကျွန်ုပ်သည်

— ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရပါလို၏၊
— စိုးရိမ်ကြောင့်ကြ ဗျာပါဒ ခပ်သိမ်း ကင်းငြိမ်းရပါလိုပါ၏၊
— ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ခပ်သိမ်း ကင်းငြိမ်းရပါလို၏၊
— မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ရပါလို၏

ဟု မိမိအတွက် ဦးစွာ ဆုတောင်း မေတ္တာပို့သကြသည်။ ထို့နောက် မိဘ ဆရာသမားများနှင့် ဆွေမျိုး မိတ်သင်္ဂဟများအား—

— ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
— စိုးရိမ်ကြောင့်ကြ ဗျာပါဒ ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
— ဆင်းရဲ ငြိုငြင် ပင်ပန်းခြင်း ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
— မိမိတို့ကိုယ်ကို ချမ်းသာအောင် ဆောင်ရွက် နိုင်ကြပါစေ

ဟု မိမိ ချစ်ကျွမ်းဝင်သူ ပုဂ္ဂိုလ်များအတွက်ပါ ဆုတောင်းမေတ္တာပို့သကြသည်။ ပြီးတော့ မိမိတို့ ချစ်ကျွမ်းဝင်သူ မှန်သမျှကိုလည်း ဆုတောင်း မေတ္တာ ပို့သကြသည်။ ထို့နောက် သတ္တဝါများကို မိမိချစ်ကျွမ်းဝင်သူများနှင့်အတူထားပြီးဆုတောင်းမေတ္တာ ပို့သကြသည်၊

သို့သော် မိမိအတွက် မိမိတောင်းသောဆု၊ ပို့သသော မေတ္တာ၊ ချစ်ကျွမ်းဝင်သူများအတွက် တောင်းပေးသောဆု၊ ပို့သသော မေတ္တာများသည် ထိရောက်ခြင်း၊ ပြည့်စုံခြင်းမရှိကြလေ။ ဤသည်မှာ အနှောင့်အယှက် တစ်ခုခု အမှားအယွင်း တစ်ခုခုကြောင့် ဖြစ်ပေလိမ့်မည်။ ဤအနှောင့်အယှက် ဤအမှားအယွင်းကား အဘယ်နည်း။

ဤကဲ့သို့ သိကြားမင်း တွေးမိခြင်း ဖြစ်သည်။ အဖိုးတန်သော တွေးသင့်သော သတ္တဝါအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေး ဖြစ်ပေသည်။

သိကြားမင်းကြီးသည် ဤကဲ့သို့သော အကြံအတွေး ဖြစ်ပေါ်လာပြီးနောက် ဤအကြံ ဤအတွေးအတွက် အဖြေကို ဆက်လက် တွေးပြန်ပါသည်။ သို့သော် ဘဝင်ကျကျ လက်ခံနိုင်သည့် အဖြေကို တွေးမရသဖြင့် ဖြေနိုင်မည့်သူကို ရှာကြံမေးမြန်းရန် ထပ်မံအကြံ ပေါက်လာပြန်သည်။

သိကြားမင်းသည် ဒါန၊ သီလ စသည့် ကုသိုလ်အဟုန်ကြောင့် နတ်သိကြား စည်းစိမ်ကို ရရှိခြင်းဖြစ်သဖြင့် ဤကဲ့သို့ ခက်နက်နဲသော ပြဿနာများကို အဖြေမှန်ရ ဘဝင်ကျအောင် မတွေးတော မကြံဆနိုင်ပေ။ ထို့ကြောင့် နက်နက်နဲနဲ တရားများကို တွေးခေါ် ကြံစည်အားထုတ် ကျင့်ကြံနေသည့် ပညာရှိများကို မေးကြရသည်။ ထိုအချိန်က အိန္ဒိယနိုင်ငံတွင် စောစောက ဖော်ပြခဲ့သည့်အတိုင်း တွေးခေါ်ရှင်များ၊ ပညာရှင်များ၊ ဆရာကြီးများ အမည်ခံသူများ၊ ဘုရား၊ ရဟန္တာအမည်ခံသူများ၊ ရသေ့ ရဟန်း ပုဏ္ဏား၊ ပရိဗိုဇ်အမည်ခံသူများ စသော

တွင်းမှ မှိုပမာ များပြားလှစွာသောကြောင့် နတ်သိကြားတို့သည် မိမိတို့အတွက် ခက်ခဲသောပုစ္ဆာများကို ထိုပုဂ္ဂိုလ်များထံ ချဉ်းကပ် မေးမြန်းရသည်။ အချို့နတ်များက စောစောက ဖော်ပြခဲ့သည့်အတိုင်း ကိုးကွယ်ဆည်းကပ်ကြသည်။

သိကြားမင်းသည်လည်း ထိုပုဂ္ဂိုလ်များထံတွင်ပင် ချဉ်းကပ် မေးမြန်းရန် အကြံပေါက်ခဲ့ပါသည်။ အကြံပေါက်သည့်အတိုင်း ချဉ်းကပ်မေးမြန်းခဲ့ပါသည်။ ပထမ ဦးစွာ ရသေ့တင်ဦး ထံ ချဉ်းကပ်မေးမြန်းခဲ့သည်။

သိကြားမင်း။ ရသေ့မြတ်၊ အသင့်အား အကျွန်ုပ် တစ်စုံ တစ်ရာ မေးမြန်းလိုပါသည်။ ဖြေကြား နိုင်ပါမည်လော။

ရသေ့ ။ မေးလိုရာသာ မေးပေလော့ ဒါယကာ၊ အသင် ဒါယကာ သက်သာကင်းရှင်းသွားအောင် ငါ ဆရာ ရသေ့မြတ်က အတပ်အမှန် ဖြေကြားပါအံ့။

သိကြားမင်း။ ရသေ့မြတ်၊ သို့ဖြစ်ပါက ကျွန်ုပ် တစ်ခု မေးတော့အံ့။ နတ် လူ သိကြား နဂါး အသုရာ စသည့် သတ္တဝါတွေမှာ ခိုက်ရန်ဒေါသ ကင်းလိုကြကုန်၏။ လက်နက်ဘေး၊ ဥစ္စာဘေးတို့မှ ကင်းဝေးလိုကြကုန်၏။ ရန်ဟူသမျှ ငြိမ်းပလိုကြကုန်၏။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုကြကုန်၏။ ထိုတရားများကို တောင့်တကြကုန်၏။

သို့သော် ထိုသူတို့သည် ခိုက်ရန် ဒေါသ မကင်းကြဘဲ၊ ရန်ဟူသမျှ မကင်းကြဘဲ၊ လက်နက်ဒဏ်ဘေး၊ ဥပဒ္ဒဝဒဏ်ဘေး မကင်းဝေးကြဘဲ၊ ကိုယ်စိတ်နှစ်ပြာ မချမ်းသာဘဲ၊ အလိုမကျ တောင့်တတိုင်းမဖြစ် ဆန္ဒမပြည့်ဝဘဲ ဖြစ်နေကြရပါသည်။ ဤအချက်သည် အဘယ့်အတွက်ကြောင့် ဖြစ်ရသနည်း။ အဘယ်ကဲ့သို့သော အတားအဆီး၊ အဘယ်ကဲ့သို့သော သံယောဇဉ် နှောင်ကြိုးကြောင့် ဖြစ်ပါသနည်း။

ရသေ့ ။ အသင်ဒါယကာ မည်သူ မည်ဝါ ဖြစ်ပါသနည်း။

သိကြားမင်း။ တာဝတိံသာ နတ်တို့ရွာက နတ်တကာသခင် သိကြားမင်း ဖြစ်ပါပေ၏။

ရသေ့ ။ အို တာဝတိံသာ နတ်ရွာသခင် သိကြားရှင်။ ယခင်ဘဝ ရှေးကာလ ဘယ်မျှကောင်းမှု ဒာနစုကြောင့် ယခုတင်ရှား နတ်သိကြား ဖြစ်ရပါသနည်း။

သိကြားမင်း။ မှန်လှပါ ရသေ့မြတ်၊ သိကြားမင်း ဖြစ်ရန် ခုနစ်တန်သော အကျင့်မြတ်ကိုကျင့်သုံးဆောက်တည်ရပါသည်။

ရသေ့ ။ သိကြားဖြစ်ရန် ခုနစ်တန်သော အကျင့်မြတ်ကို မှတ်သားလိုပါသည် အရှင်သိကြားမင်း။

## သိကြားဖြစ်ကြောင်း အကျင့်ကောင်း

သိကြားမင်း။ သိကြားဖြစ်ကြောင်း အကျင့်ကောင်းကို သိလိုပါက အကျဉ်းချုပ် ရှင်းပြအံ့၊ သေသေချာချာ မှတ်သားပါလော့—

(၁) တစ်သက်ပတ်လုံး မိဘကိုပြုစုလုပ်ကျွေးသူ ဖြစ်ပါမည်ဟု ဆောက်တည် ကျင့်ခြင်း။

(၂) တစ်သက်ပတ်လုံး ဆွေမျိုးထဲမှ အသက်ကြီးသူများအား အရိုအသေပြုသူဖြစ်ရပါမည်ဟု ဆောက်တည် ကျင့်ခြင်း။

(၃) တစ်သက်ပတ်လုံး နူးညံ့ ချိုသာသော စကားကို ပြောပါမည်ဟု ဆောက်တည်ပြီး ကျင့်ခြင်း။

(၄) တစ်သက်ပတ်လုံး ကုန်းချော စကား မပြောပါဟု ဆောက်တည်ပြီး ကျင့်ခြင်း။

(၅) တစ်သက်ပတ်လုံး ဝန်တိုခြင်း အညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်ရာကို အုပ်ချုပ် စောင့် ရှောက်ပါမည် ဟု ဆောက်တည်ပြီး ကျင့်ခြင်း။

သာသနာ့ဗောဓိဘွဲ့အားပြန့်ပွားရေးဦးစီးဌာန
မြတ်ဗုဒ္ဓ၏ လိုအင်ဆန္ဒ ပြည့်ဝစေကြောင်း စာကြည့်တိုက် ✻ ၂၃
ကမ္ဘာအေး - ရန်ကုန်။

(၆) တစ်သက်ပတ်လုံး မှန်ကန်သော စကားကိုသာ ပြောဆိုပါမည်ဟု ဆောက်တည်ပြီး ကျင့်ခြင်း။

(၇) တစ်သက်ပတ်လုံး စိတ် မ ဆိုး အောင် သတိပြုနေပါမည်။ တစ်ခါတစ်ရံ စိတ်ဆိုးမိလျှင်လည်း ထိုစိတ်ဆိုးမှုကို ချက်ချင်း ပယ်ဖျောက်ပါမည်ဟု ဆောက်တည်ပြီး ကျင့်ခြင်း။

တို့ ဖြစ်ကြပါသည် ဘုရား။

ရသေ့ ။ အသင် သိကြားမင်း အကျွန်ုပ်အား ကြီးမားသော ပေတကား။ တန်ခိုးကြီးမားသော နတ်သခင် သိကြားမင်းကို မြင်ဖူးရပါတကား။ စကားပြောခွင့် ရပါတကား။ သိကြားဖြစ်ကြောင်း အကျင့်ကောင်းများကို ကြားရသိရပါ၏ တကား။ အလွန်အမင်း အံ့သြ ဝမ်းမြောက် ဖွယ်ပေတည်း။

သိကြားမင်းသည် ရသေ့၏စကားကို ကြားလျှင် ဤသို့ ပြော၏-

ဪ ငါက ကိုယ်တိုင်မတွေ့နိုင် မကြံနိုင် အဖြေမထုတ်နိုင်တဲ့ပုစ္ဆာကို ဤ ရသေ့ပညာရှိက အားကိုးတကြီးနဲ့ လာမေးသည်။ သူက ငါ့အမေးကို မဖြေနိုင်ဘဲ၊ ငါ့ကို ဘယ်သူလဲ ပြန်မေး၏။ သိကြားမင်းမှန်းလဲ သိရော သိကြားဖြစ်ကြောင်း၊

၂၀၂၀၇ ဝပယ်ဋ္ဌီးခေါ့ပ

အကျင့်ကို မေး၏။ ပြီးတော့ ငါနဲ့တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း ထပ်ခါတလဲလဲ ဥဒါန်းကျူး၏။ သူ့ဆီကတော့ ဘာအဖြေမှ ထွက်မလာဘူး၊ သူဟောတဲ့တရား ငါမနာရ၊ ငါ ဟောတဲ့ တရားကိုသာ သူနာရတယ်။ ဤရသေ့ထံ လာခြင်းကို ဤမျှဖြင့် တန်သင့်ပြီ။ ငါ့အမေးကို ဖြေနိုင်မည့် ရသေ့ ရဟန်း ပညာရှိ ထပ်ရှာဦးမှဘဲ”

သိကြားမင်းသည် အထက်ပါအတိုင်းတွေးပြီးနောက် ထိုရသေ့ပညာရှိထံမှ ခွဲခွာလာခဲ့သည်။ ထို့နောက် မိမိ၏ ပုစ္ဆာကို ဖြေနိုင်မည်ဟု ထင်ရသူ ရဟန်း၊ ပုဏ္ဏားစသည်တို့ထံ တစ်ဦးပြီးတစ်ဦး သွားရောက် မေးမြန်းခဲ့သည်။ သို့သော် ထိုသူများက သိကြားမင်း၏ပုစ္ဆာကို မဖြေနိုင်ကြဘဲ သိကြားမင်းကို သိကြားဖြစ်ကြောင်း သိသည်နှင့် သိကြားဖြစ်ကြောင်းအကျင့်ကောင်းကိုသာ မေးကြကုန်၏။ သိကြားမင်းကသာ ထိုသူများအား သိကြားဖြစ်ကြောင်း အကျင့်ကောင်းတရားကို ဟောကြားခဲ့ရသည်ချည်း ဖြစ်၏။

သိကြားမင်းတစ်ဦးတည်းသာ ထိုသို့ ရသေ့ရဟန်း ပုဏ္ဏားဆိုသူများ တစ်ဦးပြီး တစ်ဦးထံ ချဉ်းကပ်ခဲ့ပြီး ကျေနပ်သော အဖြေ မရခဲ့သည်မဟုတ်။ ထိုအချိန်ကသူဌေးသားဘဝမှ သံဝေဂရပြီး တောထွက်လာခဲ့ကြသူ ပရိဗိုဇ်နှစ်ဦးသည်လည်း ဆရာတစ်ဦးပြီးတစ်ဦးထံ ချဉ်းကပ်တပည့်ခံ ကိုးကွယ်ပြီး သံသရာမှ လွတ်မြောက်ကြောင်းတရားကို ရှာကြသော်လည်း မည်သည့်ဆရာထံမှ အရိပ်အယောင် မတွေ့ရသဖြင့် အချင်းချင်း ဆွေးနွေးကြသည်ကိုလည်း အောက်ပါအတိုင်း တွေ့နိုင်ပေသည်။

တန်ခူးကုန် ကဆုန် ဆန်းချိန်မို့ တောတန်း တောင်စွယ် အသွယ်သွယ်ရှိ သစ်ပင်ကြီးငယ် အရွယ်ရွယ်တို့မှာ ရွက်ဟောင်း ခြွေချတ် ရွက်နုထွတ်နှင့် အညွန့် အညှောက် စိအရိ ပေါက်နေသဖြင့် တောတောင်၏ အရေးမှာ အတင့်အတယ် ရှိလှပေ၏။ ကံ့ကော်၊ ရင်ခတ်၊ ဇလပ်၊ စံကားဝါ ပန်းမာလာတို့သည်လည်း ဝေဝေဆာဆာ ဖူးပွင့်လျက် ရှိကုန်၏။ ကျေးငှက်သာရကာတို့ တေးသံသာ ရင့်ကျူးနေသည်မှာလည်း ကြည်နူးဖွယ် ကောင်းလှပေ၏။

ထိုအခါ့ချိန်မျိုးတွင် တောင်တန်းနှင့် တောင်စွယ်တို့၏ အလှအပကိုလည်း အရသာ မခံစားနိုင်၊ ပန်းမာလာတို့၏ ရနံ့ကိုလည်း မရှူနိုင် မရှိုက်နိုင် မရမသိနိုင်၊ ကျေးငှက် သာရကာတို့၏ တေးသံသာကိုလည်း အရသာခံပြီး နားသောတ မဆင်နိုင်သော လူနှစ်စု ရှိနေကြ၏။ ထိုလူနှစ်စု အနက် တစ်စုမှာ အများဖြစ်ပြီး တစ်စုမှာ နှစ်ဦးတည်းသာ ဖြစ်၏။

ခုနှစ် သက္ကရာဇ်အားဖြင့် မဟာသက္ကရာဇ် ၁၀၃ ခု၊ နှစ်ဦးပိုင်း၊ နေရာအားဖြင့် ရာဇဂြိုဟ်ပြည်အနီး တစ်ခုသော တောအုပ်အတွင်းတွင် ဖြစ်၏။

သာယာသော တောတောင်၏ အရသာကို မခံစားနိုင်သူအများစုမှာ ပရိဗိုဇ်များ ဖြစ်ကြပြီး ပူအိုက်သော ရာသီ၏ ပူအိုက်သော ညနေစောင်းတွင် ကြီးမားသော မီးပုံကြီးတစ်ပုံအားတွင် ချွေးသံတရွှဲရွှဲဖြင့် ပင်ပန်းကြီးစွာ မီးလှုံနေကြသည်။

အခြား နှစ်ဦးမှာလည်း ပရိဗိုဇ်များပင် ဖြစ်ကြပြီး ပင်ပန်းကြီးစွာ မီးလှုံနေရ၍ တောတောင်၏ သာယာမှု အရသာကို

မခံစားနိုင်ခြင်း မဟုတ်။ အကြောင်းအရာ တစ်ရပ်ကို လေးလေးနက်နက် တိုင်ပင် ဆွေးနွေးနေကြသောကြောင့် ဖြစ်၏။

ပထမ ပရိဗိုဇ်။ တို့ ဘယ်ကို ဆက်သွားကြဦးမလဲ သူငယ်ချင်း။ ငါ့အထင်တော့ သွားစရာလဲ လမ်းမရှိတော့ဘူး။ ဘာမှလဲမထူးခြားတော့ဘူး။

ဒုတိယ ပရိဗိုဇ်။ အေး၊ ဇမ္ဗူဒိပ်ကျွန်း တစ်ခွင်မှာ ပညာရှင်များ ရှိသေးရဲ့။ အမှန်တရား တွေ့နိုင်သေးရဲ့ ဆိုပြီး ထွက်ခဲ့ကြတာပဲ မဟုတ်လား။ သင့်လမ်းမှာ သင့်လောက် ဉာဏ်ပညာ ရှိသူကို သင် တစ်ယောက်မှ မတွေ့ခဲ့ဘူး မဟုတ်လား။ ငါ့လမ်းမှာလဲ ငါ့လောက်မှ ပညာရှိသူကို ငါ တစ်ယောက်မှ မတွေ့ခဲ့ရဘူး။ ငါတို့ကို ဆရာဆိုသူတွေက ကျေနပ်လောက်အောင် တရား မပြနိုင်ခဲ့ဘူး။ ငါတို့ကသာ သူတို့ အမေးကို ဖြေခဲ့ရတယ် မဟုတ်လား။ ဟို ပရိဗိုဇ်တွေကို ကြည့်ပါဦး။ မနက်က မြစ်ထဲမှာ ရေသွား စိမ်ကြတယ်။ ရေငုပ်ကြတယ်။ ခု မီးလှုံကြတယ်။ ပြီးတော့ ခုန်ကြမယ်။ ဇယ်ခပ်ကြမယ်။ နောက် ယဇ်နတ်ပူဇော်ကြမယ်။

ဒုတိယ ပရိဗိုဇ်။ အေးလေ၊ သင်နဲ့ ငါနဲ့ဟာ ဒီ ပဉ္စမ ယောဂ အကျင့်ကို နှစ်ရှည်လများ ကျင့်ခဲ့ကြပြီပဲ။ ငါတို့ကတော့ ဒီအကျင့်ဟာအချည်းအနှီးပဲ

ဆိုတာ သိလို့ စွန့်ပစ်ခဲ့ပြီလေ။ သူတို့ကတော့ စီးသောရေ ထွက်သော ချွေးနဲ့အတူ ကိလေသာတွေကို မျှောပစ်မယ်၊ ထုတ်ပစ်မယ် ဆိုပြီး ဆက်လက် အပင်ပန်းခံနေကြတာပေါ့။

ပထမ ပရိဗိုဇ်။ ငါ တွေ့ခဲ့တဲ့ ဂိုဏ်းဆရာတွေရဲ့ အကျင့်တွေကတော့ တကယ့် ကြောက်စရာတွေပါပဲ။ တစ်ချို့ အဝတ် လုံးလုံး မဝတ်ကြဘူး။ တစ်ချို့ မတ်တတ်ရပ်ခြင်း တစ်မျိုးတည်းနဲ့ နေတယ်။ တစ်ချို့ သစ်ပင်အောက်မှာပဲ တစ်သက်လုံး မထတမ်း ထိုင်နေတယ်။ အဲဒီအပင်က ကြွေတဲ့ အသီး အရွက်ကိုပဲ စားတယ်။

ဒုတိယ ပရိဗိုဇ်။ ငါလဲ ဒီလိုပဲ တွေ့ခဲ့တယ် သူငယ်ချင်း။ ဆောင်းတွင်း မနက် အရိုးကွဲလု မတတ် ချမ်းအေးတဲ့ အချိန်မှာ ရေခဲလုမတတ်ဖြစ်နေတဲ့ ဂင်္ဂါမြစ်ထဲကို အဝတ်မပါ ဗလာကိုယ်ထီးနဲ့ ရေဆင်းစိမ်ရတဲ့ အကျင့်မျိုး၊ သစ်ခေါက်တွေကို အပင်ကနေ သွားနဲ့ ခွာစားတဲ့ အကျင့်မျိုး၊ ခွေးလို သွား၊ ခွေးလို နေပြီး ခွေးလို စားတဲ့ အကျင့်မျိုး။ အို စုံလို့ပါပဲ။ ဒါပေမယ့် ဒါတွေဟာ တကယ်တော့ သံသရာက လွတ်မြောက်ကြောင်းနဲ့ ဘာမှ မဆိုင်ဘူးဆိုတာ ငါ ဆင်ခြင် သိရှိလာတယ်။

ပထမ ပရိဗိုဇ်။ ဟုတ်တယ် သူငယ်ချင်း။ ဒါတွေဟာ သံသရာက လွတ်မြောက်ကြောင်းနဲ့ ဘာမှ မဆိုင်ဘူး။ စိတ်ထင်နဲ့ မှန်းပြီး ရမ်းလုပ် နေကြတာရယ်။ ထင်ပေါ်ကျော်ကြားပြီး လာဘ်လာဘ ပေါများအောင် လုပ်တာတွေပဲ ဖြစ်တယ်။

ဒုတိယ ပရိဗိုဇ်။ ဟုတ်တယ်လေ၊ ဒီအကျင့်တွေထဲက အကျင့်အတော် များများကို ငါတို့ လက်တွေ့ ကျင့်သုံးခဲ့ပြီပဲ။ သံသရာက လွတ်မြောက်ကြောင်း အတွက် ဘာ အရိပ်အယောင်မှ မမြင်ခဲ့ဘဲ။

ပထမ ပရိဗိုဇ်။ ဒီတော့ တို့အတွက် သံသရာကလွတ်မြောက်ကြောင်း လမ်းပျောက် သွားပြီလား၊ တို့ ဘာ ဆက်လုပ် ကြမလဲ။ လက်လျှော့ လိုက်ရတော့ မလား။

ဒုတိယ ပရိဗိုဇ်။ ဒီလိုလဲ မဟုတ်သေးဘူးလေ သူငယ်ချင်း။ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ တရားရှိရင် အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းတဲ့ တရား ရှိရမယ်။ နည်းလမ်း ရှိရမယ်။ ဒါဟာ တို့ရဲ့ မူလ ယူဆချက်ပဲ မဟုတ်လား။ တို့ မတွေ့သေးလို့ဘဲ ဖြစ်မှာပါ။ တစ်နေ့တော့ မုချ တွေ့မှာပဲ။ အဲဒီတော့ မူလ ဆရာဆီမှာပဲ ခေတ္တ ပြန်ခိုပြီး ဆက်သက်

ရှာဖွေရအောင်။ မူလ ကတိကဝတ်အတိုင်း။
တရားထူး အလျင် တွေ့တဲ့သူက ပြန်ပြော
စတမ်း။

ပထမ ပရိဗိုဇ်။ ကောင်းပြီ သူငယ်ချင်း။

အထက်ပါ ပရိဗိုဇ် နှစ်ဦးကား မြတ်စွာဘုရား၏ လကျ်ာတော်ရံနှင့် လက်ဝဲတော်ရံ အဂ္ဂသာဝကများ ဖြစ်ကြသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ဖြစ်လာကြမည့် ဥပတိဿနှင့် ကောလိတ ပရိဗိုဇ် နှစ်ဦး ဖြစ်ပေသတည်း။

ထိုသူတို့သည် ပရိဗိုဇ်ပြုပြီးနောက် ယောဂေစာကလေတော်ပြုနေသည့် ရာဇဂြိုဟ်မြို့မှ တိတ္ထိကြီး တစ်ဦးဖြစ်သူ သိဉ္စည်းထံ တပည့်ခံ၏။ သိဉ္စည်း ဆရာ၏ အကျင့်မှာ သံသရာမှ လွတ်မြောက်ကြောင်း အကျင့် မဟုတ်မှန်း သိသဖြင့် သိဉ္စည်း ဆရာကို စွန့်ခဲ့ပြီး ဆရာ ခစ်နှင့် တရားမှန်ကို ရှာရာ မတွေ့သဖြင့် အထက်ပါ အတိုင်း တိုင်ပင် ဆွေးနွေးနေကြခြင်း ဖြစ်၏။ သူတို့သည် ဆရာဟောင်း သိဉ္စည်းထံတွင်ပင် ခေတ္တ ပြန်ခိုလှုံရန် သဘောတူ ဆုံးဖြတ်ပြီး ပြန်သွားခဲ့ကြသည်။

## အလုံးစုံသော တရားတို့ကို သိသူ ပေါ်ပြီ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၇၀ ကျော်က) အိန္ဒိယနိုင်ငံ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနနှင့် မိဖုရားခေါင်ကြီး မဟာမာယာ ကို၏ သားတော် သိဒ္ဓတ္ထမင်းသားသည် လောကီအာရုံ ကာမ

ဂုဏ်များကို ငြိုးငွေ့သဖြင့် တောထွက်ကာ သံသရာမှ လွတ်မြောက်ကြောင်း တရားကို ရှာဖွေခဲ့သည်။

သိဒ္ဓတ္ထ မင်းသားသည်လည်း ရှေးဦးတွင် ဥပတိဿနှင့် ကောလိတတို့ကဲ့သို့ တရားမှန်ကို ပြနိုင်သည့် ဆရာကို မတွေ့ဘဲ သံသရာမှ လွတ်မြောက်ကြောင်း တရားကို ညွှန်ပြနိုင်သည့် ဆရာ မတွေ့ဘဲ အချိန် ကုန်ခဲ့ရသည်။ လုပန်း ခဲ့ရသည်။ လူတကာတို့ ကျင့်နိုင်ဖို့ ဝေး၊ ကြားရုံမျှဖြင့် ကြက်သီး ထလောက်သည့် အလွန် ပင်ပန်းဆင်းရဲသော ဒုက္ကရစရိယာ အကျင့်ကိုလည်း ခြောက်နှစ်တာမျှ ကျင့်ကြံအားထုတ်လျက် သံသရာမှ လွတ်မြောက်ကြောင်းကို ကိုယ့်အား ကိုယ်ကိုး ရှာဖွေခဲ့သည်။ ထို ဒုက္ကရစရိယာ အကျင့်ဖြင့်လည်း သံသရာမှ မလွတ်မြောက်နိုင်ကြောင်း ဆင်ခြင် တွေးတောမိပြီး ကျင့်စဉ်ကို ပြင်လိုက်မှ လောကသုံးပါးတွင် အလုံးစုံသော တရား အပေါင်းတို့ကို ဆရာမရှိ မိမိ အလိုလို ကိုယ်တော်တိုင် သိရှိတော်မူသော အတုမရှိ မုနိထင်ရှား 'မြတ်စွာဘုရား' အဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။

ဤကဲ့သို့သော အဿဒိသ ပုဂ္ဂိုလ်မျိုး ပေါ်ပေါက်ရန်မှာ အလွန် ခဲယဉ်းလှပေသည်။ တစ်ရံတစ်ခါတွင် ကမ္ဘာ စတည်ချိန်မှ ကမ္ဘာ ပျက်သုဉ်းသွားသည်အထိ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး တစ်ဦးတလေမျှ မပေါ်ခဲ့ချေ။ တစ်နည်းအားဖြင့် ထိုကမ္ဘာတွင် ဘုရားတစ်ဆူမျှ မပွင့်ထွန်းချေ။ ထိုသို့သော ကမ္ဘာမျိုးကို 'သုညကမ္ဘာ'ဟု ခေါ်သည်။ ဘုရားပွင့်သော ကမ္ဘာများတွင်လည်း ကမ္ဘာငါးမျိုး ရှိသည်။ ယင်းတို့မှာ-

၁။ ဘုရား တစ်ဆူသာ ပွင့်သော ကမ္ဘာ
၂။ ဘုရားနှစ်ဆူ ပွင့်သော ကမ္ဘာ
၃။ ဘုရားသုံးဆူ ပွင့်သော ကမ္ဘာ
၄။ ဘုရားလေးဆူ ပွင့်သော ကမ္ဘာ
၅။ ဘုရားငါးဆူ ပွင့်သော ကမ္ဘာ တို့ ဖြစ်သည်။

ယခု ဤကမ္ဘာသည် ဘုရား ငါးဆူပွင့်သော ကမ္ဘာဖြစ်၍ အမြတ်ဆုံးကမ္ဘာ ဖြစ်၏။ ဘုရား ငါးဆူအနက် လေးဆူမှာ ပွင့်ပြီးဖြစ်၍ တစ်ဆူ ကျန်သေးသည်။ ပွင့်ပြီးသော ဘုရားလေးဆူတို့မှာ-

၁။ ကကုသန် မြတ်စွာဘုရား
၂။ ကောဏာဂုံ မြတ်စွာဘုရား
၃။ ကဿပ မြတ်စွာဘုရား
၄။ ဂေါတမ မြတ်စွာဘုရား တို့ ဖြစ်ကြသည်။

ကျန် တစ်ဆူမှာ
၅။ အရိမေတ္တေယျ မြတ်စွာဘုရား ဖြစ်၏။

ဘုရား ငါးဆူ ပွင့်သော ဘဒ္ဒကမ္ဘာ ဖြစ်လာရသော သတ္တဝါများအတွက် အလွန် ကံကောင်းပြီး ဘုရားမပွင့်သော သုညကမ္ဘာတွင် ဖြစ်ရသော သတ္တဝါများ အတွက် အလွန် ကံဆိုးပေသည်။

ယခု ကျွန်ုပ်တို့သည် ဘုရားငါးဆူပွင့်သော ဤဘဒ္ဒကမ္ဘာ ကွင်း သတ္တဝါ (အထူးအားဖြင့် လူသတ္တဝါ) လာဖြစ်ရခြင်း ကြောင့် အလွန် ကံကောင်းသူများဟု ဆိုရပေမည်။ သို့သော်

ဆ သံသဒ္ဓါဂပေ

ဘုရားလေးဆူ ပွင့်ပြီးသော်လည်း သံသရာမှ လွတ်မြောက်လမ်း မရသေးသူများအဖို့ 'မိုးရွာပါလျက် ရေမရ' ဖြစ်နေပေသည်။ သို့ရာတွင် မြတ်စွာဘုရားသခင်၏ သာသနာတော်ရှိနေသဖြင့် ကျင့်ကြံ အားထုတ်နိုင်လျှင် လွတ်မြောက်လမ်းကို ရရှိနိုင်ခြင်း၊ ဘုရားတစ်ဆူ ကျန်သေးခြင်း တည်းဟူသော အခွင့်အရေးများ ရှိနေပေသေးသည်။ အနီးဆုံး အခွင့်အရေးကို လက်လွတ်မသွားစေရန် အရေးကြီးပေသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လ ပြည့်နေ့တွင် သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်နှင့် ရွှေ လွင်ထက်ဝယ် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး မာန်ငါးပါးကို အောင်မြင်တော်မူပြီး သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင် အဖြစ်သို့ ပွင့်ထွန်း ရောက်ရှိတော်မူခဲ့ပေသည်။

လောကတွင် မြတ်စွာဘုရား ပွင့်တော်မူခြင်းကို နတ်ဗြဟ္မာများက အလျင်ဆုံး သိကြသည်ဟု ဆိုသည်။ သူတို့တွင် မြတ်စွာဘုရားသခင်က ဖွင့်ဟမိန့်ဆိုခြင်းမပြုဘဲ ဘုရားဖြစ်ကြောင်း၊ သဗ္ဗညုတဉာဏ်ကို ရကြောင်း သိနိုင်သော တန်ခိုးများရှိသောကြောင့် ဖြစ်ပေသည်။

လူများအနေဖြင့်မူ မြတ်စွာဘုရားသခင်က ဖွင့်ဟ မြွက်ကြားတော့မှ သိရပေသည်။ ဂေါတမ မြတ်စွာဘုရားသခင် ပွင့်တော်မူချင်းချင်း နတ်ဗြဟ္မာများ သိကြ ပူဇော်ကြသော်လည်း လူပုဂ္ဂိုလ်ထဲမှမူ မြတ်စွာဘုရားပွင့်တော်မူပြီး နှစ်လကြာမှ စ သိကြသည်။ ထိုသူများကား ပဉ္စဝဂ္ဂီငါးဦးပင်တည်း။

ပဉ္စဝဂ္ဂီငါးဦးသည် သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်ဘဝ၊ ကျင့်ကြံ အားထုတ် နေစဉ်က အလောင်းတော်အား

အလုပ်အကြွေး ပြုခဲ့ကြသူများ ဖြစ်၏။ အလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ဖြင့် အားအင်ကုန်ခန်းသည့် ဘဝတွင်မှ စွန့်ခွာသွားကြပြီး မိဂဒါဝုန်တောတွင် သွားရောက် တရားကျင့် နေကြသည်။

မြတ်စွာဘုရားပွင့်တော်မူပြီးနောက် ရှေ့ဦးစွာ တရားဟော ချွတ်ရမည့်သူကို ရှေ့ဉာဏ်တော်ဖြင့်ကြည့်ရာ သက်ရှိထင်ရှားထဲမှ ပဥ္စဝဂ္ဂီငါးဦးကို တွေ့တော်မူသဖြင့် မိဂဒါဝုန်တောသို့ ကြွချီ တော် မူခဲ့သည်။ ရောက်သောအခါ မြတ်စွာဘုရားသခင်က ပဥ္စဝဂ္ဂီတို့အား 'ငါဘုရားဖြစ်ပြီ' ဟု ဖွင့်ဟမိန့်ဆို ဝန်ခံတော် မူ၏။ ထိုသော် ပဥ္စဝဂ္ဂီတို့သည် နတ်ဗြဟ္မာများကဲ့သို့ အလိုလို သိရန်ထားဘိ မြတ်စွာဘုရားက ဖွင့်ဟဝန်ခံသည်ကိုပင် မယုံ ကြည်ကြချေ။ မယုံဟု အတိအလင်းပင် ပြန်ပြောကြသည်။ မြတ်စွာဘုရားက -

"သင်တို့ငါနှင့်အတူနေချိန်၊သင်တို့ ငါ့အားအလွန်ကြည်ညို နေချိန်မှာ ငါ ဘုရားဖြစ်ပြီဟု မပြောခဲ့ဘူး မဟုတ်လော။ ယခု တကယ် ဘုရားဖြစ်၍ သဗ္ဗညုတဉာဏ်ကို တကယ်ရ၍ ဘုရားဖြစ် ပြီဟု ပြောခြင်းဖြစ်သည်" ဟု ပြောတော်မူမှ ယုံကြည်လာကြသည်။ နောက် သစ္စာလေးပါးကို ဟောတော်မူမှ လက်ခံသဘောပေါက် သွားပြီး သံသရာမှ လွတ်မြောက် သွားကြသည်။

ဘုရားပွင့်တော်မူသည်ကို အလျင်သိသော နတ်ဗြဟ္မာများ သည် ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မူသည်ကို သိရ သောအခါ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန် သည်။ ဘုရားပွင့်လျှင် နတ်ပြည်ငြိမ်ပြီး အပါယ်ဘုံ ခြောက်

သွေ့သောကြောင့် ဖြစ်သည်။ ဘုရားပွင့်ချိန်တွင် ကုသိုလ်ကောင်းမှုပြုသူများသဖြင့် နတ်ပြည် စည်ကားပြီး အပါယ်ဘုံ ခြောက်သွေ့ရခြင်း ဖြစ်ပေသည်။ ကုဋေရာထောင်မက များပြောင်လှသော နတ်ဗြဟ္မာတို့သည်လည်း ဘုရား တရားတော်ကို နာယူရသည့်အတွက် ကျွတ်တမ်း ဝင်ကြရသည်။

မြတ်စွာဘုရားသခင် ပဉ္စဝဂ္ဂီငါးဦးကို တရားဦး ဟောစဉ်က လူပုဂ္ဂိုလ်ငါးဦးသာ ကျွတ်တမ်းဝင်ကြသော်လည်း နတ်ဗြဟ္မာများမှာမူ ကုဋေချီပြီး ကျွတ်တမ်းဝင်သွားကြရသည်။

ဂေါတမမြတ်စွာဘုရားသခင် အလောင်းတော် ဖြစ်သော သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူမည့်နေ့၊ ကဆုန်လပြည့်နေ့ ညနေပိုင်းတွင် မဟာဗောဓိပင်ရင်းရှိ ရွှေပလ္လင်ထက်ဝယ် သဗ္ဗညုဘဉာဏ်ရရှိရေးအတွက် ကျင့်ကြံ အားထုတ်နေစဉ် မာရ်နတ်သားသည် နောက်လိုက်စစ်သည် ဗိုလ်ပါများစွာ ခြံရံလျက် အလောင်းတော်ကို လာရောက် တိုက်ဖျက်လေသည်။

မာရ်နတ်သည် နတ်ပြည်ခြောက်ထပ်တွင် အမြင့်ဆုံးဘုံ ဖြစ်ပြီး တန်ခိုးအကြီးဆုံး နတ်ဖြစ်၏။ နတ်ပြည် ခြောက်ထပ်ဟူသည် –

၁။ စတုမဟာရာဇ်

၂။ တာဝတိံသာ

၃။ ယာမာ

၄။ တုသိတာ

၅။ နိမ္မာနရတိ

၆။ ပရနိမ္မိတဝသဝတ္တီ

ဟူ၍ ဖြစ်ပေသည်။ 'ပရနိမ္မိတဝသဝတီ' ဟူသည် သူတစ်ပါး ဖန်ဆင်းပေးသော ဘုံဗိမာန်ဖြင့် နေရသူဟူ၍ခေါ်နိုင်ပေသည်။ မာရ်နတ်သည် လူ့ပြည်နတ်ရွာတို့တွင် ကာမဂုဏ်စည်းစိမ် စံစားရေးအတွက် ကောင်းမှုပြုခြင်းကို နှစ်သက်သူဖြစ်ပြီး သံသရာမှ လွတ်မြောက်ရေးအတွက် ကျင့်ကြံ အားထုတ်သူ၊ ကျင့်ကြံ အားထုတ်ရန် ဟောပြောသူတို့ကို မလိုလား၊ တိုက်ဖျက်တတ်၏။ ထို့ကြောင့် သံသရာမှ လွတ်မြောက်ကြောင်း ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး သတ္တဝါများကိုလည်း ကျင့်ကြံ အားထုတ်စေလျက် ကိုယ်တိုင်နိဗ္ဗာန်ဝင်မည့် သတ္တဝါများကို၊နိဗ္ဗာန် ပို့မည့်သူများကို တိုက်ခိုက် နှောင့်ယှက်၏။ သို့သော် မြတ်စွာဘုရားသခင်သည် ဖြည့်ဆည်းခဲ့သည့် ပါရမီအဟုန်ဖြင့် မာရ်နတ်ရန်ကို နှိမ်နင်းနိုင်ခဲ့၏။

မကြာမီအချိန်အတွင်းမှာ သဗ္ဗညုတ ဘုရားဖြစ်တော့မည်ကို သိကြသော နတ်ဗြဟ္မာများသည် အလောင်းတော်ကို လာရောက် ပူဇော်နေကြသည်။ ဗြဟ္မာမင်းကြီးများက ယပ်ခတ်လျက်၊ သိကြားမင်းက အောင်မင်္ဂလာ ခရုသင်း မှုတ်လျက် 'ပဉ္စသိခ' အမည်ရသည့် ဂီတနတ်သားက ဗေဠုဝနတ်စောင်းကို တီးလျက် အမျိုးမျိုးပူဇော်ကြသည်။

## ပဉ္စသိခ နှင့် သူရိယဝစ္စသာ

ဤနေရာတွင် ပဉ္စသိခ နတ်သား အကြောင်းကို အတော်အသင့် သိထားသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်တွင် တစ်နည်းအားဖြင့် ဤတရားတွင် ပဉ္စသိခ နတ်သားသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ဖြစ်၏.

ပဉ္စသိခနတ်သားကား ဂန္ဓဗ္ဗနတ်မျိုးထဲမှ နတ်သားတစ်ပါးဖြစ်သည်။ နတ်ပြည်ခြောက်ထပ်တွင် စတုမဟာရာဇ် နတ်ပြည်သည် အောက်ဆုံးဘုံ ဖြစ်၏။ ‘စတုမဟာရာဇ်နတ်ပြည်’ဟုခေါ်တွင်ခြင်းမှာ မြင်းမိုရ်တောင်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် တည်းဟူသော အရပ်လေးမျက်နှာတွင် နတ်မင်းကြီး

လေးပါး အုပ်ချုပ်သော နတ်လေးမျိုး နေထိုင်ရာ ဘုံဖြစ်သော ကြောင့်တည်း။

၁။ မြင်းမိုရ်တောင်၏ အရှေ့အရပ်မျက်နှာတွင် 'ဂန္ဓဗ္ဗ နတ်မျိုး' များ နေထိုင်ပြီး ယင်းတို့အား 'ဓတရဋ္ဌ' အမည်ရှိသော နတ်မင်းကြီးက အုပ်ချုပ်သည်။

၂။ မြင်းမိုရ်တောင်၏ တောင်မျက်နှာတွင် 'ကုမ္ဘာန် နတ်မျိုး' များ နေထိုင်ပြီး ယင်းတို့ကို 'ဝိရူဠှက' အမည်ရှိသော နတ်မင်းကြီးက အုပ်ချုပ်သည်။

၃။ မြင်းမိုရ်တောင်၏ အနောက်မျက်နှာတွင် 'နဂါး နတ်မျိုး' များ နေထိုင်ကြပြီး ယင်းတို့ကို 'ဝိရူပက္ခ' အမည်ရှိသော နတ်မင်းကြီးက အုပ်ချုပ်သည်။

၄။ မြင်းမိုရ်တောင်၏ မြောက်မျက်နှာတွင် 'ဘီလူးနတ် မျိုး' များ နေထိုင်ကြပြီး ယင်းတို့ကို 'ဝေဿဝဏ်' ခေါ် 'ကုဝေရ' နတ်မင်းကြီး အုပ်ချုပ်သည်။

ထိုသို့ နတ်လေးမျိုး နေထိုင်ပြီး နတ်မင်းကြီးလေးပါး အုပ်ချုပ်ရာ ဘုံ ဖြစ်သည့်အတွက် စတုမဟာရာဇ် နတ်ဘုံ ဟု ခေါ်သည်။

စတုမဟာရာဇ် နတ်တို့သည်ကား တာဝတိံသာ နတ်တို့၏ အလုပ်အကျွေး ဖြစ်၏။ တာဝတိံသာနတ်များ အခြားအသူရာ စသည်တို့နှင့် စစ်တိုက်ရန် ကြုံလာလျှင် စတုမဟာရာဇ်နတ်များ က နတ်စစ်သည်တော်များအဖြစ် လိုက်ပါ တိုက်ခိုက်ပေးရ သည်။

ကျန်အချိန်များတွင် မိမိတာဝန်အရ အမျိုးမျိုးသော လုပ်ကျွေးခြင်းဖြင့် တာဝတိံသာနတ်များကို လုပ်ကျွေးရသည်။ စတုမဟာရာဇ်တို့တွင် ဂန္ဓဗ္ဗနတ်မျိုးတို့သည် တာဝတိံသာနတ်များကို ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း ဟူသော သဘင်အမှုဖြင့် အလုပ်အကျွေးပြုရသည်။ ယင်းတို့အထဲတွင် ပဉ္စသိခနတ်သားသည် အလွန်ကျော်ကြားသည့် အဆိုအတီးသမားဖြစ်၏။ ဂီတနတ်သား ဖြစ်၏။

ပဉ္စသိခ နတ်သားသည် နာမည်ရ ထင်ရှား ကျော်ကြားသည့် ဂီတနတ်သား ဖြစ်သည်နှင့်အညီ တာဝတိံသာ နတ်ရွာသေနင်း သိကြားမင်းထံတွင် ဖျော်ဖြေရသူဖြစ်၏။ သိကြားမင်းထံတွင်သာမက စတုမဟာရာဇ်နတ်မင်းကြီးများထံလည်း သွား ဆိုတီး ဖျော်ဖြေရသည်။

ပဉ္စသိခ တီးခတ်သည့် တူရိယာမှာ 'ဗေလုဝပဏ္ဍုဝီဏာ' အမည်ရှိ ဥသျှစ်သီး မှည့်ရောင် ဝင်းမှည့်သော အရောင်ရှိသည့် စောင်း ဖြစ်သည်။ ပဉ္စသိခသည် အဆိုလည်း ကောင်း၊ အတီးလည်း ကောင်းသဖြင့် သူ့တေးသံနှင့် သူ့စောင်းသံကို နားထောင်ရသူမှာ ပတ်ဝန်းကျင်ကိုပင် မေ့နေတတ်သည်ဟု ဆိုသည်။ နတ်မင်းကြီးများထံ အလှည့်ကျ သွားရောက် ဖျော်ဖြေရသည့်မှာလည်း အားလပ်ချိန်မရှိသလောက်ပင် ဖြစ်နေပေသည်။

သူ့အား ပဉ္စသိခ နတ်သားဟု အမည်တွင်ခြင်းမှာ သူ့ခေါင်းတွင် 'ဦးစွန်းဖုတ်ငါးခု' ရှိသောကြောင့် ဖြစ်၏။ သူ့ခေတ် ဗိုးဝရပ်များတွင် မြင်ရသော ဦးစွန်းဖုတ်နှစ်ဖက်ကဲ့သို့ သူ့တွင် ငါးခု ဖြစ်နေသည်။ သဘင်နတ်သားဖြစ်သည့်အလျောက် သဘင်သည်ဖြစ်ကြောင်း သင်္ကေတ ဖြစ်ဟန်တူသည်။

ထိုဂန္ဓဗ္ဗနတ်မျိုးထဲတွင် 'တိမ္ဗရု' အမည်ရှိသော ဂန္ဓဗ္ဗနတ်မင်းကြီးတစ်ပါး ရှိသည်။ သူ့မှာ 'သူရိယဝဒ္ဓသာ' အမည်ရှိ အလွန်တရာ ချောမောလှပသည့် သမီးတော်တစ်ပါး ရှိပေသည်။

စတုမဟာရာဇ်၊ တာဝတိံသာ စသည့် နတ်ဘုံတို့တွင် ခံစားနေသော နတ်များတွင် သားသမီးများ ရှိကြသည်။ သူတို့တစ်တွေသည် သားသမီးများကို လူများကဲ့သို့ ကိုယ်ဝန်လွယ် ဆောင်၍ ဖွားကြရသည် မဟုတ်။ နတ်ဘဝကို ရောက်ရှိသူသည် လူတို့ကဲ့သို့အမိဝမ်းတွင် ပဋိသန္ဓေနေရခြင်း မရှိ။ဘဝဟောင်းမှ စုတေသည်နှင့် တစ်ပြိုင်နက် မိမိ၏ ပါရမီ ကုသိုလ်အလျောက် ရောက်ရှိရမည့် နတ်ဘုံတွင် (၁၆) နှစ်သားအရွယ် ဘွားခနဲ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ သို့ဖြစ်က နတ်များတွင် မည်ကဲ့သို့ သားသမီးများ ရရှိသနည်း ဟူသော မေးခွန်း ပေါ်ထွက်လာသည်။

နတ်တွေ သားသမီးရပုံမှာ နတ်သားဖြစ်စေ၊ နတ်သမီးဖြစ်စေ ထိုင်နေစဉ် ပေါင်ပေါ်သို့ ထိုင်လျက် ဘွားခနဲ ပေါ်လာလျှင် ထိုင်နေသူက ပေါ်လာသူကို သားသမီးအဖြစ် သတ်မှတ် သိမ်းယူရသည်။

နတ်တို့သည် နတ်ဘဝကို (၁၆)နှစ်အရွယ်ဖြင့် စတင်ရရှိပြီးနောက် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း၊ ပါးရေတွန့်ခြင်း၊ အရေတွဲခြင်း၊ နံရိုးပြိုင်းပြိုင်းထခြင်းမရှိ။ စုတေစိတ်ကျခါနီး ကွယ်လွန် အနိစ္စ ရောက်ခါနီး ခုနစ်ရက် အလိုခန့်အထိ အိုမင်းရင့်ရော်ခြင်း မရှိ၊ ဖြစ်ခါစအရွယ်အတိုင်း

နုပျိုလျက်ပင်နေသည်။ ထို့ကြောင့် မိဘနှင့် သားသမီး အရွယ်တူပင် ဖြစ်နေသည်။

အဆိုအတီးတွင် နာမည်ကြီးလှသည့် ပေလုဝပဏ္ဏုဝဏ္ဏ နတ်စောင်းရှင် ပဉ္စသိခ နတ်သားသည် နတ်ခင်းကြီးများကို အလှည့်ကျ သီဆို တီးခတ်ဖျော်ဖြေရင်းမှ တစ်နေ့တွင် ဂန္ဓဗ္ဗ နတ်မင်းကြီးတစ်ပါးဖြစ်သူ တိမ္ဗရု နတ်မင်းကြီးထံ သွားရောက် ခစားဖျော်ဖြေခဲ့ရသည်။ ထိုအခါ တိရုမ္ဗ နတ်မင်းကြီး၏ သမီးတော် သူရိယဒေဝစ္ဆသာကိုမြင်ရပြီး အရူးအမူးချစ်ကြိုက်စွဲလမ်းမိခဲ့လေသည်။ ထိုစွဲလမ်းမှုမှာ တစ်ခဏ မဟုတ်ဘဲ ထာဝရဖြစ်ပြီး တသသ စွဲနေသည့်အတွက် သူရိယဒေဝစ္ဆသာ နတ်သမီးလေးနှင့် နီးရဖို့ အရေးကို အမျိုးမျိုး ကြံဆတွေးတော နေမိတော့သည်။

သူရိယဒေဝစ္ဆသာကား ဂန္ဓဗ္ဗ နတ်မျိုးတို့တွင် အလှဘုရင်ကွဲရသူ၊ စွဲမက်အောင် လှသူ ဖြစ်၏။ သူရိယဒေဝစ္ဆသာ ဟူသော အမည်မှာ 'နေရောင် ဝါဖျော့ဖျော့လေး' ဟု အဓိပ္ပာယ်ရပေသည်။ ညနေခင်း 'ဆည်းဆာချိန်' ဟု ခေါ်သော နေဝင်စအချိန် နေခြည်ဖျော့ဖျော့လေးသည် ရွှေကဲ့သို့ ဝင်းနေသည်။ ထိုနေခြည် ဖျော့ဖျော့လေးနှင့် ထိတွေ့သည့် အရာတိုင်းသည်လည်း ရွှေသို့ ဝင်းသွားသည်။ မည်မျှ အရုပ်ဆိုးသူ ဖြစ်ပါစေ ထိုနေခြည်နှင့် ထိတွေ့လိုက်လျှင် လှပသွားသည်။ ထို့ကြောင့် ထိုဆည်းဆာချိန်ကို ရုပ်ဆိုးလှချိန်ဟုလည်း တင်စားခေါ်ဆိုကြသည်။ မိမိကိုယ်တိုင် လှရုံမက မိမိ အရောင်အဟပ်ခံရသည့် အရာများကိုပါ လှစေနိုင်သည်မှာ အလွန်တရာ အလှကြွယ်သောကြောင့် ဖြစ်၏။

သူရိယဒေဝ စွဲ့သာကား ဤသို့ အလှကြွယ်သူ ဖြစ်၏။ ထို့ကြောင့်လည်း ပဉ္စသိခ ဂီတနတ်မှူးမှာ အရူးအအမူး စွဲလမ်းသွားခြင်း ဖြစ်သည်။

ပန်းချီဆရာသည် မိမိ၏ ခံစားချက်ကို ပန်းချီဖြင့် ဖော်ပြကြသည်။ စာရေးဆရာသည် စာပေဖြင့် ဖော်ပြကြသည်။ ကဗျာလင်္ကာဆရာသည် ကဗျာလင်္ကာဖြင့် ဖော်ပြသည်။ ဂီတသမားသည်လည်း ဂီတဖြင့် ဖော်ပြကြသည်။

ပဉ္စသိခ နတ်သားသည် ဂီတသမားဖြစ်၍ သူရိယဒေဝ စွဲ့သာနှင့် ပတ်သက်သည့် သူ့ ခံစားချက်ကို ဂီတဖြင့် ဖော်ပြခဲ့သည်။ တေးပန်းချီ ရေးသီပြီး သီဆို တီးခတ်ခဲ့သည်။

မိမိ၏ ခံစားချက်ကို မိမိ ကျွမ်းကျင်သည့် အနုပညာဖြင့် ဖော်ပြခြင်းသည် ခံစားချက် မပါဘဲ သာမန် ဖော်ပြခြင်းထက် အနုပညာ အဆ ရာထောင်မက ပြောင်မြောက်သည်။

ပဉ္စသိခ နတ်သားကဲ့သို့ အလှဘုရင် တစ်ပါးကို တစ်ကြိမ် မြင်ရရုံမျှဖြင့် အရူးအမူး စွဲလမ်းပြီး ခံစားချက်ဖြင့် ကဗျာ ဖွဲ့ဆိုရာ ရသ ပြောင်မြောက်လွန်းသဖြင့် 'ရတုဘုရင်' ဘွဲ့ရသူတစ်ဦး မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့၏။ သူကား တောင်ငူဘုရင် 'နတ်သျှင်နောင်' တည်း။

တောင်ငူဘုရင် (တောင်ငူမြို့စား) နတ်သျှင်နောင်သည် တစ်နေ့တွင် ပဲခူးရှိ မင်းနေပြည်တော်သို့ သွားပြီး ဘုရင်မင်းမြတ်ကို အဖူးအမြော် ဝင်ခဲ့သည်။ ထိုအခါ နန္ဒဘုရင်၏ နှမတော်၊ ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော် (နတ်သျှင်နောင်၏ အဒေါ်တော်သူ) ရာဇဒေဝီကလျာကို ခေတ္တမျှ တွေ့မြင်ခဲ့ရသည်။

ဂန္ဓဗ္ဗ နတ်မျိုးတို့တွင် သူရိယဒေဝပုတ္တသာ အလှအရာမှာ ကျော်ကြားသကဲ့သို့ ရာဇဓာတုကလျာသည်လည်း ပဲခူးမင်းနေပြည်တော်တွင်၊ ပဲခူးရွှေနန်းတော်တွင် လူတကာ နတ်များတွင် အလှဘုရင် တစ်ပါးဟု ကျော်ကြားနေသူ ရေပန်းစားသူ ဖြစ်၏။

ပဲခူး ရွှေနန်းတော်သို့ အဖူးအမြော် အခစားဝင်ရင်း ရာဇဓာတုကလျာကို ခဏတ္တမျှ တွေ့မြင်ခဲ့ရသော နတ်သျှင်နောင်သည် ရာဇဓာတုကလျာ အပေါ် အရှူးအမူး ချစ်ကြိုက် စွဲလမ်းသွားသည်။ နတ်သျှင်နောင်၏ မျက်လုံးထဲ အသည်းနှလုံးထဲတွင် ရာဇဓာတုကလျာက အချိန်ပြည့် နေရာ ယူထားလိုက်သည်။

ထိုအခါ နတ်သျှင်နောင်သည် ရာဇဓာတုကလျာအပေါ် သူ စွဲလမ်းချစ်ကြိုက်သမျှ ခံစားချက်များကို ရတုစပ်ပြီး ဖွဲ့ဖော် ကျူးခဲ့သည်။ စတွေ့လျှင် တွေ့ချင်း သူ့ရင်ထဲ မည်သို့ ခံစားရသည်ကို-

တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ်ရေးချော၊
ထုံးနေမကြော့၊ ပတ်လျှော့ဆံကြာ၊ ကျတိုင်းသာလျှင်၊
ရွှေဝါပိတ်ရှင်း၊ လည်ချင်းစံပယ်၊ နှုံကြွယ်လိုင်ကြူ၊
မဥ္ဇူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ မရည်းမထင်၊
ဖြူတ်ချည်းမြင်က၊ နတ်ပင်ယိမ်းမှား၊ ဝိုးဝါးတွေးရှုတ်၊
စိတ်လုံးညွတ်သည်၊ ဘုံထွတ်နတ်တောင် နေ့တို့လော။

ဟူ၍ ဖော်ထုတ် စပ်ဆိုခဲ့လေသည်။ ပြိုင်ဘက်မရှိ လှသော နတ်ပြည်းခြောက်ထပ်အနက် တစ်ထပ်ထပ် တစ်ဘုံဘုံမှ ကျလာသော နတ်သမီးဟု ထင်ရသူ စသည့် သူ့ခံစားချက်ကို ပြောင်ပြောင်

မြောက်မြောက် ဖော်စပ်ထားသည်။ ထို့ပြင် ရာဇဝတ်ကလျာ နှင့် ပတ်သက်သည့် သူ့ ခံစားချက် ရတုကဗျာ မြောက်မြား စွာကို ရေးစပ်ခဲ့သေးသည်။ ရာဇဓာတုကလျာထံလည်း အတန် တန် ပေးပို့ခဲ့သည်။ စစ်တိုက်ရင်းမှ အားလပ်ချိန်များတွင် ဓာတုကလျာကို မည်မျှ ချစ်ကြောင်း၊ မည်မျှ စွဲလမ်းကြောင်း ရတုများ စပ်ဆိုပြီး ကိုယ်တိုင် စောင်းဖြင့် သီဆို တီးခတ်ခဲ့ သည်။

ပဉ္စသိခ နတ်သားနှင့် နတ်သျှင်နှောင်တို့မှာ ဘဝတူများ ဖြစ်ကြသည်။ ပဉ္စသိခ နတ်သားသည်လည်း သူရိယဝဒ္ဓနသာ မည်မျှ ချောကြောင်း လှကြောင်း၊ သူရိယဝဒ္ဓနသာကို သူ မည်မျှ ချစ်ကြိုက် စွဲလမ်းမိကြောင်းကို ပိုဒ်ရေ (၁၄)ပိုဒ်ပါ သည့် သီချင်းကြီးတစ်ပုဒ် စပ်ဆိုပြီး သူရိယဝဒ္ဓနသာ ထံမှောက် တွင် သွားရောက် ဖျော်ဖြေ သီဆို တီးခတ်ပြခဲ့သည်။

ပဉ္စသိခ နတ်သားသည် သူရိယဝဒ္ဓနသာ အတွက် တေး သီချင်း စပ်ဆိုသီကုံးစဉ်က ထူးဆန်းသော စိတ်ကူး စိတ်သန်း များ ပေါ်ပေါက်ခဲ့သည်။ သူရိယဝဒ္ဓနသာ အတွက် စပ်ဆို သော တေးချင်းဖြစ်၍ သူရိယဝဒ္ဓနသာ မည်မျှ ချောကြောင်း မည်မျှလှကြောင်းကတော့ မပါမဖြစ် ထည့်သွင်းစပ်ဆိုရမည်ကို ပဉ္စသိခ နားလည် သဘောပေါက်သည်။ သတ္တဝါများအဖို့ ကြားလိုသော စကားတစ်ရပ်မှာ မိမိအား ချီးကျူးမြောက်ပင့် ခြင်း စကားပင် ဖြစ်သည်။ နတ်သမီး၊ မင်းသမီး၊ အမျိုးသမီး စသူတို့အဖို့ သူတို့၏ အလှအပကို အထူးဂရုစိုက်ပြီး ချီးကျူး ပြောလျှင်လည်း ကြိုက်သည်။ မလှသူကို လှသည် ပြောလျှင် လည်း ကြိုက်သည်။

အလှဘုရင်ဖြစ်သော သူရိယဒေဝဗ္ဗသာ ကိုလည်း လှသည့် ပြောလျှင် ကြိုက်ပေမည်။ ဤအချက်ကို ပဥ္စသိခ ကောင်းစွာ သိသည်။

သို့သော် လှသူကို လှသည်ပြော၍ ကြိုက်ရုံမျှဖြင့် မိမိ၏ဆန္ဒ မပြည့်ဝနိုင်ကြောင်းကိုလည်း ပဥ္စသိခ နတ်သားက ကောင်း ကောင်းကြီး သိထားပြန်သည်။ ထို့ကြောင့် မိမိဆန္ဒပြည့်ဝစေ ကြောင်း တွေးတောကြံဆရင်းမှ လိုလျှင်ကြံဆ ည်းလမ်းရဆို သည့် စကားအတိုင်း တူးဆန်းသော စိတ်ကူး အကြံဉာဏ်တစ်ခု ရရှိလာသည်။ ထိုစိတ်ကူးကား အခြားမဟုတ်—

"သူရိယဒေဝဗ္ဗသာ၏ အလှနှင့် မိမိ၏ ခံစားချက် များကို ရတနာသုံးပါးနှင့်တင်စားစပ်ဆိုရလျှင် သူရိယ ဒေဝဗ္ဗသာအဖို့ အထူးအဆန်းဖြစ်ပြီး မိမိ၏ စိတ်အလို ဆန္ဒဘက်သို့ လိုက်ပါလာမည်"

ဟူသော စိတ်ကူးအကြံဉာဏ်ပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆို သော် နတ်စည်းစိမ် ကာမဂုဏ်တွင် ယစ်မူးနေသည့် သူရိယ ဒေဝဗ္ဗသာအဖို့ 'ရတနာသုံးပါး' ဆိုသည်ကို တံဖျားလေသမျှ ပင် ကြားဖူးမည် မဟုတ်၍ အထူးအဆန်းဖြစ်ပြီး စိတ်ဝင်စား လာမည်ဟု ပဥ္စသိခတွေးမိသောကြောင့် ဖြစ်၏။

ပဥ္စသိခနတ်သားသည် သူရိယဒေဝဗ္ဗာအပေါ် သူ၏စွဲလမ်း မှုကို ရတနာသုံးပါးနှင့် တင်စားပြီး ဂါထာပိုဒ်ရေ (၁၄) ပိုဒ် ပါသည့် သီချင်းရှည်ကြီးကို ကြွေးပမ်းသီကုံးခဲ့သည်။

ပဥ္စသိခနတ်သားသည် ထိုတေးသီချင်းကို သီးကုံးပြီးနောက် သူရိယဒေဝစ္ဆသာ၏ ရှေ့မှောက်တွင် သီဆိုတီးခတ် ဖြေခွင့်မရမီ မြတ်စွာဘုရားသခင်ကို ထိုသီချင်းဖြင့်ပင် တီးခတ်သီဆို ပူဇော်ခဲ့သည်။ ထိုအချိန်ကား မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်ကို ရောက်ရှိပြီးနောက် ခုနစ်ဌာနတွင် ခုနစ်ရက်စီစံပယ်ခနသော်မူရာ ငါးခုမြောက်ဌာနဖြစ်သော 'ဆိတ်ကျောင်းညောင်' တွင် စံပယ်တော်မူစဉ် ပူဇော်ခဲ့ခြင်း ဖြစ်၏။

ပဥ္စသိခ၏ တေးဂါထာကို ဖတ်လွယ်ဖတ်ကောင်းအောင် ဖော်ပြရသော်—

၁။ မိုးသောက်ဆည်းဆာ၊ ညဆည်းဆာသို့၊ နေဝါ ဖျော့ဖျော့၊ ပျော့ပျော့ရွှန်းလင်း၊ ရွှေသားဝင်းပ၊ ဝစ္ဆသမည်ငြား၊ လှတစ်ပါး။ ဂန္ဓဗ္ဗသာ၊ နတ်တို့ ရွာတွင်၊ သင့်သခင်ကား၊ ဘုန်းရှိန်တောင်ထု၊ တိမ္ဗရု မည်တွင်၊ နတ်ဘုရင်တည်း။ သမီးတညာ၊ ဝစ္ဆသာ ကား၊ ဂုဏ်ဝါသင့်ပေ၊ အရေအသား၊ တစ်ပါး အရှယ်၊ တစ်သွယ်အရိုး၊ တစ်မျိုးကောသာ၊ ကောင်း ငါးဖြာသင့်၊ ပြည့်စွာပေစ္စ၊ ပဥ္စသိခ၊ ဂီတအကျော်၊ ကျွန်ကျွန်တော်ကား၊ လှတစ်ပါးကို၊ မြင်ငြား မြင်မိ၊ ထိုတရှိတွင်၊ သတိလွှတ်လွှတ်၊ တစွတ်မူးမူး တရူးရူးလျှင်၊ အတူးတွဲလမ်း၊ ရမ်းယောင်တမ်းခွဲ၊ နေဆမ်းပပ၊ ဝစ္ဆသဆို၊ လှလွန်းပိအား၊ ခမ့်မှား နိုင်သူ၊ ဝမ်းဆူကျော်လွှင်၊ တိမ္ဗရုတွင်၊ နတ်သခင် ကို၊ တင်ကျေးဇူးနန္ဒနှင့်၊ မာန်ချရိုကျိုး၊ ရှိခိုးပါ၍ အကြိမ်ကြိမ်။

အချုပ်အားဖြင့်–

ဝေညီးဆာရောင်ကဲ့သို့ ဝင်းပနေသည့် သူရိယဒေဝဿဘာ နယ်သမီးလေးရယ်၊ သင့် ဖခင်ကား တန်ခိုးကြီးသော တိမ္ဗရု နတ်မင်းကြီး ဖြစ်ပေသည်။ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သင့်အား ကျွန်ုပ် ပဉ္စသိခနတ်သားသည် အရူးအမူး ချစ်ကြိုက်ခဲ့လမ်းမိနေပါပြီ။ လှဘာကာ့ ထိပ်ဘင် ဖြစ်သော အသင်နတ်သမီးအား မွေးဖွားပေးသည့် သင့် ဖခင် နတ်မင်းကြီးကိုလည်း ပကျူးဇူးတင်လွန်း၍ အကြိမ်ကြိမ် ရှိခိုး မိပါသည်။ ဟူ၍ အဓိပ္ပာယ်ရပေသည်။

၂။ ကိုယ်လက်အင်္ဂါ။ အဖြာဖြာမှ၊ ရောင်ဝါရွှန်းရွှန်း၊ တင့်ထွန်းတောက်ပ၊ သူရိယဝဏ္ဏသာ၊ လှကညာ။ နေ့ဘာနွှာလမ်း၊ ခရီးကြမ်းဝယ်၊ ပင်ပန်းလှငြား၊ ထိုယောကျ်ားသည်၊ ခိုနားမရ၊ ပူပြင်းလှသား၊ ပြုတ်ကျယိုစီး၊ ချွေးဒီးဒီးပေါ်ခက်လှ၍၊ ထိုခဏအေး၊ ဝေလေနှင့်တွေးကို၊ မျှော်တွေးတမ်းတ။ တံဝပမာ၊ ရေဆာလွန်းလှ၊ ရေတမ်းတသား၊ ရင်ဝလှိုက်ပူ၊ ကျိုက်ကျိုက်ဆူပွက်၊ သူရေငတ်လျှင်၊ ကြည်လင်အေးမြ တောင်ကျစမ်းသွင်၊ သောက်ရေစင်ကို၊ တခင်မက်မက်၊ လွန်နှစ်သက်၏။ လောဘဒေါသ၊ မောဟ ဒမှာင်ဆည်း၊ လောင်မီးကိလေ၊ ဝင်မေ လှစွာ၊ ရဟန္တာတို့၊ ချမ်းသာစစ်မှန်၊ မြတ်နိဗ္ဗာန်ကို၊ ကောန်နှစ်သက်၊ လွန်စုံမက်ထူ၊ တစ်ဆူဘုရင်၊ လှသခင်ကို၊ မြင်ပြီးချိန်မှ၊ နေ့ညမပြတ်၊ တပ်မက်လှစွာ၊ အကြင်ငါကား၊ အခါမလစ်၊ ချစ်မြတ်နိုးမိ အစဉ်စဉ်။ ။

အချုပ်အားဖြင့်—

သူရိယဒေဝ စွသာ လှကညာ။နေပူပူခရီးကြမ်းမှာ လျှောက်ခဲ့ရ၍ ချွေးကျနေသူမှာ လေနုအေးကို အလိုရှိသကဲ့သို့၊ ရေငတ်သူမှာ ရေချမ်းစင်ကို အလိုရှိသကဲ့သို့၊ ကိလေသာကင်းစင်သော ရဟန္တာများ ချမ်းသာစစ် ဖြစ်သည့် နိဗ္ဗာန်ကို အလိုရှိသကဲ့သို့ ကျွန်ုပ်သည်လည်း သင့်အား အစဉ်အမြဲ စွဲလမ်းတပ်မက် နေပါပြီ။ဟူ၍ ဖြစ်ပေသည်။

၃။ မရွှင်မလန်း၊ မချမ်းမသာ၊ ဝေဒနာကပ်သား၊ အိုသူအားလျှင်၊ ရောဂါအခပေါင်း၊ ကင်းစေကြောင်း၊ ငှာ၊ ဆေးကောင်းဝါးမှန်၊ မှီဝဲသွန်မှု၊ ချမ်းသာရသို့၊ ဝမ်းမှုပူဆာ၊ မနေသာအောင်၊ ဆာလောင်လှစွာ၊ သူငယ်အားလျှင်၊ ထွေပြားရသာ၊ စားစရာဖြင့်၊ ဆာလောင်ပြင်းပြ၊ ကင်းငြိမ်းရသို့၊ ထိန်ထိန်ညီးညီး၊ လောင်သည့်မီးကို၊ အပြီးငြိမ်းကြောင်း။ ရေဖြင့်လောင်းမှု၊ ငြိမ်းအေးရသို့၊ ပြင်းပြလှစွာ၊ မခံသာအောင်၊ ရင်မှာလောင်ညီး၊ အချစ် မီးကို။ ရှုမငြီးပါ၊ လှယက်လှတဲ့၊ သူရိယဝစ္စသာ၊ ချစ်သက်လျာရဲ၊ မေတ္တာတုံ့တင်၊ ချစ်ရေစင်ဖြင့်၊ တသွင်ငြိမ်းကြောင်း၊ သွန်လောင်းလှည့်ပါ အခါခါ။

အချုပ်အားဖြင့်—

ရောဂါဝေဒနာ ကပ်ရောက်သူအဖို့ ဆေးဝါးကောင်း မှီဝဲရမှ ချမ်းသာရသကဲ့သို့၊ ဆာလောင်တော်မွတ်သူအဖို့ အစာရသာ

ရှိသောအစာကို စားရမှ အဆာပြေသကဲ့သို့၊ လောင်နေသော မီးကို ရေဖြင့်လောင်းမှ အေးငြိမ်းရာ ရသကဲ့သို့ သင့်အား ချစ် မိ၍ ကျွန်ုပ်၏ရင်မှာ လောင်သည့် အချစ်မီးကို သင့်မေတ္တာရေ ဖြင့် သွန်းလောင်းမှ ငြိမ်းချမ်းရာရမှာဖြစ်၍ ချစ်ရေစင်ဖြင့် သွန်လောင်းပေးပါလား သူရိယဝဏ္ဏသာရယ် ဟူ၍ ဖြစ်ပေ သည်။

၄။ ရာသီမိဿ၊ ပြိဿကဟု၊ ကာလထိုခါ၊ သူရိယာသည်၊
ရှိန်ဝါလျှမ်းလျှမ်း၊ တောလုံးကျွမ်းမှ၊ သမယဝယ်၊
နာဂထိပ်သီး၊ ဆင်မပြောင်ကြီး လျှင်၊ ညီ ညီလျှံဆူ၊
သည်အပူကြောင့်၊ ကြာဖူးကြာညို၊ ထိုထိုဝတ်မှုန်၊
ကြာမျိုး စုံစွာ၊ မြကန်သာသို့ ဆင်းလာခိုလှုံ အပူကုန်
ဘိမ်း၊ လွန်အေး ငြိမ်းသို့ နှစ်သွယ်မိမိ နွားလည်ဘွဲ့
လား၊ စိုစို ထွားထွား၊ ပိုပိုကြွားသည့်၊ သင့် သား
မြွက်စုံ၊ ကြွားခိုလှုံမှ၊ အဟုန်လျှံညီး၊ ကျွန့်ချစ်မီးမှာ၊
အပြီ ငြိမ်းအေး၊ ရောက်မည့်ရေးမို့၊ တရေးခိုဝင်၊
နားပါချင်သည်၊ ဒေဝီလှဖျား၊ ခွင့်သနားရန်
တောင်းပန်ပန်။

အချုပ်အားဖြင့်–

အလွန်ပူလောင်သော နွေအခါတွင် ဆင်ပြောင်ကြီးသည် ပူလောင်လွန်းသဖြင့် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန် သို့ဆင်းမှ အေး ငြိမ်းရသကဲ့သို့ အကျွန်ုပ်၏ အချစ်မီးသည်လည်း အသင်သူရိယဝဏ္ဏသာ၏ ရင်ခွင်တွင် ခိုလှုံခွင့်ရမှ အေးချမ်းရပါ

မည်။ ခိုလှုံခွင့်ပေးဖို့ အတန်တန် တောင်းပန်ပါသည်။ ဟူ၍ဖြစ်ပေသည်။

၅။ အို သူရိယဝစ္ဆသာ၊ မည်တွင်သာသည့်၊ ကညာသခင်၊ လှဘုရင်။ အားအင်ကြီးလှ၊ ဆင်နာဂသည်၊ မြမြချွန်ထက်၊ ချွန်းလက်နက်ကို၊ အသက်သေမျှ၊ ကြောက်လွန်းလှပြား၊ မကြောက်အားသော်၊ လုံမွှားလုံသေး၊ နှင်တံသေးကာ၊ လေးစား ဘယ်မှာ၊ ကြောက်တုံပါအံ့။ ပုံပမာ နှိုင်း၊ တို့အတိုင်း ပ၊ ပဥ္စသိခ၊ ဂီတလုလင်၊ ကျွန့်မူတွင်လည်း၊ ဆင်ပြောင်အစွယ်၊ သွယ်သွယ်အဖျား၊ ရင်းကားတုတ်လျက်၊ မွတ်ညက်ချောနု၊ ဖွေးဖွေးဥသည့်၊ နှစ်ခုပေါင်တံ၊ ဆင်းကြန်လက္ခဏာ၊ ပြည့်စုံစွာလှ၊ သင့်ရှုပရည်၊ ဆင်းသိဂီမှာ၊ ဆောက်တည်မနိုင်၊ ယိမ်းယိုင်ယစ်မူး၊ အရူးတစ်ပိုင်း၊ ဖြစ်တိုင်းဖြစ်ရာ၊ သြဇာလက်နက်၊ အမျက်ပြစ်ဒဏ်၊ မှန်မှန်သမျှ၊ ကြောက်ရမသိ၊ ဖြစ်နေဘိပြီ အတည်တည်။

အချုပ်အားဖြင့်—

ဆင်ပြောင်ကြီးသည် ချွန်းကို သေလုအောင် ကြောက်ပါလျက် ချွန်းကို မကြောက်လျှင် လုံသေးလုံမွှားတို့ကို အဘယ်ကြောက်တော့အံ့နည်း။ ထို့အတူ ကျွန်ုပ်သည်လည်း အသင်သူရိယဝစ္ဆသာ၏ အလှအပတွင် ယစ်မူးပြီး အရူးတစ်ပိုင်း ဖြစ်နေ၍ ဘယ်သြဇာ ဘယ်လက်နက် ဘယ် အပြစ် ဒဏ် ကိုမျှ မကြောက်တော့ပါဟူ၍ ဖြစ်ပေသည်။

၆။ စတုမဟာ၊ နတ်တို့ရွာမှာ၊ လှတကာ ထိပ်ထားး၊ လှခေါင်ဖျားဟု၊ ကျော်ကြားပေ၊ ဝစ္ဆသ၊ ရေမှာ ကျက်စား၊ ရေပျော်ပါးသည့်၊ သနားစရာ၊ ငါး သတ္တဝါလျှင်၊ ငါးစာသာမြင်၊ ချိတ်မမြင်၍၊ စား ချင်တော်တော်၊ အစာဟပ်ပြီး၊ ငါးလစင်ချင်း၊ မျိုချ သွင်းသော၊ အာရင်းအာစောက်၊ထုတ်ချင်းပေါက် ၍၊ ပေါက်ပေါက် သွေးရှင်၊ ထွက်လေလျှင်မူ၊ ကြောက်အင်စိုးထိတ်၊ ငါးမျှားချိပ်ကို၊ မမျိုလိုလျှ၊ ထွေးမရသို့၊ တဝ ကျွန့်မှာ၊ ထိုတူသာ တည်း။ ကညာသင့်ကို၊ ချစ်မိပို၍၊ နဂိုစိတ်ပျောက်၊ ရူးစိတ် ရောက်ပြီး၊ နောက်မဆုတ်နိုင်၊ ခိုင်ခိုင်စွဲ လမ်း၊ တတမ်းတတ၊ တသသဖြင့်၊ တကွတူယှဉ်၊ မင် ချစ်ပွဲ၊ မလွဲရှောင်နိုင် တမိုင်မိုင်။

အချုပ်အားဖြင့်—

ငါးစာသာ မြင်ပြီးငါးမျှားချိတ်ကို မမြင်သော ငါးသတ္တဝါ သည် ငါးစာကို စားလိုစိတ်ဖြင့် မျိုလိုက်ပြီးမှ ပြန်ထွေးမရသို့၊ ကျွန်ုပ်မှာလည်း အသင် သူရိယဝစ္ဆသာကို ချစ်သောစိတ်မှာ နောက်ဆုတ်မရ ဖြစ်နေရပါပြီ။ ဟူ၍ ဖြစ်ပေသည်။

၇။ ပွင့်သစ်ဖူးဝင်း၊ ခရသင်းသို့၊ ဝင်းဝင်းမွတ်မွတ်နုနု ထွတ်သား၊ သွယ်လျားဘိတုံ၊ ပေါင်ကံစုံနှင့်၊ ရှုနီး ရှုန်းလဲ့ကြည်၊ မိဂသီခေါ်ဆို၊ သမင်ပျိုလား၊ နှစ် ပါးဝကွ၊ သောက်ရူးစုဖြင့်၊ ရှုလေတိုင်းလျှင်၊ တော်

ငြိမ့်ငြိမ့်၊ ကိုယ်လုံးသိမ့်မျှ၊ သိမ့်စိမ့်တုန်ဖို၊ မခို့တရို့၊
ကြည်တို့တတ်ငြား၊ ငါးပါးလက္ခဏာ၊ ကောင်း
ခြင်းဖြာသည့်၊ ဝဏ္ဏသာမည်၊ လှဒေဝီ။ ဖြူသွယ်
နွဲ့နှောင်း၊ ဖေါ့ဖယောင်းသို့၊ ပျော့ပျောင်းဘိတုံ၊
လက်အစုံဖြင့်၊ ကျွန့်လည်ရစ်ကို၊ ချစ်ချစ်ပိုက်ထွေး၊
စမ်းပါလှည့်။ ကမ္ဘာဦးဌေ၊ မွေးလူတွေပ၊ နေနှင့်
လကို၊ တတတမ်းတမ်း၊ အာသာငမ်းသို့၊ ရမ်းရမ်း
ရော်ရော်၊ ကျွန့်ကျွန်တော်လဲ၊ မလွဲမပျက်၊ သခင့်
လက်ဖြင့်၊ ပွေ့ဖက် ယှက်သန်း၊ ခံချင်စမ်း ဘိ
အမူးမူး။

အချုပ်အားဖြင့်—

ကမ္ဘာဦးအစက လူများသည် နေနှင့်လကို တမ်းတသကဲ့သို့ ကျွန်ုပ်သည်လည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့် သူရိယဝဏ္ဏသာနုမ၏ လက်အစုံဖြင့် ကျွန်ုပ်၏ သည်ကို ဖက်ဖို့ တမ်းတနေမိပါသည်။

ဂ။ စတုမဟာ၊ နတ်တို့ ရွာမှာ၊ ဝဏ္ဏ သာ မည် တွင်၊
လှမျက်ရှင်။ သင့်တွင်နှောင်ရစ်၊ ကျွန့် အချစ်သည်၊
ရင်းတည်ထုထယ်၊ မကြီးကျယ်လည်း၊ ကေသွယ်
လှိုင်းအိ၊ နှိုင်းတရှိသာ၊ ဖွာဖွာတွန့်လိမ်၊ ပန်းနွယ်
အိမ်ကို၊ တစ်ကြိမ်မြင်ရ၊ မူလ ချစ်ဟောင်း၊ ထပ်
ပေါင်းကူရှေ၊ ဆရေတိုးလတ်၊ တောမသတ်သည့်၊
သထပ်ပုံဖြာ၊ ဆိုရပါမူ၊ ရဟန္တာမှတ်၊ ရှင်လူမြတ်

အား၊ လှူဖြားညောင်စေ့၊ ရလေ့ညောင်ပင်၊ ကျိုး
ထူးမြင်သို့၊ ကျွန့်တွင် ချစ်အား၊ ထပ်ထပ်ပွား။

အချုပ်အားဖြင့်–

သင့်ကို အကျွန်ုပ် ချစ်မိသည့် မူလ ချစ်စိတ်မှာ အနည်းငယ်သာ ဖြစ်ပါ၏။ လိုင်းအိဝ မျှသင့်ဆံပင်လေးများကို မြင်ရသောအခါ မူလအချစ်မှာ ဆပေါင်း ကုဋေကုဋာ တိုးပွားလာပါသည် သူရိယဝစ္စသာ၊ ပုံပမာအားဖြင့် ရဟန္တာ အရှင်များအား ညောင်စေ့လောက် လှူလျှင် ညောင်ပင်ကြီးလောက် အကျိုးထူးရသည် ဆိုသကဲ့သို့ ဖြစ်ပါသည် ဟူ၍ ဖြစ်ပေသည်။

၄။ ရွှေရောင်ဖျော့ဖျော့၊ ကြော့ကြော့ကေသာ၊ သူ့ရိ
ယာဟု၊ နာမကျော်ဟိုး၊ အိုဘဲ့ချစ်မြိုး။ လာဘော
အာလ၊ ယသောအနှင့်၊ နိန္ဒပသံ သုခဒုက္ခ၊ ဓမ္မခွဲခြား
ကောင်းဆိုး တရားတွင်၊ မခြားမခွဲ၊ အတူတွဲမြဲ
ဝမ်းနည်းဝမ်းသာ မရှိပါတဲ့။ တာဒိထိုက်ကျင့် ပြည့်စုံ
လုတွာ၊ ရဟန္တာအား၊ ကျွန်ကား ကောင်းမှု၊ ကေန်
ပြုဘူး၊ ရွှေဦး ကုသိုလ်၊ ထိုထိုအကျိုး၊ ချမ်းသာ
မျိုး ကို၊ တင့်မျိုး စုံစုံ ရှုသာနှင့်၊ တကွမသွေ၊ ခံစား
စေကြောင်း၊ ဆုလျှင် တောင်းမိ အခါခါ။

အချုပ်အားဖြင့်–

လောကဓံတရား ရှစ်ပါးနှင့်တွေ့သော် ရဟန္တာ ပုဂ္ဂိုလ်တို့သည် ကုန်လှုပ်ကဲ့ပြား ခြားခြင်းမရှိ၊ ဝမ်းသာ ဝမ်းနည်းခြင်း

မရှိ။ ထိုပုဂ္ဂိုလ်မြတ်တို့အား ကျွန်ုပ်သည် ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးပါမည်။ ထိုကုသိုလ်အတွက် ရလိုသောဆုကား အသင်သူရိယဒေဝဿသာနှင့် ပေါင်းရပါစေကြောင်းသာ ဖြစ်ပါ၏ဟူ၍ ဖြစ်ပေသည်။

၁၀။ စတုမဟာရာဇ်၊ ဘုံမှာဖြစ်တဲ့၊ ဒေဝဿသာ၊ လှဥမ္မာ၊
နတ်ရွာတစ်ခွင်၊ ဘုံသပြေင်တွင်၊ ကျွန် လျှင်ပြုထား၊
ကောင်းမှုများကား၊ ကြီးမားလှဘိ၊ ကျေနပ်ရှိ၏။
ထိုသို့ပြုထား၊ ကောင်းမှုများတွက်၊ ပေါ်ထွက်လာ
ရိုး၊ ထိုကောင်းကျိုးကို၊ မြတ်နိုးလှစွာ၊ ဝဿသာ
နှင့်၊ မကွာတူပ၊ စံစားရရေး၊ ကောင်းကျိုးပေးဖို့၊
မနေ့ပြည့်ကြောင်း၊ ဆုမွန်တောင်းလျက် အကြိမ်
ကြိမ်။

အချုပ်အားဖြင့်—

ကျွန်ုပ်ပြုထားဖူးသော ကောင်းမှုအတွက် ရရှိမည့်ကောင်းမှုအတွက် ရရှိမည့် ကောင်းကျိုးမှာ ဒေဝဿသာနှင့် ပေါင်းဖို့သာ ဖြစ်ပါစေဟု အကြိမ်ကြိမ် ဆုတောင်းမိပါသည် ဟူ၍ ဖြစ်ပေသည်။

၁၁။ သကျနွယ်စင်၊ သာကီဝင်မို့၊ မျိုးတွင် မြတ်မြတ်။
မြင့်သည့်ဇာတ်က၊ ပွင့်လတ်ထင်ရှား၊ ဘုရင်မြတ်စွာ။
လောင်းဗုဒ္ဓါသည်၊ အာရုံစုစည်း၊ တစ်ခုတည်းနှင့်။
ရှုမှီးစျာန်တည်၊ ငြင့်ကျက်သည်သို့၊ ပညာရည်မှတ်။
မြဲမမြတ်လျှင်၊ စွဲမှတ်ရှုချင်း၊ သခြင်းကင်းရာ။

နိဗ္ဗုတာကို၊ ဖွေရှာသည့်လား၊ ကျွန်ကား ထိုပ၊
သူရိယတွင်၊ ဝဋ္ဋသထပ်၊ အလှနတ်ကို၊ မပြတ်ခဏ၊
အမှတ်ရနေ အစဉ်စဉ်။ ။

အချုပ်အားဖြင့်—

ဘုရားအလောင်းတော်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အာရုံစူးစည်း၍ တစ်ခုတည်းတွင် ဈာန်ဝင်စားနေဘိသကဲ့သို့ အကျွန်ုပ်သည်လည်း အသင် သူရိယဇေဝဋ္ဋသာ တစ်ဦးတည်း အပေါ်တွင်သာ အာရုံစွဲကပ်လျက် နေပါသည် ဟူ၍ ဖြစ်ပေသည်။

၁၂။ ရှိးတံရိုးဆစ်၊ ပြေပြစ်ရှိက်ဖို၊ ယဉ်သည့်ကိုယ်ဝယ်၊
တင့်တယ်ပေလှ၊ သူရိယဝဋ္ဋသာ၊ လှထွတ်ချာ။
ပမာပုံပြု၊ သဗ္ဗညုသခင်၊ သုံးလူ့ရှင်ကား၊ ဘုရား
ဖြစ်ကြောင်း၊ ကောင်းမြတ်ပေလှ၊ အရဟတ္တ၊
မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့၊ ကေန်ုထုတ်
ချောက်၊ ပေါက်ရောက်သောခါ၊ ဝမ်းသာအားရ၊
ပီတိကြွသို့၊ တဝကျွန်မှာ ဝဋ္ဋသာနှင့်၊ မကွာတူကွ၊
ပေါင်းသင်းရသော်၊ ကြီးစွမဟာ၊ ပီတိဖြာလိမ့်၊
ဝာစ်သက်တာလုံး တပြုံးပြုံး။

အချုပ်အားဖြင့်—

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကို ရရှိ ဘုရားအဖြစ်သို့ ရောက်ရှိသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသကဲ့သို့ အကျွန်ုပ်သည်လည်း အသင် သူရိယဒေဝဋ္ဋသာနှင့် ပေါင်းသင်းရလျှင် ဝမ်းသာရပါမည် ဟူ၍ ဖြစ်ပေသည်။

၁၃။ ရွှေရောင်နေရောင်၊ နှစ်ရောင်ရောယှက်၊ လင်းလင်း
လက်သည့်၊ နှစ်သက်စရာ၊ ဝစ္ဆသာ။ တာဝတိံ
သာ၊ နတ်ရွာသေနင်း၊ သိကြားမင်းက၊ အချင်း
ပဉ္စသိခ၊ တောင့်တတဲ့ဆု၊ ယခု ပြည့်စေ၊ ယူပါလေ
ဟု၊ မသွေမုချ၊ ပေးတုံကမူ၊ အခြား ဘယ်ဟာ၊
မယူပါတည့်၊ ဝစ္ဆသာမည့်မှတ်၊ ရွှေသို့ဝင်းသည့်၊
ယမင်းနတ်ကို၊ ရယူလိုပါ၏၊ ထိုထိုနှောင်ရစ်၊ ကျွန့်
အချစ်ကား၊ ဤမျှ သန့်ထက် စွဲမြဲမြဲ။

အချုပ်အားဖြင့်-

သိကြားမင်းက အကျွန်ုပ်အား ကြိုက်ရာဆုကို ယူစေဟု
ပေးလျှင် အသင် သူရိယဝစ္ဆသာကိုသာ ယူပါမည်ဟူ၍ ဖြစ်ပေ
သည်။

၁၄။ စိတ်ကောင်း ရုပ်ကောင်း၊ ဉာဏ်ကောင်း ပေစွ၊
သူရိယဝစ္ဆသာ၊ချောကလျာ။ မကြာမတင်၊ ချိန်
ပိုင်းတွင်က၊ ပင်လုံးကျွတ်မျှ၊ တွတ်တွတ် နီထွေး၊
ပွင့်ဝေလှင်လှင်၊ အင်ကြင်းငင်ကို၊ ကျွန်လျှင်ယခု၊
အလေးပြုသို၊ထိုမြို့ရွှေနှစ်၊ဇမ္ဗူရစ်သွင်၊ရှုချင်စဖွယ်၊
လှမျိုးကြွယ်သည့်၊ သွယ်သွယ်နွဲ့လျ၊ ချစ်စရာ့မငြီး၊
ဝစ္ဆသာသမီးကလျာ၊ ထွန်းကားပါသော၊မဟာရှင်
မှတ်၊ဂန္ဓဗ္ဗနတ်တို့၊ မပြတ်လေးပြု၊ တိမ္ဗရုမည်တွင်၊
သင့်ဖခင်ကို၊ ကျွန့်အင်ဆန္ဒ၊ ပြည့်ဝ စေကြောင်း၊
သွယ်ပျောင်းဦးတင်၊ လက်လျှင်ချီမိုး၊ လွန်ရိုကျိုး
လျက်၊ ရှိခိုးဦးနှိမ် အကြိမ်ကြိမ်။

အချုပ်အားဖြင့်–

ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်ကြီးသို့ ကျွန်ုပ်တို့ အလေးပြုသကဲ့သို့ ရပ်ရည်လည်းလှ၊ စိတ်ထားလည်းကောင်း သည့် အသင် သူရိယဒေဝစ္ဆသာကို မွေးဖွားပေးသူ သင့်ဖခင် တိမ္ဗရုနတ်မင်းကြီးအား အကြိမ်ကြိမ်ရှိခိုးလျက် အကျွန်ုပ်၏ ဆန္ဒပြည့်ဝဖို့ တောင်းဆိုချေမိပါသည်။ ဟူ၍ ဖြစ်ပေသည်။

ပဉ္စသိခ၏ တေးသီချင်းတွင် ဘုရား၊ တရား၊ ရဟန္တာ (သံဃာ)၊ နိဗ္ဗာန်တို့နှင့်ပတ်သက်သည့် အသုံးအနှုန်းများ၊ ပမာ တင်စားမှုများ အများအပြား ပါဝင်သည်ကို အထက်ပါ အတိုင်း တွေ့ရပေသည်။

အခါအသင့် အခွင့်အသာကို ငုံလင့်ကြိုးပမ်း စောင့်စားနေ သော ပဉ္စသိခနတ်သားသည် အခါတော်ပါ၊နှင့် သူရိယဝစ္ဆသာ ကို တွေ့ခွင့်ရပြီး အထက်ပါ ချစ်ဂါထာတေးသီချင်းကိုသီကျူး ခွင့်ရလေသည်။

ပဉ္စသိခနတ်သားသည် မိမိအစွမ်းကုန် ကြိုးပမ်းသီကျူးသား သည့် ချစ်တေးဂါထာကို တေးသံ ခေါင်းသံ နှစ်သံယှက် ပေါင်း၊ လွန်ညက်ညောင်းစွာဖြင့် သူရိယဒေဝစ္ဆသာကို ဘစိမ့် စိမ့်ကြည့်ပြီး သံစဉ်အနိမ့်အမြင့်အလိုက် အသက်ပါပါ ဖျော် ဖြေလေတော့သည်။

ရင်တွင်းမှဖြစ်သော အချစ်မေတ္တာကိုလေးသာတို့ဖြင့် နှစ်နှစ် ကာကာ စပ်ဆိုဖျော်ဖြေခြင်းဖြစ်၍ အသက်ပါလှသည်။ သူရိယ ဒေဝစ္ဆာသည်လည်း ပဉ္စသိခ၏ တေးသံနှင့်စောင်းသံကိုစိတ်ဝင် စားစွာ အာရုံစိုက်၍ နားဆင်သည်။

"လောဘ ဒေါသ၊ မောဟမှောင်ဆည်း၊ လောင်မီး
ကိလေ၊စင်ပေ်လှစွာ၊ ရဟန္တာတို့၊ ချမ်းသာစစ်မှန်၊မြတ်
နိဗ္ဗာန်ကို၊ ကေန်နှစ်သက်၊ လွန်စုံမက်ဟု...."

ဟူသောစကားလုံးများကို သီချင်း၏ တတိယပိုဒ်တွင် ဟူးထူး ခြားခြားကြားရသည့်အခါ ဒေဝဒတ္တသာ၏ ဘကိုယ်လုံးကြက်သီး မွေးညင်းများထလျက်၊ ပီတိဇောဟုန်များ ကြွလာသည်။ နတ်ချမ်းသာကို ချမ်းသာကြီး၊ချမ်းသာစစ် ချမ်းသာမှန်ဟု ထင်နေ သော သူမအဖို့၊ နတ်ချမ်းသာသည် ချမ်းသာစစ်မဟုတ်၊ နိဗ္ဗာန် ချမ်းသာသည်သာ ချမ်းသာစစ်ဖြစ်သည်ဟု ကြားရသောအခါ "ရဟန္တာတို့သည် လောဘ ဒေါသ မောဟကင်းသတဲ့။ နိဗ္ဗာန် ချမ်းသာကို အလွန် နှစ်သက်သတဲ့။ ရဟန္တာဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးပါလိမ့်၊ နိဗ္ဗာန်ချမ်းသာဆိုသည် ဘယ်လို ချမ်းသာ မျိုးပါလိမ့်" ဟူ၍လည်း တွေးတောနေမိသည်။ထိုသို့ မကြား စဖူး အထူးအဆန်း စကားများကို နက်နက်နဲနဲ တွေးတော နေမိသဖြင့် ပဉ္စသိခ၏တေးသံနှင့်စောင်းသံကို မကြားတစ်ချက် ကြားရတစ်ချက် ဖြစ်နေပေသည်။

သို့ဖြင့် အပိုဒ် (၈)သို့ ရောက်သော်—

"ရဟန္တာမှတ်၊ ရှင်သူမြတ်အား၊ လှူငြားညောင်စေ၊
ရလေ့ညောင်ပင်၊ ကျိုးထူးမြင်သို့...."

ဟူသောစကားလုံးများကို ကြားရပြန်သဖြင့်—

"ရဟန္တာတွေကို လှူလျှင် ညောင်စေ့လောက်လှူရင် ညောင် ပင်လောက် အကျိုးရတယ်ဆိုပါလား။ ဘယ်လို ပုဂ္ဂိုလ်မျိုးမို့

ဒါလောက် အကျိုးထူးပေးနိုင်ပါလိမ့်''ဟု ဆက်တွေးနေမိစဉ်၊ အပိုဒ်(၉)မှ တေးစာသားများကို ဆက်၍ကြားရပြန်၏။

''လာဘောအလ၊ယသောအနှင့်၊နိန္ဒပသံ၊သုခံဒုက္ခ၊ မမှခွဲခြား၊ ကောင်းဆိုးတရားတွင်၊ မခြားမခွဲ၊ အတူတွဲပြီး၊ ဝမ်းနည်းဝမ်းသာ၊ မရှိပါတဲ့၊တာဒိထိုဂုဏ်၊ပြည့်စုံလှစွာ၊ ရဟန္တာ....''

ရဟန္တာ ပုဂ္ဂိုလ်များဟာ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံများခြင်း၊ ခြွေရံမရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတရားတို့နဲ့ တွေ့တဲ့အခါ ခွဲခြားမှု မရှိ၊ တုန်လှုပ်မှုမရှိဘူး ဆိုပါလား၊ တယ် ထူးမြတ်တဲ့ ပုဂ္ဂိုလ်ချီးပါလား....ဟု ကြားသိရသည့်အပေါ် တအံ့တသြ ဖြစ်မိပြန်၏။ သည့်စဉ်မှာပင်—

''သကျနွယ်စင်၊ သာကီဝင်မို့၊ မျိုးတွင်မြတ်မြတ်၊ မြင့်သည့်ဇာတ်က၊ ပွင့်လတ်ထင်ရှား၊ ဘုရားမြတ်စွာ၊ လောင်းဗုဒ္ဓါသည်၊အာရုံစုစည်း၊တစ်ခုတည်းနှယ်၊ ရှုမှီးဈာန်တည်၊ ရင့်ကျက်သည့်သို့၊ပညာရည်မွတ်၊ မြဲပြတ်လျှင်၊ စွဲမှတ်ရှုရင်း၊ သေခြင်းကင်းရာ၊ နိဗ္ဗူတာ....''

ဟူသော တေးစာသားများကို အပိုဒ်(၁၁) တွင် ဆက်ကြားရပြန်ရာ

''အို မြတ်စွာဘုရား ဆိုပါလား၊ သည့်အမည် ကြားရသည်မှာ ကြက်သီးမွေးညင်းများ ထလိုက်ပါဘိ။ ပီတိဖြစ်လိုက်ပါဘိ၊ သေခြင်းကင်းတဲ့နိဗ္ဗာန်ဆိုပါလား။ သေခြင်းကင်းရာ အရပ်ဆို

သာကို သိချင်၊ မြင်ချင်၊ ရောက်ဖူးချင် စမ်းပါတို့'' ဟုအတွေး ဆန္ဒတို့နှင့်တောင့်တခြင်းများ ဖြစ်ခဲ့သည်။

''သဗ္ဗညုတသခင်၊ သုံးလူ့ရှင်ကား၊ ဘုရားဖြစ်ကြောင်း၊ ကောင်းမြတ်ပေလှ၊ အရဟတ္တ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့၊ ကြန်တုတ်ချောက်....''

ဟူသော စကားလုံးများကို ထပ်မံ ကြားရပြန်သည်။

ပဥ္စသိခ နတ်သား၏ သီချင်းတွင် ပါလာသော ဘုရား၊ တရား၊ သံဃာ (ရဟန္တာ) အကြောင်းများကိုသာလျှင် သူရိယ ဝစ္စသာက အလေးထားပြီး ကြားနာမိနေသည်။ ကြားရတိုင်း ကြားရတိုင်းလည်း ကြက်သီး မွေးညင်းများ ထဖြန်းဖြန်း ထလျက် ပီတိသောမနဿတွေ ပွားနေရ၏။ မိမိအား ချစ်ခင် ပေးဖို့ ချစ်ရေးဆိုကြောင်း ပဥ္စသိခ နတ်သား၏ ရည်ရွယ် ကြိုး ပမ်းချက်ကို သိသော်လည်း သူရိယဒေဝစ္စသာသည် ပဥ္စသိခ၏ ချစ်စကား ကြိုက်စကားကို ရတနာ သုံးပါးကဲ့သို့ အလေး အနက်မထား။ သို့သော် ပဥ္စသိခ၏ ကျေးဇူးကြောင့် ဘုရား၊ တရား၊ ရဟန္တာ၊ နိဗ္ဗာန် ဟူသော အကြောင်းတွေကို ကြားသိ ရ၍ အထူး ကျေးဇူးတင်မိသည်။ သို့ဖြစ်၍ ပဥ္စသိခ၏ ဆန္ဒကို ပြည့်ဝစေခြင်းဖြင့် ကျေးဇူးပြန်ဆပ်ရန်လည်း စိတ်ဆုံးဖြတ် လိုက်သည်။

''အသင် ပဥ္စသိခနတ်သား၊ သင့်ထံမှ ကြားရသော ရတနာ သုံးပါး အယ်သည် ငါ၏နှလုံးမှာ ဂုမ်း ဆိထိသကဲ့သို့ ပီတိသော မနဿ ဖြစ်ရပါသည်။ ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါ ပွား ရပါသည်။ ဤသို့ ငါအား ရတနာ သုံးပါးကို ကြည်ညိုသဒ္ဓါ

သွားစေရန် ဂိဘာသံဖြင့် ဖော်ကျူးပြသည့် သင့်အား အသူး ကျေးဇူး တင်လှပါသည်။ ထိုကျေးဇူး အတွက် သင့် လိုအင် ဆန္ဒကို ပြည့်စေခြင်းဖြင့် ငါ ဆပ်ပါအံ့။ သင်သည် ငါ့အား တစ်နေ့တာမျှ အလိုကျ ချစ်ပါလေ”

ဒေဝဒတ္တ သာက ယင်းသို့အကြည်အသာ ခွင့်ပေးလျှင် ပဥ္စသိခ နတ်သားသည်လည်း အားရဝမ်းသာစွာ သူရိယဒေဝဓီတာကို ရတနာသုံးပါး ဂုဏ်ကျေးဇူးဖြင့် တစ်နေ့တာ အလိုကျ ချစ်ခွင့် ရခဲ့ပေသည်။

ကိလေသာ ကာမဂုဏ်တရား ဆိုသည်ကား ဆားငန်ရည် ပမာ တူလှစွာ၏။ ရေငတ်သူသည် ရေကြည်ချမ်းမြ တစ်ခွက် မျှကို သောက်ရလျှင်လည်း တခဏချင်း ရေငတ် ပြေရသည်။ သို့မဟုတ်ဘဲ ဆားငန်ရေကို သောက်မိက ရေငတ် မပြေရုံမျှမက ပို၍ပို၍ ငတ်လာလေသည်။ သောက်ပြီးရင်း သောက်ချင်ရင်း သောက်၍မဆုံး၊ ငတ်၍မဆုံး ဖြစ်နေပေတော့သည်။ ထို့ကြောင့် သောက်လေ သောက်လေ ငတ်မပြေသည့် ဆားငန်ရည်သို့ဟု ကိလေသာ ကာမဂုဏ်ခံစားခြင်းတွင် ရောင့်ရဲတင်းတိမ်ဖွယ် မရှိ ကြောင်းကို ရှေးပညာရှိ ဟောင်းများက ပမာနှိုင်းတားကြ သည်။

“သမုဒ္ဒရာသည် ရေသောက်သုံးခြင်းတွင် ဝသည် မရှိ၊ ရောင့်ရဲသည် မရှိ။ အမျိုးသမီးများသည် အဝတ် တန်ဆာ ဆင်ယင် အလှပြင်ခြင်းတွင် ရောင့်ရဲသည် မရှိ”

ဟု ရှေးပညာရှိများ ဆိုထားကြသည်။ ချောင်းငယ် မြစ်ငယ် အသွယ်သွယ်မှ၊ ချောင်းရိုး မြစ်ရိုး အမျိုးမျိုးမှ၊ ချောင်းမ မြစ်မ အဝဝမှ ဝင်လာသမျှ ရေတို့သည် မဟာသမုဒ္ဒရာကို

ပြည့်အောင် မစွမ်းဆောင်နိုင်သကဲ့သို့ လောကတွင် ပေါ်လာ သမျှ၊ ထွက်လေသမျှ အလှအပ၊ အဝတ်အစား အဆန်းအပြား တို့သည်လည်း အမျိုးသမီးများအဖို့ ကျေနပ် တင်းတိမ်သွား အောင် မည်သည့်အခါမျှ မစွမ်းဆောင်နိုင်ကြပေ။

ထို့ကြောင့် အမျိုးသမီးများအတွက် အလှအပ အသုံး အဆောင်များမှာ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် သစ်လွင် ဆန်းပြားလျက် နေပေသည်။ နောင် ကမ္ဘာတည်သရွေ့ ကိုး တက်ဆန်းပြား နေမည်သာ ဖြစ်၏။

သူရိယဝစ္ဆသာနှင့် တစ်နေ့တာ ချစ်ခဲ့ရသော ဥဗ္ဗသီသည် နတ် သားသည်လည်း ကိလေသာ ဖမ်းစားခံရပြီး နောက်နေ့များ တွင် သူရိယဒေဝစ္ဆသာကိုသာ တတမ်းတတ တလွမ်းသသ ဖြစ် နေရှာသည်။နောက်တစ်ဖန် ချစ်ခွင့်ရရေးအတွက် အစဉ်ထာဝရ တွေးနေမိတော့သည်။ အခွင့်အရေးကိုသာ ရှာနေမိတော့သည်။

# သိကြားမင်းကြီး၏ ဘုရားဖူးခရီး

နတ်တွေ၊ လူတွေ၊ အသူရာနတ်တွေ၊ နဂါးတွေ၊ ဂန္ဓဗ္ဗနတ်တွေ စတဲ့ သတ္တဝါတွေမှာ ခိုက်ရန်ဒေါသ ကင်းလိုကြလျက်၊ လက်နက်ဘေး၊ ဥစ္စာဘေးမှ ကင်းဝေးလိုကြလျက်၊ စိတ်ဆင်းရဲခြင်း ကင်းလိုကြလျက်၊ ကင်းဝေးဖို့ တောင့်တလျက်၊ ဆုတောင်းမေတ္တာ ပို့သကြလျက်၊ ဆုတောင်းတိုင်း မရ၊တောင့်တတိုင်း မပြည့်၊ အလိုခကျ ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း....

ပုံ ရဟန်း၊ ပုဏ္ဏား၊ ရသေ့၊ ပရိဗိုဇ်၊ ပညာရှိ၊ ဂိုဏ်း ခေါင်းဆောင်၊ ဂိုဏ်းဆရာ၊ ဘုရား၊ ရဟန္တာ၊ သံသရာမှ လွတ်မြောက်ပြီးသူ စသည်ဖြင့် အမည်ခံထားကြသူ ပုဂ္ဂိုလ်အများဆီသို့

စပယ်ဦး ၈၁၉၆

ချဉ်းကပ်ပြီး မေးမြန်းခဲ့သော သိကြားမင်းသည် ထိုစဉ်က (မြတ်စွာဘုရားသခင် ပွင့်တော်မမူသေးမီ အခါ) အဖြေမှန်ကို မရဘဲ မိမိကသာ တရားဟောပြီး ပြန်ခဲ့ရသည်။

ယခုအခါ မြတ်စွာဘုရားသခင် ပွင့်တော်မူလေပြီ။ မြတ်စွာ ဘုရားသခင် ပွင့်လန်းမှုဝ၌ 'အောင်မင်္ဂလာ ခရသင်း' မှုတ်၍ ပူဇော်ခဲ့ဖူးလေသည်။

သို့သော် မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ကာလအတန်ကြာသည်အထိ ယခင်က မေးခဲ့ဖူးသော ပုစ္ဆာကို မြတ်စွာ ဘုရားထံ လျှောက်ထား မေးမြန်းရန် သိကြားမင်း မေ့နေခဲ့သည်။ ထိုကဲ့သို့ မေ့နေရခြင်းမှာ အကြောင်းနှစ်ရပ် ရှိပေသည်။

တစ်ကြောင်းမှာ နတ်ပြည် နတ်ဘုံဟူသည် ကာမဂုဏ် ညည်းစိမ်ကို အလွန်အကျူး ခံစား စံစားရသည့် ဘုံ ဖြစ်သဖြင့် ကာမဂုဏ် စည်းစိမ် ယစ်မူးနေသောကြောင့် ဖြစ်၏။

လူ့ဘုံတွင် လူတို့၌ 'စားရေး၊ ဝတ်ရေး၊ နေရေး' ဟူသော အရေးသုံးပါး ရှိ၏။ စားဝတ်နေရေး ဟူ၍လည်း အတို ကောက် ခေါ်ဆိုကြသည်။ ထိုအရေးသုံးပါးအတွက် လူတို့ သည် သံပတ်ပေးထားသည့် စက်ရုပ်ပမာ မရပ်မနား ကြိုးစား ရှာဖွေ လုပ်ကိုင်နေကြရသည်။ လောကီအလုပ်၊ လူ့အလုပ် ဟူသည်မှာလည်း ဤ စားဝတ် နေရေး အတွက် လုပ်ရသော အလုပ်များပင် ဖြစ်သည်။ လူ့ဘုံတွင် ယခင် အတိတ်ဘဝ ကုသိုလ် ကောင်းကြသူများသည် နတ်ဘုံကဲ့သို့ စည်းစိမ်ယစ်မူးနိုင်သော် လည်း သာမန်လူထက် များစွာ ပို၍ စိမ်ကျနေသည်ကို တွေ့ရ ပေသည်။

သို့သော် လူ့စည်းစိမ်က မည်မျှရှိသည်ဆိုဆို နတ်စည်းစိမ်ကို မမီပေ။ လူ့စည်းစိမ်တွင် စားလိုသော အစာကို ရသည်ထားဦး၊ စားရသော ဒုက္ခ ရှိသေးသည်။ ရေချိုးရ အဝတ်လဲရသော ဒုက္ခများလည်း ရှိသေးသည်။

နတ်တို့မှာ ပါးစပ်ဖြင့် ဝါးစားရန်လည်း မလို။ ရေချိုး အဝတ်လဲရန်လည်း မလို။ အလိုရှိသမျှ အလိုလို ပြီးပြည့်စုံနေပြီဖြစ်၏။ လူ့ဘုံထက် အလွန်ဒုက္ခနည်းသော စည်းစိမ်ဖြစ်၏။ ထိုကဲ့သို့သော စည်းစိမ် ယစ်မူးပြီး မြတ်စွာဘုရားသခင်အား ဖူးမြော်ရန် မေးမြန်းလျှောက်ထားရန် မေ့လျော့နေခြင်း ဖြစ်၏။

နတ်ပြည်နတ်ရွာတွင် နတ်စည်းစိမ် အတွေ့ထူးများကြောင့် ယစ်မူးမေ့လျော့သည် ဆိုခြင်းမှာလည်း တစ်နည်းအားဖြင့် မှန်ကန်ပေသည်။ သိလိုသော ပုစ္ဆာတစ်ခု မေးမြန်းရန် မေ့လျော့နေသည် ဆိုခြင်းမှာလည်း မှန်ကန်ပေသည်။ အချို့ နတ်များသည် စည်းစိမ်ယစ်မူးနေသဖြင့် နတ်သုဒ္ဓါ မှိုဝဲရန်ပင် မေ့လျော့နေသဖြင့် အာဟာရပြတ်ပြီး နတ်သက်ပင် ကြွေရသည်ဟု ဆိုသည်။

နတ်တို့မှာ အစားအစာကို ပါးငင်ဖြင့် မစားရ မဝါးရသော်လည်း အသက်ရှည်ရေးအတွက် အစားအစာ အာဟာရ ဖြည့်တင်းပေးရန်မူ လိုပေသေးသည်။ ထိုသို့ အသက်ရှင်ရေးအတွက် ဖြည့်ပေးရမည့် အာဟာရ ဖြည့်တင်းရေးကိုပင် မေ့သည်ဆိုပါက မသိ၍ မသေနိုင်သော ပုစ္ဆာမေးရန် မေ့နေခြင်းမှာလည်း တကယ်တော့ သဘာဝကျသည်ဟု ဆိုနိုင်ပေသည်။

ဤကား အကြောင်းတစ်ကြောင်း ဖြစ်၏။ ဤအကြောင်းချည်း မဟုတ်ပါ။ နောက်တစ်ကြောင်း ရှိပါသေးသည်။

အခြားနတ်များမှာ စားဝတ်နေရေးမပူရဘဲ အချိန်ရှိသရွေ့ လိုတရသော ကာမဂုဏ်စည်းစိမ်ဖြင့် ခံစားယစ်မူး နေနိုင်သော်လည်း သိကြားမင်းမှာ ထိုသို့ မနေနိုင်ပေ။ နတ်များကို အုပ်ချုပ်ရသူဖြစ်သဖြင့် စီမံခန့်ခွဲရေး တရားစီရင်ဆုံးဖြတ်ရေး ကိစ္စမှာ အလွန်များပေသည်။

ယခုကဲ့သို့ ဘုရားပွင့်ချိန်၊ သာသနာထွန်းလင်းချိန်တွင် ပို၍ များသည်။

ဘုရားပွင့်သဖြင့် သာသနာ ထွန်းလင်းသဖြင့် လူတို့သည် ကောင်းမှု ကုသိုလ်များ အားတက်သရော ပြုကြကုန်၏။ ထိုသူများ ကွယ်လွန်သော် ကုသိုလ်အရှိန်ဖြင့် နတ်ဘုံ ဗြဟ္မာဘုံစသည်တို့ကို ရောက်ကြကုန်၏။ ထိုအထဲ သိကြားမင်းပိုင် နတ်ဘုံအတွင်းသို့ အများအပြား ရောက်လာကြကုန်၏။ သတ္တဝါများလျှင် အမှုကိစ္စများသည့် ဓမ္မတာအတိုင်း သိကြားပိုင်နက်တွင်လည်း အမှုကိစ္စများလာပေတော့သည်။ အသစ် အသစ်ပေါ်ပေါက်ရောက်ရှိလာသော နတ်များအတွက် တရားအဆုံးအဖြတ်ပေးရသည်မှာ သိကြားမင်းအဖို့ လက်မလည်အောင် ဖြစ်နေပေတော့သည်။

လူ့ဘုံတွင် လူများ အဆင့်အတန်းအမျိုးမျိုး ရှိကြသကဲ့သို့ နတ်ဘုံတွင်လည်း နတ်များ အဆင့်အတန်း အမျိုးမျိုး ရှိကြသည်။

- အချို့ဘုံဗိမာန် ကြီးကြီးဖြင့် နေရသည်။
- အချို့ဘုံဗိမာန် တော်ရုံဖြင့် နေရသည်။
- အချို့ဘုံဗိမာန် သေးသေးဖြင့် နေရသည်။
= အချို့ဘုံဗိမာန်ပင် မရှိဘဲ သူတစ်ပါး၏ ဘုံဗိမာန်တွင် အခြွေအရံအဖြစ် နေရသည်။
- အချို့ဇနီးမယား၊ သမီး၊ သားအဖြစ် သွားဆောက် ဖြစ်ပေါ် နေထိုင်ရသည်။

ဘုံဗိမာန်ဖြင့် ဖြစ်စေ၊ အခြွေအရံ၊ ဇနီးမယား၊ သမီး၊ သားအဖြစ် ဖြစ်စေ၊ ရုတ်တရက် ဘွားခနဲ ပေါ်ပေါက်လာခြင်းတွင် အချို့ ရှင်းရှင်းလင်းလင်း ဖြစ်ကြသော်လည်း အချို့ အငြင်းပွားစရာ ဖြစ်ကြသည်။

- နတ်မင်းကြီးတစ်ပါးပါး၏ ဝင်းအတွင်း ဗိမာန်တစ်ခု ပေါ်ပေါက်လာက ထိုနတ်မင်းကြီးက ထိုဘုံဗိမာန်ကို ပိုင်သည်။
- အသက်ပါ ဘုံဗိမာန်မှာ နတ်သမီး နတ်သားနှင့်တကွ ပေါ်ပေါက်လာပါက ဗိမာန်ရော နတ်သမီး နတ်သား ကိုပါ ထိုနတ်မင်းကြီးက အခြွေအရံအဖြစ် ပိုင်သည်။
- နတ်မင်းကြီး တစ်ပါးပါး၏ ဘုံဗိမာန်အတွင်း တစ်နေရာရာတွင် ဘွားခနဲ နတ်သား၊ နတ်သမီးများ ပေါ်လာလျှင် ပေါ်လာသော နေရာကို စွဲပြီး ရထားယာဉ်ပေါ်က ရထားထိန်းက စသည်ဖြင့် ထိုနတ်သား နတ်သမီးကို ရာထူးနှင့်တကွ ထိုနတ်မင်းကြီးက ပိုင်သည်။

- နတ်မင်းကြီး၊ နတ်မိဖုရား၏ ရင်ခွင်ထဲထိုင်လျက် ပေါ်လာသော နတ်သား နတ်သမီးကို သား၊ သမီးအဖြစ် ထိုနတ်မင်းကြီးနှင့် နတ်မိဖုရားတို့က မွေးရသည်။
- သလွန်ပေါ်တွင် ယှဉ်တွဲ လှဲလျောင်းလျက် ပေါ်လာလျှင် ဇနီးမယားအဖြစ် သိမ်းပိုက်ရသည်။

ဤကား ရှင်းရှင်းလင်းလင်း ဖြစ်ကြသော ကိစ္စများဖြစ်၍ အောက်ပါအတိုင်း မရှင်းမလင်း အငြင်းပွားဖွယ်ကိစ္စလည်း ရှိပေသေးသည်။

- နတ်မင်းကြီးနှစ်ပါး၏ ဝင်းနှစ်ခုအကြားတွင် ပေါ်ပေါက်လာသော ဘုံဗိမာန်။
- နတ်မင်းကြီးနှစ်ပါး၏ ဝင်းနှစ်ခုအကြား သို့မဟုတ် ဘုံဗိမာန်နှစ်ခုအကြားတွင် ပေါ်ပေါက်လာသော နတ်သမီး၊ နတ်သား။

ထိုသို့ မရှင်းမလင်း အငြင်းပွားမှုများ ပေါ်ပေါက်လာသော် သိကြားမင်းကြီးထံ တရားအဆုံးအဖြတ်ခံယူရန် ရောက်ရှိလာတော့သည်။ သိကြားမင်းကြီးသည်—

- ဝင်းနှစ်ခုအကြားဖြစ်သော် သေသေချာချာ စစ်ဆေးပြီး နီးသည့်ဘက်ကို အနိုင်ပေးရသည်။
- ဘုံဗိမာန်နှစ်ခုကြားတွင်လည်း ထို့အတူ အဆုံးအဖြတ်ပေးရသည်။
- အကယ်၍ တစ်ဖက်ဖက်ကို အနိုင်ပေး၍ မရလောက်အောင် အကွာအဝေးတူနေလျှင် သိကြားမင်းကြီး၏

အသိဖြင့် ပို၍တန်ခိုးကြီးသော နတ်မင်းကို အနိုင်ပေးမှ သည်။

ဘုရားပွင့်ချိန်၊ ကုသိုလ်များချိန်၊ နတ်ရွာ စည်ကားချိန်ဖြစ်၍ သိကြားမင်းကြီးမှာ ထိုသို့သော အငြင်းပွားမှုမျိုးကို အဆုံးအဖြတ်ပေးရသည့် လုပ်ငန်းမှာလည်း များပြားလှပေ၏။

အထက်ကဖော်ပြခဲ့သည့်အတိုင်း သိကြားမင်းတို့၏ လေးကိုကာမဂုဏ်စည်းစိမ်တွင် အလွန်အကြူး ယစ်မူးနေရခြင်း၊ နတ်မင်းများ အငြင်းပွားမှုကို လက်မလည်အောင် ဖြေရှင်းပေးနေရခြင်း တည်းဟူသော အကြောင်းနှစ်ရပ်ကြောင့် သိကြားမင်းကြီးသည် မြတ်စွာဘုရား ပွင့်တော်မူပြီး အချိန်အတော်ကြာသည်အထိ မြတ်စွာဘုရားအား ဖူးမြော် လျှောက်ထားနိုင်ခြင်း မရှိခဲ့ချေ။

## သိကြားမင်းကြီး နှင့် ပုဗ္ဗနိမိတ်

အထက်က ဆိုခဲ့သည့်အတိုင်း သိကြားမင်းသည် စည်းစိမ်ယစ်မူးရင်း ပြဿနာ ဖြေရှင်းရင်းဖြင့် နေခဲ့ရာ တစ်နေ့တွင် သိကြားအဖြစ်မှ စုတေစိတ်ကျတော့မည့် ရွှေ့လျော့တော့မည့် ပုဗ္ဗနိမိတ်၊ ရှေ့ပြေးနိမိတ်များ ပေါ်လာသဖြင့် အလွန်အမင်း တုန်လှုပ် ချောက်ချားသွားသည်။

နတ်သိကြားများ စုတေစိတ်ကျတော့မည်၊ ဘဝပြောင်းတော့မည်ဆိုလျှင် ပုဗ္ဗနိမိတ်ဟုခေါ်သော ကြယ်လွန်ငါးပါး ရှေ့ပြေးလက္ခဏာ ငါးရပ်ပေါ်လာသည်။ ယင်းတို့မှာ-

## ၁။ ပန်ဆင်ထားသည့်ပန်းများ ညှိုးနွမ်းလာခြင်း

"ကောင်းသော အဆင်း၊ ကောင်းသော အသံ၊ ကောင်းသောရနံ့၊ ကောင်းသောအရသာ၊ ကောင်းသောအတွေ့အထိ၊ တငြိမ့်ငြိမ့် တအိအိဖြစ်သည့် ပီတိနှလုံး" ဆိုသည်မှာ လောကီအာရုံ ကာမဂုဏ်တရားများပင် ဖြစ်သည်။ ထိုကာမဂုဏ်တရားများကို အစွမ်းကုန် ခံစားစံစားနေရသည့် နတ်သားကြီးများမှာ ကောင်းသောအဆင်း၊ နှင်လိုဖွယ်ရှိသော အဆင်း၊ ကောင်းသောရနံ့၊ စွဲမက်ဖွယ်ရှိသောရနံ့များဖြင့် ပြည့်စုံနေသည့် ပန်းများကို အမြဲတမ်း ပန်ဆင်ထားကြသည်။ ထိုနတ်သားကြီးများပန်ဆင်ထားသည့် ပန်းများမှာလည်း သာမန်အားဖြင့် ညှိုးနွမ်းသွားခြင်း မရှိချေ။ အမြဲပင် လန် ဆန်းလျက်နေသည်။ အကယ်၍ ထိုပန်းများညှိုးသည်ရှိသော် ထိုပန်းများကို ပန်ဆင်ထားသူနတ်သားကြီးသည် မိမိ၏လက်ရှိဘဝမှ ခန္ဓာကြွေတော့မည်၊ ရွှေ့လျားတော့မည်၊ စုတေစိတ်ကျတော့မည်ဟု အလိုလို သိရပေသည်။

## ၂။ နတ်ဝတ်တန်ဆာများ ညစ်နွမ်းလာခြင်း

အဝတ်အစား ဆိုသည်မှာလည်း စွဲမက်ဖွယ်ရာ အရောင်အဆင်းရှိသည့် ကာမဂုဏ်အရာ ဝတ္ထုပင် ဖြစ်သည်။ နတ်သားကြီးများဝတ်ဆင်ထားသည့် အဝတ်အစားများမှာ အလွန်တရာ အဖိုးထိုက်တန်ပြီး ပြုံ ပြုံ ပြက်ပြက်နှင့် အလွန် နှစ်သက်

ဖွယ်၊ ရှုချင့်စဖွယ် ဖြစ်ပေသည်။ ဖုန်မတင်၊ ကြေးမရှိ၊ အမြဲသစ်လွင်နေပေသည်။ နတ်သိကြားတို့မှာ ချွေးလည်း မထွက်သဖြင့် အမြဲတမ်း သန့်ရှင်းစင်ကြယ် နေပေသည်။ သန်းဆန်းတောက်ပလျက် နေပေသည်။ ထိုအဝတ်အစားများ ညစ်နွမ်းလာပြီး ညှိုးနွမ်းလာပြီဆိုလျှင် ထိုအဝတ်ရှင် နတ်သိကြားသည် မကြာမီ ဘဝရွှေ့လျားတော့မည် စုတေစိတ် ကျတော့မည်ဟု အလိုလို သိရပေသည်။

## ၃။ လက်ကတီးကြားမှ ချွေးထွက်ခြင်း

နတ်သိကြားများအဖို့ ချွေးထွက်ခြင်း မရှိချေ။ သန့်ရှင်းစင်ကြယ်သော ကောင်းမှုကုသိုလ်၏ အဟုန်ကြောင့် သန့်ရှင်းစင်ကြယ်သောဘဝကိုရခြင်း၊ ချွေးမထွက်ခြင်း၊ ချွေးစေ့မနံခြင်း ဖြစ်ကြပေသည်။ ချွေးသာမက ကျင်ကြီးကျင်ငယ်၊ မျက်ရည်၊ သလိပ်၊ တံတွေး စသည်တို့လည်း မထွက်ပေ။ ထိုနတ်သိကြားများ စုတေစိတ် ကျတော့မည်ဆိုလျှင် လက်ကတီးကြား၊ ချိုင်းကြားမှ ချွေးထွက်လာသည်။ ထိုသို့ လက်ကတီးကြားမှ ချွေးထွက်လာလျှင် မိမိ စုတေစိတ်ကျတော့မည်ကို အလိုလို သိရပေသည်။

## ၄။ ရုတ်ဘရက် အိုမင်းရင့်ရော်လာခြင်း

စောစောက ဖော်ပြခဲ့သည့်အတိုင်း နတ်သား နတ်သမီးများ နတ်ဘဝကိုရောက်ရှိသည်နှင့် တစ်ဆယ့်ခြောက်နှစ် သား

သမီးအရွယ် ဘွားခန် ရောက်လာကြခြင်း ဖြစ်ပေသည်။ ထိုသို့ တစ်ဆယ့်ခြောက်နှစ်သွား၊ သမီးအရွယ်ဖြင့် နတ်ဘဝကို ရရှိသောနတ်များသည် စုဒေတစိတ်ကျခါနီး၊ ဘဝပြောင်းခါနီး ခုနစ်ရက်အလိုခန့်အထိ လူတုန်း၊ ပတုန်း၊ သန်တုန်း၊ မြန်တုန်း၊ ဖြတ်လတ်တုန်း၊ ထက်မြက်တုန်း အရွယ်ဖြစ်သည့် ထိုတစ်ဆယ့်ခြောက်နှစ်အရွယ်ဖြင့်ပင် တည်မြဲနေပေသည်။ အရွယ်ပြောင်းလဲမသွား။ အရွယ်ကျမသွား။ အိုမင်းရင့်ရော်မသွားချေ။ ထိုသို့ တစ်ရွယ်တည်းနေလာရာမှ ရုတ်တရက် အိုမင်းရင့်ရော်သွားပြီဆိုလျှင် စုတေစိတ်ကျတော့မည်၊ ဘဝပြောင်းတော့မည်၊ နတ်သက်ကြွေတော့မည်ဟု အလိုလို သိရပေသည်။

## ၅။ မပျော်မမွေ့ ပျင်းရိ ထိုင်းမှိုင်းလာခြင်း

လောကီအာရုံကာမဂုဏ်ကိုလိုလေသေးမရှိ စိတ်ရှိသလောက် သံဒိုမြောက်ပြီး ပျော်ပျော်ပါးပါး ခံစား စံစား နေကြရသော နတ်သား နတ်သမီးများသည် စုတေစိတ်ကျတော့မည်ဆိုလျှင် အလိုလိုနေရင်း နတ်ဘဝမှာ ပျင်းရိငြီးငွေ့ လာတော့သည်။ ထိုင်းမှိုင်း လာတော့သည်။ ပျော်ချင်ပါးချင် ကာမဂုဏ် ခံစားချင်သည့် စိတ်များ ကုန်ခန်း လာတော့သည်။ ထိုသို့ မပျော်မမွေ့ မလန်းမဆန်းဘဲ ပျင်းရိ ငြီးငွေ့ ထိုင်းမှိုင်းလာပြီဆိုလျှင် နတ်သက် ကြွေတော့မည်ဟု အလိုလို သိရပေသည်။

အထက်ပါ လက္ခဏာငါးမျိုးသည် နတ်သိကြားများ နတ်သက် ကြွေခါနီး၊ စုတေစိတ်ကျခါနီး၊ ဘဝပြောင်းခါနီး ခုနစ်

ရက်ခန့်အလိုတွင် အလိုလို ပေါ်ပေါက်လာရသော ပုဗ္ဗနိမိတ်ပင် ဖြစ်တော့သည်။

သိကြားမင်းကြီးသည် သိကြားဘဝမှ စုတေရန် ရှေ့ပြေး နိမိတ်များဖြစ်သော အထက်ပါ နိမိတ်ကြီးငါးပါး ထင်မြင်လာသောအခါ အလွန်ဘဲ တုန်လှုပ်ချောက်ချားပြီး အားကိုး ရာ ရှာလေတော့သည်။

လူ့ပြည်တွင် လူများ ပြင်းထန်စွာနာမကျန်းဖြစ်၍ အသက် ဆုံးရှုံးမည့် အရေးကို မြင်သောအခါ မိမိတို့ တတ်နိုင်သရွေ့ ဆရာကောင်း သမားကောင်းများကို ပင့်ပြီး ကုသကြသည်။ အသက်မသေရေးအတွက် ဆရာကောင်း သမားကောင်းများကို အားကိုးရသည်။ နောက်ဆုံး ဆရာကောင်း သမားကောင်း များလည်း မတတ်နိုင်တော့၊ လက်လျှော့လိုက်ပြီဆိုလျှင် ဘဝကူး ကောင်းရေးအတွက် လူမမာအနားတွင် တရားမွေ့ ရွတ်ဆိုခြင်း၊ လူမမာပြုခဲ့သော ကုသိုလ်ကောင်းမှုများကို ပြန်လည် သတိရ အောင် ပြောပြခြင်းများ ပြုကြရပြန်သည်။ ထိုအချိန်ဝယ် လူမမာ၏ အရေးသည် အသက်ရှင်ရေး မဟုတ်တော့ဘဲ ဘဝ ကူးကောင်းရေးသာ ဖြစ်တော့သည်။ အသက်ရှင်ရေးအတွက် ဆေးဆရာကောင်း၊ သမားကောင်းများကို အားကိုးရသကဲ့သို့ ဘဝကူးကောင်း ရေးအတွက် ကုသိုလ် ကောင်းမှုများကို အား ကိုးရပေသည်။

သိကြားမင်းသည် ပြုခဲ့သော ကုသိုလ်အဟုန် ကုန်ပြီ ဖြစ်သ ဖြင့် သိကြားဘဝမှ စုတေတော့မည်ဖြစ်ရာ ဘဝ ကူးကောင်း ရေးအတွက် ကုသိုလ်ကောင်းမှုကိုသာလျှင် အားကိုး ရပေတော့ မည်။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ဘုံများသို့ ဒါန၊ သီလ၊ သမထ စသည့် ကုသိုလ်ကောင်းမှုတို့၏ အကျိုးအဟုန်ဖြင့် ရောက်ရှိ နေရှိဝနေခြင်း ဖြစ်ပေသည်။

သတ္တဝါများသည် ကုသိုလ်ကောင်းမှုကို လည်းကောင်း၊ မကောင်းမှု ဒုစရိုက်ကို လည်းကောင်း နှစ်မျိုးလုံးကို လုပ်သည်။ အနည်းနှင့် အများသာ ကွာခြားပေသည်။ ကောင်းမှုများပြီး မကောင်းမှုနည်းခြင်း၊ မကောင်းမှုများပြီး ကောင်းမှုနည်းခြင်း ဟူ၍သာ ရှိပေသည်။

ကောင်းမှုများပြီး မကောင်းမှု နည်းပါးသူသည် သေလွန်သောအခါ လူ့ပြည်နတ်ရွာ စသည့် သုဂတိဘုံသို့ ရောက်ကြရပေသည်။

မကောင်းမှုများပြီး ကောင်းမှုနည်းပါးသူသည် သေလွန်သောအခါ ငရဲပြိတ္တာ စသည့် အပါယ်ဘုံသို့ ရောက်ကြရသည်။

လူ့ပြည်နတ်ရွာ စသည်တို့သို့ ရှေးဦးစွာ ရောက်ရသော သတ္တဝါသည် ကောင်းမှု ကုသိုလ် အရှိန်အဟုန် အကျိုးဆက် ရှိသရွေ့ လူ့ချမ်းသာ၊ နတ်ချမ်းသာကို ခံစား စံစားရသည်။

ကောင်းမှုကုသိုလ်၏ အဟုန်ကုန်သောအခါ ပုန်ခိုမှုးသော မကောင်းမှု ဒုစရိုက်များ၏ အကျိုးဆက်များ အကျိုးပေးရန် အလှည့်ကျသဖြင့် ပုန်ခိုမှုးသော မကောင်းမှု ဒုစရိုက်၏ အတိုင်းအတာအရ အပါယ်လေးဘုံတွင် တစ်ဘုံဘုံသို့ ကျရောက်ရပေတော့သည်။ ထို့ကြောင့်-

"ဖြဟ္မာ့ပြည်တွင် ပြောင်ပြောင်ဝင်း
ဝက်စားကျင်းတွင် တရှုတ်ရှုတ်"

ဟူ၍ အဆိုရှိခဲ့ခြင်း ဖြစ်၏။

ကုသိုလ်ကောင်းမှု၏ အကျိုးဆက် အရှိန်အဟုန်ဖြင့် ဖြဟ္မာ့ဘုံရောက်ပြီး ကိုယ်ရောင်ကိုယ်ဝါ တပြောင်ပြောင် တဝင်းဝင်းရှိနေသော ယနေ့ ဖြဟ္မာမင်းကြီးသည် နက်ဖြန် ကုသိုလ်ကောင်းမှု အကျိုးဆက် အရှိန်အဟုန်ကုန်၍ ဖြဟ္မာ့ပြည်မှ စုတေခဲ့သော် မကောင်းမှု ဒုစရိုက်၏ အကျိုးဆက်ဖြင့် အပါယ်ဘုံသို့ ကျရောက်ကာ ဝက်ဖြစ်ပြီး ဝက်စားကျင်းတွင် တရှုတ်ရှုတ်ဖြင့် စားသောက်နေရပေမည်ဟု ဆိုလိုပေသည်။

မကောင်းမှု ဒုစရိုက်များပြီး ထိုမကောင်းမှု အကျိုးဆက် အရှိန်အဟုန်ဖြင့် အပါယ်ဘုံသို့ ရှေးဦးစွာ ရောက်ရသော သတ္တဝါများသည်လည်း မကောင်းမှု အရှိန်အဟုန် အကျိုးဆက်ကုန်က အပါယ်ဘုံမှ လွတ်ပြီး သုဂတိဘုံသို့ ရောက်ရှိလာရလေတော့သည်။

ဤတွင် သတိပြုရန် တစ်ချက်မှာ သုဂတိဘုံသို့ ရှေးဦးစွာ ရောက်ရသော သတ္တဝါသည် ကောင်းမှုကုသိုလ်များ ထပ်မံပြုလုပ်ရန် အခွင့်အလမ်းသာသဖြင့် ကောင်းကျိုးကို ဆက်ကာဆက်ကာ ရရှိခံစားနိုင်ပေသည်။ ကာမဂုဏ် စည်းစိမ်ယစ်မူးပြီး ကောင်းမှုကုသိုလ်ပြုရန် မေ့မလျော့ဖို့သာ လိုသည်။

အပါယ်ဘုံသို့ ကျရောက်ရသောသတ္တဝါများမှာ ကောင်းမှုကုသိုလ်ပြုရန် အခွင့်အလမ်း မရှိသလောက် နည်းပါးသည်။ ပြုရကောင်းမှန်းလည်း မသိတတ်ပေ။ ကုသိုလ် အကုသိုလ် မသိ

တဘ်သည့်အတွက် မကောင်းမှုကိုသာ ထပ်၍ ထပ်၍ ကျူးလွန်မိသဖြင့် အပါယ်ဘုံတွင်သာ တိုး၍ တိုး၍ ခံရတတ်ပေသည်။ ထို့ကြောင့်–

> "ကျောက်ခဲသည် အောက်သို့သာ တိုး၍ တိုး၍ နစ်တတ်သည်၊ ဝါဂွမ်းသည် အထက်သို့ တိုး၍ တိုး၍ လွင့်တက်သည်"

ဟူ၍ သုဂတိသို့ရောက်သူနှင့် အပါယ်ဘုံ ရောက်သူများ၏ ရွေ့အလားအလာကို ဤသို့ ပမာပေးကြသည်။

မကောင်းမှုကို ထပ်ကာထပ်ကာ ကျူးလွန်မိသဖြင့် ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုမှာ အကျိုးပေးချိန် မရသကဲ့သို့ ကောင်းမှုကုသိုလ်ကို ထပ်ကာထပ်ကာ ပြုသူများသည်လည်း ပြုခဲ့ဖူးသည့် မကောင်းမှုမှာလည်း အကျိုးပေးချိန် မရ ဖြစ်နေတတ်သည်။

သို့သော် တစ်မဂ်တစ်ဖိုလ်မရချင်း "မကောင်းမှုက အကျိုးမပေးနိုင်တော့ပြီ၊ အပါယ်မကျတော့ပြီ" ဟု စိတ်ချ၍ မရပေ။

မကောင်းမှု အကုသိုလ်အကျိုးပေးခွင့်မရအောင် ကောင်းမှုကုသိုလ်များ ထပ်ကာထပ်ကာ ပြုရင်း တစ်မဂ်တစ်ဖိုလ်ရအောင် ကြိုးပမ်းရမည် ကောန် ဖြစ်ပေသည်။

## မကျွတ်ထိုက်သေး၍လော

အထက်က ဆိုခဲ့သည့် အတိုင်း သိ ကြား မင်း ကြီး သည် အကြောင်း နှစ်ကြောင်းကြောင့် မြတ်စွာဘုရားအား သွား

ရောက်ဖူးမြော်ရန် မေ့လျော့နေခဲ့သည်။ မသွားမရောက်နိုင်ဘဲ ရှိနေခဲ့သည်။

သို့သော် တစ်ကြိမ်တစ်ခါမျှ သွားရောက်ဖူးမြော်ရန် အား မထုတ်ခဲ့ခြင်း မဟုတ်။ မေ့လျော့နေခဲ့ခြင်း မဟုတ်ပါ။ သတိရချိန်၊ ကြိုးစားအားထုတ်ပြီး သွားရောက် ဖူးမြော်ခဲ့ချိန် ရှိခဲ့ပါသေးသည်။ ထိုအကြိမ်ကာ-

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ကြီးအတွင်းရှိ ထင်းရှူးသားဖြင့် ဆောက်လုပ်ထားသော ကျောင်းဖြစ်သည့် 'သလဠာဂါရဂန္ဓကုဋီ' တိုက်တွင် သီတင်းသုံးတော်မူစဉ်က ဖြစ်ပါသည်။ သိကြားမင်းကြီးသည် မြတ်စွာဘုရားသခင်အား ဖူးမြော်ရန် တစ်ပါးတည်း သွားရောက်ခဲ့ပါသည်။

ထိုအချိန်ဝယ် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သမာပတ်ဝင်စားလျက် ရှိသည်။ အများ နားလည်လွယ်သည့် စကားဖြင့် ပြောရလျှင် တရားထိုင်နေသည်။

ထိုသို့ မြတ်စွာဘုရားသခင် တရားထိုင်နေစဉ်၊ သမာပတ်ဝင်စားနေစဉ် ဝေဿဝဏ်ခေါ် ဓတရဋ္ဌနတ်မင်းကြီး၏ အလုပ်အကျွေး နတ်သမီး တစ်ပါး ဖြစ်သည့် 'ဘူဇတိ' နတ်သမီးသည် မြတ်စွာဘုရားသခင်အား အပြင်မှ ဖူးမြော်ကြည်ညိုလျက် နေသည်။ ထိုအခါ သိကြားမင်းက ဘူဇတိနတ်သမီးအား-

"အချင်း ဘူဇတိ၊ မြတ်စွာဘုရားအား ငါ့ကိုယ်စား ကန်တော့ ပေးစမ်းပါ" ဟု ပြောလိုက်လေသည်။ သိကြားမင်းက ဘူဇတိ နတ်သမီးအား လူစားထိုးပြီး အငှားဖြင့် ဘုရားရှိခိုးခိုင်းခြင်း မဟုတ်ပါ။

မြတ်စွာဘုရားသခင်အား ဖူးမြော်ရန်အတွက် သိကြားမင်းကြီး ရောက်နေပါတယ်ဘုရား" ဟု ဘူဇတိ နတ်သမီးက မြတ်စွာဘုရားထံ ခွင့်ပန်ပေးရန် သိကြားမင်းက ပြောလိုက်ခြင်းဖြစ်သည်။ ထိုအခါ ဘူဇတိ နတ်သမီးက–

"အရှင် သိကြားမင်း၊ ယခုအချိန်တွင် မြတ်စွာဘုရားသခင်သည် 'ကိန်းနေဆဲ' (ဈာန်သမာပတ် ဝင်စားနေဆဲ) ဖြစ်ပါသည်။ ဒါကြောင့် အရှင်သိကြားမင်း ဖူးမြော်ရန် အခါမသင့်သေးပါဘုရား"

ထိုအခါ သိကြားမင်းကြီးက -

"မြတ်စွာဘုရားသခင်သည် မကျွတ်ထိုက်သေးသူ ဖြစ်သည့် ငါ့တစ်ဦးတည်း အဖူးမြော်လာသည့်အတွက် တရားမဟောလို့သေး၍ ဈာန်သမာပတ် ဝင်စားနေခြင်း ဖြစ်ပေမည်"ဟုတွေးပြီး ဘူဇတိနတ်သမီးအား တစ်ဖန်-

"ကောင်းလှပြီ ဘူဇတိ။ အခါမသင့်သေးသဖြင့် ငါပြန်ပါအံ့။ မြတ်စွာဘုရားသခင် ဈာန်သမာပတ်မှ ထတော်မူတဲ့အခါ ငါ့စကားဖြင့် မြတ်စွာဘုရားအား ရှိခိုးရစ်ပါ (မြတ်စွာဘုရားသခင်အား သိကြားမင်းကြီးသည် ရှိသေစွာ ရှိခိုးသွားကြောင်း လျှောက်ထားပေးပါ)။

ဟု မှာကြားပြီး တာဝတိံသာ နတ်ပြည်သို့ ပြန်သွားခဲ့လေသည်။ ထို့နောက် အထက်က ဖော်ပြခဲ့သည့် အကြောင်းနှစ်ကြောင်းဖြင့် မြတ်စွာဘုရားသခင်ထံ အဖူးမြော် မရောက်ဖြစ်ခဲ့ချေ။

ထိုသို့ မြတ်စွာဘုရားထံ အဖူးမြော်မရောက်နိုင်ဘဲ ရှိနေစဉ် အထက်က ဖော်ပြခဲ့သည့်အတိုင်း သိကြားမင်းကြီးမှာ စုတေ

စိတ်ကျရန် နိမိတ်ငါးပါး ထင်လာသဖြင့် အပြင်းအထန် တုန်လှုပ်ချောက်ချားပြီး ဘုရားဖူးရန် သတိရလာတော့သည်။ မြတ်စွာဘုရား၏ တရားဓမ္မကို နာကြားရခြင်းအားဖြင့် ဘဝကူးကောင်းမည်။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ကို နာကြားမည်ဟု အကြံပေါက်လာသည်။

သတ္တဝါမှန်သမျှသည် သေရမည့်အရေးကို အလွန်ကြောက်ကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။ ထို့ကြောင့် သေရမည့်သူများသည် မိမိသေရတော့မည်ဟု သိလျှင် ဆောက်တည်ရာ မရအောင် တုန်လှုပ်ကြောက်လန့်ပေသည်။

တစ်ခါက လူ့အသက်ကို ပုရွက်ဆိတ်အသက်ပမာ အလွယ်တကူ သတ်တတ် ဖြတ်တတ်သော ရန်သူနှင့် သူနိုင် ကိုယ်နိုင် အသက်လု တိုက်ပွဲများတွင် ရဲရင့်သည်ဟု သတင်းကြီးသော လူဆိုးကြီးတစ်ဦးအား ဖမ်းဆီး ကားစင်တင်ပစ်သတ်ရန် ဖမ်းသွားသောအခါ လမ်းတွင် ကြောက်လန့်အားကြီးသဖြင့် ကျင်ကြီး ကျင်ငယ်များထွက်သွားသည်ကို တွေ့ရဖူးသည်။

ဒေါစောက ဖော်ပြခဲ့သည့်အတိုင်း လူများသေခါနီးသော် ဆေးကောင်းများနှင့် အစွမ်းကုန် ကုသ၍မရသော် ဘဝကူးကောင်းအောင် တရားနာရသည်။

နတ်သိကြားများ စုတေခါနီးသော် ဘဝကူး ကောင်းအောင် တရားနာရသည်။

လောကီအာရုံ ကာမဂုဏ်ဖြင့် ယစ်မူးနေသော နတ်ဘုံဝယ် တရားဓမ္မ နာကြားရန်မှာ အလွန်တရာ ခဲယဉ်းလှပေသည်။ လူ့ပြည်လူ့ရွာတွင်သာ တရားဓမ္မသံများ နေရာအနှံ့ ကြားနာနိုင်သည်။ ဗုဒ္ဓ၏ တရားဓမ္မသံများကို ဗုဒ္ဓဘာသာ သာသနာ

ထွန်းကားသော မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများတွင် နေရာ အနှံ့ကြားနာရပေသည်။ ရဟန်းသံဃာများ၊ လူဥပသကာများ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြစ်စေ ရွတ်ဆိုကုန်ကြသော ပရိတ်တရားတော်များ၊ နိဗ္ဗာန်ရောက်ကြောင်း ဟောကြားသော တရားများကို နာရပေသည်။

ထို့ကြောင့် နတ်သိကြားတို့သည် တရားနာလိုသော် လူ့ပြည်သို့ ဆင်းရပေသည်။ အထူးသဖြင့် စုတေခါနီး တရားနာလိုသော နတ်သိကြားများအတွက် အလွန်တရာ တရားနာလိုဇောဖြင့် လူ့ပြည်သို့ ဆင်းကြရသည်။ ထို့ကြောင့် တစ်ဦးချင်း ဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ ဘုရား ရှိခိုးခြင်း၊ ပရိတ်တရားတော်များကို ရွတ်ဆိုခြင်းများ အလွန် ပြုအပ်ပေသည်။ မိမိအဖို့လည်း လူ့ပြည်၊ နတ်ရွာ၊ နိဗ္ဗာန်တည်း ဟူသော ချမ်းသာကို ရရှိနိုင်၏။ နာကြားရသူများအဖို့လည်း လူ့ပြည်၊ နတ်ရွာ၊ နိဗ္ဗာန်တည်း ဟူသော ချမ်းသာကို ရရှိစေ၏။ ထို့ကြောင့် အတိုင်းမသိ အကျိုးများလှပေသည်။

စုတေခါနီး မြတ်စွာဘုရားသခင်၏ တရားတော်ကို နာကြားမည်။ မိမိ တစ်ချိန်က ယုံမှားသံသယဖြစ်နေခဲ့သော မိမိကိုယ်တိုင် တွေ့မရခဲ့သော ရသေ့၊ ရဟန်း၊ ပုဏ္ဏား၊ ပညာရှိများ ထိုသူတို့ထံ မေးမရခဲ့သော ပုစ္ဆာကို မေးမြန်းလျှောက်ထားမည်။ မြတ်စွာဘုရားသခင်သည် မိမိ မေးမြန်း လျှောက်ထားချက်ကို သက်သာကင်းအောင် ရှင်းလင်း ဟောပြနိုင်ပေလိမ့်မည်။ သံသယတရား တစ်ပါးကို ရှင်းလင်းပြီးမှ ဘဝ ကူးရပေမည်။ မြတ်စွာဘုရားသခင်သည် မိမိ၏ ထိုသံသယတရားကို ရှင်းလင်း ပြော

ကြားရင်းမှ မိမိအတွက် အတိုင်းမသိ အကျိုးထူး ရရှိစေမည်။ တရားတော်များ ဟောကြားသဖြင့် 'မိမိမှာ အတိုင်းမသိ အကျိုးထူးတရား များစွာ ရရှိမည် ဟူသော ယုံကြည်ချက်ဖြင့် သိကြားမင်းကြီးသည် ဘုရားဖူး ခရီးကို အလျင်အမြန် စီစဉ်ခြင်း ဖြစ်ပေသည်။

သိကြားမင်းကြီးသည် ဘုရားဖူး ခရီးကို စီစဉ်သည့်အခါ ရှေးဦးစွာ မြတ်စွာဘုရားသခင် သီတင်းသုံး တော်မူနေရာကို ကြည့်ပါသည်။

မြတ်စွာဘုရားသခင်သည် မည်သည့် ဒေသ၊ မည်သည့် ကျောင်းတိုက်တွင် သီတင်းသုံးနေသနည်းဟု နတ်မျက်စိဖြင့် ကြည့်ရာတွင်—

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မာဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၏ အရှေ့ဘက် သရက်ပင်တန်းဟု အဓိပ္ပာယ်ရသည့် 'အမ္ဗသဏ္ဍာ' အမည်ရှိ ပုဏ္ဏားရွာ၏ မြောက်ဘက် 'ဝေဒိယက' တောင်ထက် 'ဣန္ဒသာလ လိုဏ်ဂူ' တွင်းဝယ် သီတင်းသုံးနေတော်မူကြောင်း တွေ့ရှိရလေသည်။ ထိုအခါ သိကြားမင်းကြီးက—

"မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတိုက် သလဠာဂါရ ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်က ငါ အဖူးအမြော်သွားတာ မကျွတ်လိုက်သေးတဲ့ ငါ့ တစ်ဦးတည်း သွားတဲ့အတွက် ဖူးမြော်ခွင့် တရားနာခွင့် မရခဲ့ဘူး။ ခုလဲ ငါဟာ တကယ်လို့ မကျွတ်ထိုက်သေးသူ ဖြစ်နေရင် တစ်ဦးတည်း သွားလို့ မြတ်စွာ ဘုရားကို ဖူးမြော်ခွင့် တရားနာခွင့်

ရဦးမှာ မဟုတ်သေးဘူး။ ဒီတော့ ပရိသတ်အများနဲ့ သွားမှ ဖြစ်မယ်၊ ပရိသတ်အများနဲ့ဆိုရင် များပြားလှတဲ့ ပရိသတ်ထဲမှာ ကျွတ်ထိုက်သူ တရား ဟောထိုက်သူ အနည်းဆုံး တစ်ဦး တစ်လေတော့ မုချ ပါမည်။ ထိုကျွတ်ထိုက်သူကို မြတ်စွာဘုရား တရားဟောတာကို ငါပါ ရောနှောရမယ်။ မြတ်စွာဘုရားကို ဖူးမြင်ရမယ်”

ဟု တွေးမိလေသည်။ ထို့ကြောင့် သိကြားမင်းကြီးသည် မြတ်စွာဘုရားသခင်ထံ မိမိတစ်ဦးတည်း သွားရောက် ဖူးမြော်ရန် မကြိုးပမ်းတော့ဘဲ အခြွေအရံ နတ်ပရိသတ် များ နှင့် တစုတဝေးကြီး ဘုရားဖူးသွားကြရန် စီစဉ်လေတော့သည်။

လူ့ပြည်တွင် စည်တီး၊ စောင်းတီး ပြီး လူစုခြင်း၊ သေနတ် ဖောက်၊ ခရာမှုတ်ပြီး လူစုခြင်း ပြုကြသကဲ့သို့ တာဝတိံသာ တွင်လည်း သိကြားမင်းကြီးက စောင်းတီး ပြီး နတ်များကို စုစေသည်။

စောင်းတီး ပြီး နတ်များကို စုရာတွင် နာမည်ကျော် စောင်း သမား ဂန္ဓဗ္ဗနတ်သားလေး ပဉ္စသိခကို တာဝန်ပေးလိုက်သည်။ ပဉ္စသိခနတ်သားက ဗေလုဝ နတ်စောင်း တီးပြီး နတ်ပရိသတ် ကြီးကို စုဝေးစေသည်။

နတ်ပရိသတ်ကြီး တစ်ခဲနက် စုစည်းမိသောအခါ သိကြား မင်းကြီးသည် နတ်ပရိသတ်ကြီး တစ်စုတစ်စည်းဖြင့် ဘုရားဖူး ခရီးကို စတင် လေတော့သည်။

သိကြားမင်းကြီး၏ ဘုရားဖူးခရီးကို ဦးဆောင်ရန် တာဝန် ပေးခြင်း ခံရသူမှာ ပဉ္စသိခ နတ်သားပင် ဖြစ်သည်။

အဘယ်ကြောင့် ပဉ္စသိခနတ်သားကိုမှ သိကြားမင်းကြီးက တာဝန် ပေးရသနည်း ဟူမူ—

ပဉ္စသိခ နတ်သားသည် မြတ်စွာဘုရား ပွင့်တော်မူစဉ် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်ဝယ် ဉာဏ်စဉ်များကို ရရှိနေစဉ်က ဗေလုဝ နတ်စောင်းဖြင့် သာယာ ငြိမ့်ညောင်းစွာ တီးခတ် ပူဇော်ခဲ့ခြင်း။

မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ခုနစ်ဌာနတွင် ခုနစ် ရက်စီ သီတင်းသုံးနေတော်မူစဉ် ရက်ပေါင်းသုံးဆယ်အကျော် တွင် ငါးဌာန မြောက် ဖြစ်သည့် ဆိတ်ကျောင်းညောင်၌ သီတင်းသုံးနေတော်မူခိုက် ပဉ္စသိခ နတ်သားသည် သာယာ ငြိမ့်ညောင်းစွာ ဗေလုဝ နတ်စောင်းဖြင့် တီးခတ်ပူဇော်ခဲ့ခြင်း တို့ကြောင့် ဘုရားနှင့် အကျွမ်းဝင်သူဟု သတ်မှတ်ပြီး ဘုရားဖူး ခရီးကို ဦးစီးဦးဆောင် ပြုစေခြင်း ဖြစ်ပေသည်။

ဆိတ်ကျောင်းညောင်တွင် မြတ်စွာဘုရားသခင်အား သီဆို ပူဇော်ခဲ့သည့် ပဉ္စသိခ နတ်သား၏ တေးချင်းမှာ သူရိယ ဝစ္ဆသာကို မိမိ မည်မျှ ချစ်ခင်စွဲလမ်းကြောင်း စပ်ဆိုထား သည့် တေးဂါထာ (၁၄) ပုဒ်ပင် ဖြစ်သည်။ ယင်း တေး ဂါထာကို သူရိယဝစ္ဆသာထံ မဆိုပြရသေးမီ မြတ်စွာဘုရား သခင်ထံ ရှေးဦးစွာ သီဆိုပူဇော်ခြင်း ဖြစ်ပေသည်။ ပြီးမှ သူရိယဝစ္ဆသာကို သီဆို၊ တီးခတ်၊ ဖျော်ဖြေခွင့် ရခဲ့ပေ သည်။

ပဉ္စသိခနတ်သားသည်လည်း သိကြားမင်းကြီး၏ခိုင်းမြောက် တာဝန် ပေးအပ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံပြီး

ဘုရားဖူး နတ်ပရိသတ်ကြီးကို ဦးဆောင်လျက် ရှေ့ဆုံးမှနေပြီး 'ဝေဒီယကတောင်'သို့ ရှေးရှုခဲ့လေသည်။

## ထွန်းလင်းညီညာ

မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဣန္ဒသာလ လိုဏ်ဂူမှာ ခပ်ကျဉ်းကျဉ်းကလေးပင် ဖြစ်သည်။ ဂူတွင်းဝယ် တန်ဆောင်ဆီမီး ထွန်းညှိထားခြင်းလည်း မရှိ။ ထိုဂူတွင်း၏ ညဥ့်ဦးယံပိုင်းမှာ ပကတိအားဖြင့် မှောင်ဝါးဝါး ဖြစ်နေလေသည်။

ထို့ပြင် ဂူအတွင်းမှာ သဘာဝအလျောက်သာ ဖြစ်၍ မြေအပြင်သည်လည်း သင်ဖြူးခင်းသကဲ့သို့ ညီညာခြင်းလည်း မရှိချေ။

သို့သော် သိကြားမင်းကိုယ်တိုင် ပါဝင်ပြီး သိကြားမင်းကြီး၏ နောက်လိုက်နောက်ပါ တန်ခိုးကြီးသော နတ်မင်းကြီးများလည်း အများအပြားပါသဖြင့် ထိုသိကြားစသော နတ်မင်းကြီးများ၏ ဘုန်းတန်ခိုးကြောင့် ဝေဒီယက တစ်တောင်လုံးသည်လည်း ညီညီးပြောင်ပြောင် ထွန်းလင်း တောက်ပနေသည်။ ဣန္ဒသာလ လိုဏ်ဂူအတွင်း အပြင်မှာလည်း တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်း တောက်ပနေသည်။ လိုဏ်ဂူတွင်းရှိ မြေအပြင်မှာလည်း ကမ္ဗလာခင်းထားသကဲ့သို့ ညီညာပြန့်ပြူး၍ နေပေသည်။

ထိုအခါ သရက်ပင်တန်ဆောင်ဟူ အဓိပ္ပာယ်ရသည့် အမ္ဗသဏ္ဍာ ပုဏ္ဏားရွာနှင့် ပတ်ဝန်းကျင်ရွာများမှာ ရှိကြသည့် လူ[illegible]င်း

တို့သည် ဝေဒီယက တစ်တောင်လုံးကို မီးမောင်းထိုးထားဘိ သကဲ့သို့ တလျှံလျှံ တညီညီး တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းနေသည်ကို မြင်သောအခါ အလွန်တရာ အံ့ဩသွား ကြသည်။

အလွယ်တကူ ပမာပြုရလျှင် သည်အခါ ရွှေတိဂုံစေတီတော် မြတ်ကြီးကို လေးဘက်လေးတန်မှ မီးမောင်းထိုးထားသဖြင့် ရွှေတောင်ကြီး ပေါက်နေသည့်အလား ထူးခြားအံ့ဖွယ် ပီတိ ကြွယ်စွာ ဖူးမြော်ရသကဲ့သို့ ဖြစ်ပေသည်။

သရက်ပင်တန်းနှင့် ပတ်ဝန်းကျင်ရှိ ရွာများက လူအပေါင်း တို့သည် "မည်သည့် အခြင်းအရာနည်း" ဟု လေ့လာစုံစမ်း သောအခါ "မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား တန်ခိုးကြီးနတ်များ လာရောက် ဖူးမြော်သဖြင့် ဤသို့ ထွန်း လင်း တောက်ပကြောင်း" သိရသဖြင့် အလွန်အံ့မင်း ဝမ်း မြောက်သွားကြသည်။

"အလွန်တရာ ဉာဏ်ပညာကြီးမားကြသည့် နတ်သကြား မင်းများ မြတ်စွာဘုရားကို လာရောက် ဖူးမြော်ကြပြီ။ ထိုအခါ ထိုနတ်မင်းကြီးများသည် မိမိတို့၏ ဉာဏ်ပညာဖြင့် မဝေဖန် မပိုင်းခြား မဖြေရှင်းနိုင်သည့် ပြဿနာများကို မြတ်စွာဘုရား သခင်အား လျှောက်ထား မေးမြန်းကြမည်။ မြတ်စွာဘုရား သခင်က ထိုနတ်မင်းကြီးများ ယုံမှား သံသယ ကင်းအောင် ရှင်းလင်း ဖြေကြားတော်မူမည်။ ဤသို့ မယှဉ်သာအောင် ပညာဉာဏ် ကြီးမားတော်မူသော မြတ်စွာဘုရားသခင်သည် ငါတို့ အနီးတွင် လာရောက် သီတင်းသုံးတော်မူခြင်းသည်

ငါတို့အတွက် အတိုင်းမသိ ကုသိုလ်ထူးခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ငါတို့သည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား တတ်အားသရွေ့ လှူဒါန်းပူဇော်ရမည်''

ဟုလည်း တွေးပြီး မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ဝေဠုဝနကျောင်း၊ ဣန္ဒသာလ လိုဏ်ဂူဘက်ဆီသို့ အလီလီ ဦးနှိမ်ချီး၍ ရှိခိုးကြကုန်၏။

သိကြားမင်းကြီးသည်လည်း လိုဏ်ဂူနှင့် မလှမ်းမကမ်းတွင် ရပ်လျက် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်း ရှိကျိုး ရှိခိုး နေလေသည်။ ထို့နောက် ဘုရားဖူးအဖွဲ့ ခေါင်းဆောင် ပဥ္စသီခနတ်သားအား—

''အချင်း ပဥ္စသီခနတ်သား။ မြတ်စွာဘုရား သခင်ထံသို့ ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုး ချဉ်းကပ်ရသည်မှာ မလွယ်ကူပါ။ မြတ်စွာဘုရား သခင်တို့သည် ဈာန်ဖြင့် မွေ့လျော်သူများ ဖြစ်၍ ဈာန်ဝင်စားနေလေ့ ရှိသည်။ ထို့ကြောင့် အသင်က ရှေးဦးစွာ သွားပြီး အခွင့်သာလျှင် ငါ့အား ဖူးမြော်ခွင့်ပြုဖို့ လျှောက်ထားခွင့် တောင်းပါလေ''ဟု မှာကြား စေလွှတ်လိုက်သည်။

ယခုခေတ်တွင် အခန်းကြီးများဖြင့် သီးသန့်နေသူ အရာရှိကြီးတစ်ဦးထံ တွေ့သည့် လာတွေ့လျှင် အရမ်း ဝင်မသွားရဘဲ ရုံးလုလင်ဖြင့် ခွင့်တောင်းပြီး ဝင်ခွင့်ရမှ ဝင်ရသကဲ့သို့ သိကြားမင်းသည်လည်း မြတ်စွာဘုရားသခင်အား အလွန်ကြည်ညိုလေးစားရကား ဖူးမြော်ခွင့် ရရေးအတွက် ရှေးဦးစွာ ပဥ္စသီခနတ်သားဖြင့် ခွင့်တောင်းခြင်း ဖြစ်ပေသည်။

ပဉ္စသိခနတ်သားသည်လည်း သိကြားမင်းကြီး၏ ညွှန်ကြားချက်အတိုင်း မြတ်စွာဘုရားသခင်ထံ ချဉ်းကပ်ပေသည်။ မြတ်စွာဘုရား သခင်သည် ဈာန်ဝင်စားရာမှ သမာပတ်မှ ထတော်မူနေပြီဖြစ်သည်ကို တွေ့ရသောအခါ ပဉ္စသိခ နတ်သား သည် အပြစ်ခြောက်ပါးကင်းသည့် နေရာမှ နေပြီး မြတ်စွာ ဘုရားသခင်အား စောင်းဖြင့် ပူဇော်လေသည်။

အပြစ်ခြောက်ပါး ကင်းသည့် အရပ်ဟူသည်—

(၁) နီးကပ်လွန်းသော နေရာ
(၂) ဝေးကွာလွန်းသော နေရာ
(၃) မြင့်သော နေရာ
(၄) လေတင်အရပ်၊ သို့မဟုတ် လေညာအရပ်
(၅) ရှေ့တည့်တည့် နေရာ
(၆) နောက်တည့်တည့် နေရာ

တို့ ဖြစ်သည်။

## ၁။ နီးကပ်လွန်းသော အရပ်၏ အပြစ်

မိမိ အရိုအသေ ပေးရမည့်သူ၊ ဘုရား၊ သံဃာ၊ မိဘ၊ ဆရာ၊ သက်ကြီး၊ ဝါကြီး၊ ဂုဏ်ကြီးသူများနှင့် တွေ့ဆုံ ဆက်ဆံ ပြောဆိုရာတွင် ထိုသူများနှင့် အလွန်နီးကပ်စွာ အသားချင်း ထိလုမတတ်၊ အသက်ရှူ လေထိလုမတတ် မနေအပ်ပေ။ မိမိ ကိုယ်နံ့ ခံတွင်းနံ့ စသည်တို့ဖြင့် အနှောင့်အယှက် ဖြစ်စေတတ်

သဖြင့် ထိုရှိသေထိုက်သူများအား မရှိသေရာ မလေးစားရာ ကျပေသည်။ အမြင်အားဖြင့်လည်း မတင့်တယ်ပေ။

## ၂။ ဝေးကွာလွန်းသော အရပ်၏ အပြစ်

ဘုရား၊ သံဃာ၊ မိဘ၊ ဆရာ စသည့် ရှိသေထိုက်သူများကို ချဉ်းကပ်ရာတွင် အလွန်တရာ ဝေးလံသည့်နေရာအရပ်မှ နေပြီး ပြောဆိုဆက်ဆံခြင်း မပြုအပ်ပေ။ မိမိက ပြောဆို လျှောက် ထားဖွယ်ရာများကို အော်ဟစ်သည့်အလား အသံကျယ်လောင် စွာဖြင့် ပြောဆိုလျှောက်ထားရမည်ဖြစ်၍ အရိုအသေမဲ့ရာကျပေ သည်။ ထို့အတူ ထိုပုဂ္ဂိုလ်များက ပြန်လည် မိန့်ကြားရာတွင် လည်း မိမိကြားလောက်အောင် အားထုတ်ပြီး ကျယ်လောင်စွာ မိန့်ကြားနေရမည်ဖြစ်၍ မသင့်ဘင့်ပေ။ ထို့ကြောင့် ဝေးလွန်း သော အရပ်နေရာမှ နေပြီး မချဉ်းကပ် မခစားသင့်ပေ။

## ၃။ မြင့်ရာအရပ်၏ အပြစ်

ဤအချက်ကို အထူးရှင်းပြဖွယ်ရာ မလိုချေ။ မိမိက အရို အသေပြုထိုက်သူ ဘုရား၊ သံဃာ၊ မိဘ၊ ဆရာ စသည်တို့ကို ချဉ်းကပ်ခစားရာတွင် ထိုပုဂ္ဂိုလ်များက ကြမ်းပြင်ပေါ် ထိုင် လျက် မိမိက သလွန်၊ ကုလားထိုင် စသည်တို့ပေါ်တွင် ထိုင် လျက် ချဉ်းကပ် ခစားလျှင် ရှိသေခြင်း ကင်းမဲ့ရာ ရိုင်းစိုင်းရာ ကျမည်ကို လူတိုင်းသိပြီး ဖြစ်ပေသည်။ ထို့ကြောင့် ထိုရှိသေ

တိုက်သူများ နေထိုင်ရာထက် နိမ့်ရာအရပ်ရှိလျှင် ထိုနိမ့်ရာအရပ်မှ၊ မရှိလျှင် တပြေးညီမှုပင် ရှိနေသော အမူအရာ။ မိမိကိုယ်ကို မိမိနှိမ့်ချသော အမူအရာ ပေါ်လွင်စေပြီး ချဉ်းကပ်ခစားသင့်ပေသည်။

## ၄။ လေတင်၊ သို့မဟုတ် လေညာအရပ်၏ အပြစ်

အထက်အရပ်သည် အမြင့်၊ အောက်အရပ်သည် အနိမ့် ဖြစ်သကဲ့သို့ မြစ်ညာ မြစ်ဖျား အရပ်သည် အမြင့်။ မြစ်ကြေ မြစ်ဝ အရပ်သည် အနိမ့်ဖြစ်၏။ ထို့အတူ လေသာရာ၊ လေတင်ရာ၊ (လေစတင်တိုက်ခတ်ရာ) လေညာအရပ်သည် အမြင့်။ လေစုန်သွားရာ လေအောက်အရပ်သည် အနိမ့်ဖြစ်၏။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဘုရား၊ သံဃာ၊ မိဘ၊ ဆရာ စသည့် ရှိသေထိုက်သူ ပုဂ္ဂိုလ်များနှင့် နေထိုင် ဆက်ဆံရာတွင် နိမ့်ရာအရပ်နှင့် မြင့်ရာအရပ်ရှိသော် မိမိက နိမ့်ရာအရပ်တွင် နေထိုင် ဆက်ဆံရပေမည်။ ရေစီးနေသည့် စမ်းချောင်း၊ ချောင်းငယ်၊ မြစ်အတွင်းဖြစ်သော် မိမိက မြစ်ခြေဘက်မှနေ၍ ဆက်ဆံရပေမည်။ အကယ်၍ လေတိုက်ခတ်နေရာ တပြေးညီ နေရာနှင့်ဖြစ်သော်မိမိက လေစုန်၊ လေကြေ၊ လေအောက်ဘက်မှ နေ၍ ဆက်ဆံရပေမည်။

## ၅။ ရှေ့တည့်တည့်အရပ်၏ အပြစ်

မိမိက အရိုအသေပြုထိုက်သော ဘုရား၊ သံဃာ၊ မိဘ၊ ဆရာ၊ အသက်ကြီး၊ ဂုဏ်ကြီး၊ ဝါကြီးသူများကို ချဉ်းကပ် ဆက်ဆံရာတွင် မိမိက အောက်ကျို့လျက် နှိမ့်ချလျက် ဆက်ဆံရမည်ကို သိပြီး ဖြစ်ပါသည်။ လမ်းအတူသွားလျှင် ထိုပုဂ္ဂိုလ်များကို ရှေ့ဆောင်ပြီး မိမိက နောက်လိုက်၍ သွားရပေမည်။ ရင်ဘောင်တန်း မသွားသင့်။ ရင်ဘောင်တန်းသော် ထိုပုဂ္ဂိုလ်များနှင့် တန်းတူ ရည်တူ ယှဉ်ရာကျသည်။ ထိုသို့ ရင်ဘောင်တန်းမျှသာ မဟုတ် မျက်နှာချင်း ဆိုင်တည့်တည့် နေလျှင်လည်း တန်းတူ ရည်တူ ဆက်ဆံရာကျပေသည်။ လမ်းလျှောက်ရင်းမှ မျက်နှာချင်းဆိုင် ဆုံမိလျှင် မိမိက ဆောလျင်စွာ ဘေးဖယ်ပေးရသကဲ့သို့ မိမိကိုယ်ကို မိမိနှိမ့်ချသည့်အနေဖြင့် ရှေ့တည့်တည့်မှ မချဉ်းကပ်ဘဲ ဘေးခပ်ကျကျမှ ချဉ်းကပ် ဆက်ဆံသင့်ပေသည်။

## ၆။ အနောက်တည့်တည့်အရပ်၏ အပြစ်

ဤအချက်မှာလည်း အထူးရှင်းပြဖွယ်ရာ မလိုပေ။ မိမိက အရိုအသေပေးရမည့်သူနှင့် ဆက်ဆံရာတွင် ထိုပုဂ္ဂိုလ်၏ နောက်ကျော တည့်တည့်မှ နေပြီး ဆက်ဆံ၍ မဖြစ်ပေ။ တစ်ဦးနှင့် တစ်ဦး ဆက်ဆံပြောဆို၍လည်း ရမည် မဟုတ်ပေ။ ထို့ကြောင့် ထိုရှိသေထိုက်သူများကို ချဉ်းကပ် ခစားရာတွင် အနောက် တည့်တည့်မှ နေပြီး မချဉ်းကပ် မခစားသင့်ပေ။

ရဟန်း၊ သံဃာ၊ မိဘ၊ ဆရာသမား အကြီးအကဲများနှင့် ချဉ်းကပ်ဆက်ဆံရာတွင် အထက်ဖော်ပြပါ အပြစ်ခြောက်ပါး ကင်းအောင်၊ သင့်တင့်လျောက်ပတ်အောင် ချဉ်းကပ် ခစား တတ်ရန် အထူးလိုအပ်ပေသည်။

ယခုခေတ် လူငယ်များသည် ဤအပြစ်ခြောက်ပါးကို သိသူ အလွန်ရှားပေပြီ။ လူကြီး မိဘများကလည်း မိမိတို့၏ သား သမီးများကို အပြစ်ခြောက်ပါး ကင်းသည့်အရပ်မှ ချဉ်းကပ် ရန် သွန်သင်မှု အလွန်နည်းပါးနေပြီ။ ထို့ကြောင့် လူငယ်များ အနေဖြင့် ဖြစ်သလို ဆက်ဆံနေကြသည်ကို တွေ့ရပေသည်။ ဤ အချက်ကို ဆင်ခြင်သင့်ပါသည်။ လူကြီး မိဘများကလည်း မိမိတို့၏ သားသမီးများကို ဂရုစိုက် သွန်သင်သင့်ပါသည်။

အထူးသဖြင့် မိန်းကလေးများ သတိထား ချဉ်းကပ်သင့် ပါသည်။ ခေတ်အဝတ်အစားဖြင့် ဝတ်စားဆင်ယင်ပြီး အမွေး နံ့သာများ ခြယ်သလျက် ရဟန်း၊ သံဃာ၊ ဆရာသမားများကို နီးကပ်လွန်းစွာ ချဉ်းကပ်ဆက်ဆံခြင်းဖြင့် ပတ်ဝန်းကျင်အမြင် လည်း မတော်သည့်အပြင် ထိုပုဂ္ဂိုလ်များ၏ သီလ သိက္ခာကို လည်း ထိခိုက်စေနိုင်ပါသည်။ မိမိတွင်လည်း များစွာ အပြစ် ကြီးပါသည်။

ပဥ္စသီခ နတ်သားသည် ထိုသို့ အပြစ်ခြောက်ပါးကင်းသည့် သင့်တင့်လျောက်ပတ်သည့် နေရာတွင် နေရာယူပြီး မြတ်စွာ ဘုရားသခင်အား တေးသီချင်း ဂါထာကို စောင်းဖြင့် တီးခတ် သီဆို ပူဇော်သည်။

ပဥ္စသီခ နတ်သား သီဆိုသည့် တေးဂါထာကား အခြား မဟုတ်။ အထက်က ဖော်ပြခဲ့သည့် သူရိယဒေဝစ္ဆသာကို မည်မျှ

တပ်မက်ကြောင်း စွဲလမ်းနေကြောင်း သိကိုးဖွဲ့နွဲ့ထားသည့် "ကိလေသာတွဲ" တေးဂါထာပင် ဖြစ်ပါသည်။

လောဘ၊ တဏှာ၊ ကိလေသာကား ကြောက်မက်ဖွယ်ရာ ဖမ်းစားတတ်ပေသည်။ ကိလေသာ တဏှာ ဘီလူး ဝင်ကပ်ပူးလျှင် အရှုံးအသွင်ဆင်ခြင်ကင်းလျက် သင့်မသင့် တော်မတော်ဆိုသည့်ကိုပင် မစဉ်းစားနိုင်တော့ချေ။ ကိလေသာကား စဉ်းစားဆင်ခြင်ခွင့် မပေးတော့ချေ။ ကိလေသာ၏ တိုက်တွန်းချက်ကြောင့် ပဉ္စသိခနတ်သားသည် ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရားသခင်အား "ကိလေသာတွဲ" ဖြင့် သူ့ခံစားချက်များကို မရှက်အား မကြောက်အား ရင်ဖွင့်ရှာလေတော့သည်။ ဂရုဏာတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ပဉ္စသိခ၏ ပူဇော်ခြင်းကို သည်းခံတော်မူသည်။ သည်းခံရုံသာမက ပဉ္စသိခ၏ တေးဂါထာ ဆုံးသောအခါ-

## မြတ်စွာဘုရား ချီးကျူးစကား

"အချင်း ပဉ္စသိခ နတ်သား၊ သင့်၏ စောင်းသံသည် သင်သီဆိုသည့် သီချင်းသံနှင့် ကိုက်ညီလျက်နှိုးနှော မိပါပေ၏ (အဆိုနှင့်အတီး တွဲမိပါပေ၏)။ သီချင်းသံကလည်း စောင်းသံနှင့် ကိုက်ညီလျက် နှိုးနှောမိပါပေ၏။ အမောင် ပဉ္စသိခနတ်သား သင်သည် ဘုရား၊ တရား၊ သံဃာ၊ ရဟန္တာတို့နှင့်လည်း စပ်ဆိုင်သော ကာမဂုဏ်နှင့်လည်းစပ်ဆိုင်သော ဤဂါထာ တေးချင်းကို အသင် ဘယ်သောအခါ က သီကုံးခဲ့ပါသနည်း"

ဟုပင် ချီးကျူးစကားဖြင့် ချီးမြှင့်ပြီး အရေးတယူမေးမြန်းတော်မူလိုက်သေးသည်။

အမှန်စင်စစ်အားဖြင့် မြတ်စွာဘုရားသခင်သည် ကာမဂုဏ်နှင့်စပ်ဆိုင်သည့် ပဉ္စသိခနတ်သား၏ စောင်းငြင်း တေးဂါထာကို စိတ်ဝင်တစား နားတောင်တော်မူပြီး ချီးကျူး မေးမြန်းတော်မူခြင်း မဟုတ်။ ပဉ္စသိခ နတ်သားသည် သိကြားမင်းအတွက် ဖူးမြော်ခွင့်ကို မြတ်စွာဘုရားထံ လျှောက်ထားရန် မျက်နှာသာပေး သည်းခံလိုက်ခြင်းသာ ဖြစ်ပေသည်။

ကိလေသာ ဖိစီးနေသည့် ပဉ္စသိခနတ်သားမှာ မြတ်စွာဘုရားသခင်၏ ချီးကျူးစကားနှင့် မေးမြန်းသံကို ကြားရသည့်ဆိုလျှင်ပင် အလွန်အမင်း အားတက်သွားပြီး–

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား။ ဘုရားတပည့်တော် ယခု အရှင်ဘုရားအား သီဆိုပူဇော်ခဲ့သည့် တေးဂါထာကို အရှင်ဘုရား သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ခုနှစ်ရက် ခုနှစ်လီ သီတင်းသုံးနေတော်မူစဉ် အဇပါလညောင်ပင်(ဆိတ်ကျောင်းညောင်)ရင်းမှာ သီတင်းသုံးနေတော်မူစဉ်အခါက သီကုံးပြီးပူဇော်ခဲ့သည့် တေးဂါထာဖြစ်ပါသည်ဘုရား။

"သည့် တေးဂါထာကို သီကုံးရခြင်း အကြောင်းရင်းမှာ ဘုရားတပည့်တော်တို့ ဂန္ဓဗ္ဗနတ်မျိုးထဲမှ တိမ္ဗရုခေါ် နာဒ်ချော်ဟီး နတ်မင်းကြီးမှာ ရှုမငြီးသည့် သူရိယဝစ္စသာသို့သည့် သမီးတော်တစ်ပါး ရှိပါသည်ဘုရား။ ထို သူရိယ ဝစ္စသာ

လှကညာလေးသည် နေရောင်ဖျော့ဖျော့ အဆင်းကဲ့သို့ ဝါဝင်း စိုပြည်သော အဆင်းရှိပါသည်ဘုရား။ ထို သူရိယဒေဝစ္စသာ နတ်ကညာလေးကို တစ်ခါ တစ်ရံမျှ မြင်လိုက်ရသည့် ဘုရားတပည့်တော်မှာ မြင်မိသည့်အချိန်ကစ၍ အရူးအမူးစွဲလမ်း ချစ်ကြိုက်မိခဲ့ပါသည်ဘုရား။

"သို့ပါသော်လည်း ထိုသူရိယဒေဝစ္စသာ နတ်မိကညာလေးသည် တပည့်တော်အပေါ် မေတ္တာသက်ဝင်နေခြင်း မရှိပါဘုရား၊ မာတလိနတ်သားနှင့် မေတ္တာမျှနေကြပါသည်ဘုရား။ တပည့်တော်ဘက်ပါအောင် မည်သည့်နည်းနှင့်မျှ ဆွဲဆောင်၍ မရပါဘုရား။

"ထိုအချိန်မှာ ဘုရားတပည့်တော်ဝယ် အကြံကောင်း ဉာဏ်ကောင်းများပေါ်ပေါက်လာပြီး ဘုရားတပည့်တော်ဘက်ပါအောင် ဆွဲဆောင်ဖို့ စိတ်ကူး စိတ်သန်း နည်းလမ်းများ တွေ့ရှိခဲ့ပါသည် ဘုရား။ ထိုနည်းလမ်းကား အခြားမဟုတ်ပါ။ သူရိယဒေဝစ္စသာ မကြားဖူးသေးသည့် ဘုရား၊ တရား၊ သံဃာ၊ ရဟန္တာတို့ရဲ့ · ဂုဏ်များနှင့် စပ်ဆိုင်တဲ့ အချက်အလက်များကို သူမအား ဘုရားတပည့်တော် မည်မျှ ချစ်ကြိုက် စွဲလမ်းနေကြောင်း ကာမဂုဏ်နှင့် စပ်ဆိုင်သည့် အချက်အလက်များနှင့် ရောနှောပူးပေါင်းပြီး စောင်းကြိုးတေးဂီတာအဖြစ် သီကုံးပြီး ဖျော်ဖြေရလျှင် ဘုရားတပည့်တော်ဘက် ပါလာနိုင်သည်ဆိုသည့် စိတ်ကူးနှင့် နည်းလမ်းများပင် ဖြစ်ပါတော့သည် ဘုရား။

"ထို့ကြောင့် ဘုရားတပည့်တော်သည် အကြံရသည့်အတိုင်း ရေးစပ် သီကုံးပြီး သူရိယဒေဝစ္စသာကို သွားရောက် သီဆို

ဖျော်ဖြေခဲ့ပါသည် ဘုရား” ထိုအခါ သူရိယ ဒေဝစ္ဆသာ နတ်သမီးလေးက--

“ကျွန်မသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ယခုကြိမ် တစ်ခါမျှ မဖူးမြင်ဖူးပါ။ တာဝတိံသာ နတ်ပြည်၊ သုဓမ္မာ နတ်သဘင်တွင် သွားရောက် ဖျော်ဖြေ ကပြခဲ့စဉ်က မြတ်စွာဘုရားတို့သည် အသံကို နတ်သဘင်ဝယ် ပြောနေဆိုနေ သံကိုသာ ကြားခဲ့ဖူးပါသည်။ (ဂန္ဓဗ္ဗ နတ်မျိုးတို့သည် တာဝတိံသာ နတ်တို့ ကပြ သီဆို တီးမှုတ်ခြင်းတည်း ဟူသော သဘင် အမှုဖြင့် ဖျော်ဖြေရသည့် နတ်မျိုး ဖြစ်၍ တိမ္ဗရု နတ်မင်းကြီး၏ သမီးတော် သူရိယဒေဝဋ္ဌသာသည်လည်း သုဓမ္မာ နတ်သဘင်ဝယ် တာဝတိံသာ နတ်များကို ကပြ ဖျော်ဖြေခဲ့ရခြင်း ဖြစ်ပေသည်)။ ယခု အသင်က မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးနှင့် တကွ တရား သံဃာ၊ ရဟန္တာများ အကြောင်းကို သိလို ပြောပြသည့်အတွက် ပို၍ ပြည့်ပြည့် စုံစုံ ကြားသိရပါသည်။ သည်အတွက် အသင့် ကျေးဇူးကား ကြီးမားလှပါပေသည်။ ထို့ကြောင့် အသင့်အား ကျေးဇူးဆပ်သည့် အနေဖြင့် အသင် အလွန်တရာမှ လိုလား တောင့်တနေသည့် ဆုကို ကျွန်မ ပေးပါအံ့။ အသင်သည် ကျွန်မအား တစ်နေ့တာ ပေါင်းသင်းပါစေလော့ဟု ချစ်သူ ပေးသနားပါသည် ဘုရား။

“ထို့ကြောင့် ဘုရားတပည့်တော်သည် သူရိယဒေဝဋ္ဌသာ နတ်သမီးလေးကို တစ်နေ့တာ ပေါင်းသင်းခဲ့ရပါသည်ဘုရား။ ထိုနောက်တော့ တစ်ကြိမ်မျှ အတူ မနေခဲ့ရတော့ပါ ဘုရား” ဟု ဖြစ်ကြောင်း ကုန်စင် ရင်ဖွင့် လျှောက်ထား ဖြေကြားလေသည်။ ထိုသို့ မြတ်စွာဘုရားသခင်က ပဉ္စသိခနတ်သားအား

ချီးကျူး မေးမြန်းတော်မူခြင်း ပဥ္စသိခ နတ်သားက သူရိယ ဝစ္ဆသာ နတ်သမီးလေးကို သူမည်မျှ စွဲလမ်းနေကြောင်း ရင်ဖွင့် လျှောက်ထားခြင်းကို သိကြားမင်းကြီးနှင့်တကွ နတ်ပရိသတ်များက ကောင်းမွန်စွာ ကြားနေရပေသည်။ ကာယ ကံရှင်များနှင့်တကွ နတ်ပရိသတ် အားလုံးက သိကြကုန်သည်။

သိကြားမင်းကမူ ပဥ္စသိခနှင့်သူရိယဝစ္ဆသာတို့၏ အချစ်ဇာတ်လမ်းထက် မြတ်စွာဘုရားသခင်အား ဖူးမြော်ခွင့် ရရေးအတွက်သာ စိတ်ဆန္ဒစောနေသူ ဖြစ်သဖြင့် ယခုကဲ့သို့ မြတ်စွာဘုရားသခင်က ပဥ္စသိခ နတ်သားကို မျက်နှာသာ ပေးနေခြင်း "မိမိ ဖူးမြော်ခွင့်ရခြင်း အခါဖြစ်ပြီ"ဟု သဘောပေါက်သဖြင့် ဝမ်းသာအားရစွာဖြင့်–

"အချင်း ပဥ္စသိခနတ်သား၊ သင်သည် ငါ၏ကိုယ်စား မြတ်စွာဘုရားသခင်အား ရှိခိုးကန်တော့လိုက်ပါ"

"နင်တို့၏ အရှင် သိကြားမင်းသည် အမတ် အခြွေအရံ နတ်ပရိသတ်များနှင့်တကွ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့် ရှိခိုးနေပါသည်ဟု လျှောက်ထားပြီး ရှိခိုးကန်တော့လိုက်ပါ"

ဟု ပဥ္စသိခ နတ်သားအား သိကြားမင်းကြီးက ဘုရားထံ ဖူးမြော်ခွင့်ပန်ဖို့ သတိပေးလိုက်သည်။ ထိုအခါမှ ပဥ္စသိခ နတ်သားသည်–

"အသျှင်ဘုရား အလွန်တရာ ကြီးမားတော်မူထသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရား။ နတ်တို့၏ အရှင် သိကြားမင်းသည် အမတ် အခြွေအရံ နတ်ပရိသတ်များနှင့်

တကွ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့် ရှိခိုး နေပါသည် ဘုရား။

ဟု လျှောက်ထားပြီး ကိုယ်တိုင်လည်း ဦးခေါင်းညွတ်ကျိုး လျက် ရှိခိုးလိုက်သည်။

ဘုရားပေးသောဆု

"အချင်း ဥဒယိနတ်သား။ အနေခြွအရံ နတ်ပရိသတ်များ နှင့် တကွ ဖြစ်သော နတ်၏ အရှင် သိကြားမင်းကြီးက တောင်းလိုသည့် ဆုအတိုင်း "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်စေသတည်း"

ဟု ဆုပေးလိုက်သည်။ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရား သခင်သည် သိကြားမင်းက မြတ်စွာဘုရားသခင်အား မလျှောက် ထားရသေးသော်လည်း သိကြားမင်း၏အလိုဆန္ဒကို သိနေတော် မူသဖြင့် သိကြားမင်းကြီး တောင့်တနေသောဆုကို သိကြား မင်း၏ကိုယ်စား ဥဒယိနတ်သားအား ပေးလိုက်ခြင်း ဖြစ် သည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သိကြား မင်းကြီးအား ဖူးမြော်ခွင့်ပြုလိုက်ပြီး တွေ့ဆုံရန် လက်ခံလိုက် ပြီဟု သိရသည့်အခါ သိကြားမင်းကြီးသည် ဝမ်းသာအားရ ဖြင့် မြတ်စွာဘုရား သီတင်းသုံးနေရာ ဣန္ဒသာလ လိုဏ်ဂူ တွင်းသို့ နတ်ပရိသတ်များနှင့်တကွ ဝင်ရောက်လေသည်။

သိကြားမင်းကြီး၏ တန်ခိုးဖြင့် မညီညာ ဖြစ်နေသော လိုဏ်ဂူတွင်း မြေမျက်နှာပြင်မှာ စည်မျက်နှာကဲ့သို့ ညီညာ

ပြန့်ပြူးသွားပေသည်။ ခပ်ကျဉ်းကျဉ်းသာရှိသော ဂူတွင်းဝယ် သိကြားမင်းနှင့်တကွ နတ်ပရိသတ် အားလုံးသည် အသီးသီး သင့်တင့် လျောက်ပတ်သော နေရာများမှ မြတ်စွာဘုရားသခင်အား ဖူးမြော်လျက် နေသည်မှာလည်း သက်သောင့်သက်သာ ချောင်ချောင်ချိချိပင် နေထိုင်ကြရသည်။ လိုဏ်ဂူထဲ ရောက်ပြီးသောအခါ သိကြားမင်းကြီးသည် မြတ်စွာဘုရားသခင်အား—

၁။ လက်ဖဝါး နှစ်ဖက်နှင့် ကြမ်းပြင် (မြေပြင်)ထိခြင်း။
၂။ နဖူးနှင့် ကြမ်းပြင် (မြေပြင်) ထိခြင်း။
၃။ ဒူးနှစ်ဖက်နှင့် ကြမ်းပြင် (မြေပြင်) ထိခြင်း။
၄။ တံတောင်ဆစ်နှစ်ဖက်နှင့် ဒူးခေါင်းနှစ်လုံး ထိခြင်း။
၅။ တံတောင်နှစ်ဖက်နှင့် ကြမ်းပြင် (မြေပြင်) ထိခြင်း။

တည်းဟူသော ခြေလက် နဖူး တံတောင် ဒူး ထိခြင်း ငါးပါးဖြင့် အလွန်ရိုသေစွာ ဝတ်ပြည့် ရှိခိုးလေသည်။

ထိုသို့ ရှိခိုးခြင်းဖြင့် ရှိခိုးကြည့်လျှင် 'ပျပ်ဝပ်ရိုသေခြင်း' ဟူသော စကား၏ အဓိပ္ပာယ်ကို အလိုလို သိလာမည်ဖြစ်သည်။ ဤသို့ ရှိခိုးခြင်းကို 'ရိုသေစွာ ရှိခိုးခြင်း'ဟု ခေါ်ဆိုသည်။ ယခုခေတ် မြို့ကြီးများတွင် များသောအားဖြင့် တွေ့ရသည်။ ရှိခိုးနည်းများမှာ—

၁။ ဘုရားရှေ့တွင် ခြေစုံမတ်တတ်ရပ်လျက် လက်ဖဝါးနှစ်ဖက်အပ်လျက် လက်နှစ်ဖက်ကို ရှေ့သို့ ခပ်မော့မော့ ဆန့်တန်းကာ ရှိခိုးခြင်း။

၂။ အထက်ပါအတိုင်း ရပ်လျက်၊ လက်ဝါးကပ်လျက် လက်မနှစ်ဖက်နှင့် နဖူး ကပ်ပြီး ရှိခိုးခြင်း။

၃။ အထက်ပါအတိုင်း ရပ်လျက်၊ လက်ဖဝါး နှစ်ဖက် ကပ်လျက် လက်မ နှစ်ဖက်နှင့် ရင်ညွန့် ထိကပ်ပြီး ရှိခိုးခြင်း။

၄။ အထက်ပါအတိုင်း ရပ်လျက်၊ လက်ဖဝါးနှစ်ဖက် ကပ်လျက် လက်ဖနောင့်နှစ်ဖက်ကို ချက်၊ သို့မဟုတ် ချက်အောက်ရောက်အောင် ထိကပ်ပြီး မျက်လုံးက ရှေ့နောက်ဝဲယာ ကျီးကြည့်၊ ကြောင်ကြည့် ကြည့်ပြီး လက်လှုပ်ရုံ ဆတ်ဆတ် ဆတ်ဆတ်ဖြင့် မသိမသာ ရှိခိုးခြင်း (အကြောင်းကြောင်းကြောင့် မိမိဘုရားရှိခိုးသည်ကို လူမမြင်စေလိုသော သူများ ရှိခိုးနည်း ဖြစ်သည်။)

၅။ ဆောင့်ကြောင့် ထိုင်ပြီး ဒူးမထောက် ခါးမချိုး ဇက်မချိုးဘဲ ကြမ်းပြင် လက်လက်ဖဝါး နှစ်ဖက် ဖြင့် ပုတ်လျက် ပုတ်လျက် နှိပ်သလို ရှိခိုးခြင်း။

၆။ ဆောင့်ကြောင့်ထိုင်၊ ဒူးမထောက်၊ ခါးမချိုးဘဲ ခေါင်းကို ခပ်မော့မော့ ထားကာ တင်ပါးကို မြှောက်လျက် 'ဆီးဆော' စီးသကဲ့သို့ ရှိခိုးခြင်း။

၇။ ဆောင့်ကြောင့်ထိုင်၊ ဒူးထောက်၊ လက်နှစ်ဖက် ကြမ်းပြင်တွင် ထောက်ပြီး ပုတ်သင်ညိုပမာ ခေါင်းကို ညိတ်ကာ ညိတ်ကာ ရှိခိုးခြင်း။

၈။ ဆောင့်ကြောင့်ထိုင်၊ ဒူးထောက်၊ လက်ဖဝါး နှစ်ဖက်ကပ်၊ ကြမ်းပြင်တွင် ထောင်လိုက်ထား၊ လက်မ နှင့် နဖူးနှင့် ထိရုံတိုက်ပြီး ရှိခိုးခြင်း။

၉။ ဆောင့်ကြောင့်ထိုင်၊ ဒူးထောက်၊ လက်ဖဝါး နှစ်ဖက် ကြမ်းပြင်တွင် မှောက်လျက် ကပ်ချထားပြီး နဖူးနှင့် လက်ဖမိုး ထိရုံထိပြီး ရှိခိုး ခြင်း။

၁၀။ ပုဆစ်တုပ်ထိုင်၊ နဖူးနှင့် လက်မ နဖူးနှင့် လက်ဖမိုး ထိပြီး ရှိခိုးခြင်း (အမျိုးသမီးများ)

သတိထားမိသရွေ့ ထင်ပြခြင်း ဖြစ်ပါသည်။ အခြား ကျန်ရှိသေးသော နည်းများ ရှိပေလိမ့်ဦးမည်။

မြတ်စွာဘုရား လက်ထက်တော်က ပုဏ္ဏားတစ်ဦးသည် မြတ်စွာဘုရားကို ကြည်ညိုသဖြင့် မြတ်စွာဘုရားအား ကွေ့ကိုင်း ရှိခိုးချင်သည်။ သို့သော် သူမှာ ပုဏ္ဏားမျိုး ဖြစ်ပြီး ဗုဒ္ဓဘာသာ မဟုတ်ပေ။ ထို့ကြောင့် ဘုရားရှိခိုးသည်ကို အခြား ပုဏ္ဏားများက အပြစ်တင် ရှုတ်ချကြမည်ကိုလည်း စိုးရိမ်သည်။ ထို့ကြောင့် ထိုပုဏ္ဏားက မြတ်စွာဘုရားသခင်အား—

"အရှင်ဘုရား၊ ဘုရားတပည့်တော် အရှင်ဘုရားကို မြင်သည့်အခါ ကြိမ်လုံးကို နှာရိုက်ဟန်ဖြင့် မြှောက်လိုက်ပါမည် ဘုရား။ ထိုသို့ မြှောက်လိုက်ခြင်းသည် အရှင်ဘုရားအား ရှိခိုးခြင်းဟူ၍ မှတ်ယူတော်မူပါဘုရား"

ဟု လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားသခင်ကလည်း "ကောင်းပါပြီ" ဟူ၍ သည်းခံတော်မူလိုက်သည်။ "ကောင်းပါ့ ... ကံပဲ" ဟု ဆိုသည့်အတွက် စေတနာအလျောက် ကူညီပေးရပါသည်။ သို့သော်—

- ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စမို လူမြင် မခံချင် သေး၍
- အေးအေးဆေးဆေး ထိုင်ရှိခို ဖို့ အလွန် အချိန်မရ၍
- ထိုင်၍ မဖြစ်လောက်အောင် ဆုံးရှုံးသည့် နေရာ ဖြစ်နေ၍
- မိမိ၏ ခန္ဓာကိုယ်အနေအထားအရ ပျပ်ဝပ်ရှိကျိုး ရှိခိုး၍ မရ၍

အစရှိသည့် အခြေအနေမျိုးမှတစ်ပါး လေးစားမှု ပေါ့လျော့သည့် ရှိခို ခြင်းမျိုး ဖြင့် မရှိခိုးသင့်ပေ။ လေးလေးစားစား ရှိခိုးမှ လေးလေးနက်နက် ကုသိုလ်ရမည်ဖြစ်ပေသည်။ သိကြားမင်းသည် မြတ်စွာဘုရားကို လေးလေးစားစား ထခြင်းကြီးငါးပါးဖြင့် ရှိခို ခြင်း ဖြစ်ပေသည်။

သိကြားမင်းကြီးက မြတ်စွာဘုရားသခင်အား သင့်တင့်လျောက်ပတ်သော နေရာမှ ရှိသေစွာ ရှိခိုးပြီးသောအခါ မြတ်စွာဘုရားသခင်က-

"တာဝတိံသာ နတ်ရွာသခင် သိကြားမင်း။ ကိစ္စများပြားလှသည့် အသင်သိကြားမင်းသည် များပြားလှသော ကိစ္စများအကြားမှ ယခုကဲ့သို့ လာရောက်နိုင်ခြင်းသည် အံ့ဩဖွယ်ရာမဖြစ်စဖူး အလွန်ထူးကဲသော ဖြစ်ရပ်ပင် ဖြစ်ပေသည်"

ဟု နှုတ်ဆက်စကား မိန့်မြွက်ကြားတော် မူသည်။ အပျော်အပါး အမှုအခင်းများဖြင့် မအားမလပ်နိုင်အောင် ဖြစ်နေရသော သိကြားမင်းကြီး၏ အခြေအနေကို ရည်ညွှန်းပြီး မြတ်စွာဘုရားသခင်က-

အလုပ်များလွန်းတဲ့အကြားက ငါ့ဘုရားဆီ အဖူးအမြော် လာနိုင်ငဲတာ ချီးကျူးစရာပဲဆိုသည့် သဘော မိန့်ကြားတော်မူ ခြင်းဖြစ်၏။ သိကြားမင်းကြီးကလည်း မိမိတွင် မည်မျှအလုပ် များကြောင်း၊ နတ်တွေ သူပိုင် ငါပိုင် ငြင်းခုံရာတွင် ဆုံးဖြတ် ဖြေရှင်းပေးရကြောင်းများကို မြတ်စွာဘုရားသခင်အား ပြန် လည်လျှောက်ထားသည်။ ထို့နောက် သိကြားမင်းကြီးက-

"ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးဘုရား။ ရှေးယခင် တစ်ချိန်တုန်းက အရှင်ဘုရား သာဝတ္ထိပြည် ဇေတဝန်တိုက်၊ ထင်းရှူးသား ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ် တပည့်တော်သည် အရှင်ဘုရားအား ဖူးမြော်ရန် ရောက်ခဲ့ပါသေးသည် ဘုရား။

"ထိုစဉ်အခါက အရှင်ဘုရား သမာဓိ ဝင်စားနေပါသည် ဘုရား။ ဝေဿဝဏ်နတ်မင်းကြီး၏ အလုပ်အကျွေး ဖြစ်သော ဘူဇတိ အမည်ရှိ နတ်သမီးသည် အရှင်ဘုရားအား ရှိခိုးနေပါ သည်ဘုရား။ ထို့ကြောင့် တပည့်တော်က—

"အချင်း ဘူဇတိ။ မြတ်စွာဘုရားသခင်အား ငါ့အတွက် ကန်တော့လိုက်စမ်းပါ (ဖူးမြော်ခွင့်တောင်းပေးပါ)လို့ ပြော ပါသည်ဘုရား။ ထိုအခါ ဘူဇတိက-

"မြတ်စွာဘုရားသခင်သည် သမာပတ် ဝင်စားနေဆဲဖြစ်၍ ဖူးမြော်ရန် အခါမသင့်သေးပါဟု ပြန်ကြားပါသည် ဘုရား။ ထိုအခါ တပည့်တော်က ကောင်းပြီ ဘူဇတိ၊ မြတ်စွာ ဘုရား သခင် သမာပတ်မှ ထတော်မူသည့်အခါ ငါ့စကားဖြင့်မြတ်စွာ ဘုရားကို ရှိခိုးရစ်ပါ (သိကြားမင်းကြီးသည် မြတ်စွာဘုရား

သခင်အား ရှိသေစွာ ရှိခိုးသွားကြောင်း လျှောက်ထားပေးပါ)ဟု မှာကြားခဲ့ပါသည်။

"ထို ဘူဇတိ နတ်သမီးသည် တပည့်တော် မှာသွားသည့်အတိုင်း မြတ်စွာဘုရားသခင်အား လျှောက်ထား ပါသလားဘုရား"

ဟု လက်ဆက် လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားသခင်က–

"ဘူဇတိ နတ်သမီးသည် အသင် မှာကြား ထားခဲ့သည့်အတိုင်း ငါ့အား လျှောက်ထားပြီး ငါ့အား ရှိခိုးသည်ကို ငါမြင်ခဲ့"

ဟု ပြန်လည် မိန့်ကြားတော်မူသည်။ ထို့နောက် မြတ်စွာဘုရားသခင်က ဆက်လက်ပြီး–

"ယခုလည်း အသင် သိကြားမင်းကြီး၏ ရထားဘီးအကွပ်သံကို ကြားပြီး ငါ သမာပတ်မှ ထတော်မူခဲ့ခြင်း ဖြစ်ပေသည်" ဟု မိန့်ကြားတော်မူသည်။

ဘုရားရဟန္တာများ သမာပတ်ဝင်စားချိန်တွင် အချိန် မည်ရွေ့မည်မျှဟု အဓိဋ္ဌာန်ပြုပြီး ဝင်စားလေ့ရှိသည်။ အဓိဋ္ဌာန်မပြည့်သေးက မိုးကြိုးပစ်သံပင် မကြားရ။ မည်သည့်အနှောင့်အယှက် အဖျက်အဆီးမျှလည်း နှောင့်ယှက်ဖျက်ဆီး၍မရချေ။ ယခု မြတ်စွာဘုရားသခင်က သိကြားမင်း၏ ရထားဘီးကွပ်သံဖြင့် သမာပတ်မှ ထတော်မူသည် ဆိုခြင်းမှာ အဓိဋ္ဌာန်စေ့၍ သမာပတ်မှအထတွင် သိကြားမင်း၏ ရထားဘီးကွပ်သံ ကြားရခြင်း ဖြစ်ပေမည်။

## ကောန်ထုတ်ချောက် နတ်ပြည်ရောက်ရန်

ထိုအခါ သိကြားမင်းကြီးက-

"ဘုန်းတော် အလွန်တာရာ ကြီးမြတ်တော်မူထသော မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား။

"တပည့်တော်ထက် ရှေးကျသော (အသက်ကြီးသော) တာဝတိံသာနတ်တွေက-

"လူ့ပြည်တွင် မြတ်စွာဘုရားသခင်များ ပွင့်တော်မူသည့်အခါ နတ်ပြည်တို့တွင် နတ်အပေါင်းတိုးပွားလာကြပြီး အသူရကာယ်နှင့်တကွ အပါယ်တိုသားများ ဆုတ် ယုတ် သွေး ကြကြောင်း ပြောသည်ကို တပည့်တော် ကြားဖူးပါသည်ဘုရား။ တပည့်တော်ကြားခဲ့ရသော ထိုစကားများ မှန်ကန်ကြောင်း ယခုအခါ ဘုရားတပည့်တော်အတွက် မျက်မြင်ကိုယ်တွေ့ဖြစ်နေပါပြီဘုရား"

ဟု မြတ်စွာဘုရားသခင်အား လျှောက်ထားသည်။ သိကြားမင်းသည် ကဿပ မြတ်စွာဘုရားသခင်ကို မမီလိုက်သဖြင့်၊ သူ့ထက်စောသည့် ရှေးဘုရားများကို မီလိုက်သည့် တာဝတိံသာနတ်များက ဘုရားပွင့်စဉ် နတ်ပြည်များ စည်ကားကြောင်း ပြောပြထားပေမည်။ ယခုအခါ မိမိမျက်မြင် ကိုယ်တွေ့ဖြစ်၍ ဝမ်းသာအားဖြင့် မြတ်စွာဘုရားအား ပဋိသန္ဓာရ စကားထည့်သွင်းလျှောက်ထားခြင်း ဖြစ်ပေသည်။

ဤတွင် မည်ကဲ့သို့သော ပုဂ္ဂိုလ်များသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြင့် နတ်ပြည် ရောက်ကြသနည်း၊ မည်ကဲ့သို့သော

ကုသိုလ်ချိုးသည် နတ်ပြည်သို့ ကိန်းသေရောက်သနည်း ဆိုသော အချက်ကို ကျွမ်းဂန်များ လာအရ—

၁။ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်များ။
၂။ ပေးကမ်း လှူဒါန်းသော ပုဂ္ဂိုလ်များ။
၃။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းသော ပုဂ္ဂိုလ်များဖြစ်ကြောင်း သိနိုင်ပေသည်။

နတ်ဖြစ်လိုသူများ၊ နတ်စည်းစိမ်ခံစားလိုသူများ၊ နတ်ပြည် ရောက်လိုသူများ အထက်ပါပုဂ္ဂိုလ်သုံးမျိုးအနက် တစ်မျိုးမျိုး ဖြစ်အောင် ကြိုးပမ်းရပေမည်။

နတ်ဖြစ်ရုံသာမက နတ်ပြည်ရောက်ရုံသာမက နတ်ပြည်မှ တစ်ဖန် အပါယ်တုံသို့ ပြန်မကျလိုသူများအတွက်မူ အထက်ပါ ပုဂ္ဂိုလ်သုံးမျိုးအနက် အမှတ်တစ်ပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုး ပမ်းရပေမည်။ ထိုပုဂ္ဂိုလ်မျိုးကား အပါယ်ပြန်မကျရုံသာမက သံသရာကပါ ကိန်းသေလွတ်မြောက်ပေမည်။ ကိန်းသေမဟုတ် သည့်တိုင်အောင် နတ်ပြည်သို့ ရောက်နိုင်သူများမှာ—

သရဏဂုံ သုံးပါးဆိုသည်မှာ—

၁။ မြတ်စွာဘုရားသခင်ကို ကိုးကွယ် ဆည်းကပ်ခြင်း
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၂။ မြတ်စွာဘုရားသခင်၏ တရားတော်ကို ကိုးကွယ် ဆည်းကပ်ခြင်း
ဓမ္မံ သရဏံ ဂစ္ဆာမိ

၃။ မြတ်စွာဘုရားသခင်၏တပည့်သံဃာတော်များအား ကိုးကွယ် ဆည်းကပ်ခြင်း
သံဃံ သရဏံ ဂစ္ဆာမိ

တို့ဖြစ်ပါသည်။ ဤနေရာတွင် သရဏဂုံသုံးပါးတွင် 'ကောင်းစွာတည်ပြီး' ဟု ဆိုရာတွင် 'ကောင်းစွာ' ဆိုခြင်းကို စွဲစွဲမြဲမြဲ နှစ်နှစ်ကာကာဟု ယူဆသင့်ပါသည်။

> လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးမှ လွဲ၍ အခြား အားကိုးဖွယ်ရာ မရှိ....

ဟူသော အသိမျိုးဖြင့် သိပြီး ထိုအသိဖြင့် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းမျိုးကို ဆိုလိုပါသည်။ ပေါ့ပေါ့တန်တန် ကိုးကွယ်ဆည်းကပ်ခြင်းမျိုးကို မဆိုလိုပါ။ မိရိုးဖလာ ဗုဒ္ဓဘာသာ ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်နေပြီး၊ သရဏဂုံ သုံးပါးတည်နေပြီး ရတနာသုံးပါးကို ပေါ့ပေါ့တန်တန် ယုံကြည်သူများသည် လောဘဒေါသဖြင့် ဖြားယောင်းလျှင် အသက်စည်းစိမ်ဖြင့် ခြိမ်းခြောက်လျှင် ဆောင့်မခံနိုင်တဲ့ ရတနာသုံးပါးကို ပစ်ပယ်သွားမည် ဖြစ်သည်။ ရာထူးပေး ငွေပေးသဖြင့် ဘာသာပြောင်းသွားသူများ၊ ခြိမ်းခြောက်ခံရသဖြင့် ဘာသာစွန့်ပစ်သူများ အစဉ်အဆက် ရှိကြသည်။ ထိုသူများကား ရတနာသုံးပါး၊ သရဏဂုံ သုံးပါးတွင် ကောင်းစွာ မတည်သူများ ဖြစ်ကြ၏။

ယခုအခါ လောကီချမ်းသာ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်သည်ဆိုသူ အားလုံးကို ကိုးကွယ်ဆည်းကပ်လျက်ရှိသည်ကို တွေ့နိုင်ပေသည်။

ကိုးကွယ်ခြင်းနှင့်ပူဇော်ခြင်းကို မခွဲခြားတော့ဘဲ အားလုံးကို ကိုးကွယ်ကြတော့သည်။

"ကိုးကွယ်ဆည်းကပ်ခြင်း"ဟူသည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲဘေးမှ ကယ်တင်ပေးနိုင်သည့် အကာအကွယ် ပေးနိုင်သည့် ရတနာသုံးပါးကို ချဉ်းကပ် အားကိုးခြင်းဖြစ်ပြီး

"ပူဇော်ခြင်း" ဟူသည် မိဘ၊ ဆရာသမားများနှင့် တကွ ပူဇော်သင့် ပူဇော်ထိုက်သူ အားလုံးကို ပူဇော်ခြင်းပင် ဖြစ်၏။ ပူဇော်ခြင်း အမျိုးမျိုး ရှိသည်။ နတ်များကို ပန်း၊ ဆီမီး၊ ခဲဖွယ် စသည်တို့ဖြင့် ပသခြင်းကိုလည်း ပူဇော်ခြင်း ဟူ၍ပင် ခေါ်ကြသည်။

မာနုသိယာ၊ ပစာယ၊ ဒိဝါစ၊ ရဝေဝ၊ ဟာရန္တိ ယေပလိ။

ဟူသော ရတနာသုတ်လာ ပါဠိကို ဆရာတော်ကြီးများက–

"လူတို့သည် အသင် နတ်တို့အား နေ့တွင် လည်းကောင်း၊ ညဉ့်တွင် လည်းကောင်း ပူဇော်ခြင်းကို ပြုကြကုန်၏"

ဟု အနက်ဖွင့်တော်မူကြသည်။

သံသရာမှ လွတ်မြောက်ကြောင်းဖြစ်သည့် လောကုတ္တရာ လောကီ နှစ်လီ ကောင်းကျိုးအတွက် ဘုရား၊ တရား၊ သံဃာ

တည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး မိဘ၊ ဆရာသမား၊ နတ်သိကြားများကို ပူဇော်ခြင်းသည် သာ၍ မှန်ကန်ပေသည်။

အချို့က နတ်များ၊ နတ်များ ဆိုရာတွင် 'နတ်'ဟု ဆိုသူ အားလုံးကို ကိုးကွယ်ဆည်းကပ်ကြသည်။ သူတို့ကိုယ်သူတို့ ဗုဒ္ဓ ဘာသာဝင်ဟုလည်း ဆိုသည်။ နတ်ကိုးကွယ်သည်ကို နတ် ကိုး ကွယ်သည် ဟူ၍လည်း အလိုအလျောက် ပြောဆိုသည်။ "ရတနာ သုံးပါးလဲ ကိုးကွယ်တယ်၊ အနန္တော အနန္တ ငါးပါးလဲ ကိုးကွယ်တယ်၊ နတ်လဲ ကိုးကွယ်တယ်" ဟူ၍လည်း ပြောကြ လေသည်။

"ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ။ ဓမ္မောမေ သရဏံ အညံ နတ္ထိ။ သံဃောမေ သရဏံ အညံ နတ္ထိ"

အကျွန်ုပ်အား ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိ၊ တရားမှ တစ်ပါး ကိုးကွယ်ရာ မရှိ၊ သံဃာမှ တစ်ပါး ကိုးကွယ်ရာ မရှိ။

ဟူသော ဂါထာကို ဗုဒ္ဓဘာသာဝင် အပေါင်း များများ ရကြ ရွတ်ဆိုကြပေသည်။

ထိုဂါထာမှာ—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ဟူသော သရဏဂုံကို ပြောင်းပြန် ပြန်ထားခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ "ရတနာသုံးပါးကိုသာ ကိုးကွယ်ရမည်၊ ရတနာသုံးပါးမှ တစ်ပါး ကိုးကွယ်ရာ မရှိ" ဟူ၍ ဖြစ်ပေသည်။

ထိုသို့ ဆိုထားပါလျက် ရတနာသုံးပါးမှ တစ်ပါး အခြားကိုလည်း ရတနာသုံးပါးကဲ့သို့ တန်းတူထားလျက် ကိုးကွယ်သည်ရှိသော် "သရဏဂုံ" ပျက်သည်ဟု ဆိုကြသည်။

မြတ်စွာဘုရားပွင့်တော်မူသည့်အခါ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ဒါန၊ သီလ စသည့် ကုသိုလ်ကောင်းမှုများကို ပြုကျင့်ခြင်းကြောင့် နတ်ပြည်သို့ ရောက်သူများပြီး၊ နတ်ဘုံ နတ်ရွာ စည်ကားလျက် နေသည်မှာ မိမိ၏ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြောင်း သိကြားမင်းကြီးက မြတ်စွာဘုရားသခင်အား လျှောက်ထားပြီး၊ သူ့လျှောက်ထားချက်ကို အခိုင်အမာဖြစ်အောင် သက်သေတစ်ရပ် ပြပါသေးသည်။ သိကြားမင်းပြသည့် သက်သေသာဓကမှာ—

## ဆရာတကာတို့၏ ပြောင်းပြန်အဖြစ်

မြတ်စွာဘုရားသခင်၏ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် ကပ္ပိလဝတ်ပြည်တွင် 'ဂေါပိကာ' ဆိုသည့် သာကီဝင်မင်းသမီးတစ်ပါး ရှိသည်။

မြတ်စွာဘုရားသခင် ပွင့်တော်မူပြီးနောက် လောကတွင် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါး ထွန်းပေါ်လာသောအခါ ထိုဂေါပိကာ မင်းသမီး လေး သည်

ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်သူ "သရဏဂုံနှင့် ကောင်းစွာတည်သူ" ဖြစ်လာသည်။

ထိုမင်းသမီးလေးသည် ငါးပါးသီလကိုလည်း လုံခြုံအောင် ထိန်းပြီး အလှူဒါန ကုသိုလ်ကောင်းမှုများကိုလည်း ပြုသည်။ ဂေါပိကာသည် လက်ရှိမိန်းမဘဝကို ရွံမုန်းပြီး ယောကျ်ားဘဝ ကို ရလိုသည့်ဆန္ဒလည်း ပြင်းထန်လှသည့်အလျောက် နောက် ဘဝတွင် ယောကျ်ားဘဝ ရရှိရေးအတွက် အမြဲ ဆုတောင်းနေ သူလည်း ဖြစ်သည်။

ထိုဂေါပိကာမင်းသမီးလေးသည် ရဟန်းသုံးပါးကို ကိုး ကွယ်ဆည်းကပ်လျက် ရှိ၏။ ထိုရဟန်းတို့သည် မင်းသမီးလေး ၏ အလှူဒါနများကို ခံယူပြီး မင်းသမီးလေးအား တရားမေ့ များကိုလည်း ဟောပြော ပြသ ဆိုဆုံးမ၏။

မင်းသမီးလေး ဂေါပိကာနှင့် ဆရာရဟန်း သုံးပါးတို့သည် သက်တမ်းအတိုင်း နေကြပြီးနောက် အသီးသီး ဘဝပြောင်း သွားကြသည်။ မင်းသမီးလည်း ကွယ်လွန်သွားသည်။ ရဟန်း သုံးပါးလည်း ပျံလွန်တော်မူသွားကြသည်။ ထိုသည်၏ နောက် တွင်-

ဂေါပိကာမင်းသမီးသည် ဘာဝတိံသာနတ်ပြည်သို့ရောက် ရှိပြီး လူ့ဘဝတုန်းက မိန်းမဘဝကို ရွံမုန်းလျက် ယောကျ်ား ဘဝရလိုကြောင်း ဆုတောင်းခဲ့သည်နှင့်အညီ သိကြားမင်းကြီး ၏ သားတော်ဖြစ်လာသည်။လူ့ဘဝက အမည်အတိုင်း ဇာတ္တိ လိင်ကို ပုလ္လိင်ပြောင်းပြီး 'ဂေါပကနတ်သား' ဟူ၍ အမည် တွင်ပေသည်။

ရုဟန်းသုံးပါးသည်ကား စတုမဟာရာဇ်နတ်ဘုံတွင် ဓတရဋ္ဌနတ်မင်းကြီးအုပ်စိုးသည့် ဂန္ဓဗ္ဗနတ်မျိုးတွင် ဖြစ်လေသည်။ ရှေ့က ဖော်ပြခဲ့သည့်အတိုင်း ဂန္ဓဗ္ဗနတ်မျိုးတို့သည် တာဝတိံသာနတ်တို့အား ကခုန်သီဆို တီးမှုတ်ခြင်းတည်းဟူသောသဘင်ဖျော်မှုဖြင့် အလုပ်အကျွေးပြုရသော နတ်မျိုးဖြစ်သည်။

သဘင်သည် ဂန္ဓဗ္ဗနတ်မျိုးတွင် သွားဖြစ်သော ရဟန်းသုံးပါးသည် တာဝတိံသာနတ်တို့အားသဘင်အမှုဖြင့် သွားရောက်ဖျော်ဖြေရာတွင် ဂေါပကနတ်သားသည် ထိုရဟန်းဘဝမှ လာသော နတ်သားသုံးပါးကို တွေ့ရလေသည်။ ထိုအခါ ဂေါပကနတ်သားက မြန်လည်သုံးသပ်ရာ လူ့ဘဝက မိမိကိုးကွယ်ဆည်းကပ်ခဲ့သော ဆရာရဟန်းသုံးပါးဖြစ်ကြောင်း ကောင်းစွာသိရှိရလေသည်။

ထိုရဟန်းသုံးပါး ဂန္ဓဗ္ဗနတ်မျိုးတွင် သွားဖြစ်ရခြင်းမှာ ထိုရဟန်းသုံးပါးသည် ရှေးဘဝက ဂန္ဓဗ္ဗနတ်မျိုးတွင် ဖြစ်ခဲ့ဖူး၏။ ရဟန်းဘဝမှ ပျံလွန်တော်မူခါနီးတွင် မိမိတို့ ရှေးကဖြစ်ခဲ့ဖူးသော ဂန္ဓဗ္ဗနတ်ဘုံ နတ်ဘဝကို အာရုံညွှတ်မိကြလေသည်။ ထို စုတေခါနီး ညွှတ်မိသော စွဲလမ်းမှုအာရုံနှင့်အညီ စုတေသည်နှင့် ဂန္ဓဗ္ဗနတ်ဘုံတွင် သွား၍ဖြစ်လေသည်။

ထို့ကြောင့် "သံယောဇဉ်ဟူသည် မမြင်ရတဲ့ အကြီးဆုံးနဲ့ အခိုင်ခံ့ဆုံးကြိုး" ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်လေသည်။ ထိုသံယောဇဉ်အစွဲအလမ်းကြောင့်ပင် သတ္တဝါများ ကျွတ်တမ်းမဝင်နိုင်ဘဲ ဘုံသုံးဆယ့်တစ်ပါးမှာ ဆိုရှန်းသည့်နွားပမာ ချာချာလည်နေခြင်း ဖြစ်သည်။

တောတောင်များတွင် သဘာဝအလျောက် လွတ်လွတ် လပ်လပ် နေကြသော ကြက်တူရွေး၊ သာလိကာ စသည့် သတ္တဝါများကို အချို့လူများက 'ချစ်၍' ဆိုပြီး လှောင်အိမ်ဖြင့် မွေးကြသည်။ အပြစ်ကျူးလွန်မိ၍ မဟုတ်ဘဲ အကြိုးထား၊ အမုန်းပွား၍ မဟုတ်ဘဲ ချစ်၍ ခင်၍ အကျဉ်းချခံရသူများမှာ ထိုသတ္တဝါများပင် ဖြစ်တော့သည်။

လွတ်လွတ်လပ်လပ်သာနေတတ်သူများဖြစ်၍ ဤသို့အကျဉ်း ချထားခြင်း ခံကြရသောအခါ များစွာ စိတ်ဆင်းရဲကြသည်။ လွတ်လပ်လိုကြသည်။လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ် ကြသည်။ စခါစ ရက်များဆိုလျှင် အစာမစားဘဲ အော်လျက် ထွက်ပေါက်ရှာလျက် နေကြသည်ကို တွေ့နိုင်ပေသည်။ သို့သော် လွတ်ခွင့်မရဘဲ ရက်လရှည် ကြာလာသောအခါ မိမိ၏ ရန်သူ ဖြစ်သော၊ မိမိအား မတရား ပိတ်လှောင်ထားသော လှောင် အိမ်ကို သံယောဇဉ် တွယ်တာ လာကြပြန်သည်။ ထို့ကြောင့် နှစ်ရှည်လများ ကြာပြီးမှ ထိုငှက်ငယ်များကို လှောင်အိမ်မှ လွှတ်လိုက်သော် ထိုငှက်ငယ်များသည် လွတ်ရာ ကျွတ်ရာ ဝေး ကမ္ဘာဆီ ပျံမသွားနိုင်ကြဘဲ လှောင်အိမ် အနားတွင်ပင် တဝဲ လည်လည် ဖြစ်နေကြသည်ကို တွေ့ရပေသည်။ ဤသည်ကား သံယောဇဉ်ပေတည်း။

သတ္တဝါတိုင်းသည် မိမိ ရောက်ရာဘဝ၊ ရရာဘဝကို တွယ် တာကြသည်။မစင်တွင်းမှ လောက်ပိုးတစ်ကောင်ကို လူ့ဘဝက အတူ သူငယ်ချင်း ဖြစ်ကြပြီး ရုက္ခစိုးဘဝ ရောက်နေသော ရုက္ခစိုးနတ်က မြင်သော် သနားကရုဏာ ကြီးမားစွာဖြင့်—

"သူငယ်ချင်းရယ်၊ မင်းဘဝက ဆိုးဝါးလွန်းလှပါကလား။ အလွန်စက်ဆုပ်ဖွယ် ကောင်းသည့် မစင်တွင်းမှာ လောက်ဖြစ်နေရခြင်းမှာ အလွန် မနှစ်မြို့ဖွယ်ကောင်းလှပါဘိ။ ထို့ကြောင့် ငါကဲ့သို့ နတ်ဘဝကို ရအောင် ကောင်းမှုကို အာရုံပြုလော့။ ငါသည် သင်အား သနားလွန်းသဖြင့် သတိပေးမည်"

ဟု ဆိုရာ မစင်တွင်းက သူငယ်ချင်းလောက်က—

"မလုပ်ပါနဲ့ သူငယ်ချင်းရယ်။ ငါရထားတဲ့ လောက်ဘဝကို ငါ တွယ်တာပါ၏။ သည်ဘဝမှာ ငါ ပျော်လှပါဘိ"ဟု ပြန်ပြောသည် ဟူသတတ်။ ထို့ကြောင့်—

— သံသရာမှ လွတ်ချင်သည်ဆိုလျှင် အပြောနှင့် မရ။

— သံသရာကို စိတ်ကပါ တကယ် သံယောဇဉ် ပြတ်မှ။

ဟူ၍ မှတ်ယူရပေမည်။

ကြားကား မမြင်ရဘဲ ကြိုးမားခိုင်ခံ့လှသောကြိုးမှာ သံယောဇဉ်ကြိုး ဖြစ်ကြောင်း အနည်းငယ်မျှသော သာဓက ဖြစ်ပေသည်။ သိကြားမင်း လျှောက်ထားသည့် ရဟန်း သုံးပါး အကြောင်း ပြန်ဆက်ပါမည်။

ဂန္ဓဗ္ဗနတ်မျိုးတွင် ဖြစ်ဖူးသဖြင့် သံယောဇဉ် ကြိုးတည် ပြီး ဂန္ဓဗ္ဗနတ်မျိုးတွင် သွားဖြစ်သည့် ရဟန်းသုံးပါးကို သိကြားမင်းကြီး၏ သားတော် ဂန္ဓဗ္ဗနတ်သားက ချဉ်းကပ်ပြီး ဖြစ်ကြောင်းနှင့်တကွ သတိပေးစကား ပြောကြားသည်။ ထိုအခါ ၎င်းတို့ သုံးပါးအနက် နှစ်ပါးမှာ များစွာ သံဝေဂပြီး—

"ငါတို့၏ တပည့် ဒါယိကာမ ဖြစ်ခဲ့ဖူးသော ဂေါပိကာသည် ယခု ငါတို့ထက် မြင့်မြတ်သည့် တာဝတိံသာ နတ်ပြည်

ဝယ် ဂေါပက နတ်သားအဖြစ် ရောက်ရှိနေချေပြီ။ သူမအား တရားဓမ္မ ဟောပြောပြခဲ့သည့် ငါတို့ ဆရာများကား ဆရာ လည်းဖြစ်၊ ရဟန်းလည်း ဖြစ်ခဲ့ပါလျက် ယခုအခါ သူမ၏ အလုပ်အကျွေး လာဖြစ်နေရပေသည်။ ဤအချက်မှာ များစွာ သဘာဝမကျသော မလိုလားအပ်သော မကျေနပ်အပ်သော အချက် ဖြစ်ပေသည်။ ရဟန်းဘဝက ကျင့်ကြံအားထုတ်ခဲ့သော တရားများကို ငါတို့ ဆက်လက်ပြီး ကျင့်ကြံ အားထုတ်သင့် ပေသည်”

ဟု ဆိုပြီး ရဟန်း တရားများကို ဆက်လက် အားထုတ်ကြ သည်။ ကျန်တစ်ပါးကမူ–

“ငါ၏ ဘဝသည်ကား ကခြင်း၊ ခုန်ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ပျင်းရိဖွယ် မရှိ။ အစဉ်ထာဝရ ပျော်ဖွယ် အတိသာ ဖြစ်ပေသည်”ဟု နှလုံးပိုက်ပြီး ကလိုက်၊ ခုန်လိုက်၊ သီဆိုလိုက်၊ တီးမှုတ်လိုက်ဖြင့်သာ ပျော်ပျော်ပါးပါး ဆက်နေ သွားသည်။ စောစောက ဖော်ပြခဲ့သည့် မစင်တွင်းမှ လောက် ပမာ သူ့ဘဝကို သူ သာယာခုံမင်ပြီး သံယောဇဉ် တွယ်နေ ခြင်း ဖြစ်ပေသည်။

သံဝေဂရပြီး ရဟန်းတရားကို ဆက်လက် အားထုတ်ကြ သည့် ဂန္ဓဗ္ဗနတ်သား ရဟန်းနှစ်ပါးသည် ဂန္ဓဗ္ဗ နတ်ဘဝမှ စုတေပြီးနောက် ကျင့်ကြံအားထုတ်ကြသည့် အလျောက် အနာ ဂါမ်များ ဖြစ်ကြပြီး ထိုကုသိုလ် အဟုန်ဖြင့် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတ ဝသ

ဝတီ ဆိုသည့် နတ်ပြည်ခြောက်ထပ်ကို ကျော်လွန်လျက် ဝေါ ပကာ နတ်သားထက် အဆပေါင်း များစွာ သာလွန်သည့် 'ဗြဟ္မာ့ဘုံ' သို့ ရောက်သွားကြသည်။

ထိုအကြောင်းအရာကို သိကြားမင်းသည် မြတ်စွာဘုရား သခင်အား အလုံးစုံ လျှောက်ထားသည်။ ထိုသို့ လျှောက် ထားပြီးမှ သိကြားမင်းက–

''ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးဘုရား''

''အရှင်ဘုရား၏ တရားတော်ကို ထိုနတ်သားနှစ်ဦး ရရှိ သွားဘိသကဲ့သို့ တပည့်တော်သည်လည်း ရလိုသည့်အတွက် အရှင်ဘုရားထံ အဖူးအမြော် ရောက်ရှိလာခြင်း ဖြစ်ပါသည် ဘုရား'' ဟု လျှောက်ထားသည်။

ဤတွင် သိကြားမင်းသည် မြတ်စွာဘုရားသခင်၏ တရား တော်ကို ခိုင်မာသော အထောက်အထားဖြင့် ဂုဏ်ပြုချီးမွမ်းပြီး မိမိ လာရခြင်း အကြောင်းရင်းကိုလည်း သာဓက အထောက် အထားဖြင့်ပင် လျှောက်ထားခြင်း ဖြစ်သည်။

ထိုသို့ သာဓကဆောင် လျှောက်ထားပြီးနောက် သိကြား မင်းကြီးသည် မိမိ နာလိုသော တရားကို တောင်းရန်အတွက် မြတ်စွာဘုရားသခင်ထံ ခွင့်ပန် လျှောက်ထားသည်။ သိကြား မင်း ခွင့်ပန်လျှောက်ထားသည်မှာ–

''ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူထသော မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား။

''ဘုရားတပည့်တော် သိကြားမင်းသည် အရှင်ဘုရားအား မေးလျှောက်လိုသည့် အချက်များ ရှိပါတယ် ဘုရား။

"အကယ်၍ အရှင်ဘုရားက ခွင့်သနားတော်မူမည် ဆိုပါလျှင် မေးလျှောက်လိုပါသည် ဘုရား"

ဟူ၍ ဖြစ်ပေသည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သိကြားမင်းကြီးသည်—

— အကျိုးရှိမည့် မေးခွန်းများကိုသာ မေးမြန်းမည်။

— မေးခွန်းအပေါ် ဖြေကြားသည့် မြတ်စွာဘုရားသခင်၏ ဖြေကြားချက်များကိုလည်း အလွယ်တကူ သိနားလည်နိုင်လိမ့်မည်။

ဟု သိတော်မူသည့်အတွက်—

"နတ်တို့၏အရှင် သိကြားမင်း၊ သင့်စိတ်တွင် သက်ဝမရှင်း ရှိနေသမျှ ယုံမှားသံသယ အဝဝကို မေးလိုသမျှ မေးလော့။

"အသင် သိကြားမင်း မေးသမျှကို မေးခွန်း အလုံးစုံကို ပြေလည်အောင်၊ ကျေနပ်အောင်၊ ယုံမှားသံသယ ကင်းရှင်းသွားအောင် ငါဘုရား ဖြေတော်မူမည်"

ဟူ၍ ပြန်လည် မိန့်ကြားပြီး ခွင့်ပြုလိုက်သည်။

## ချမ်းသာလိုလျက် ဘယ်သင်းဖျက်

မြတ်စွာဘုရားသခင်က သိကြားမင်းကြီးအား မေးလိုသမျှ မေးရန် ခွင့်ပြုလိုက်သောအခါ သိကြားမင်းကြီးသည် ဝမ်းမြောက် ဝမ်းသာ အားရစွာဖြင့်—

"ဆင်းရဲခြင်း ကင်းတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရား"

"နတ်၊ အသူရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ် စသည့် သတ္တဝါအများ အပြား ရှိကြပါသည် ဘုရား။ ထိုသတ္တဝါတို့ကား–

ငါတို့သည် ခိုက်ရန်ဒေါသ ကင်းရှင်းလိုကြပါကုန်၏။

ငါတို့သည် လက်နက်ဘေး၊ ဥစ္စာဘေး (ကြွေ မြီ)တို့မှ ကင်းရှင်းလိုကြပါကုန်၏။

ငါတို့သည် ရန်ဟူသမျှ ကင်းဝေးလိုကြပါကုန်၏။

ငါတို့သည် စိတ်ဆင်းရဲခြင်း အပေါင်းတို့မှ ကင်းဝေး လိုကြပါကုန်၏။

ငါတို့သည် ခိုက်ရန်ဒေါသ အနည်းငယ်မျှ မရှိဘဲ အေး အေး ချမ်းချမ်း နေလိုကြပါကုန်၏။

ဟူ၍ တောင့်တကြပါကုန်၏ ဘုရား။ သို့သော် ထိုသတ္တဝါ များသည်–

— ခိုက်ရန်ဒေါသ ရှိကုန်ကြလျက်
— စိတ်ဆင်းရဲခြင်း ရှိကုန်ကြလျက်
— လက်နက်ဘေး၊ ဥစ္စာဘေး ကျရောက် ထိမှန်ကုန်ကြ လျက်
— အေးအေးချမ်းချမ်းမှုရှိဘဲ မိမိတို့၏ အလိုဆန္ဒနှင့် ဆန့် ကျင်လျက်

နေကြရပါကုန်သည် ဘုရား။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား။ ထိုသတ္တဝါ အပေါင်းတို့သည် အဘယ့်ကြောင့် ထိုသို့ ဖြစ်နေရပါသနည်း ဘုရား။ အဘယ်သံယောဇဉ် နှောင်ကြိုးကြောင့် ဖြစ်ရပါ သနည်း ဘုရား။ အဘယ်သို့သော မကောင်းမှု အနှောင်အဖွဲ့ များက ရစ်ပတ်ထားကြပါသနည်း ဘုရား"

ဟူ၍ လျှောက်ထားလေသည်။ သိကြားမင်းကြီး၏ မေးမြန်း လျှောက်ထားချက်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက -

“တာဝတိံသာ နတ်ရွာသခင် သိကြားမင်း၊ နတ်၊ လူ၊ အသူရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်တို့အပြင် ကျန်ရှိသေးသည့် သတ္တဝါအားလုံးတို့သည်-

— ငါတို့ ဘား ခိုက်ရန်ဒေါသ ကင်းစင်လျက်၊ လက်နက်ဘေး၊ ဥစ္စာဘေး ကင်းဝေးလျက်၊ ရန်ဟူသမျှ မြူမခဘဲ နှလုံးမသာ အစဉ်ကင်းကွာလျက်၊ ခိုက်ရန်ဒေါသ စိုးစဉ်းမျှ မရှိဘဲလျက် နေလိုကြကုန်၏”

ဟု လိုလားတောင့်တကြကုန်၏။ထိုသို့ လိုလားတောင့်တကြသော်လည်း အလိုမပြည့်ဘဲ စိတ်ဆင်းရဲစွာ နေကြရပေ၏၊ ထိုသို့ မိမိတို့၏ ဆန္ဒနှင့် မကိုက်ညီဘဲ မိမိတို့၏ အလိုအတိုင်း မဟုတ်ဘဲ အဘယ့်ကြောင့် စိတ်ဆင်းရဲစွာ နေကြရကြောင်းမှာ -

“တာဝတိံသာ နတ်ရွာသခင် သိကြားရှင် -

— မနာလိုခြင်း

— ဝန်တိုခြင်း

ဟူသည့် သံယောဇဉ် နှောင်ကြိုးကြောင့် ဖြစ်ပေသည်။ သတ္တဝါတိုင်းသည် မိမိတို့ အလိုအတိုင်း မဖြစ်ဘဲ ခိုက်ရန်ဒေါသနှင့် ဘေးဒဏ်အဝဝနှင့် စိတ်မချမ်းမသာ ဆင်းရဲစွာ နေကြရခြင်းသည် အထက်က ဖော်ပြခဲ့သည့်-

= မနာလိုခြင်း
— ဝန်တိုခြင်း
တည်းဟူသော အကြောင်းတရား နှစ်ပါးကြောင့် ဖြစ်ပေသည်'' ဟူ၍ ရှေးဦးစွာ ဖြေဆို ဟောကြားတော်မူသည်။

## မနာလိုခြင်း

သူတစ်ပါး ကောင်းစားနေသည်ကို သဘောမကျမကျေနပ်ခြင်းသည် 'မနာလိုခြင်း'ပင် ဖြစ်သည်။

အပြိုင်အဆိုင် ဖြစ်နေကြသော ကျောင်းသားနှစ်ဦးတွင် တစ်ဦးက စာမေးပွဲအောင်ပြီး တစ်ဦးက မအောင်သော် မအောင်သူက မနာလို ဖြစ်တတ်သည်။

ရာထူးတူ ဝန်ထမ်းချင်း အပြိုင်အဆိုင် ဖြစ်ပေါ်နေရာမှ တစ်ဦးက ရာထူးတက်သွားလျှင် ကျန်တစ်ဦးက၊ သို့မဟုတ် ကျန်သူများက မနာလို ဖြစ်တတ်သည်။

ဆင်းရဲသူ အချင်းချင်း ချမ်းသာအောင် အပြိုင်လုပ်ကိုင်စားသောက်နေရင်းမှ တစ်ဦးက သိန်းထီ ပေါက်သွားလျှင် ကျန်တစ်ဦးက မနာလို ဖြစ်တတ်သည်။

ထို့အတူ

— အရောင်းအဝယ် ကောင်းသူအပေါ် မကောင်းသူက
— စီးပွားဖြစ်ထွန်းသူအပေါ် မဖြစ်ထွန်းသူက
— အခြံအရံများသူအပေါ် အခြံအရံနည်းသူက
— လူချစ်လူခင် ပေါသူအပေါ် မပေါသူက

- အလှူပေးနိုင်သူအပေါ် မပေးနိုင်သူက
- သီလစောင့်နိုင်သူအပေါ် မစောင့်နိုင်သူက
- ချီးမွမ်းခံရသူအပေါ် မခံရသူက
- သင့်မြတ်သော လင်မယားများအပေါ် မသင့်မြတ်သူများက

စသည် စသည်ဖြင့် ကောင်းကျိုးရသူများအပေါ် မရသူများက မနာလို ဖြစ်တတ်ကြသည်။ ထိုသို့ မနာလိုခြင်းကို အချို့က မျက်နှာအမူအရာဖြင့် 'မဲ့ရွဲ့'ပြတတ်သည်။ အချို့က—

"ကောင်းပါတယ်ဗျာ၊ ဝမ်းသာပါတယ်" ဟု ဆောင့်ကာအောက်ကာ၊ ရိကာ သရော်ကာဖြင့် အသံထွက်ပြီး ပြတတ်သည်။ အချို့က—

- ခိုးချလို့ အောင်တဲ့ စာမေးပွဲ၊ ပိုက်ဆံပေးနိုင်လို့ ရတဲ့ ဂုဏ်ထူး၊ တို့တော့ အထင်မကြီးပေါင်။
- အဖေးကောင်းလို့ ရာထူးတက်တာပါကွာ၊ လုပ်ရည်ကိုင်ရည်ကတော့ ကချလာပဲ။
- သူတောင်းစား' ထိပေါက်ဆိုတာ ဒီလိုဟာမျိုးတွေကို ပြောတာပေါ့။ ဘယ်လောက် ကြာမလဲ စောင့်ကြည့်ပါဦး။ ခွေးရူးကောင်းစား တစ်မှန်းတည်း ဆိုတဲ့ စကားရှိတယ် မဟုတ်လား။
- သူက ပစ္စည်းချည်းရောင်းတာ မဟုတ်ဘူး။ လူပါ ရောင်းတာ။ သူ့မိန်းမက ကြာ ကောင်း တယ် လေ။ ဒီတော့ လူစည်တာပေါ့။ ကိုကတော့ မှန်တမ်းပဲ။ ဝယ်ချင်ဝယ် မဝယ်ချင်ပြန်။ သိက္ခာ အကျမခံဘူး။

— ကောင်းရောင်း ကောင်းဝယ် လုပ်စားလို့ ဒီလောက်တိုတောင်းတဲ့ အချိန်အတွင်းမှာ ဒီလို ကြီးပွားမလား တွက်ကြည့်ပေါ့။ သူများအကြောင်း အမနာပ မပြောချင်ပါဘူး၊ ငရုတ် ကြက်သွန်ပန်းပြုပြီး နောက်ပိုင်းမှာ ကျောက်တို့၊ ဘိန်းဖြူတို့ လုပ်နေတာ။

— တို့လဲ နောက်လိုက်များအောင် အခြံအရံများကို နေ့တွက်ကလေး ပေးထားဦးမှပဲ။ ဘကောင်းလို့ လာညာစားနေကြတာကို အဟုတ်မှတ်နေတယ်။ ဘယ်နေ့ နောင်တရမယ် မသိဘူး။

— မဟုတ်တာရော ဟုတ်တာရော အကုန်လုံးကို အလိုက်အထိုက် လုပ်ပြောနိုင်ရင် လူချစ်လူခင် ပေါတာပေါ့။ ဒါပေမယ့် တကယ့်တကယ်တော့ အဲဒီလို လူမျိုးဟာ ဘာမှ မှု မရှိတဲ့လူ။ လေးလေးနက်နက် မရှိတဲ့လူပဲ။

— အလှူရေစက် လက်နဲ့မကျွေးဆိုပြီး သိပ်အတင့်ကြီးမနေနဲ့။ သူ့အလှူတွေက မြင်ဖူးတာအလှူတွေ ပါလား။ မြတ်သော အလှူဆိုတာ အလှူလုပ်ဖို့ စည်းရုံးလျှောက်၊ သုံးပုံ နှစ်ပုံ ဆောင်းပြီး တစ်ပုံ ပြန်လှူ၊ ကိုယ့်အတွက် အမြတ်ကျန်တယ် ဟဲ ဟဲ ဟဲ။

— ကြောင်သူတော် သိလေ။ ကြားဖူးဘယ်မဟုတ်လား။ သက်သတ်လွတ်စားတယ်ဆိုပြီး နောက်ဆုံး ကျန်တဲ့ ကြွက်ကလေးတွေကို ခုတ်စားလို့ မစင်စွန့်တော့ ကြွက်မွေးတွေ ထွက်လာတယ်ဆိုတာလေ။ အဲဒါမျိုးပေါ့။

လူမြင်ကောင်းအောင် ဘုန်းကြီးကျောင်းသွား၊ သီလယူ ဥပုသ်စောင့်နဲ့၊ ကျောက် မှောင်ခိုသမားချင်း ဥပုသ် ဇရပ်မှာ အလုပ်ဖြစ်ကြတာ ရှိသေး။

— ချီးမွမ်းခံရတာ၊ ကဲ့ရဲ့ခံရတာ အကြောင်းမဟုတ်ပါဘူး။ မှန်တာလုပ်ဖို့က အကြောင်းပါ။ မမှန်ရင် ချီးမွမ်း ခံနေရပေမယ့် တော်ကြာ ကဲ့ရဲ့ခံရမှာပါ။

— ဒီလင်မယား သင့်မြတ် မှာ ပေါ့။ ယောကျ်ားက ယောကျ်ားမှ မဟုတ်ဘဲ။ နွားပဲ။ မိန်းမ ဘာလုပ်လုပ် ဘာမှ ပြောဝံ့တဲ့ကောင်မှ မဟုတ်ဘဲ။

စသည်ဖြင့် မိမိစိတ်တွင်း မနာလိုမှုကို ပြောင်ပြောင်လှစ်ဖော် ပြောဆိုတတ်ကြသည်။

ထို့ကြောင့်—

မနာလိုခြင်း၏ ပထမအဆင့်က "ဝမ်းသာပါတယ်" ဆိုပြီး စိတ်ထဲမှ 'ဝမ်းနည်း'သည်။ 'မရှုစိမ့်'ဖြစ်သည်။

မနာလိုခြင်း၏ ဒုတိယအဆင့်က ဝမ်းသာသည်၊ ဝမ်းနည်းသည်၊ ဖော်မပြောဘဲ မျက်နှာအမူအရာဖြင့် 'မှုန်မြို့ကြောင်း' ပြသည်။

မနာလိုခြင်း၏ တတိယအဆင့်က 'မနာလိုကြောင်း မှုန်မြို့ကြောင်း'ကို ပါးစပ်ဖြင့် ထုတ်ပြောသည်။ သို့သော် ကာယကံ ဝစီကံအားဖြင့် မည်သို့မျှ အကျိုးယုတ်အောင် မလုပ်ဆောင် သေးပေ။ စတုတ္ထအဆင့်ကျသောအခါ—

"ကိုယ့်လူ သတိထား၊ ဒီလူနဲ့ စီးပွားရေးနိုင်ငံရေး လူမှုရေး အစစအရာရာမှာ ကင်းကင်းရှင်းရှင်းနေ။ ကောလာနဲ့သတ်

ပေးတာ။ ဗိုလ်ကြီး စီးပွားဆိုရင်လဲ မမြှောင်ခိုသမား။ နိုင်ငံရေး နောက်ကြောင်းကလဲ အတိုက်အခံသမား။ လူမှုရေးကျတော့ သီလကြောင်၊ လူမှုရေး နောက်ပြန်တဲ့သူ။ အဲဒီတော့ သူနဲ့ဆက်သွယ်မိရင် သူ တစ်စုံတစ်ရာဖြစ်တဲ့အခါ ကိုယ့်လူပါ'ကျွန်ဝယ်ရာ အဆစ်ပါ' သွားလိမ့်မယ်"

ဟူ၍လည်းကောင်း

"ခင်ဗျားတို့လို တာဝန်ရှိသူတွေနဲ့ တွေ့တုန်း အလျဉ်းသင့်လို့ သတိပေးလိုက်ရဦးမယ်။ ဦး××× ကိုတော့နည်းနည်းစောင့်ကြည့်ဖို့လိုမယ်ထင်တယ်။ သူ့အလုပ်အကိုင်က သာမန် အလုပ်အကိုင်ပဲ။ သူလို လုပ်ကိုင်နေသူတွေ အများကြီးပါ။ သူ့ကျမှ နေ့ချင်းညချင်း နတ်ရေကန်ထဲကျသလို ကြီးပွားလာတယ်ဆိုတော့ ရိုးရိုးသားသား ဟုတ်မယ်မထင်ဘူး။ ပြီးတော့ သူ့အိမ်ကို လူမျိုးစုံ လာနေတယ်"

ဟူ၍လည်းကောင်း

"မောင်ပြူရေ၊ ဦးနီရဲ့အိမ်ကို မီးရှို့လိုက်စမ်းကွာ။ ရောမင်းသုံးဖို့။ ပြီးရင်လဲ ထပ်ပေးဦးမယ်"

ဟူသည့် အထိ ကာယကံ ဝစီကံအားဖြင့် အကျိုးယုတ်အောင် လုပ်ဆောင်လာတတ်တော့သည်။ ငွေညှိုးဆုံးရှုံးအောင်၊ ပျက်စီးအောင်၊ အသက်ဆုံးရှုံးအောင် အမျိုးမျိုး ကြံစည်ပမ်းအားထုတ်လာတတ်ပေသည်။

မနာလိုခြင်းသည် အလွန် ကြောက်မက်ဖွယ် ကောင်း၏။

သူခိုး ဓားပြများသည် သူတစ်ပါးပစ္စည်းကို ခိုးယူ လုယက် တိုက်ခိုက်ပြီးလျှင် မိမိ စားသုံး၏။ တစ်ပါးသူ ပျက်စီးပြီး သူ့တွင် အကျိုးရှိ၏။ ခံစားရ၏။

မနာလိုခြင်းကား ဤသို့ မဟုတ်။ များသောအားဖြင့် မိမိတွင် စိတ်ကျေနပ်သွားခြင်း၊ စိတ်ချမ်းသာသွားခြင်းမှ တစ်ပါး အခြားအကျိုးမရှိပေ။ သူတစ်ပါး ပျက်စီးသည်ကို မြင်ရသဖြင့် မိမိ ကျေနပ်သွားရခြင်း အကျိုးသာ ရှိသည်။

မနာလိုခြင်း ခံရသဖြင့် ပျက်စီးရာ ပျက်စီးကြောင်း အကြံ ခံရသူမှာလည်း ဝဋ်ကျွေးရှိက ရှိသရွေ့ ပျက်စီးရပေသည်။ အကျိုးယုတ်ရပေသည်။ ထို့ကြောင့်—

"သူတစ်ပါး မနာလို ကိုယ့်မှာအကျိုး မရှိ"

ဟူ၍ ရှေးစကားစဉ် ရှိပေသည်။ အမှန်အားဖြင့် သူတစ်ပါးကို မနာလိုခြင်း ကိုယ့်တွင် အကျိုးမရှိရုံသာမက အကျိုးယုတ်တတ်ပေသည်။ အကျိုးပျက်စီးတတ်ပေသည်။ ဤသို့ သူတစ်ပါးကို မနာလိုသည့်အတွက် မိမိတွင် အကျိုးပျက်စီးရသော ရှေးဟောင်း ပုံသက်သေအများအပြားအနက် စာရေးသူတို့ ငယ်စဉ်က မူလတန်းတွင် သင်ကြားခဲ့ရပြီး ယခုခေတ်လူငယ် များအတွက် 'စိမ်း' နေသော 'အိုးထိန်းသည်နှင့် ခဝါသည် ဇာတ်လမ်း' သည် ထင်ရှားပြောင်မြောက်သော သာဓကဖြစ်၏။

ထိုဇာတ်လမ်းကို မှတ်မိသေးသရွေ့ကို ဖတ်ကောင်းအောင် ဇာတ်လမ်း ဇာတ်ကွက် ဇာတ်ကြောင်းပြန်ရသော်—

## အိုးထိန်းသည်နှင့် ခဝါသည်ဇာတ်လမ်း

ရှေးသရောအခါက ဗာရာဏသီပြည်၊ မြို့တွင်း တစ်နေရာ တွင် အိုးထိန်းသည် လင်မယားတို့သည် အိုးဖုတ်လုပ်ငန်းဖြင့် အသက်မွေးမှု နေထိုင်ကြ၏။

တစ်နေ့တွင် အိုးထိန်းသည်၏ ဇနီးက အိုးထိန်းသည်အား–

"အမောင် ဟိုဘက်နားက ခဝါသည် လင်မယားဟာ အလွန် အမြင်ကတ်စရာကောင်းလှတယ်။ တွဲတွဲ တွဲတွဲ စာစာ စာစာနဲ့ အလွန်ပဲ မျက်စိစပါးမွေး စူးစရာကောင်းပါတယ်"

ဟု မဲ့ကာ ရွဲ့ကာဖြင့် ပြောလိုက်ရာ အိုးထိန်းသည်က–

"ဒါကတော့ ဒီလိုပေါ့ ရှင်မရယ်။ လုပ်စားကိုင်စားလို့ မီး ပွားလမ်းဖြောင့်လာတော့လဲ ကြွကြွထောင်ထောင် ဖြစ်လာတာ ပေါ့"ဟု မခံချိမခံသာဟန်ဖြင့် ပြန်ပြောလိုက်သည်။ ထိုအခါ ဇနီးသည်က ဆက်ပြီး–

"မနေ့တစ်နေ့ကမှ ခါးသာပိတ်မြင်ဖူးတဲ့ ခဝါသည်မကာ ပြောလိုက်တာ 'ခါးသာပိတ်နဲ့ အနှီးထွေးခံလာတာ'တဲ့"

ဟု မချင့်မရဲသည်းခံနေရသောလေသံဖြင့် ပြောလိုက်သည်။

"ဒီလိုပေါ့ ရှင်မရယ်၊ ရှေးလူကြီးများ ဆိုရိုးစကားရှိတယ် မဟုတ်လား။ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်သတဲ့။ ဘောင်ဘင် ခတ်တော့ အိုးပေါ် ကျကွဲရောပေါ့"

အိုးထိန်းသည် ယောကျ်ားက တကယ့်ပညာရှိကြီး လေသံ ဖြင့် ပြန်ပြောလိုက်သည်။

"ဒီတစ်ခါ ကျုပ်ရှေ့မှာ ဒီကောင်မ ထဘီဆွဲပြီး လမ်း လျှောက်ရင် ပါးကို ဆွဲချမယ်"

ဟု မနာလိုစိတ်မွှ ဒေါသစိတ်သို့ ကူးစက်လျက် အံကြိတ်ပြီး ကြိမ်းဝါးသည်။

"မလုပ်ပါနဲ့ မိန်းမရယ်။ နေရှင်းထိုင်ရှင်း အချောင် သက် သက် သူကြီးအိမ် ရောက်နေရပါဦးမယ်"ဟု ယောကျ်ား ဖြစ် သူက ဖျောင်းဖျသည်။ ဇနီးသည်က စိတ်မကျေနိုင်သေးဘဲ–

''ဒီ ခဝါသည်မကို ကျုပ် ကြည့်လို့ကို မရဘူး''ဟု ဒေါသ အငွေ့ကြီးစွာဖြင့် ဆက်ပြောသည်။

''လူ တစ်ဦးတစ်ယောက်ကို မြင်မရလို့ အမြင်ကတ်လို့ ပျက် စီးစေချင်ရင် ကိုယ့်ကို အမှုမပတ်ဘဲ ပျက်စီးအောင် ကြံရတတ် တယ်။ ဒီလိုကြံတတ်မှ လူတော်လို့ ခေါ်ကယ် မိန်းမရဲ့''

အိုးထိန်းသည် ယောကျ်ားက ဇနီးဖြစ်သူကို ဖျောင်းဖျ သလိုနှင့် ကောက်ကျစ်စဉ်းလဲသော ၎င်း၏စိတ်ဓာတ်ကို ဖော်ပြ သည်။

''လူတော်ဆိုတာ ပြောတဲ့အတိုင်းဖြစ်အောင် လုပ်တတ်ရ တယ်။ ရှင်ကကော ပြောပြီး လုပ်နိုင်လို့လား''ဟု မိန်းမက ယောကျ်ားကို မခံချိ မခံသာဖြစ်အောင် သွေးထိုး စကားပြော လိုက်သည်။ထိုအခါယောကျ်ားဖြစ်သူကအနည်းငယ်မျှ မျက်နှာ နီသွားပြီး–

''ရှင်မက ကျုပ်ကို အထင်သေးတာကိုး။ အိုးဖုတ်တဲ့အလုပ် ကို မျိုးရိုးနဲ့မို့ ရိုးရာလက်ငုတ်အလုပ်အနေနဲ့ လုပ်ကိုင်နေရတာ။ ကြံရည် ဖန်ရည် လုပ်ရည် ကိုင်ရည် မရှိလို့မဟုတ်ဘူး။ ကျုပ် လွှတ်လွှတ်လပ်လပ်သာ လုပ်ကိုင်ကြံဆောင်ရရင် မင်းတိုင်ပင် အမတ်တောင် ဖြစ်နိုင်တယ်'' ဟု မခံချင်စိတ်ကို မျိုသိပ်ထား ရသော လေသံဖြင့် ပြန်ပြောလိုက်သည်။ ဇနီးသည်ကလည်း–

''အို ဒီလိုဆိုရင် ကြံစမ်းပါတော်။ ဒီဟာမ ကျုပ်ရှေ့မှာ ဘယ်တော့မှ မထောင်နိုင်တော့ဘူး ဆိုရင် ကျေနပ်ပြီ'' ဟု မီးမောင်းထိုးရာကို လေပင့် ပေးလိုက်သည်။

"ကြည့်နေ ရှင်မ၊ ဒီ ခဝါသည် လင်မယားဟာ တစ်လအတွင်း ကုန်းကောက်စရာ မရှိအောင် ဒုက္ခရောက်သွားစေမယ်"ဟု အိုးထိန်းသည်က ကြုံးဝါးပြီး စကားဝိုင်း သိမ်းလိုက်ကြသည်။

## ဗာရာဏသီမင်း ညီလာခံ (၁)

ဗာရာဏသီမင်းကြီး၏ ညီလာခံသဘင်ဝယ် ပုံမှန်အတိုင်း မှူးမတ်အပေါင်းနှင့် မောင်းမမိဿံ အခြွေအရံ စုံစုံညီညီဖြင့် စည်စည်ကားကား ရှိလှသည်။ ထိုညီလာခံဝယ် အထူး တက်ရောက်သူအဖြစ် အိုးထိန်းသည်ပါ တက်ရောက်လာသည်။

"အရှင်မင်းကြီးအား အထူး သံတော်ဦးတင် လျှောက်ထားရန် ရှိပါသဖြင့် အိုးထိန်းသည်ကြီး အခစား ဝင်ရောက်နေကြောင်းပါဘုရား"

သက်တော်ရှည် အမတ်ကြီး က အိုး ထိန်း သည် အတွက် လျှောက်ထားပေးသည်။ ဘုရင်ကြီးက-

"အိုးထိန်းသည်က ဘာများ အထူး သံတော်ဦး တင် လျှောက်ထားရသနည်း မောင်မင်း"ဟု မေးမြန်းတော်မူသောအခါ၊ အိုးထိန်းသည်က-

"မှန်လှပါ ဘုရား၊ ဘုန်းတော်ကြောင့် ဘုရားကျွန်တော်မျိုး လျှောက်ထားလိုသည်မှာ တိုင်းပြည်၏ အသရေထားမင်းကရာဇ် ဖြစ်ပါသည် ဘုရား"

"အင်း၊ ဟုတ်ပေသကွယ့်၊ မောင်မင်းရဲ့စကားဟာ ပညာရှိစကားပေပဲ။ ကိုင်း ရှေ့ဆက်လို့ လျှောက်တင်စမ်းပါဦး"

ဘုရင်က အိုးထိန်းသည်ကို ချီးမွမ်းလိုက်ပြီး ဆက်လက် လျှောက်တင်ရန်ပါ တိုက်တွန်းလိုက်သည်။

"မှန်လှပါ ဘုရား။ တိုင်းပြည်၏အသရေမှာ မင်းဆောင်ဖြစ်သကဲ့သို့ မင်းဧကရာဇ်တို့၏ အသရေသည်လည်း ဆင်ဖြူတော် ဖြစ်ပါသည်ဘုရား"

"အမှယ် တယ်ဟုတ်ပါလား။ မောင်မင်းရဲ့ လျှောက်သားချက် မှန်ကန်လှပေတယ်။ ငါလဲ ရှေးဘိုးလောင်းတော် ဘေးလောင်းတော် ဘုရင်ဧကရာဇ်များကဲ့သို့ ဆင်ဖြူတော် ဆက်သခံရတဲ့ ဆင်ဖြူရှင်ဘုရင် ဖြစ်ချင်နေတာ ကြာပြီ။ အဲ့ ဘယ်ဘက်မှာ ဆင်ဖြူတော် ပေါ်နေသလဲ။ ဘယ်တော့အခါမှာ ဘယ်သူက လာဆက်သမလဲ။ လျှောက်တင်စမ်း မောင်မင်း"

ဘုရင်က ဆင်ဖြူတော် ဟူသော အသံကြောင့် လှုပ်လှုပ်ရှရှ ကူကြွေမရ လိုချင်ဇောကပ်လျက် မေးလိုက်သည်။ အိုးထိန်းသည်က ရင့်ကျက်သော အသွင်၊ တည်ငြိမ်သော အသံဖြင့်—

"မှန်လှပါ၊ ဆင်ဖြူတော် ဆိုသည်မှာ ပေါ်ခဲလှပါသည် ဘုရား။ ဆင်ဖြူတော်ပေါ်မှ ဆင်ဖြူတော်ဆက်သမည့် သူရှိမှ ဆင်ဖြူရှင်ဘွဲ့ခံရမည်ဆိုလျှင် နေရိပ်ကို နေပူက ရပ်စောင့်သကဲ့သို့ ရှိပါမည် ဘုရား။ ဒါကြောင့် မပေါ်သေးသည့် မည်သည့်အခါ ပေါ်မည် မသိရသော ဆင်ဖြူတော်ကို စောင့်မျှော်မနေဘဲ လက်ရှိ ဘုရင်မင်းကြီးရဲ့ စီးတော်မင်္ဂလာ ဆင်ကိုပင် ဆင်ဖြူတော်ဖြစ်အောင် ဖန်တီးဖို့ ဖြစ်ကြောင်းပါ ဘုရား"

ဟု လျှောက်ထားလိုက်ရာ ဘုရင်ကြီးမှာ အထူးစိတ်ဝင်စားလျက်-

"လျှောက်ထားစမ်းပါဦး မောင်မင်း။ ငါ့ကိုယ်တော်မြတ်ရဲ့ စီးတော်ဆင်မည်းကို ဆင်ဖြူတော်ဖြစ်အောင် မည်သို့ မည်ပုံ ဖန်တီးရမလဲ"

ထိုအခါ အိုးထိန်းသည်က–

"မှန်လှပါဘုရား။ မည်းညစ် ပေရေနေသော အဝတ်အထည်များကို ဖွေးဖွေးဖြူအောင် ပေါင်းတင်ဖန်တီးနိုင်စွမ်းသော ခဝါသည် ဦးဖြူသည် အရှင်မင်းကြီး၏ မင်္ဂလာ ဆင်တော်ကိုလည်း ဆွတ်ဆွတ်ဖြူအောင် ဖန်တီးရန် မခဲယဉ်းကြောင်းကို လျှောက်ထားဝံ့ပါသည် ဘုရား"

ဟု ဘေးဘီမည်သူ့မျက်နှာကိုမျှ မကြည့် ခပ်တည်တည်ဖြင့် ခပ်ရဲရဲ တင်လျှောက်လိုက်သည်။ ထိုအခါ "ယနေ့မှ သတိရလေခြင်း" ဟူသောအသွင်။ အိုးထိန်းသည်ကို အထင်ဝကြီးနှင့် အထူးကျေဇူးတင်ဟန်တို့ဖြင့် အားရဝမ်းသာ မိန့်ကြားလေသည်ကား-

"အို၊ ဟုတ်ပေသားပဲ။ ငါ့ကိုယ်တော်ရှင်မြတ်ကလဲ မေ့နေတော်မူလိုက်တာ။ ပညာရှိ အမတ်များလဲ အကြံဉာဏ်များ ခေါင်းပါးလိုက်ကြတာ။ ယခု မောင်မင်း လာရောက်လျှောက်တင်လို့သာ တော်ပေတော့သည်။ မောင်မင်း တော်ပေစွ။ မောင်မင်း ပညာ ရှိပေစွ" ဟု ပြန်လည် မိန့်ကြားလိုက်လေ၏။

ဗာရာဏသီမင်း ညီလာခံ (၂)

ယခင် အထက် ညီလာခံမှာကဲ့သို့ပင် မင်းပရိသတ် စုံစုံလင်လင် ရှိလေ၏။ ထိုပရိသတ်အထဲတွင် အထူးတက်ရောက်

လာသူအဖြစ် ခဝါသည်လည်း ရှိနေ၏။ ခဝါသည်ကား မင်းကြီးအမိန့်ဖြင့် ခေါ်၍ ဟက်ရောက်လာရခြင်း ဖြစ်သည်။ ညီလာခံတွင် ဘုရင်မင်းမြတ်က ခဝါသည်အား မေးမြန်း ပြီး တွေ့ရှိသောအခါ၊-

"မောင်ဖြူအမည်ရှိတဲ့ ခဝါသည်။ အသင်ဟာ မည်းညစ်တဲ့ အဝတ်များကို ဆွတ်ဆွတ်ဖြူအောင် စွမ်းဆောင်နိုင်သူ ဖြစ်လေသဖြင့် ငါ၏ မည်းသောအဆင်းရှိသည့် မင်္ဂလာဆင်တော်ကို လည်း ဆွတ်ဆွတ်ဖြူအောင် အမြန်ဖန်တီးလော့"

ဟု အမိန့်ချမှတ်တော်မူလိုက်သည်။ ထိုအခါ ခဝါသည်က-

"ကျွန်ုပ်အကြံသည် ငါ့အခေါ် မနာလိုဖြစ်နေတဲ့ အိုးထိန်းသည်ရဲ့ အကြံ ဧကန်ပင် ဖြစ်လိမ့်မည်။ သူ့ဘဝပါးကို မနာလို၍ သူ့ဘဝပါး အကျိုး စီ ပွား ပျက်ပြားအောင် ကြံဆောင်သူတို့၍ ရလဒ်ကို မှတ်မှတ်သားသား သင်ခန်းစာရသွားအောင် ဆုံးမ လိုက်မှသဲ"ဟု ကြံစည်လျက်-

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရားကျွန်တော်မျိုး ခဝါသည် မောင်ဖြူသည် မည်းသောအဝတ်ကို ဆွတ်ဆွတ် ဖြူအောင် စွမ်းဆောင်နိုင်သည်မှာ အမှန်ပင် ဖြစ်ပါသည် ဘုရား။

"ထိုသို့ မည်းသောအဝတ်ကို ဆွတ်ဆွတ်ဖြူအောင် ဖန်တီးရာမှာ ဘုရားကျွန်တော်မျိုးသည် အဝတ်များကို အိုးထဲထည့်ကာ ပြုတ်ရပါသည် ဘုရား။ ထိုသို့ ပြုတ်မှ မည်းညစ်နေသော ကြေးများ ကွာကျပြီး ဆွတ်ဆွတ်ဖြူရပါသည် ဘုရား။

"ယခု အရှင်မင်းကြီး၏မင်္ဂလာဆင်တော်ကိုလည်း ဆွတ်ဆွတ် ဖြူအောင် ဖန်တီးရမည့်အရေးမှာ အဝတ်များကဲ့သို့ပင် ဖန်တီး ရပါမည် ဘုရား။

''အဝတ်များကို ပြုတ်ရန်အတွက် တန်ရုံသောအိုးကို ဈေးထဲမှ အချိန်မရွေး ဝယ်ယူ၍ ရပါသည် ဘုရား။

''သို့ပါသော်လည်း အရှင်မင်းကြီး၏ ဆင်တော်ကို ထည့်နိုင်မည့်အိုးကို ဈေးထဲ ရှာဝယ်မရနိုင်ပါ ဘုရား။

''ထို့ကြောင့် အရှင်မင်းမြတ်က သနားသော အားဖြင့် ဘုရား ကျွန်တော်မျိုးအား ဆင်တော်ကို ပြုတ်နိုင်သည့် အိုးတစ်လုံး ပေးသနားတော်မူပါလျှင် အရှင်မင်းကြီး၏ မင်္ဂလာဆင်တော်ကို ဖောသာခွာအဆင်း၊ ခရုသင်းကဲ့သို့ ဆွတ်ဆွတ်ဖြူသည့် ဆင်ဖြူတော်ဖြစ်အောင် အမှန် ဖန်တီးပေးပါမည် ဆိုသည့်အကြောင်း ရဲရဲ လျှောက်ထားဝံ့ပါသည် ဘုရား'' ဟု ခန့်ညားသော အသံဖြင့် သံတော်ဦးတင် လျှောက်ထားလိုက်သည်။ ထိုအခါ ဘုရင်က—

''အို သည်အတွက် ငွေကြွက် စိုးရိမ် ပူပန်ခြင်း မရှိလေနှင့် မောင်မင်း၊ ငါ့ မင်္ဂလာ ဆင်တော်ကိုသာ ဖောသာ ခွာရောင် အဆင်းလို ဖြူဝင်းအောင် ဖန်တီးပေးလော့။ ဆင်နှင့်တန်သည့် အိုးကို အမြန်ဆုံး မောင်မင်းလက်ထဲ ရောက်ပါစေမယ်''

ဟု အားရပါးရ ဧတိုပေးလိုက်သည်။

## ဗာရာဏသီမင်းညီလာခံ (၃)

ယခု ညီလာခံတွင် ဘုရင့်အမိန့်ဖြင့် အိုးထိန်းသည် တက်ရောက် ခစားနေရသည်။ ဘုရင်က အိုးထိန်းသည်အား အလှန်တရာ အားကိုးသောအကြည့်ဖြင့် ကြည့်ပြီး—

"အိုးထိန်းသည် မောင်မင်း။ မင်းရဲ့ အကြံပေးချက်အရ ငါ့ရဲ့မင်္ဂလာဆင်တော်ကို ဆွတ်ဆွတ်ဖြူဝင်းတဲ့ ဆင်ဖြူတော် အဖြစ် ဖန်တီးဖို့ရာ မောင်မင်းသာ ဟတ်နိုင်တဲ့ အိုးတစ်လုံး လို နေတယ်။ သည်တော့ ဆင်ဖြူတော်ပြုတ်ဖို့ ဆင်နဲ့တန်တဲ့ အိုး တစ်လုံးကို အမြန်ဆုံးလုပ်ပြီး ဆက်သရမယ် မောင်မင်း"

ဟု အမိန့် ချမှတ်လိုက်သည်။ အိုးထိန်းသည်ကား မိမိ၏ မကောင်းမှုသည် မိမိထံ ပြန်လာပြီကို သိပြီဖြင့် ခေါင်းငိုက် စိုက်ကျသွားတော့သည်။

## ဗာရာဏသီမင်း ညီလာခံ (၄)

ယခုအကြိမ်တွင် ခဝါသည်က ရောက်နေပြန်သည်။မင်းကြီး က ခဝါသည်အား ရှုစားပြီးနောက်—

"ခဝါသည် မောင်မင်း၊ ငါ့မင်္ဂလာဆင်တော် ခုထိ ဆွတ် ဆွတ်မဖြူသေးပါကလားကွယ့်"ဟု အလိုမကျသဖြင့် မေး လိုက် သည်။ ထိုအခါ ခဝါသည်က ဝမ်းတွင်းမှ ပွုံးလျက်—

"မှန်လှပါဘုရား။ အရှင်ဘုရား ပေးသနားတော်မူသည့် အိုးတော်မှာ အမျိုးအစား ညံ့လွန်းလှရကား ဆင်နင်းသည်မှ ပင် မခံဘဲ ကွဲသွားသဖြင့် လုပ်ငန်းမစနိုင်ဘဲ ဖြစ်နေကြောင်း လျှောက်ထားဝံ့ပါသည်ဘုရား"ဟုသံတော်ဦးတင် လျှောက်ထား လိုက်ရာ၊ ဘုရင်လည်း ခဝါသည်ကို အပြစ်မှ မတင်သာတော့ဘဲ ပြန်လွှတ်လိုက်ရသည်။

## ဗာရာဏသီမင်း ညီလာခံ (၅)

ယခုအကြိမ်တွင် အိုးထိန်းသည်မှာ မျက်နှာ မသာမယာ ဖြင့် မသက်မသာ ခစားနေရှာသည်ကို တွေ့နိုင်၏။ ဘုရင်ကြီး က အိုးထိန်းသည်ကို မကျေမနပ် အပြစ်တင်လိုသော မျက်နှာ ဖြင့် ရှုစားပြီးနောက် –

"ဟဲ့ အိုးထိန်းသည်၊ အညံ့စား နင့်အိုးက ညံ့ဖျင်းလွန်းလို့ ဆင်နင်းရုံမျှပင် မခံ။ အစိတ်စိတ်ကွဲကုန်ပြီ။ ဆင်နင်းခံတဲ့ အိုး တစ်လုံးကို အမြန်ဆုံးလုပ်ပြီး ဆက်သရမည် တင်ချက်လွတ် အမိန့်တော်"

ဟု အမိန့်ချမှတ်လိုက်သည်။

## ဗာရာဏသီမင်းညီလာခံ (၆)

ယခုအကြိမ်က ခဝါသည်၏ အလှည့်ဖြစ်၏။ခဝါသည်လား ရဲရဲဝံ့ဝံ့ပင် ခစားနေသည်။ ဘုရင်ကြီးကတော့ ဖ.လိုမကျ။ စိတ် တိုသောအသွင်ဖြင့် ခဝါသည်ကို ရှုစားနေသည်။

"ခဝါသည် မောင်မင်း။ အိုး တစ်လုံး ပေးသနားတော့ ဆင်နင်းမခံ၍ ကွဲသွားသည် ဆိုသဖြင့် နောက်ထပ် အိုးတစ်လုံး ပေးသနားတော်မူခဲ့ပြီ။ သို့မှုင့်လည်း ငါ့ဆင်ကို ဘာကြောင့် ဆင်ဖြူတော်ဖြစ်အောင် မပန်တီးနိုင်သေးသနည်း မောင်မင်း"

ဘုရင်မင်းမြတ်၏ ဟန်ပန်၊ အသံတို့က အလိုမကျသော အသွင်တို့ ပြည့်သိပ်နေသော်လည်း ခဝါသည်က အေးဆေး တည်ငြိမ်စွာ ဖြင့်သာ ပြန်လည် လျှောက်တင်လေသည်။

"မှန်လှပါ။ အိုး ထိန်းသည်သည် ဆင်နင်းခံရန်ရှိပြီး အိုး ကို အလွန့်အလွန် ထူအောင်လုပ်ထားပါသဖြင့် အိုး အောက်က ထင်းလှည်းတစ်စီး တိုက်ဖြင့် မီး ပူပေးသော်လည်း အိုးထဲမှ ရေ မှာ နွေးပင် မလာပါဘုရား"

ယင်းသို့ လျှောက်ထားလေလျှင် မင်းကြီးက အိုး ထိန်းသည် ကို နောက်ထပ် အိုးအသစ် ပြုလုပ်စေပြန်သည်။

ဤမျှဖြင့်ပင် အိုးထိန်းသည်၏ ဘဝကို ခန့်မှန်းနိုင်ကြပါပြီ။ ထူထူလုပ်တော့ ရေမပူ၊ ပါးပါးလုပ်တော့ ကွဲနှင့် . အထူလုပ် လိုက်၊ အပါးလုပ်လိုက်၊ ဘုရင်မင်းကြီး အကြိမ်းအမောင်းကို ခံရလိုက်နှင့် နောက်ဆုံး ခဝါသည်လင်မယားကို ကုန်းကောက် စရာ မကျန်စေရဘူးဟု သူကြိမ်းဝါးထားသည့်အတိုင်း သူ့မှာ သာ ကုန်းကောက်စရာ မကျန်အောင် ပျက်စီး ဆုံးရှုံးခြင်းသို့ ရောက်သွားလေသည်။

မနာလိုစိတ်သည် အလွန်နည်း၏။ ကြားလိုက် မြင်လိုက်ရ သည်နှင့် မိမိကပင် မသိလိုက်ဘဲ မနာလိုစိတ်က အလျင်ဖြစ်ပေါ် ပြီးနှင့်လေသည်။ အလွန်တရာ ချစ်ခင်ပါသည်ဆိုသော ညီအစ်ကို မောင်နှမ သူငယ်ချင်းများအကြားတွင်ပင် ပေါ်ပေသည်။

သတိရှိသူသည် ထိုမနာလိုစိတ် ပေါ်လာသည်ကို သိသည် နှင့်=

"မကောင်းဘူး၊ ဖျောက်ပစ်"

ဟု မိမိစိတ်ကို မိမိဆုံးမပြီး မနာလိုစိတ်ကို ဖျောက်ပစ်ကြသည်။ အချို့ မဖျောက်နိုင်ကြသော်လည်း မပွားများစေဘဲ သည်အတိုင်း ထားလိုက်ကြသည်။ အချို့ကား ပူလောင်အောင် ပွားများစေပြီး ထိုမနာလိုစိတ်၏ လှုံ့ဆော်မှုဖြင့် အိုးထိန်းသည်ကဲ့သို့ သူတစ်ပါး ပျက်စီးအောင် ကြံစည်ကြလေသည်။

မနာလိုစိတ် အလွန် ပြင်းထန်လာက သူတစ်ပါး အသက်စည်းစိမ်ကို မဆိုထားနှင့် မိမိ၏ အသက် စည်းစိမ်ကိုပင် အန္တရာယ် ပြုတတ်ပေသည်။

နိပါတ်တော်လာ ပဏ္ဍိတဝါကိဇ္ဇ (ပညာရှိကုန်သည်)နှင့် ကူဋဝါဏိဇ္ဇ (ကောက်ကျစ်သော ကုန်သည်)တို့ ဇာတ်လမ်းကို အတော် များများ ကြားဖူးနေကြပြီ ဖြစ်၏။ အထူးသဖြင့် ထိုဇာတ်လမ်းကို ရွှေမန်းဦးတင်မောင်က 'ရွှဲကုန်သည်' ဟူသော နာမည်ဖြင့် ဇာတ်ထုပ် ကပြထားသဖြင့် ပို၍ ထင်ရှား လူသိများသည်။

ထိုဇာတ်လမ်းတွင် အများသိကြသည့်အတိုင်း ရွှေခွက်မှန်း မသိသူ သူဌေးဟောင်းအိမ်မှ ရွှေခွက်ကို ကောက်ကျစ်သည့် ရွှဲကုန်သည်က အလျင်တွေ့သည်။ အခမဲ့ လိုချင်သဖြင့် တန်ဖိုးမရှိဟန်ဖြင့် ပစ်ခဲ့သည်။ နောက်ပညာရှိ ရွှဲကုန်သည်က တွေ့၍ ပါလာသမျှရွှဲနှင့် ငွေများ ပေးပြီး ဝယ်လာသည်။

ကောက်ကျစ်သော ရွှဲကုန်သည် တစ်ကျော့ပြန်လာပြီးမေးသော် ပညာရှိရွှဲကုန်သည်က ပါသွားကြောင်း သိရသည်။ ထိုအခါ ကောက်ကျစ်သော ရွှဲကုန်သည်မှာ မိမိ လွှင့်ပစ်ခဲ့မိသည့် အမှုလွန်ခဲ့သည့် အဖြစ်ကို သတိမရနိုင်တော့ဘဲ ပညာရှိ

ရှိကုန်သည်ထံ ပါသွားသည့်အတွက် မနောလိုစိတ် အထွတ်အထိပ်ရောက်ကာ နောက်ဆုံး ရင်ကွဲနာကျ (နှလုံးသွေးရပ်)ပြီး သေဆုံးသွားရလေသည်။

မနောလိုခြင်း၏ သဘောကို ဤမျှလောက် ရှင်းပြခြင်းဖြင့် သိသာလောက်ပေပြီ။

နောက်တစ်မျိုးကား 'ဝန်တိုခြင်း'ပင် ဖြစ်ပေသည်။

## ဝန်တိုခြင်း

ဝန်တိုခြင်း ဟူသည်ကား 'နှမြောတွန့်တိုခြင်း'ပင် ဖြစ်ပေသည်။

ဝန်တိုခြင်း၊ တွန့်တိုခြင်း၊ နှမြောခြင်း၊ မပေးလိုခြင်း စသည်တို့မှာ အတူတူပင် ဖြစ်သည်။

မိမိ၏ ပစ္စည်းဥစ္စာ၊ တန်ခိုးသြဇာ စသည်များကို သူတစ်ပါးအား မပျေလိုသည့်အတွက် ကာကွယ်ခြင်း၊ ကွယ်ဝှက်ခြင်း၊ ထိန်ချန်ခြင်း၊ စသည်တို့မှာ ဝန်တိုသူတို့၏ အလုပ်ပင် ဖြစ်တော့သည်။

— ဟင်းစားပဲ ပေးမယ်၊ ကွန်ချက် မပြ။

— ဆေးပဲ ရမယ်၊ ဆေးနည်း မရ။

စသည်ဖြင့် အတတ်ပညာကို ထိန်ချန်ထားခြင်းသည်လည်း ဝန်တိုခြင်းပင်ဖြစ်၏။သူတစ်ပါး ချေးငှားမှာ စိုးသဖြင့် ပစ္စည်းဥစ္စာ ငွေအသပြာ စသည်များကို မရှိဟု 'ဘူး' ခံထားခြင်းသည်လည်း ဝန်တိုခြင်းကြောင့် ဖြစ်၏။ ပစ္စည်းဥစ္စာ အသပြာ

များသာမက ခင်ပွန်း ယောကျ်ား၊ ဇနီး မယား၊ သမီး သား နှင့် ဆွေမျိုးမျိုးနွယ် အခြွေအရံ အသွယ်သွယ်တို့ကိုလည်း ဝန်တိုခြင်းဖြင့် ကွယ်ဝှက် ထိန်းချုပ်ကြပေသည်။

"ဘယ်ယောကျ်ားနဲ့မှ အရောမဝင်နဲ့လို့ ပြောထားတယ် မဟုတ်လား။ ငါ့ သူငယ်ချင်းတွေလဲ မယုံနဲ့။ လောကမှာ သစ္စာရှိသူဆိုတာ အရှားသားပဲ။ ကုန်ကုန်ပြောရရင် ငါ့ညီတွေ၊ အစ်ကိုတွေတောင် စိတ်ချလက်ချ မယုံနဲ့" ဟူ၍ လင်ယောကျ်ား က ခင်ပွန်းကို ကျိတ်ပြောခြင်းမျိုး။

"အဲဒီ မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်း နေစမ်းပါ။ ထိပ်ပုတ်ခေါင်းပုတ်နဲ့အရောတဝင်မနေနဲ့။ခုခေတ် မိန်းကလေး တွေက သိပ်ရဲတင်းတာ။ ပြီးတော့ ဦးလေးအရွယ်၊ ဘကြီး အရွယ်လဲ ရှောင်တာမဟုတ်ဘူး" စသည်ဖြင့် ဇနီးက ခင်ပွန်းကို ကျိတ်ပြောတာမျိုး။

"အဲဒီကောင်နဲ့ မဆက်ဆံနဲ့၊ ကိုယ်နဲ့ အဆင့်အတန်းချင်း တူတာ မဟုတ်ဘူး။ ကောဒေါပေါ် တင်ထားတာကို ပြာပုံ မတိုးချင်နဲ့" ဟု မိဘက သမီးကို ကြိမ်းတာမျိုး။

"ဒီမိန်းကလေးနဲ့ ယူရင်တော့ နင့်ကို သေခန်းဖြတ်ပြီသာ မှတ်လိုက်တော့။ တို့သေလဲ နင်မလာနဲ့။ နင်ခွေးဖြစ်လဲ တို့ ပြန်မကြည့်ဘူး" ဟု မိဘက သားကို ကြိမ်းတာမျိုးတို့သည် ဝန်တိုခြင်း၏ လုံ့ဆော်ချက်ကြောင့် ဖြစ်ပေသည်။

ထို့အတူ ဇနီးမယား၊ သမီးသားနှင့် လင်မယား၊ ဆွေမျိုး အကျိုးလိုလား တပည့်များပါမကျန် မိမိ ပရိသတ်များကို အမျိုးမျိုးသောနည်းဖြင့် ချုပ်ချယ်ဟန့်တားကြသည်ကို တွေ့ဖူး

မြင်ဖူး ကြားဖူး ကြပေမည်။ ကိုယ်တိုင်လည်း အများအပြား ပြုလုပ်ခဲ့ပေမည်။ ဤကား ဝန်တိုခြင်းကြောင့်ပေတည်း။

ဤကဲ့သို့ မိမိပိုင်သည့် ပစ္စည်းဥစ္စာ အသပြာနှင့် ပရိသတ် အခြွေအရံများ အပေါ်သာမက မိမိမပိုင်သည့် မိမိနှင့် မပတ်သက်သည့် ပစ္စည်းဥစ္စာ အသပြာနှင့် ပရိသတ် အခြွေအရံများ အပေါ်ပါ ဝန်တိုလိုက်သေးသည်။

ဘတ်(စ်)ကားပေါ်တွင် နှစ်ယောက်ထိုင်ခုံကို မိမိ တစ်ဦးတည်းက သုံးပုံနှစ်ပုံ နေရာယူကာ ပေါင်ကားထိုင်နေခြင်းမျိုး။ ခရီးသည်အသစ် တက်လာပြီး မိမိ အနားလာထိုင်မည့်လုပ်က မနှစ်မြို့ဟန် ပြခြင်းမျိုး။

ရထားပေါ်တွင် နှစ်ယောက် သုံးယောက် ထိုင်နိုင်သည့် ခုံကို တစ်ယောက်တည်း အပိုင်စီးကာ အိပ်နေပြီး ရပ်စီးနေသည့် ခရီးသည်များကို မျက်နှာမြှင်တိုက် မျက်စိမှိတ်နေခြင်းမျိုးများကို မကြာခဏ တွေ့ရ မြင်ရမည် ဖြစ်ပါသည်။ ဤကား မိမိ မပိုင်သည့် ပစ္စည်းအပေါ် ဝန်တိုခြင်းပင် ဖြစ်၏။

ထိုထက်ဆိုးသည်ကား သူတစ်ပါး ဆူရာ အနီးရောတွင်...

-"အလှူရဲလို့ မဲ့ဘာပေါ့" ဟု အနောက်ပေတ်သေဒွေးကို သူ တံခါးစောင့်နတ် ပြောသကဲ့သို့ ဝန်တိုစိတ်ဖြင့် ပင်ပြောခြင်းမျိုး ဖြစ်၏။

ထင်ရှားသော သာဓကတစ်ခုမှာ မြတ်စွာဘုရား သခင်ယက်ထက်တော်က အလှန်တရာ ဝန်တိုတတ်သော နှမြောတွန့်တိုတတ်သော 'တောတေးယျ' အမည်ရှိ ပုဏ္ဏားတစ်ဦး ရှိသည်။

တောတေးယျ ပုဏ္ဏားသည် မိမိသာ နှမြော တွန့်တိုတတ်ခြင်း မဟုတ်၊ မိမိကသာ မပေးကမ်း မလှူဒါန်းခြင်း မဟုတ်၊ ပေးကမ်း လှူဒါန်းသူများကိုလည်း အပြစ်တင်ပြီး ပိတ်ပင်တတ်၏။

သူ့သားသည် သူကဲ့သို့ မဟုတ်။ ပေးကမ်း လှူဒါန်းတတ်သည်။ ထိုအခါ တောတေးယျ ပုဏ္ဏားက သားဖြစ်သူအား....

''မင်း ဒီလိုသာ လှူဒါန်း ပေးကမ်းနေရင် ဘိုးစဉ် ဘောင်ဆက်က ငါတို့ စုထားခဲ့တဲ့ ပစ္စည်းတွေ ကုန်ရောပေါ့''ဟု အပြစ်တင်ပြီး တားမြစ်သည်။ ထိုဝန်တိုစိတ်ဖြင့် တောတေးယျ ပုဏ္ဏားသည် သေသောအခါ အပါယ်လေးဘုံတွင် တစ်ဘုံဖြစ်သည့် တိရစ္ဆာန်ဘုံတွင် 'ခွေး'သွား၍ ဖြစ်လေသည်။ ခွေးဖြစ်သောအခါ အခြားတွင် သွားမဖြစ်ဘဲ သား၏ နေအိမ်တွင်ပင် ဖြစ်လေသည်။

သားဖြစ်သူသည် ပေးကမ်း လှူဒါန်းသူဖြစ်၍ မြတ်စွာဘုရားသခင်အား နေ့စဉ် ဆွမ်းလောင်းလှူ၏။ တောတေးယျ ပုဏ္ဏားမှ ဖြစ်လာသော ခွေးသည် သူ့သားက မြတ်စွာဘုရားအား ဆွမ်းလောင်းလှူခြင်းဖြင့် ပစ္စည်းဥစ္စာများ ကုန်ခမ်းသွားမည်ကို စိုးရိမ်သဖြင့် မြတ်စွာဘုရားသခင်အား အိမ်တွင်းသို့ မဝင်နိုင်အောင် ဆီး၍ ဟောင်လေသည်။

ဝန်တိုစိတ်ဖြင့် အပါယ်လားပြီး ခွေးဘဝ ရောက်နေသည့်တိုင်အောင် ဝန်တိုစိတ် ကြီးမားစွာဖြင့် ဤသို့ သူတစ်ပါး အလှူကို ပိတ်ပင် တားဆီးနေခြင်းမှာ ကြောက်ခမန်းလိလိဖြစ်ပေသည်။ ထို ထပ်၍ ပြုအပ်သော မကောင်းမှုကြောင့် အပါယ်ဘုံတွင် နစ်၍ နစ်၍ နေဦးမည် ဖြစ်ပေသည်။

ထို့ကြောင့် ဗျေးပိုင်းတွင်....
- အကုသိုလ် မကောင်းမှုသည် ကျောက်ခဲနှင့် တူ၏။
- ကုသိုလ်ကောင်းမှုသည် ဝါဂွမ်းနှင့် တူ၏။
- ကျောက်ခဲ ဟူသည် အောက်သို့သာ တိုး၍ တိုး၍ နစ်တတ်သည်။
- ဝါဂွမ်းဟူသည် အထက်သို့သာပျံ့၍ပျံ့၍မြင့်တတ်သည်။

ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုခွဲမျိုးသည် ထိုထက်နိမ့်သော ဘဝကို ရရှိပေဦးမည်။

## ဝန်တိုခြင်း ငါးပါး

ဝန်တိုခြင်း ငါးပါးရှိသည်။ ၎င်းတို့မှာ....

၁။ နေရာဌာနနှင့် စပ်ပြီး ဝန်တိုခြင်း၊
၂။ ချစ်ခင် ရင်းနှီးသူများနှင့်စပ်ပြီး ဝန်တိုခြင်း၊
၃။ စီးပွား လာဘ်လာဘနှင့် စပ်ပြီး ဝန်တိုခြင်း။
၄။ ချီးမွမ်းဖွယ်ဂုဏ်နှင့် စပ်ပြီး ဝန်တိုခြင်း၊
၅။ အတတ်ပညာနှင့် စပ်ပြီး ဝန်တိုခြင်း တို့ ဖြစ်ပေသည်။

## ၁။ နေရာဌာနနှင့်စပ်ပြီးဝန်တိုခြင်း

ဘတ်(စ်)ကားပေါ်၊ ရထားပေါ် နေရာဖယ်မပေးလိုခြင်း မျိုးကား ဤနေရာဌာနနှင့်စပ်ပြီး ဝန်တိုခြင်းတွင် အကျုံးဝင်ပေသည်။ အမွေဆိုင်အိမ်ကို တစ်ဦးတည်း အပိုင်စီးထားပြီး

ဖယ်မပေးခြင်း၊ နှစ်ဦးပိုင်နေရာတွင် မိမိတစ်ဦးတည်း နေရာရရေးအတွက် ကျန်တစ်ဦးကို မနေနိုင်အောင် နည်းမျိုးစုံဖြင့် ဒုက္ခပေးခြင်း။ ရန်လုပ်ခြင်းမျိုးတို့ ဖြစ်သည်။ လူများတွင်သာမက ရဟန်းသံဃာများတွင်လည်း ဖြစ်တတ်သည်။ သံဃာပိုင်ကျောင်းကို ပုဂ္ဂလိကပိုင်ကျောင်းအဖြစ် သိမ်းပိုက်ထားခြင်းမျိုး ရှိတတ်သည်။

## ၂။ ချစ်ခင်ရင်းနှီးသူများနှင့် စပ်ပြီးဝန်တိုခြင်း

ဇနီးမယား၊ သားသမီးများကို သူတစ်ပါးနှင့် မဆက်ဆံစေလိုခြင်း၊ မိမိဇနီးကို သူတစ်ပါးသွေးဆောင်ယူငင် သွားမည်စိုးသဖြင့် ဇနီးအား တစ်ပါးယောကျ်ားနှင့် ဆက်ဆံခြင်းတွင် ဝန်တိုခြင်း၊ ချုပ်ချယ်ခြင်း၊ မိမိသားသမီးများကို ပျက်စီးမှာစိုး၍ ဂုဏ်ငယ်မည်စိုး၍ ဂုဏ်ငယ်သူ၊ အကျင့်မကောင်းသူများနှင့်ဆက်ဆံရာတွင် ဝန်တိုခြင်း၊ ချုပ်ချယ်ခြင်း စသည်တို့မှာ အထက်ပါအမျိုးအစားတွင် ပါဝင်သည်။

## ၃။ စီးပွားလာဘ်လာဘနှင့် စပ်ပြီးဝန်တိုခြင်း။

စီးပွားလာဘ်လာဘနှင့် စပ်သည့် ဝန်တိုခြင်းတွင် မိမိက ပေးရကမ်းရ ကျွေးမွေး လှူဒါန်းရမည်ကိုလည်း ဝန်တိုသည်။ သူတစ်ပါးပေးခြင်း၊ ကမ်းခြင်း၊ ကျွေးမွေးခြင်း တို့တွင်လည်း ဝန်တိုသည်။ ဘောတေးယျပုဏ္ဏား ဝန်တိုခြင်းမျိုး ဖြစ်သည်။ ထို့ပြင် မိမိကို ပေးကမ်းခြင်းနှင့် သူတစ်ပါးအား ပေးကမ်း

ခြင်းအပေါ် ချိန်ထိုးပြီးဝန်တိုခြင်းမျိုးလည်း ရှိသည်။ ဥပမာ တပည့်တစ်ဦးက မိမိအား ဖယောင်းတိုင် တစ်ထုပ်ဖြင့်ကန်တော့ ပြီး အခြား ဆရာတစ်ဦးအား နက်(စ) ကော်ဖီ၊ နိုင်ငံခြား ဘီစကွတ်တို့ဖြင့် သွားရောက် ကန်တော့ကြောင်း၊ ကြားလျှင် မိမိ ထက် ပိုသူအပေါ် ဝန်တိုခြင်းမျိုးဖြစ်သည်။

## ၄။ ချီးမွမ်းဖွယ်ဂုဏ်နှင့်စပ်ပြီး ဝန်တိုခြင်း

"သူတစ်ပါးကို မိမိရှေ့တွင် လာပြီး အမွမ်းတင် ဂုဏ်ပြု ချီးကျူးနေသည်ကို ကြားရခြင်းထက် နားကြားပြင်းသော စကား အဘယ်မှာ ရှိအံ့နည်း" ဟု ဆိုကြသည် မဟုတ်လော။ မိန်းကလေးတစ်ဦးရှေ့တွင် အခြား မိန်းကလေးတစ်ဦး ချော ကြောင်း၊ လှကြောင်း အမွှမ်းတင်ပြောလျှင် ကြားရသူ မိန်း ကလေးမှာ ဒေါသအိုး ပေါက်ကွဲလိမ့်မည်။ ချီး မွမ်း သူ က ယောကျ်ားဖြစ်ပြီး ကြားရသူက သူ့ချစ်သူရည်းစား ဖြစ်သော် ရည်းစားပျက်လောက်သည်။ လင်သားဆိုလျှင်လည်းကွဲလောက် သည်။ အနည်းဆုံး ရန်ဖြစ်ပေလိမ့်မည်။

ဤကားတစ်ပါးသူအကြောင်း မိမိရှေ့တွင် လာပြီးချီးမွမ်း ခန်း ဖွင့်နေသဖြင့် မမြင်ဖူးလျှင်သော်မှ ထိုချီးမွမ်းခံရသူကို အလိုလိုမုန်းမိလိမ့်မည်။ ဤသည်မှာ ဝန်တိုခြင်း၊ ထိုသူအား ဂုဏ်တင်ခြင်းနှင့်ပတ်သက်ပြီး ဝန်တိုခြင်းဖြစ်၏။ ဤဝန်တိုခြင်း မျိုးကား ဆရာတပည့်အတွင်းတွင်ပင်ဖြစ်တတ်သည်။ တစ်ကြိမ် က စာရေးသူသည် စာပေတိုက်တစ်ခုတွင် 'ရေးဖော်ရေးဖက် သူငယ်ချင်းများနှင့် စကားလက်ဆုံ ကျနေစဉ် သူငယ်ချင်း

စာရေးဆရာတစ်ဦး ရောက်လာပြီး စာရေးသူနှင့် စကားလက်ဆုံကျနေသည့် စာရေးဆရာအား–

''ဘယ့်နှယ်လဲ အာစရိ၊ တပည့်က ဆရာ့ထက် ကလောင်သွက်နေပါလား။ အာစရိစာအုပ်က သုံးထောင် အနိုင်နိုင်ရိုက်နေတဲ့ အချိန်မှာ အာစရိနဲ့တပည့်ကျော်က ငါးထောင် ချက်ချင်း ကုန်တယ်ဆိုပဲ''ဟု ပြောသည်။ ထိုအခါ ဆရာဖြစ်သူ စာရေးသူ၏ သူငယ်ချင်းက–

''အဲ ပေါက်ကရတွေရေးပြီး နာမည်ကြီးလာတဲ့ အကောင်ကို ကျုပ် တပည့်လို့ ပြောရမှာတောင် ရှက်လာပြီဗျ'' ဟု ပြန်ပြောလိုက်သည်။

ဤဝန်တိုမှုမျိုးကား ညီအစ်ကို ညီအစ်မအရင်းအတွင်းတွင်လည်း ဖြစ်တတ်၏။ မိဘက သားသမီးတစ်ဦးဦး တစ်စုံတစ်ခုနှင့်ပတ်သက်ပြီး ချီးကျူးလျှင် ကျန်သားသမီးများက မခံချင်ကြပေ။

ဤအချက်ကား ဂုဏ်သတင်း၊ ချီးမွမ်းခြင်းနှင့်စပ်ပြီးဝန်တိုခြင်းဖြစ်၏။ အခြားသာဓကများစွာ ရှိပေသေးသည်။ မိမိထက် သူတစ်ပါးကို ပို၍ ကြည်ညိုလေးစား မြှောက်စားခြင်းတွင် ဝန်တိုခြင်းပင်ဖြစ်၏။

## ၅။ အတတ်ပညာနှင့်စပ်ပြီးဝန်တိုခြင်း

မိမိအတတ်ပညာကို သူတစ်ပါးရသွားမည်၊ တတ်သွားမည်စိုးသဖြင့် ထိန်ချန်ထားခြင်းသည် အတတ်ပညာနှင့် စပ်ပြီးဝန်တိုခြင်းပင် ဖြစ်၏။

''ဒီပညာကို ငါ့ဘစ်ယောက်တည်းတတ်တာ''ဟု အချို့က ဂုဏ်ယူဝင့်ကြွားပြီးတော့ပင် ပြောဆိုကြရသေးသည်။ မြန်မာ ဆေးဆရာကြီး တစ်ဦးက–

''မြန်မာ့ဆေးစွမ်းကောင်း တော်တော်များများဟာ ရှေး ဆေးဆရာကြီးတွေ လျှို့ဝှက်လွန်းလို့ တစ်စတစ်စနဲ့ တိမ်မြုပ် ပျောက်ကွယ်ကုန်ကြတယ်''ဟု ညည်းညူပြောဆိုသံကို ကြားရ ဖူးသည်။ မိမိ၏အတတ်ပညာကို သူတစ်ပါးအား ပေးရမည် ကိုလည်း ဝန်လေးသည်။ ဝန်တိုသည်။ ဆရာတူ တပည့်ဖြစ်စေ ကာမူ ဆရာ့အတတ်ပညာအားလုံးကို မိမိတစ်ဦးတည်းသာ ရလိုပြီး ကျန်တပည့်များမိမိလောက်မတတ်စေလိုခြင်းဖြင့်လည်း ဝန်တိုသည်။

ဤဝန်တိုခြင်း ငါးပါးသည် ကြီးစွာသော ဒုက္ခကို ပေး တတ်၏။

မည်သို့ ဆိုးဝါးကြောင်း၊ မည်သို့ ဒုက္ခပေးတတ်ကြောင်း၊ ဝန်တိုခြင်းတည်းဟူသော အကုသိုလ် အကျိုးဆက်ကြောင့် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်တော့မည့် အရင့်အမာပုဂ္ဂိုလ်ကြီးဘဝ ရောက်သည့်တိုင်အောင် မြင်မကောင်း ကြားမကောင်းသော အဖြစ်ဆိုး ဒုက္ခဆိုးတို့နှင့် ကြုံတွေ့ခဲ့ရသည့် မထေရ်မြတ်ကြီး တစ်ဦး၏ အတ္ထုပ္ပတ္တိကို အတိတ်ဇာတ်ကြောင်းနှင့်တကွ သာ ဓကအဖြစ် တင်ပြပါမည်။

ရှေးအခါက ဗာရာဏသီပြည်နယ်အစွန်းတွင် 'ရွာသာယာ' အမည်တပ်ပြောလောက်သည့် အလွန်တရာသာယာသော တော ရွာတစ်ရွာ ရှိလေသည်။ အိမ်ခြေတစ်ရာ ပတ်ဝန်းကျင်ခန့်သာရှိ ပြီး ရွာသူရွာသားများမှာ ကောင်းသော ကုန်သွယ်ခြင်း၊

လယ်လုပ်ခြင်း၊ စိုက်ပျိုးခြင်းအစရှိသည့် နူးညံ့သော အသက်မွေးမှုဖြင့် အသက်မွေးမှု လုပ်ကိုင် စားသောက်ကြ၏။ ဒါန၊ သီလ စသည့် အလှူပေးခြင်း၊ သီလ ဆောက်တည်ခြင်းတို့တွင်လည်း အလွန်မွေ့လျော်ကုန်၏။ ထို့ကြောင့် ရွာသာယာသည် အလွန်တရာပင် စည်ပင်သာယာ ဝပြောလှ၏။

ထိုရွာသာယာတွင် ဦးဖြူစင်ဟု အမည်တွင်လာက်သည့် ဖြူစင်သော သီလ၊ ဖြူစင်သော စိတ်နှလုံးရှိသည့် သူကြွယ်တစ်ဦးရှိ၏။

ထိုအချိန်တွင် ဗာရာဏသီပြည်၌ ကဿပ မြတ်စွာဘုရားသခင် ထင်ရှား ပွင့်တော်မူ၏။ မြတ်စွာဘုရားသခင်သည် ကျွတ်ထိုက်သသူ နက်လူအများကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက် ရှိ၏။ ဒါန သီလ စသည့် ကုသိုလ် အကျိုးတို့ကြောင့် လူတို့၏ သက်တမ်းသည် အနှစ် နှစ်သောင်းမျှ အတိုင်းအရှည် ရှိကြ၏။ အသက် ရှည်ကြ၏။

## ဆရာ ဒါယကာနှင့် ညှော်သည်

ထိုရွာသာယာနှင့် မလှမ်း မကမ်း တောတွင်းတစ်နေရာတွင် တရား ရှာမှီးရန် ရဟန်းတော်များ ပွားများ အားထုတ်ရန် အလွန် သင့်တင့် လျော်ကတ်သည့် တောကျောင်းကလေး တစ်ကျောင်း ရှိ၏။ ထိုကျောင်း၏ ဒါယကာမှာ ဦးဖြူစင်ပင် ဖြစ်၏။ ထိုကျောင်းထိုင် ဆရာတော်ကား ဦးဖြူစင်၏ ဆရာတော် ဖြစ်၏။

ဦးဖြူစင်နှင့် တောကျောင်း ဆရာတော်တို့မှာ ဆရာရင်း ဒါယကာရင်း အဖြစ် ဒါယကာက ဆရာအား ပေးကမ်း လှူဒါန်းခြင်း၊ ပစ္စည်းလေးပါး ထောက်ပံ့ခြင်းဖြင့် ဆရာက ဒါယကာအား တရားမေ့ ဆိုဆုံးမခြင်းဖြင့် နှစ်ဦး နှစ်ဖက် အကျိုးရှိစွာဖြင့် ကာလရှည်ကြာစွာ ဆက်ဆံခဲ့ကြ၏။

ထိုသို့ ရှိခဲ့ရာမှ တစ်နေ့နံနက်တွင် ဦးဖြူစင်၏ အိမ်ရှေ့သို့ ရဟန်းတစ်ပါး ဆွမ်းရပ်လာ၏။ ထိုရဟန်းသည် အခြား တစ်ပါးမှ လာသော အာဂန္တုညွှေ့သည် ရဟန်းဖြစ်သဖြင့် ဦးဖြူစင်မှာ ရှေးက ထိုရဟန်းကို တစ်ကြိမ်မျှ မမြင်ဖူးခဲ့ပေ။

ဧည့်သည် ရဟန်းသည် နွမ်းပါးလှ၏။ ဦးဖြူစင်၏ တော ကျောင်း ဆရာတော်ကဲ့သို့ ပစ္စည်းလေးပါး ဒါယကာ ရှိဟန် မတူ။ သင်္ကန်းမှာ ညစ်ထပ်ထပ် ဖြစ်နေသည်။ ကာလ အတန် ကြာမျှ မရိပ်ဘဲ ထားရသဖြင့် ဆံပင်မှာလည်း ရှည်၍နေသည်။ ရပ်ဝေးမှ လာရသဖြင့် ခြေဖနောင့်များတင်ပြီး နွမ်းနယ်နေပုံ ရ၏။

သို့သော် ထိုဧည့်သည်ရဟန်းကို ဖူး မြင်ရသည်နှင့် ဦးဖြူစင်၏ သဒ္ဓါစိတ် ကြည်ညိုစိတ်မှာ တားမရ ဆည်းမရနိုင် ဝဖြိုင်ဖြိုင် ယိုဖိတ်၍ လာသည်။ ထို့ကြောင့် ဦးဖြူစင်မှာ ကပျာကယာ အိမ်ပေါ်မှ ဆင်းပြီး....

"အရှင်ဘုရား အိမ်ပေါ်သို့ ကြွတော်မူပါဘုရား၊ တပည့် တော်၏ ဆရာရင် ဖြစ်သူ တောကျောင်းဆရာနှင့်အတူ ဆွမ်း ဘုဉ်းပေးတော်မူပါဘုရား၊ တပည့်တော်အား သနားသဖြင့် တပည့်တော်၏ ပင့်ဖိတ်ခြင်းကို သည်းခံ(လက်ခံ)တော်မူပါ

ဘုရား''ဟု လျှောက်ထားလိုက်သည်။ ထိုအချိန်တွင် တော ကျောင်း ဆရာတော်မှာ ဦးဖြူစင်၏ အိမ်ပေါ်တွင် သီတင်း သုံးနေ၏။

''တောက်၊ အခုမှ ပေါ်တဲ့ ရွှေကြာပင်က ငွေးငွေးစွင့်စွင့်နဲ့ ဝင့်လွန်းလှတယ်၊ 'ငါးစိမ်းမြင် ငါးကင်မေ့တဲ့' ငါ့ဒါယကာ ဦးဖြူစင်ကလဲ ငါ့ကို ဖုတ်လေလေတဲ့ပါးပိ ရှိလေသလားတောင် အမှတ်မထားတော့ဘူး''

ဦးဖြူစင်၏ လုပ်ရှားမှုကို ကြည့်ပြီး တောကျောင်း ဆရာ တော်က စိတ်တွင်းမှ ဤကဲ့သို့ ခံပြင်းစွာ ပြောဆိုလိုက်သည်။ ညှိသည်ရဟန်းသည်လည်း ဦးဖြူစင်၏ ပင့်ဖိတ်ချက်ဖြင့် အိမ် ပေါ်သို့ လိုက်ပါ ကြွရောက်လာပြီး ဦးဖြူစင် ခင်းပေးသော တောကျောင်းဆရာတော် အနီးနေရာတွင် သီတင်းသုံးနေ၏။ ထို့နောက် ဦးဖြူစင်သည် ဆရာတော် နှစ်ပါးအား ဆွမ်းကပ် လှူ၏။ဆရာတော်နှစ်ပါး ဆွမ်းစားနေစဉ် ဦးဖြူစင်က ညှိသည် ဆရာတော်အား....

''ဆွမ်းခံဖွယ်ကို မြန်မြန် ဘုဉ်းပေးတော်မူပါ ဘုရား၊ ဆွမ်းဘုဉ်းပေးပြီးလျှင် အချိုပွဲကိုလည်း မြန်မြန် ဘုဉ်းပေး တော်မူပါ ဘုရား၊ ပြီးလျှင် ဘုရားတပည့်တော်၏ ဆရာရင်း ဖြစ်သော တောကျောင်းဆရာတော်နှင့် အတူ ဆရာတော့် ကျောင်းကိုကြွပြီး ထိုကျောင်းမှာ ပျော်သရွေ့ သီတင်းသုံးပါ ဘုရား၊ အရှင်ဘုရား သီတင်းသုံးနေစဉ်အတွင်း ဘုရားတပည့် တော် ဆွမ်းတော်စဉ်မြဲဖြင့် ကပ်လှူ ပူဇော်ပါမည် ဘုရား''ဟု ဝမ်းသာအားရ လျှောက်ထားသည်။

တောကျောင်းဆရာတော်က မျက်နှာထား ခပ်စူစူဖြင့် ခပ်ငူငူ နားထောင်နေသည်။ ညွှန့်သည်ရဟန်းက ဦးဖြူစင်၏ လျှောက်ထားချက်ကို ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံ(လက်ခံ) လိုက်လေသည်။

ဆွမ်းဘုဉ်းပေးကြပြီးနောက် ကျောင်းသို့ ကြွမည်ပြုသော အခါ ဦးဖြူစင်က ညွှန့်သည်ရဟန်းအား သင်္ကန်းတစ်စုံကို ကပ်လှူပြီးနောက်-

"အရှင်ဘုရား၊ ဤသင်္ကန်းကို အလှူခံတော်မူပါ ဘုရား။ ထိုသို့ အလှူခံပြီး တောကျောင်းဆရာတော်နှင့်အတူ အလျင် ကြွနှင့်ပါ ဘုရား။ တပည့်တော် ဆတ္တာသည် (ခေါင်းရိတ် သမား) ခေါ်ပြီး လိုက်ခဲ့ပါမည်ဘုရား။ အရှင်ဘုရား၏ ဆံပင် တို့သည် ရှည်ကုန်ကြပါပြီ ဘုရား။ ဆတ္တာသည်ဖြင့် ခေါင်းရိတ် ပြီး ရေသပ္ပာယ်ပြီး တပည့်တော် လှူလိုက်သော သင်္ကန်းကို ဝတ်ရုံတော်မူပါ ဘုရား။ ထို့ပြင် အရှင်ဘုရား ကျိန်းစက်ရန် အတွက် ခုတင်ညောင်စောင်းကိုလည်း တပည့်တော် ဆောင် လာခဲ့ပါမည် ဘုရား"ဟု ကရားရေလွှတ် လျှောက်ထားလိုက် သည်။

"အမယ်လေး ငါ့နှယ်နော်၊ မျက်စိထဲ အမြင်ကတ်၊ နားထဲ အကြားကတ်လိုက်ပါဘိ" ဟု တောကျောင်းဆရာတော်မှာ စိတ်ထဲမှ ရေရွတ်ရင်း ညွှန့်သည်ရဟန်းအား ဦးဆောင်လျက် တောကျောင်းဆီသို့ စိတ်မသက်မသာစွာဖြင့် ပြန်ကြွခဲ့သည်။ ညွှန့်သည်ရဟန်းလည်း တောကျောင်းဆရာတော်၏ နောက်မှ ကြံ့ခိုင်ရစွာ လိုက်ပါလာခဲ့သည်။

ညနေစောင်းသို့ ရောက်သောအခါ သူကြွယ်ဦးဖြူစင်သည် ဆတ္တာသည်ကို ခေါ်လျက် ဧည့်သည်ရဟန်းကျိန်းစက်ရန် ခုတင် ညောင်စောင်းကို သယ်ယူစေလျက် တောကျောင်းသို့ ရောက်လာသည်။

ကျောင်းသို့ ရောက်လျှင် ရောက်ချင်း ဦးဖြူစင်သည် မိမိ၏ တောကျောင်းဆရာတော်အား ရှိခိုးပြီးနောက် ဧည့်သည်ရဟန်း အား ဆတ္တာသည်ဖြင့်ခေါင်းရိတ်ပေးသည်။ ထို့နောက် ရေတွင်း အနီးသို့ ဧည့်သည်ရဟန်းအား ပင့်ဆောင်ပြီးလျှင် ကိုယ်တိုင် ရေချိုးပေးသည်။ ရဟန်း၏ ခန္ဓာကိုယ်မှ ကြေးညှော်များကို လည်း ကိုယ်တိုင် ဆပ်ပြာဖြင့် တိုက်ချွတ်ပေးသည်။ ထိုအခြင်း အရာကို တောကျောင်းဆရာတော်က စိတ်မချမ်းသာဖြင့် ကြည့် မြင်နေပြီး စိတ်တွင်းမှလည်း-

"ဦးဖြူစင်သည် နောက်မှ ပေါ်သည့် ရွှေကြာပင်ပေါ် ဂရု စိုက်လွန်းပါတကား။ သည်လို ဧည့်သည်ကို ဂရုစိုက်ပြုလွန်း နေခြင်းသည် ဆရာရင်းဖြစ်သူ ငါ့အား ဂရုမစိုက်တော့ဟု တွေးပြောနေတီသကဲ့သို့ ရှိချေသည်။ ငါ့အား စော်ကားနေ တီသကဲ့သို့ ရှိချေသည်။ သည်အချက်ကို ရွှေကြာပင် ဧည့်သည် ရဟန်းကလည်း သိဖို့သင့်သည်။ လက်မခံဘဲ နေသင့်သည်။ ယခုအခါ ငါ့မှာ အရှင်လတ်လတ် ငရဲရောက်နေသကဲ့သို့ ခံပြင်းပေစွတကား"

သူ တွေးနေမိသည်။ ထိုသို့ တွေးမိရာ ရင်ကွင်းဝယ် ဆူပွက် လာသည်။ သွေးပွက်ပွက်အန်သည်မတတ် ဆူပွက်စွာဖြင့် ဝန်တို စိတ်၏ ဖိစီးမှုကို မချိမဆံ့ ခံနေရသည်။

ဦးဖြူစင်သည် ညှော်သည်ရဟန်းကို ရေချိုးပေးပြီးနောက် သင်္ကန်းအသစ်ကို ဝတ်ရုံစေပြီး ကျောင်းသို့ ပြန်ပင့်လာသည်။ ထို့နောက် ညှော်သည်ရဟန်းအတွက် ခုတင်ညောင်စောင်းကို ကိုယ်တိုင် ခင်းကျင်း ပြင်ဆင်ပေးသည်။ တောကျောင်းဆရာတော်သည် ဦးဖြူစင်၏ လုပ်ရှားမှု မှန်သမျှမှာ သူ့အားသည်းကို ကျွံခတ်နေသကဲ့သို့ ခံစားနေရသည်။ ရင်တွင်း တွင် လည်း မီးမြိုက်ခံရသကဲ့သို့ပူလောင်၍နေသည်။ ဦးဖြူစင်ကား မည်သို့မျှ မသိရှာ။ ညှော်သည်ရဟန်းအား ဝတ်ကြီးဝတ်ငယ်များကို ပြုစုပေးပြီးနောက် ဆရာရင်း တောကျောင်းဆရာတော်အား ရှိခိုးလျက်—

"အရှင်ဘုရား၊နက်ဖြန်မနက် တပည့်တော်အိမ်သို့ ဆွမ်းစားကြွတော်မူသည့်အခါ ဤညှော်သည်ရဟန်းအားလည်းပင့်ဆောင်ခဲ့ပါဘုရား" ဟု လျှောက်ထားပြီး ပြန်သွားလေသည်။

## လေးခွန်းသော ဆဲရေးခြင်း

ဦးဖြူစင်ရှေ့တွင် အောင့်အီးသည်းခံခဲ့ရသော တောကျောင်းဆရာတော်သည် ဦးဖြူစင် ပြန်သွားသောအခါ သူ့စိတ်ကို သူ မထိန်းချုပ်နိုင်တော့ဘဲ ပေါက်ကွဲ ထွက်လာလေတော့သည်။ ဒေါသိကာနှင့် ပတ်သက်ပြီး ဝန်တိုသောစိတ်သည် တောရကျောင်းဆရာတော်အား ကြောက်မက်ဖွယ်ရာ စကားများကို ပြောဆိုစေသည်။ တောကျောင်းဆရာတော်သည် မိမိ၏ ဝန်တိုစိတ်မှ ပေါက်ဖွားလာသော ဒေါသစိတ်ကို မျိုသိပ်မထားနိုင်

တော့သဖြင့် ညွှန့်သည်ရဟန်းအား လေးပါးသော ဆဲရေးခြင်းဖြင့် ဆဲရေးလေသည်။

လေးပါးသော ဆဲရေးခြင်းဟူသည်–

၁။ ငါ့ရှင် ညွှန့်သည်ရဟန်း။ အသင်သည် ငါ့ဆွမ်းဒါယကာ ဦးဖြူစင်၏ အိမ်မှ ဆွမ်းကို စားခြင်းထက် 'မစင်စားခြင်း' က ပို၍ မြတ်ဦးမည်။

၂။ ငါ့ရှင် ညွှန့်သည်ရဟန်း။ သင်သည် ငါ့ ဒါယကာ ဦးဖြူစင် ခေါ်လာသော ဆတ္တာသည်ဖြင့် ဆံချ (ခေါင်းရိတ်) ခြင်းထက် အသင့် ဆံပင်များကို 'ထန်းစေ့မှုတ်နှစ်ခြမ်း' ဖြင့် ဆွဲနုတ်ခြင်းက ပို၍ မြတ်ဦးမည်။

၃။ ငါ့ရှင် ညွှန့်သည်ရဟန်း။ အသင်သည် ငါ့ဒါယကာ ဦးဖြူစင် လှူသော သင်္ကန်းကို ဝတ်ရုံခြင်းထက် 'အဝတ်မပါ ဗလာကိုယ်ထီး နေခြင်း' က ပို၍ မြတ်ဦးမည်။

၄။ ငါ့ရှင် ညွှန့်သည်ရဟန်း။ အသင်သည် ငါ့ဒါယကာ ဦးဖြူစင် သယ်ဆောင်လာသည့်ခုတင်ညောင်စောင်းဖြင့် အိပ်ခြင်းထက် 'မြေဘလင်းပေါ် အိပ်ခြင်း' က ပို၍ မြတ်ဦးမည်။

ဟူ၍ ဖြစ်ပေသတည်း။

ဤသို့ဖြင့် 'ဝန်တိုခြင်း' စိတ်က ဖိစီးလွန်း၍ တောကျောင်းဆရာတော်သည် ညွှန့် ့သည်ရဟန်းအား အလွန်ကြောက်မက်

ဖွယ်ရာ လေးပါးသော ဆဲရေးခြင်းဖြင့် ဆဲရေးမိသည်။ တောကျောင်းဘုန်းကြီးအတွက် ဝန်လေးလေစွတကား။

ပို၍ ဆိုးသည်မှာ ညောင်သည် ရဟန်းကား သာမန်ပုထုဇဉ် ရဟန်း မဟုတ်။ အာသဝေါကုန်ခန်းပြီးသော ရဟန္တာမြတ် တစ်ဆူဖြစ်ပေသည်။ ထို့ကြောင့်လည်း ဦးဖြူစင်သည် ညောင်သည် ရဟန်းအား မြင်လျှင်မြင်ချင်း ကြည်ညိုသဒ္ဓါစိတ်ကို ယိုဖိတ် လာရခြင်း ဖြစ်ပေသည်။ ညောင်သည်ရဟန်းဖြစ်သော ရဟန္တာ အရှင်မြတ်သည် တောရကျောင်းဆရာတော်၏ လေးလွန်းသော ဆဲရေးခြင်းကို ကြားရသော်—

“ဤရဟန်းကား ဒါယကာနှင့်စပ်ပြီး ဝန်တိုစိတ် ကြီးမား လွန်းလှသည်။ ငါ ဤကျောင်းတွင် ဆက်နေသော် ငါ့အား မုန်းပြီး ဤရဟန်းတွင် ဝန်ကြီးပေလိမ့်မည်။ ငါ့ကို မုန်းပြီး ဤ ရဟန်း မပျက်စီးရလေအောင် ဤကျောင်းမှ ငါ အမြန်ဆုံး ရှောင်ရှားသင့်ပေသည်” ဟု ညောင်သည် ရဟန္တာ အရှင်မြတ်က သုံးသပ်တော်မူပြီးလျှင် ညဉ့်အိပ်ချိန်တွင် ကျောင်းမှ ထွက်ခွာ ကြွသွားတော်မူခဲ့လေသည်။

တောကျောင်းဆရာတော်ကား ညောင်သည်ရဟန္တာအရှင်မြတ် ကြွသွားတော်မူပြီဖြစ်ကြောင်း မသိ။ နံနက်မိုးသောက် အလင်း ရောက်သော် ညောင်သည်ရဟန်း၏ အခန်းကို သွားကြည့်ရာ တံခါးပိတ်လားသည်ကို မြင်သဖြင့်—

“သည်ရဟန်းကြီးကို နှိုးပြီး ခေါ်သွားလျှင် ဦးဖြူစင်၏ အဖြစ်သည်းပုံကို မြင်ရပြီး ငါ့မှာ မချိတင်ကဲ ဖြစ်ရဦးမည်။ သည်တော့ ချန်ထားမှ ဖြစ်မည်။ သို့သော် မသွားလွတ်အောင်

လည်း လုပ်သင့်သေးသည်”ဟု တွေးပြီး တံခါးကို လက်သည်းဖြင့် ထိရုံမျှ တောက်လိုက်သည်။

ပြီးတော့ ကျောက်စည်ကိုလည်း လက်သည်းဖြင့် ထိရုံ တောက်လိုက်ပြန်သည်။ ထို့နောက်မှ ဦးမြဝင်၏အိမ်သို့ ဘစ်ပါးတည်း ကြွသွားခဲ့လေသည်။

ဦးမြဝင်၏ အိမ်သို့ ရောက်သောအခါ ဦးမြဝင်က ညွှန့်သည်ရဟန်း ပါလာသည်ကို မြင်၍ မေးသော်–

“မပြောပါနှင့် ဒါယကာကြီးရယ်။ ဒါယကာကြီး ကြည်ညိုလှန်းသည့် ညွှန့်သည်ရဟန်းမှာ သာကယ့်ရဟန်းပျင်းကြီး ဖြစ်ကြောင်း ညာကျမှ သိရတော့၏။ ညာက ဘုရားရှိခိုးသံလည်း မကြားရ၊ မိုးချုပ်သည်နှင့် အခန်းတံခါးပိတ်ပြီး အိပ်လိုက်တာ ယနေ့နံနက် ကျောက်စည်ထိုးလဲ မနိုး။ တံခါးခေါက်လဲ မနိုး။ ဒါကြောင့် တားပစ်ခဲ့လေတယ်”ဟု ပြန်လည် ပြောကြားလိုက်သည်။ ထိုအခါ ဦးမြဝင်က အရောင့်မေးလေသော်–

“သည်လိုဆိုလ အရှင်ဘုရား ကျောင်းပြန်ကြွသည့်အခါ တပည့်တော် ညွှန့်သည်ရဟန်းအတွက် ဆွမ်းခဲဖွယ်များသောင်း လှူပါမည်ဘုရား”ဟု လျှောက်ထားပြီး တောကျောင်း ဆရာတော် ပြန်ကြွသောအခါ ညွှန့်သည်ရဟန်းအတွက် ခဲဖွယ်ဘောဇဉ်များကို သပိတ်အပြည့် လောင်းလှူလိုက်လေသည်။

တောကျောင်း ဆရာတော်လည်း ညွှန့်သည်ရဟန်းအတွက် ဦးမြဝင် လောင်းလှူလိုက်သော ခဲဖွယ်ဘောဇဉ်များကို စိတ်လက် မကြည်မသာစွာဖြင့် လက်ခံ ဆောင်ကျဉ်းခဲ့ပြီးနောက် ကောလမ်း တစ်နေရာ အရောက်တွင်–

"ဦးဖြူစင်၏ ဆွမ်းခဲဖွယ်ဘောဇဉ်တို့သည် အနံ့အရသာနှင့် အလွန်တရာ ပြည့်စုံကောင်းမွန်လှပေသည်။ ဤကဲ့သို့ ကောင်းမွန်သော ခဲဖွယ်ဘောဇဉ်များကို ဧည့်သည်ရဟန်းကြီး စားသုံးရာ၌ ခဲဖွယ်ဘောဇဉ်အပေါ် မက်မောပြီး သံယောဇဉ် တွယ်သွားလိမ့်မည်။ ထိုအခါ ငါ့ကျောင်းတွင် သောင်တင်နေပေလိမ့်မည်။ သို့ဖြစ်က ငါ့အား မုချ ကျော်လွှားသွားပေလိမ့်မည်။ ထို့ကြောင့် ခဲဖွယ်ဘောဇဉ်များကို ဤရဟန်းကြီးအား ကျွေးရန် မဖြစ်။ သင့်ရာတွင် စွန့်ပစ်ခဲ့မှ တော်ပေမည်" ဟု တွေးပြီး လမ်းဘေးတွင် စွန့်ပစ်ခဲ့လေသည်။

ကျောင်းရောက်သောအခါ ဘောကျောင်းဆရာတော်သည် ဧည့်သည်ရဟန်းအား ရှာရာ မတွေ့တော့ပေ။

## ဝန်တိုသမား အပါယ်လားပြီ

ဘောကျောင်းဆရာတော်သည် ဧည့်သည် ရဟန္တာအရှင်သူမြတ်နှင့် မတွေ့မီက အနှစ်နှစ်သောင်းနီးပါးမျှ ရဟန်းတရားကို အားထုတ်ခဲ့သည်။ သို့သော် ဒါယကာ ဦးဖြူစင်က ဧည့်သည် ရဟန်းအပေါ် ဂရုစိုက်သည်ကို မိမိထက်ပို၍ ကြည်ညိုဟန်ဖြစ်သွားသည်ကို ဝန်တိုမိသည့်အတွက် မပြုသင့်မပြုထိုက် မပြောသင့် မဆိုထိုက်သည့် ဝန်လေးလှစွာသော အမှုများကို ပြုခဲ့သည်။ အားထုတ်ခဲ့သော ရဟန်းတရားကိုလည်း သတိမရတော့ချေ။

ဝန်တိုစိတ်ကား ဤမျှ ကြောက်မက်ဖွယ်ရာကောင်းသည်၊ ဝန်တိုစိတ်မှ ရရှိသော ဆိုးကျိုးသည်လည်း အလွန်ကြောက်မက်

ဖွယ်ရာကောင်းသည်။ အနှစ်နှစ်သောင်းခန့် ရဟန်း တရားအား ထုတ်ခဲ့သော်လည်း ထိုဝန်တိုစိတ်ကြောင့် သေလွန်သည့်အခါ အားထုတ်ခဲ့သော ရဟန်းတရားသည် ထိုဝန်တိုစိတ်၏ ဆိုးကျိုး ပေးမှုကို အကာအကွယ်မပေးနိုင်တော့ဘဲ ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံး အဆိုးဝါးဆုံးဖြစ်သည့် မဟာအဝီစိငရဲသို့ မလွဲ ထုတ်ချောက် ရောက်သွားလေတော့သည်။

ထို တောရကျောင်း ဆရာတော်သည် ဝန်တိုစိတ်၏ ဆိုးကျိုး ဖြင့် မဟာအဝီစိငရဲတွင် ကဿပမြတ်စွာဘုရားသခင်လက်ထက် မှသည် ဂေါတမ မြတ်စွာဘုရားသခင် လက်ထက်အထိ ခံရပြီး နောက် ငရဲမှ လွတ်သော် ပြုခဲ့ဖူးသော ကောင်းမှု အားထုတ်ခဲ့ သော ရဟန်းတရား၏ ကောင်းကျိုး ပြန်ပေးခွင့်ရသဖြင့် ဂေါ တမမြတ်စွာဘုရားသခင်လက်ထက် ရာဇဂြိုဟ်ပြည်တွင် တစ်ခု သောသူကြွယ်အိမ်တွင် လူယောကျ်ားအဖြစ်ကို ရရှိခဲ့ပေသည်။

## နောက်ဆုံးဘဝ ဝဋ်ဒုက္ခ

သူကြွယ်ကတော်ဝမ်းတွင် ဝင်စားသဖြင့် မဟာအဝီစိမှတက် လာသော ဘဝဟောင်းမှ တောကျောင်း ဆရာတော်သည် သူဌေးသားလေး ဖြစ်လာသည်။

သူကြွယ်သားဖြစ်ခြင်းကြောင့် အဝတ်အစား အနေအထိုင် အစစအရာရာတွင် သာမန်လူထက် အဆများစွာ သာသည်။ ဥတုသုံးပါးနှင့် လိုက်အောင် ထားသည်။ ဥတုသုံးပါးနှင့် ဆီလျော်အောင် ဝတ်ဆင်ပေးသည်။ အာဟာရ ဖြစ်မည့်

ဆောင်းပေ့ ညွှန့်ပေ့ အစားအစာများကို ကျွေးသည်။ အဖျော်ရမကာကို တိုက်သည်။

သို့သော် သူကြွယ်သားတလေးသည် မြေကြီးပေါ်တွင်သာ နေလိုသည်။ အဝတ်မပါ ဗလာကိုယ်တီး နေလိုသည်။ကောင်းကောင်းထား၍မရ။ ကောင်းကောင်း ဝတ်ဆင်ပေး၍မရ။

ပို၍ဆိုးသည်မှာ မည်မျှပင် အာဟာရဖြစ်စေမည့် အစားအစာ အဖျော်ယမကာများကို တိုက်ကျွေးသော်လည်း မခံမင်၊ မနှစ်ခြိုက်၊ မစားမသောက်သော သူကြွယ်သားကလေးသည် မိမိကိုယ်တိုင် စွန့်လိုက်သည့် မစင်ကိုမူ ကာယ်စားကောင်း သောက်ဖွယ်ပမာ အားရပါးရ စားလေသည်။

''ဘယ့်နှယ်လဲ ရှင်မရယ်၊ ငါတို့ရဲ့သားလေးဟာ ယာဂု တိုက်လဲမသောက်၊ အဖျော်ရည်တိုက်လဲ မသောက်နဲ့ သူစွန့် လိုက်တဲ့ မစင်ကျတော့ မြိန်ရေရှက်ရေနဲ့ စားနေလိုက်တာ။ ငါ တော့ သားလေးကို ကြည့်ပြီး စိတ်ဆင်းရဲလှပါတယ်ကွာ''

မစင်ကို အားရပါးရစားနေသည့် သားငယ်အား စိတ်ပျက်ညှိုးငယ်သော မျက်နှာဖြင့် ကြည့်ရင်း သူကြွယ်က သူ့ဇနီးကို ပြောလိုက်သည်။

''ငယ်သေးလို့ဖြစ်ပါလိမ့်မယ် အမောင်ရယ်။ ကလေးငယ် များ မစင်စားတတ်တာ ဓမ္မတာပဲ မဟုတ်လား။နည်းနည်းကြီး လာရင် စားမှာ မဟုတ်တော့ပါဘူး။စိတ်မပျက်၊ စိတ်မပူပါနဲ့'' ဟု သူကြွယ်ကတော်က သူကြွယ်အား နှစ်သိမ့်စကား ပြန်ပြော သည်။

သို့သော် ထို့ထက် အရွယ် အတော်ရင့်လာပြီး မစင်မစား သင့်တော့သည့်အရွယ်အထိ သူငယ်က မစင်ကိုသာ နှုတ်သုတ်ခါ ပမာ အားရပါးရစား၍သာ နေပေသည်။

"ငါ့ရှင် ညော်သည့်ရဟန်း၊ အသင်သည် ငါ့ဆွမ်း ဒါယကာ ဦးဖြူစင်၏ အိမ်မှ ဆွမ်းကို စားခြင်းထက် မစင်စားခြင်းက ပို၍ မြတ်ဦးမည်" ဟု ညော်သည့်ရဟန်းအား ဆဲရေးခဲ့ခြင်း အတွက် မဟာအဝီစိငရဲတွင် ခံရပြီးသော်လည်း ဝဋ်ကြွေး မကုန်သေးသဖြင့် ယခု လူ့ဘဝရသည့်တိုင်အောင် သူကြွယ် သားဖြစ်ပြီး စားကောင်းသောက်ဖွယ်များ စားနိုင်သည့်တိုင် အောင် မစားတဲ့ ရဟန္တာအား ဆဲရေးခဲ့သည့်ဝစီကံ ဝန်တိုစိတ် ကြောင့် ဖြစ်ပေါ်လာသော မကောင်းမှုကြောင့် စားကောင်း သောက်ဖွယ် မခံမင်တဲ့ မစင်ကိုသာ အားရပါးရ စားနေရခြင်း ဖြစ်ပေသည်။

"ဘယ့်နှယ်လဲ ရှင်မရယ်၊ ငါတို့ရဲ့ သားလေးဟာ ငယ် သေးလို့ မစင်စားတာတဲ၊ နည်းနည်းကြီးလာရင် စားမှာမဟုတ် တော့ဘူးလို့ ငါတို့ ထင်ခဲ့၊ ပြောခဲ့ကြတယ် မဟုတ်လား၊ အခု အရွယ်ဟာ မစင်စားတဲ့ အရွယ် မဟုတ်တော့ရုံသာမက မစင်ကို မြင်ရင် ရွံရှာ အော့အန်တတ်တဲ့ အရွယ် ဖြစ်နေပြီ။ ဒါပေမယ့် သူဟာခုထိ မစင်ကို နှုတ်ခြင်းမှာ ခံ့မင်မင်မြိန်ရေ ရှက်ရနဲ့ စားနေတုန်းပဲ။ အဲဒါ ဘယ်လို လုပ်ကြမလဲ" ဟု သူကြွယ်က မစင်ကို မြိန်ရေရှက်ရစားနေသော သူတို့ရဲ့သား လေးကို ကြည့်ပြီး စိတ်မသက်မသာဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ် အမောင်ရယ်၊ ခက်တော့တာပဲ။ ငယ်ငယ် ကတော့ ငယ်သေးလို့ဆိုပြီး စောင့်ကြည့်ခဲ့တာ။ ခု အရွယ်ဟာ

မစင်စားတဲ့ အရှယ် မဟုတ်တော့ဘူး။ ဒါလဲ ဗီယုတ်ညံ့တဲ့ မစင်စားတဲ့ အလုပ်ကို နတ်သုဒ္ဓါစားသလို စွဲစွဲမြဲမြဲ စားနေတယ်။

"ပြီးတော့ ဒါတင် မကသေးဘူး။ နောက်ထပ် ယုတ်ညံ့တဲ့ အကျင့်တစ်ခုက ငယ်စဉ်က အဝတ်ဝတ်ပေးရင် ငိုတယ်။ ဘာဖြစ်တယ် မဟုတ်လား။ အဲဒါကို ငယ်သေးလို့ စိတ်ရှုပ်မခံချင်လို့ဘဲ ဆိုပြီး နေခဲ့ဘယ်။ အခု အရွယ်ဟာ ဝတ်ကောင်းစားလှကို ခံမင်တဲ့ အရွယ်၊ မိဘက မဆင်ရင်တောင် ပူဆာတဲ့ အရွယ်ပဲ။ ဒါပေမယ့် ခုထိ အဝတ်ဝတ်ပေးလို့ မရဘူး။ အဝတ်မဲ့ ဗလာကိုယ်ထီးပဲ နေတယ်။ ရှက်ဖို့ကောင်းလှပါတယ်"

သူကြွယ်ကတော်ကလည်း အထက်ပါအတိုင်း ညည်းညူ၍ ပြောဆိုလိုက်သည်။

"ငါ့ချင် ဒေသည့်ရဟန်း၊ အသင်သည် ငါ့ ဒါယကာ ဦးဖြစ်လူဒေသာ သကန်းကို ဝတ်ရုံခြင်းထက် 'အဝတ်မဲ့ ပလာကိုယ်ထီး' နေခြင်းက ပို၍ မြတ်ဦးမည်" ဟု ဒေသည့် ရဟန်းအား ဘဲရေးခဲ့ခြင်းအတွက် ယခု လူ့ဘဝတွင် ရှက်ဘတ်သည့်အရွယ်၊ ဝတ်ကောင်းစားလှ ဝတ်ချင်သည့် အရွယ်တွင် အရှက်မရှိ၊ မရှက်နိုင်ဘဲ ဗလာကိုယ်တီး နေရသည့် ဘဝသို့ ရောက်နေခြင်း ဖြစ်သည်။

"ဒါတင် ဘယ်ကဦးမလဲ ရှင်မရယ်။ ငယ်ငယ်တုန်းက မွေ့ရာကော်ဇောနဲ့ သိပ်ရင် ငြင်းတယ်။ ကြမ်းပြင်ပေါ် သိပ်မှ အိပ်ဘယ်။ မြေဘလင်းကို ပိုကြိုက်တယ်။ ဒါကို တို့က ကလေး မို့လို့ နွေးနွေးထွေးထွေး မကြိုက်လို့ အေးအေးကြိုက်လို့ပဲလို့

ထင်ခဲ့တယ် မဟုတ်လား။ ခု ကြည့်စမ်း၊ ငါတို့ရဲ့သားဟာ မွေ့ရာကော်ဇောဝေးလို့ ခုတင်ညောင်စောင်း၊ စင်မြင့်၊ ခုံမြင့်ပေါ်တောင် သိပ်လို့မရဘူး။ မြေတလင်းမှာပဲ အိပ်တယ်ဆိုတဲ့ ယုတ်တဲ့အကျင့်ကလဲ စိတ်မချမ်းသာစရာဘဲ" ဟု သူကြွယ်က ထပ်ဆင့် ညည်းညူပြန်သည်။

"ငါ့ရှင် ဩ့သည့်ရဟန်း၊ အသင်သည် ငါ့ဒါယကာ ဦးဖြူစင် သယ်ဆောင်လာသည့် ခုတင်ညောင်စောင်းဖြင့် အိပ်ခြင်းထက် 'မြေတလင်းပေါ် အိပ်ခြင်း'ကပို၍ မြတ်ဦးမည်"ဟု ရဟန္တာအရှင်မြတ်အား ဆဲရေးခဲ့သည့်အတွက် ခုတင် ညောင်စောင်း အိပ်ရာကောင်းဖြင့် မအိပ်နိုင်ဘဲ မြေတလင်းပေါ် တိရစ္ဆာန်တို့ အိပ်ခြင်းဖြင့် အိပ်ရခြင်းကို ခံမင်မြတ်နိုးနေခြင်း ဖြစ်ပေသည်။

ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ် ကောင်းပေစွ။ ဝန်တို စိတ်ကား ကြီးမားသော ဒုက္ခကို ပေးတတ်သည်တကား။

"ခက်တာပဲ အမောင်ရယ်၊ ကိုးလလွယ် ဆယ်လဖွား၊ ရင်က ဖြစ်တဲ့ ရင်နှစ်သားကိုတော့ ရက်လဲ မရက်စက်နိုင်အောင် ဖြစ်နေရပါတယ်။ သားလေးကလဲ အယုတ်သုံးပါးနဲ့ မိဘ ဂုဏ်သိက္ခာကို ချနေတယ်။ မိဘကို အရှက်ခွဲနေတယ်။ ဘာ လုပ်ရမှန်း မသိတော့ဘူး" ဟု သူကြွယ်ဇနီးက ထပ်ဆင့် ညည်းညူပြန်သည်။

"ရှင်မရေ၊ အကောင်းဆုံးကတော့ ဒီလိုမိဘဂုဏ်ကို ဖျက်၊ မိဘအရှက်ကို ခွဲတဲ့ သားမျိုးကို ချောက်ကမ်းပါးပေါ်က ပစ်ချ လိုက်ဖို့ပဲ"

သူကြွယ်က ကရုဏာဒေါသဖြင့် ပြောချလိုက်သည်။

''ဒီလိုတော့လဲ မလုပ်လိုက်ပါနဲ့ အမောင်ရယ်။ သားလေးရဲ့ စရိုက်ဟာ အာဇီဝကတွေရဲ့ စရိုက်နဲ့ ဆင်ဆင်တူလို့ အာဇီဝက (တိတ္ထိ)တွေကို အပိုင်ပေးပြီး အဝေးကို ပို့သင့်ပါတယ်။ ဒီတော့ သားလေးလဲ မသေရ၊ မိဘလဲ မမြင်ရ ဖြစ်ပေမယ်''

ဟု သူကြွယ်ကတော်က စဉ်းစဉ်းစားစားဖြင့် ပြန်ပြောသည်။

''ကောင်းတယ်၊ ကောင်းတယ်။ ရှင်မ ပေးတဲ့အကြံ သိပ်ကောင်းတယ်။ အာဇီဝကတွေကို 'ရဟန်းပြုဖို့'ဆိုပြီး အပိုင် ပေးလိုက်ကြရအောင်''

သူကြွယ်က အားတက်သရော ထောက်ခံလိုက်သည်။

## စွန့်ပစ်ကြလေပြီ

သူကြွယ်ဇနီးမောင်နှံသည် သူတို့၏သား 'မစင်စား' နှင့် ပတ်သက်ပြီး အထက်ပါအတိုင်း တိုင်ပင်ဆွေးနွေး သဘောတူ ကြပြီးနောက် သူတို့၏ သားလေးအား အာဇီဝက (တိတ္ထိ) တို့ထံ ရဟန်းပြုရန် အပြီးအပိုင် ပေးအပ်လိုက်လေတော့သည်။

တိတ္ထိတို့လည်း တပည့်သာဝက ရသဖြင့် အလွန် ဝမ်းမြောက် ကြ၏။ အထူးသဖြင့် သူကြွယ်သားကို ရသဖြင့် သူကြွယ်ကို အကြောင်းပြုပြီး ရရှိလာမည့် အခြေအရံ လာဘ်လာဘများ ကြောင့် အထူးပင် ဝမ်းမြောက်ကြပေသည်။

ထို့ကြောင့် အာဇီဝက (တိတ္ထိ)တို့သည် သူကြွယ်သား အား ချက်ချင်းပင် ရဟန်း ပြုပေးလေတော့သည်။ ရဟန်းပြု

သောအခါ ဆံပင်များကို ပယ်ချရသည်။ အာဇီဝကတို့ ဆံပယ်ပုံ ဆံချပုံမှာ—

ရှေးဦးစွာ သူငယ်၏ လည်ပင်းအထိ အနက်ရှိသော တွင်း တစ်တွင်းကို တူးလိုက်၏။ ထို့နောက် သူငယ်အား တွင်းထဲသို့ ဆင်းစေပြီး ခေါင်းမျှ မြေပေါ်တွင် ဖော်ထားသည်။ ထို့နောက် ပျဉ်ပြားနှစ်ချပ်ကို တွင်းနှုတ်ခမ်း လည်းပင်းဘေးနှစ်ဖက် နှစ်ချက်တွင် ချခင်းလိုက်သည်။ ထိုပျဉ်ပြားချပ်များပေါ်တွင် အာဇီဝကများက တက်ထိုင်ပြီး သူငယ်၏ခေါင်းမှ ဆံပင်များကို ထန်းစေ့မှုတ် နှစ်ခြမ်းဖြင့် (မုတ်ဆိတ်မွေး နှုတ်သကဲ့သို့) ညှပ်ဆွဲပြီး တစ်ခေါင်းလုံးပြောင်အောင် နှုတ်သည်။ အလွန် အခံရခက်သည့် နာကျင်သည့်အလုပ် ဖြစ်၏။

"ငါ့ရှင် စည်သည့်ရဟန်း၊ သင်သည် ငါ၏ ဒါယကာ ဦးဖြစ်ပေါ်လာသော ဆတ္တာသည်ဖြင့် ဆံချခြင်းထက် 'ထန်းစေ့မှုတ်နှစ်ခြမ်းဖြင့် ဆွဲနှုတ်ခြင်း' ကပို၍ မြတ်ဦးမည်" ဟု ရဟန္တာ အရှင်သူမြတ်အား ဆဲရေးခဲ့သည့် အကုသိုလ် အကျိုးဆက်ကြောင့် ယခုကဲ့သို့ ထန်းစေ့မှုတ်နှစ်ခြမ်း ဖြင့် ဆံပင်နှုတ် ပြီး ဆံချပြီး ရဟန်း ပြုခံခြင်း ဖြစ်ပေသည်။

ထို အာဇီဝက(တိတ္ထိ)ရဟန်း များကား အဝတ်ဝတ်ရုံးလို့ မရှိသဖြင့် အဝတ်မပါ ဗလာကိုယ်ထီးနေလိုသော သူကြွယ်သား နှင့် အံ ကိုက်ဖြစ်သွားသည်။ ထိုအချိန်မှ စ၍ သူကြွယ်သားသည် ကိုတ္ထိရဟန်းငယ် အာဇီဝကငယ် ဖြစ်သွားလေသည်။

"ငါ့ရှင် အာဇီဝကငယ်၊ ငါတို့ ဆွမ်းစား ဖို့ ဆွမ်းအလို့ငှာ ရွာတွင်းသို့ သွားကြစို့" ဟု အာဇီဝကငယ် သူကြွယ်သားအား သူ့ဆရာ အာဇီဝကများက ခေါ်သောအခါ သူကြွယ်သားက-

"ငါရှင်တို့သာ ဆွမ်းအလို့ငှာ ရွာတွင်းသို့ သွားကြပါကုန်လော့။ ငါကား ဆွမ်းအလို့ငှာ ရွာတွင်းသို့ သွားရန် မလိုအပ်။ ငါ့အဖို့ ဆွမ်းသည် ဤအရပ်တွင်ပင် ရအံ့ပင်၏" ဟု ပြန်၍ ပြောပြီး ကျောင်းတွင် တစ်ဦးတည်း ကျန်ရစ်ခဲ့၏။ အာဇီဝကများ ဆွမ်းအလို့ငှာ ရွာတွင်းသို့ အကုန်သွားကြချိန်ဝယ် ကျောင်းတွင် တစ်ဦးတည်း ကျန်ခဲ့သော သူကြွယ်သား အာဇီဝကငယ်သည် ကုဋီ (အိမ်သာ) သို့သွားပြီးလျှင် အိမ်သာတွင်းမှ မစင်များကို အားရပါးရစားလေသည်။

"ငါတို့ရဲ့ အာဇီဝကငယ်ကလေးဟာ အာဇီဝက ဖြစ်ခါစမို့ ရှက်လို့ ရွာတွင်းသို့ ဆွမ်းခံမလိုက်ခြင်း ဖြစ်ပေမယ်။ သူ့အတွက် ငါတို့ ဆွမ်းများ ဆောင်သွားစို့" ဟု သူ့ဆရာ အာဇီဝကများက ပြောပြီး ရွာတွင်းမှ ဆွမ်းများကို သူကြွယ်သား အာဇီဝကငယ်အတွက် ဖက်ဖြင့်ထုပ်လာကြကုန်၏။ ကျောင်းရောက်၍ ဆွမ်းထုပ်ကို ပေးသောအခါ အာဇီဝကငယ်က—

"ငါရှင်တို့ ဆောင်ခဲ့သော ဆွမ်းသည် ငါ့အဖို့ အချည်းနှီးသာတည်း။ ငါကား ဤအရပ်တွင်ပင် ဆွမ်းရခဲ့ပြီ၊ ဆွမ်းစားပြီ ပြီ" ဟူ၍ ပြန်ပြော လိုက်သည်။ အာဇီဝကများမှာလည်း သို့လော သို့လောဖြင့်ပင် နေလိုက်ကြသည်။ နောက်ရက်များတွင်လည်း သူကြွယ်သားသည် ရှေးနည်းအတိုင်း ကျန်နေပြီး မစင်များကိုသာ စား၏။

ရက်အတန်ငယ် ကြာလာသောအခါ အာဇီဝကများသည် သူကြွယ်သား အာဇီဝကငယ်အပေါ် မသင်္ကာ ဖြစ်လာကြသည်။ ထိုအခါ အချင်းချင်း တိုင်ပင်ပြီးလျှင် အာဇီဝကအားလုံး

ကျောင်းတွင်းမှထွက်သွားကြပြီးနောက် တစ်ဦးနှစ်ဦးမှာ လမ်းတစ်ဝက်မှ ပြန်ခဲ့၍ အာဇီဝကငယ်မည်သို့ ပြုမူမည်ကို ချောင်းကြည့်ကြသည်။

ထိုအခါ ကုဋီအတွင်းမှ မစင်များကို အားရပါးရ စားနေသော အာဇီကငယ်ကို အံ့သြ ထိတ်လန့်စွာ တွေ့သွားကြ၏။ ထိုနောက် အဖော် အာဇီဝကများအား ပြန်ပြောပြီးနောက် အာဇီကများ စုဝေးကြကုန်၏။

“ဤသူယုတ်အား ငါတို့ထံရှည်စွာထားက သူ့အကြောင်းကို ဒါယကာ ဒါယိကာမများ တစ်နေ့နေ့မှာ မုချမသွေ မြင်တွေ့ သိရှိသွားကြပေလိမ့်မည်။ ထိုအခါ ငါတို့အဖို့ အဖတ်ဆည်မရအောင် သိက္ခာကျလိမ့်မည်။ ဒါယကာ ဒါယိကာမများ ငါတို့ကို အကြည်ညိုမဲ့လိမ့်မည်။ ဒါကြောင့် ဤသူယုတ်ကို ငါတို့ထံမှ ချက်ချင်း မောင်းထုတ်သင့်သည်” ဟု တညီတညွတ်တည်း ဆုံးဖြတ်ကြပြီးလျှင် သူကြွယ်သား အာဇီဝကငယ်အား နှင်ထုတ်လိုက်ကြသည်။

သူကြွယ်သားလည်း ထိုကျောင်းမှ ထွက်ခဲ့ပြီး မစင်ပေါရာ အရပ်ဒေသများတွင် လှည့်လည် စားသောက်ရင်း တဖြည်းဖြည်း အရွယ်ကြီးမြင့်လာခဲ့သည်။

## လှည့်စားနေပုံ

ထိုသို့ မစင်ပေါရာ အရပ်တကာသို့ လှည့်လည် သွားလာရင်း နောက်ဆုံးရွာတစ်ရွာ၏အနီး တောအုပ်တစ်ခု၏ ချောက်ကမ်းပါး တစ်ခုသို့ ရောက်သွားလေသည်။

ထို ချောက်ကမ်းပါးအောက်တွင် ကျောက်ဖျာကြီး တစ်ချပ် တည်ရှိပြီး ချောက်ကမ်းပါးနှုတ်ခမ်းတွင် ဆင်နှာမောင်းကဲ့သို့ ချောက်ကမ်းပါးဘက်သို့ ထိုးထွက်နေသည့် ကျောက်စွန်းကြီးတစ်ခု ရှိလေသည်။

ထို ကျောက်စွန်း ကျောက်ဖြာနှင့် ချောက်ကမ်းပါးမှာ ရွာသားများအတွက် မစင်စွန့်ရန် သဘာဝက ဖန်တီးထားသကဲ့သို့ ရှိလေသည်။ ရွာသား အားလုံးလိုလိုပင် ထိုချောက်ကမ်းပါးသို့သွား လာ၍ မစင်စွန့်ကြသည်။ နေ့အခါ ရွာသားများ မစင်လာစွန့်ကြသော်လည်း ညအခါတွင်မူ ရွာနှင့်အတန်ငယ် လှမ်းသော တောအုပ်ဖြစ်နေသဖြင့် မည်သူမျှ မလာကြပေ။ ထို့ကြောင့် ညအခါ လူပြတ်လှ၏။

သူကြွယ်သား အာဇီဝကငယ်သည် ဤနေရာကို အသေအချာ လေ့လာပြီးနောက်—

“ငါ တစ်သက်ပတ်လုံး အေးအေးဆေးဆေး နေထိုင်စားသောက်နိုင်တဲ့နေရာပေပဲ” ဟု မှတ်ချက်ချပြီးလျှင် ထိုနေရာတွင်ပင် စခန်းချလေသည်။

အာဇီဝကငယ်သည် နေ့ခင်းဘက်တွင် ချောက်ကမ်းပါးအပေါ်ဘက် ကျောက်စွန်းနှင့် မလှမ်းမကမ်းတွင် မစင်လာစွန့်သော ရွာသားများ မြင်နိုင်လောက်သည့် ကျောက်တုံးတစ်ခုထက်တွင် ခြေတစ်ဖက်ထည်းရပ်လျက်၊ အခြား ခြေတစ်ဖက်ကို ရပ်ထားသော ခြေ၏ ဒူးပေါ်တင်လျက် ခေါင်းကို ခေါ့ကာ ပါးစပ်ဟလျက် နေ၏။

ထိုအချိန်ကား မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ မြတ်စွာဘုရား သခင် ပွင့်တော်မူပြီဖြစ်၏။ သို့သော် မြတ်စွာဘုရား မပွင့်မီနှင့် ပွင့်ပြီးတွင် တိတ္ထိများ အလွန် ထွန်းကား၏။ တိတ္ထိ ခေါင်း ဆောင် အများအပြားသည် အယူဝါဒ အမျိုးမျိုးကို ဟော ပြောပြီး လူအထင်ကြီးစေမည့် နည်းအမျိုးမျိုးဖြင့် နေထိုင် စားသောက် ကျင့်ကြံ အားထုတ်ကြ၏။ တပည့်တပန်းများ လည်း ပေါများကြ၏။ အသိဉာဏ်ခေါင်းပါးသူများက လည်း အလေးတစား ဆည်းကပ်ကြ၏။ ယခု အဇီဝကမှာလည်း တစ်မျိုးထူး ခြားနေပြန်သဖြင့် မစင်စွန့်လာသူ ရွာသားများက စိတ်ဝင်စားပြီး ချဉ်းကပ်မေးမြန်းကြ၏။

“အရှင် ဘယ်ကြောင့် ကျောက်ဖျာပေါ်တွင် ခြေ ထောက်တစ်ဖက်ထောက်ကာ ပါးစပ်ဟလျက် ခေါင်းမော့ လျက် နေသနည်း။ ဤအကျင့်မျိုးကား မည်ကဲ့သို့သော အကျင့်မျိုးနည်း။ မည်ကဲ့သို့သော အကျိုးထူးကို မျှော်ကိုး သဖြင့် ဤအကျင့်မျိုးကို ကျင့်သနည်း” ဟု ရွာသားများက ချဉ်းကပ်မေးမြန်းကြရာ အဇီဝက က-

“အို ဒါယကာတို့၊ ငါကား မြတ်သော အကျိုးကို မျှော် ကိုးသဖြင့် ဤမြတ်သော အကျင့်ကို ကျင့်နေသူ ဖြစ်၏။

“ငါသည် သားငါးကိုသာမက ရှင်သန်မှုရှိသော (ဇီဝ ရှိသော) အသီးအရွက်ကိုပင် မစား။ အလွန်အပြစ်ကင်းသော ဝင်ကြွယ်သော လေကိုသာ စား၏။ ငါ ပါးစပ်ဟထား ခြင်းမှာ လေကို အာဟာရအဖြစ် မှီဝဲနေခြင်း ဖြစ်၏။ ငါ၏ အစာ အာဟာရကား လေသာ ဖြစ်၏။

''ဤကဲ့သို ကြီးကျယ်မြင့်မြတ်သောအကျင့်၊ ပြင်းထန်သော အကျင့်ကို ကျင့်သော ငါသည် မြေကို ခြေနှစ်ဖက်ဖြင့် မနင်း အပ်။ နင်းသည်ရှိသော် မဟာပထဝီမြေကြီးသည် ခံနိုင်လိမ့် မည် မဟုတ်။ ပြင်းစွာ တုန်လှုပ်ခြင်း ဖြစ်လာတတ်၏။ ထိုအခါ သတ္တဝါအများသည် ထိတ်လန့်ခြင်း ဖြင့် ပျက်စီးခြင်းသို့ရောက် လတ္တံ့။ ထို့ကြောင့် ခြေသစ်ဖက်ကို မြှောက်ထားရခြင်း ဖြစ်၏။

''မြင့်မြတ်သော ငါသည် ဤ ဣရိယာပုထ် (ဤအနေ အထား ဖြင့်သာ အမြဲနေအပ်၏။ အနေအထား ပြောင်းလဲ ခြင်း မရှိ။

''ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ အိပ်စက်ခြင်း ဟူသည် ငါ့အဖို့ မည်သည့်အခါမျှ မရှိခဲ့ဖူးချေ'' ဟု တည်ကြည် ခန့်ညား စွာ ပြောလိုက်သည်။ ထိုအခါ ရွာသားများသည် ဝမ်းသာကြ ဖြစ်ကုန်ကြ လျက် -

''အို အချင်းတို့။ လာလှည့်ကုန်။ ရှုလှည့်ကုန်လော့။ ဤသို့ ထူးမြတ်သော ပုဂ္ဂိုလ်ကို ဖူးမြော်ကြကုန်လော့။ ဤပုဂ္ဂိုလ်ကား ထူးမြတ်လှ၏။ အလွန်အံ့ဩဖွယ်ရှိသော အကျင့်ကို ကျင့်၏။ တစ်စုံတစ်ယောက်မျှ မကျင့်နိုင်သော အကျင့်ကို ကျင့်၏။

''ရှေးအခါက ဤကဲ့သို့သောအကျင့်ကို ကျင့်သည့် ပုဂ္ဂိုလ် မျိုးကို ငါတို့ တစ်ရံတစ်ဆစ်မျှ မြင်လည်း မမြင်ဖူးကြကုန်။ ကြားလည်း မကြားဖူးကြကုန်။ ယခု ငါတို့သည် ကံကောင်း ထောက်မ၍သာ မြင်ဖူးခြင်း ဖြစ်၏။ အခွင့်သာခိုက် ဖူးလိုက် ကြကုန်လော့။ ချဉ်းကပ်ကြကုန်လော့။ စီးပွားချမ်းသာခြင်း

အကျိုးအတွက် ဆည်းကပ်ကြကုန်လော့။ ကြီးပွားချမ်းသာ ကြောင်းကို ပြုကြကုန်လော့”ဟု ဝမ်းသာအားရ ကြွေးကြော်ကြကုန်၏။

ရွာသားများသည် “တစ်ယောက်က စ တစ်ရာ”ဆိုသကဲ့သို့ အုတ်အော်သောင်းတင်း ကောင်းသတင်း ဖြန့်ကြကုန်၏။ ထို့ကြောင့် အာဠဝိကာ၏ ကောင်းသတင်းသည် မကြာမြင့်မီပင် ပတ်ဝန်းကျင်ရွာများသို့သာမက ‘အင်္ဂတိုင်း’နှင့် ‘မာဂဓ’တိုင်း နှစ်တိုင်းစလုံးသို့ ပြန့်နှံ့သွားလေ၏။

နေ့စဉ်နှင့်အမျှ ပရိသတ်အများအပြားသည် အထူးထူး အပြားပြားသော လှူဖွယ်ဝတ္ထုများဖြင့် လာရောက်ဖူးမြော် ပူဇော်အန်တော့ လှူဒါန်းကြကုန်၏။ လှူဖွယ်ဝတ္ထုထဲတွင် စားဖွယ် သောက်ဖွယ်၊ ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်ဖန်ခါး အများ အပြား ပါ၏။ သို့သော် မကင်းမှာဘစ်ပါး မစားနိုင်သော အာဠဝိကသည် ထိုခဲဖွယ်များကို လက်ဖျားဖြင့်ပင် မတို့ချေ။ ထို့ကြောင့် ‘လေကိုသာ စားသည်’ဟူသော သူ့စကားကို ပရိသတ်များက စွဲစွဲမြဲမြဲ ယုံကြည်သွားကြသည်။ အချို့မသိ သေးသည့် ဒါယကာများက—

“အရှင်ဘုရား၊ ယခု တပည့်တော်တို့ လှူအပ်သော ယော ပတီ၊ ထင်းလဲ၊ ယာဂုများကို အားပါးတရ ဘုဉ်းပေးတော် မူပါဘုရား။ တပည့်တော်တို့ ဒါနမြောက်အောင် ဘုဉ်းပေး တော်မူပါဘုရား”ဟု လျှောက်ထားကြ၏။ ထိုအခါ အာဠဝိကက—

“ဒါယကာတို့ ငါသည်ကား လေမှတစ်ပါး အခြား အာဟာရကို မမှီဝဲ၊ အပြစ်ကင်းစင်သော ဇင်ကြွယ်သော

ပေးလိုသော မိုဝဲ၏။ အကယ်၍ အသင်တို့ လှူသော ခဲဖွယ်ဘောဇဉ်များကို စားသုံးမိလိုက်က ငါ၏ မြတ်သော အကျင့်သည် ပျက်စီးလတ္တံ့။ ထို့ကြောင့် အသင်တို့၏ စားသောက်ဖွယ်ရာ ခဲဖွယ်ဘောဇဉ်များကို အချည်းအနှီးမဖြစ်အောင် ပြန်ယူသွားကြကုန်လော့" ဟူ၍ ပြောပြီး ပြန်ပေးလိုက်သည်။ မလိုချင်မှ ပို့ပေးချင်တတ်သည့် လူတို့၏ သဘာဝအတိုင်း ဒါယကာများက-

"တပည့်တော်တို့ကို ညှာသီမဖျက်ဆီးပါနှင့် ဘုရား။ မငြင်းဆံပါနှင့် ဘုရား။ တပည့်တော်တို့ လှူသော ခဲဖွယ်ဘောဇဉ်များကို အရှင်ဘုရား ဘုဉ်းပေး သုံးဆောင်ပါက တပည့်တော်တို့မှာ ကြီးစွာသော အကျိုးစီးပွားများ ဖြစ်ထွန်းပေါ်လိမ့်မည် ဘုရား။ တပည့်တော်တို့၏ အကျိုးစီးပွားကို သနားငဲ့ကွက်သော အားဖြင့် သုံးဆောင်တော်မူပါဘုရား။ ဘုဉ်းပေးတော်မူပါဘုရား" ဟု အဓမ္မတောင်းပန်ပြီး စားသောက်ရန် တိုက်တွန်းကြသည်။ ထိုအခါ အာဇီဝကမှာ ညာဏ်ဆင်ပြီး-

"ကောင်းလှပြီ ဒါယကာတို့။ အသင်တို့၏ အကျိုးစီးပွားကို ငဲ့ညှာထောက်ထားသောအားဖြင့်သာ သင်တို့လှူဒါန်းလာသော ခဲဖွယ်ဘောဇဉ်များကိုသမန်းမြက်ဖျားဖြင့်တို့ပြီး လျှာပေါ်တင်ပေးပါမယ်။ ဒါလောက်ဆိုရင် သင်တို့အတွက် ကြီးမားသော အကျိုးစီးပွားကို ဖြစ်စေအံ့" ဟု ပြောပြီး ဒါယကာများ လှူလာသော စားဖွယ်များကို သမန်းမြက်ဖျားဖြင့် တို့ပြီး လျှာပေါ်တင်ပြလိုက်၏။ ဒါယကာ ဒါယိကာမများက အလွန်ပင် ကျေနပ် ဝမ်းမြောက်သွားကြ၏။

ဤနည်းဖြင့် အာဇီဝကသည် ငါးဆယ့်ငါးနှစ် ပတ်လုံး အဝတ်မပါ ဗလာကိုယ်ထီးဖြင့် နေ့ခင်းဘက်တွင် ကျောက်ဖျာပေါ် ခြေတစ်ဖက်ထောက်ရပ်ပြီး လေကို စားလျက်၊ ညအခါ မြေဘလင်းပြင်တွင် အိပ်ပြီး မစင်စားလျက် နေထိုင်ခဲ့ပေသည်။ အာဇီဝက ဟူသည် တိတ္ထိရဟန်းကို ခေါ်ခြင်းဖြစ်၍ သူ့အား 'ဇမ္ဗုက' ခေါ်သည်။

## ကျွတ်ချိန်တန်ပြီ

မြတ်စွာဘုရားသခင်သည် နေ့တစ်နေ့၏ အဦးဖြစ်သော မိုးသောက်ယံတွင် ကျွတ်ထိုက်သူကို ရွှေညဏ်တော်ကွန်ရက်ဖြင့် ဖြန့်ကြက်ကြည့်မြဲဖြစ်၏။ ယနေ့နံနက် မြတ်စွာဘုရားသခင်၏ ရွှေညဏ်တော်ကွန်ရက်တွင် ဇမ္ဗုက အာဇီဝကသည် ထင်လာ၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ညီတော် အာနန္ဒာအား—

"ချစ်သား အာနန္ဒာ။ ငါဘုရားသည် ယနေ့ ဇမ္ဗုကကို ကြွတော်မူအံ့" ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာက—

"ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ ဇမ္ဗုကထံသို့ အရှင်ဘုရား တစ်ပါးတည်း အဖော်မပါဘဲ ကြွတော်မူပါမည်လား ဘုရား" ဟု ပြန်လည် လျှောက်ထားလိုက်၏။

ထိုအခါ မြတ်စွာဘုရားက—

"ဟုတ်ပေ၏ အာနန္ဒာ။ ငါ တစ်ပါးတည်း ကြွအံ့" ဟု ပြန်လည် မိန့်ကြားလိုက်သည်။

သို့ဖြင့် ညနေစောင်းသို့ ရောက်သောအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဇမ္ဗုကရှိရာ ကျောက်ဖျာသို့ တစ်ပါးတည်း ကြွလာတော်မူခဲ့၏။

ထိုသို့ မြတ်စွာဘုရားသခင်သည် ဇမ္ဗုကရှိရာ ကျောက်ဖျာသို့ ကြွသွားကြောင်းသိသည်နှင့် နတ်အပေါင်းတို့သည် မစင်အတိပြီးသော ဇမ္ဗုက၏ ကျောက်ဖျာကို သန့်ရှင်း စင်ကြယ်သွားစေရန် ကြီးစွာသောမိုးကို ရွာချစေ၏။ မိုးစဲသွားသောအခါ ဇမ္ဗုက၏ ကျောက်ဖျာမှာ ပကတိသန့်ရှင်းစင်ကြယ်သွားလေ၏။ ကျောက်ဖျာ၏ ပတ်ဝန်းကျင်တွင်လည်း မသန့်ရှင်းသောအရာများဟူသရွေ့ မြူမျှမကျန်ဘဲ သန့်ရှင်းစင်ကြယ်သွားကုန်၏။

ထိုမျှမကသေး။ နတ်တို့သည် ကျောက်ဖျာထက်နှင့် ပတ်ဝန်းကျင်သို့ အဆင်းအမျိုးမျိုးရှိပြီး တုံသင်းပျံ့ကြိုင်သော ပန်းအမျိုးမျိုးတို့ကို ပန်းမိုးအဖြစ် ရွာစေ၏။ ထို့ကြောင့် ကျောက်ဖျာနှင့်ပတ်ဝန်းကျင်တစ်ခုလုံးသည် သန့်ရှင်း သင်းကြိုင်လျက်နေ၏။

ထိုအခြင်းအရာကိုမြင်သောအခါ ဇမ္ဗုကသည်ကြီးစွာသော အံ့သြခြင်းနှင့် တုန်လှုပ်ချောက်ချားခြင်းဖြစ်၏။

ထိုသို့ မိုးကြီး သည်းထန်စွာ ရွာပြီးနောက်၊ ပန်းမိုးများရွာပြီးနောက် သာယာသော ညချမ်းအချိန်ဝယ် သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် ဇမ္ဗုကထံသို့ တစ်ပါးတည်းကြွသွားတော်မူပြီးလျှင်—

''ဇမ္ဗုက''ဟူ၍ မဟာကရုဏာတော်ဖြင့် ခေါ်လိုက်သည်။

ဇမ္ဗူကအား ဤပတ်ဝန်းကျင်တွင် သူ့ကို ဆရာကြီး၊ အရှင်မြတ် စသည်ဖြင့်သာ ခေါ်ဝေါ်ကြသည်။ ဤကဲ့သို့ အမည်ကို ခေါ်သူမရှိ။ ထို့ကြောင့်–

“ငါ့ကို ဇမ္ဗူကလို့ အမည်တပ်ပြီးခေါ်ဝေါ်သူမှာ အဘယ်သူပါလိမ့်နည်း” ဟု စိတ်ထဲမှ မကျေမနပ် ရေရွတ်ပြီး–

“ငါ့ကို ခေါ်တာ ဘယ်သူလဲ” ဟု ဒေါသသံဖြင့် မေးလိုက်သည်။

“ငါကား မြတ်စွာဘုရားဖြစ်ပေတယ်” ဟု မြတ်စွာဘုရားသခင်က ပြန်ဖြေတော်မူသည်။

ထိုအခါ ဇမ္ဗူက က–

“ဘာကိစ္စရှိလို့လဲ” ဟု ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

“ငါ ဒီမှာ တစ်ညလောက် တည်းခိုချင်တယ်။ ငါ့အတွက် နေရာတစ်နေရာ ပေးပါ” ဟု မြတ်စွာဘုရားက မိန့်ကြားလိုက်သည်။

“ဒီမှာ အသင့်အတွက် နေရာ မရှိဘူး။ မပေးနိုင်ဘူး” ဟု ဇမ္ဗူက က မာဆတ်ဆတ်ဖြင့် ငြင်းပယ်လိုက်သည်။

“ဒီလိုမပြောပါနဲ့ ဇမ္ဗူက။ တစ်ညမျှ တည်းခိုဖို့ တစ်နေရာလောက် ပေးပါ” ဟု မြတ်စွာဘုရားက ထပ်မံမိန့်ကြားသည်။

“မြင်းဟာ မြင်းချင်း နှစ်သက်လိုလားကြတယ်။ လူဟာ လူချင်း နှစ်သက်လိုလားကြတယ်။ သားကောင်ဟာ သားကောင်ချင်း နှစ်သက်လိုလားကြတယ်။ အသင်က ဘာလဲ။ မြင်းလား” ဟု ဇမ္ဗူက က လှောင်ပြောင်သောအကြည့်ဖြင့် ကြည့်ပြီး လှောင်ပြောင်၍ မေးမြန်းလိုက်သည်။

"ဟုတ်ပေ၏။ ငါ့ကား ရဟန်းတည်း" ဟု မြတ်စွာဘုရားက ဝန်ခံလိုက်သည်။

"ရဟန်းဖြစ်ရင် ဘုန်းတော်ကြီး၊ မီးမွှေးသော ယောက်မ်ယစ်ပူဇော်တဲ့ ချည်ခင်တွေ ဘယ်နည်း" ဟု တိတ္ထိတို့၏ အသုံးအဆောင်များကို မမြင်သဖြင့် ဇမ္ဗုကက ဂူးစမ်းမေးမြန်းလိုက်သည်။

"အဲဒီ ပစ္စည်းအလုံးစုံ ငါ့တွင် ပါရှိ၏ ဇမ္ဗုက။ သို့သော် ခရီးသွားရာတွင် သက်သက်သာသာ သွားနိုင်ရေးအတွက် ထို ပစ္စည်းများကို ငါ့ကိုယ်တွင်းမှာသာ ထားပေ၏" ဟု မြတ်စွာဘုရားသခင်က ပြန်လည် မိန့်ကြားလိုက်သည်။

"ဒီပစ္စည်းတွေဟာ ကိုင်စွဲရတဲ့ပစ္စည်းတွေပဲ" ဟု ဇမ္ဗုကက စိတ်ဆိုး မာန်ဆိုးဖြင့် ပြောလိုက်သည်။

"စိတ်မဆိုးပါနဲ့ ဇမ္ဗုက။ ငါ့အား တစ်ည တည်းခိုဖို့သာ တစ်နေရာပေးပါ" ဟု မြတ်စွာဘုရားက ချိုချိုသာသာတောင်းပန်လိုက်သည်။

"ဒီမှာ သင့်ကို ပေးဖို့ နေရာမရှိဘူး" ဟု ဇမ္ဗုကက စိတ်ဆိုးမပြေသေးဘဲ ပြန်ပြောလိုက်သည်။

"ဟိုနားက တောင်ခြေ တောင်ဝှမ်းမှာ ဘယ်သူနေသလဲ" ဟု မြတ်စွာဘုရားရှင်က ထပ်မံ ခွင့်တောင်းရန် စုံစမ်းလိုက်သည်။

"ဘယ်သူမှ မနေဘူး" ဟု ဇမ္ဗုကက လေသံ အပြတ်ဖြင့် ပြန်ဖြေသည်။

"ဒါဖြင့်ရင် အဲဒီနေရာကို ပေးပါ" ဟု မြတ်စွာဘုရားက ထပ်မံ ခွင့်တောင်းလိုက်သည်။

“သင့်သတေးပဲ”ဟု ဇမ္ဗုကက မြန်မြန်ပြီးပြတ်ရန် တိုတို ပင် အဖြေပေးလိုက်သည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဇမ္ဗုကနှင့် မလှမ်းမကမ်းဖြစ်သောတောင်ထွမ်းသို့ ကြွတော်မူပြီးထိုင်ခင်းကို ခင်းကာ ထိုင်နေတော်မူသည်။

ထိုအခါ ညဉ့်ဦးယံတွင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ တည်းဟူသော စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် အရှေ့အနောက်၊ တောင်မြောက် အရပ်လေးမျက်နှာမှ နေပြီး တစ်ပြိုင်နက်တည်းသော အလင်းရောင်ကိုဖြစ်စေလျက် မြတ်စွာ ဘုရားသခင်အား လာရောက်ဖူးမြော်ကြသည်။

ဇမ္ဗုကသည် ထိုအလင်းရောင်မျိုးကို မမြင်ဖူးသဖြင့် အယူး အဆန်းဖြစ်ပြီး ကြံစည်တွေးတော နေမိသည်။ မည်သည့် အလင်းရောင်ဖြစ်ကြောင်း ကြံစည်တွေးတောနေစဉ် သန်း ခေါင်ယံ ရောက်လာသည်။

သန်းခေါင်ယံ ရောက်လာသောအခါ သိကြားမင်းသည် မြတ်စွာဘုရားသခင်အား နတ်ပရိသတ်နှင့်တကွ လာရောက် ဖူးမြော်၏။ သိကြားမင်းကြီး၏ အလင်းရောင်မှာ စတုမဟာ ရာဇ် နတ်မင်းကြီးလေးပါး၏ အလင်းရောင်ထက် ပိုပြီး လင်း သဖြင့် ဇမ္ဗုကမှာ ပို၍ အံ့သြပြီး တွေးတောရပြန်သည်။

ထို့နောက် မိုးသောက်ယံသို့ ရောက်သောအခါ မဟာ ဗြဟ္မာကြီးက မြတ်စွာဘုရားသခင်အား လာရောက် ဖူးမြော်ပြန် သည်။ မဟာဗြဟ္မာတို့၏ အလင်းရောင်ဟူသည်ကား လက်ညှိုး တစ်ချောင်းမျှပင် တစ်လောကလုံးကို လင်းထိန်စေသဖြင့်

တောအုပ်တစ်ခုလုံး အံ့ဘနန်းထွန်းလင်းတောက်ပ၍နေသည်။ ဇမ္ဗုကာ၏ အံ့ဩမှုမှာလည်း အထွတ်အထိပ်သို့ ရောက်သွားသည်။ တွေး၍ ကြံ၍လည်း မရ ဖြစ်သွားသည်။

ထို့ကြောင့် နံနက်မိုးသောက် အလင်းရောက်သောအခါ ဇမ္ဗုကာသည် မြတ်စွာဘုရားသခင်အားမေးရန်အကြံရပြီး မြတ်စွာဘုရားထံ ချဉ်းကပ်လျက် သင့်တင့်လျောက်ပတ်သောနေရာမှ-

"ရဟန်းကြီး ညဦးပိုင်းက အရပ်လေးမျက်နှာက အလင်းရောင်တွေနဲ့တကွ လာကြတာ ဘယ်သူတွေလဲ" ဟု မေးသည်။

မြတ်စွာဘုရားက -

"လေးယောက်ကုန်သော စတုမဟာရာဇ်နတ်မင်းကြီး ဖြစ်ကြပေ၏ ဇမ္ဗုကာ"ဟု ပြန်ဖြေလိုက်ရာ ဇမ္ဗုကာက ထပ်ပြီး—

"သူတို့ ဘာလာလုပ်ကြသလဲ"ဟု မေးမြန်း၏။

မြတ်စွာဘုရားက-

"ငါဘုရားကို ပူဇော်ဆည်းကပ်လာကြခြင်း ဖြစ်ပေတယ် ဇမ္ဗုကာ"ဟု ပြန်လည် ဖြေကြားတော်မူ၏။

ထိုအခါ ဇမ္ဗုကာ က-

"အသင်ဟာ သည်နတ်မင်းကြီးလေးယောက်ထက် မြတ်သေးသလော"ဟု တအံ့တဩ မေးလေသည်။

မြတ်စွာဘုရားက "ဟုတ်ပေ၏။ မြတ်ပေ၏"ဟု ပြန်လည်မိန့်ကြားသောအခါ ဇမ္ဗုကာ က—

"သန်းခေါင်ယံ လာသူကကော"ဟု မေးပြန်၏။

မြတ်စွာဘုရားက 'သိကြားမင်း' ဖြစ်ကြောင်း ဖြေသော် မိုးသောက်ယံလာသူကို မေးပြန်၏။

မြတ်စွာဘုရားက 'မဟာမြဟ္မာ' ဖြစ်ကြောင်း ပြန်ဖြေသော် ဇမ္ဗုကက–

''အသင်သည် သိကြားမင်းနှင့် မဟာဗြဟ္မာမင်းကြီးတို့ထက် မြတ်သေးသလော''ဟု အလွန်အလွန် အံ့သြစွာ မေးပြန်၏။

မြတ်စွာဘုရားက 'မြတ်ကြောင်း' ဝန်ခံသောအခါ ဇမ္ဗုကက–

''အို ရဟန်းကြီး၊ အသင်သည်ကား လက်ဖျစ်တီးပြီး အံ့ချီးဖွယ် ကောင်းသူပေတည်း။ ကျွန်ုပ်သည် ဤအရပ်တွင် ငါးဆယ့်ငါးနှစ်လုံးလုံး နေခဲ့ပေမင့် ယခု လာသူများထဲမှ တစ်စုံတစ်ဦးသောသူမျှ လာခဲ့ဖူးခြင်း မရှိ။

''ကျွန်ုပ်သည် ထို ငါးဆယ့်ငါးနှစ် ကာလပတ်လုံးတွင် လေကိုသာ စားလျက် မြတ်သောအကျင့်ကိုသာ ကျင့်လျက် နေခဲ့သော်သည်း ထိုပုဂ္ဂိုလ်များ အထဲမှ မည်သူမျှ အခစား ဝင်ရောက်ခဲ့ဖူးခြင်း မရှိ။ သင့်ကျမှ အခစား ဝင်ရောက်ခဲ့ကြပေ၏။ ထို့ကြောင့် သင့်ကို ချီးကျူးထိုက်ပေ၏''ဟု အားရပါးရ ပြောလိုက်သည်။

ထိုအခါ မြတ်စွာဘုရားသခင်က–

''အို ဇမ္ဗုက။ သင်သည် လောကမှာ မိုက်မဲတွေဝေသူများအား လှည့်စားခဲ့၏။ ငါ့အားလည်း လှည့်စားရန် အားထုတ်၏။ အို ဇမ္ဗုက သင်သည် ငါးဆယ့်ငါးနှစ်ကာလပတ်လုံး မစင်ကိုသာ စားခဲ့သည် မဟုတ်တုံလော။ မြေတလင်းတွင်သာ အိပ်ခဲ့သည် မဟုတ်တုံလော။

''ထန်းစေ့မှတ်ဖြင့် ဆံချ၊ အဝတ်မပါ ဗလာကိုယ်ထီးဖြင့် မစင်စားပြီး မြေပေါ်အိပ်ခဲ့သည့် သင်သည် ငါ ဘုရားအား လှည့်စားခြင်း ဖြစ်၏။

''အို ဇမ္ဗုက၊ အသင် ဤဘဝကိုရရှိခြင်းမှာ ရှေးရှေးဘဝက ပြုခဲ့ဖူးသော မကောင်းမှုကြောင့် ဖြစ်ပေ၏။ ရှေးမကောင်းမှုကြောင့် ဤဘဝကို ရရှိပြီး ဤယုတ်မာသောအကျင့် သင်ကျင့်ကြံအားထုတ်နေခြင်း ဖြစ်ပေ၏'' ဟု ထိန့်လန့်ဖွယ်ရာ မိန့်ကြားတော်မူ၏။

ဇမ္ဗုကသည် မြတ်စွာဘုရားသခင်၏မိန့်ကြားချက်ကိုစိတ်ဝင်စားပြီး မိမိ၏ ရှေးဘဝအကြောင်းကို သိလိုစေဘ ပြင်းသဖြင့် -

''မြတ်စွာမ်းပါ ရဟန်းကြီး။ ကျွန်ုပ်သည် ရှေးရှေးဘဝက မည်ကဲ့သို့သော မကောင်းမှုကို ပြုသဖြင့် ယခုဘဝမျိုးကို ရရှိသနည်း'' ဟု မေးမြန်းလေ၏။

မြတ်စွာဘုရားသခင်သည်း ဇမ္ဗုကသည် ကဿပ ဘုရားသခင်လက်ထက် ဘောဂကျောင်းဘုန်းကြီးဖြစ်ခဲ့က ညွှေ့သည် ရဟန်းအပေါ် 'ဝန်တိုစိတ်' ပွားပြီး ပြုမိမှားသဖြင့် လေးပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးသဖြင့် ထိုအပြစ်တို့ကြောင့် သေသည်၏ အခြားမဲ့တွင် မဟာအဝီစိငရဲတွင် ခံရပြီး ယခုလူဖြစ်ပြန်သော်လည်း ချမ်းသာသော သူကြွယ်မျိုးရိုးတွင်ဖြစ်လျက် ဤသို့ ယုတ်ညံ့သော ဘဝကို ရောက်ရှိနေခြင်း ဖြစ်ကြောင်း အတိတ်ကို ဆောင်ပြီး ဟောကြားတော်မူလေ၏။

### ကျွတ်တမ်းဝင်ပြီ

ထိုအခါ ဇမ္ဗုကသည် အလွန်အမင်း ထိတ်လန့်သဖြင့် မြတ်စွာဘုရား၏ မျက်မှောက်ဝယ် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီမိုး ရှိခိုးနေလေသည်။

မြတ်စွာဘုရားသခင်သည် ဇမ္ဗုကအား အရှက်လုံရုံ ရရှိစေရန် ရေသနုပ် (ရေလဲသင်းပိုင်)ကို ပေးသနားတော်မူ၏။ ဇမ္ဗုကလည်း ရေသနုပ်ကို ဝတ်လျက် မြတ်စွာဘုရား၏ တရားတော်ကို အစဉ်သဖြင့် ဆက်လက် နာကြားရာ တရားအဆုံးတွင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိလေသတည်း။

'ဝန်တိုစိတ်' ဟူသည် မည်မျှ ဆိုးရွားကြောင်း၊ မည်မျှ ဆိုးကျိုးကို ပေးကြောင်း၊ မည်မျှ ကြောက်မက်ဖွယ် ကောင်းကြောင်း ဤသာဓကဖြင့် အမှတ်ရမြဲသင့်ပေပြီ၊ စွဲစွဲမြဲမြဲ မှတ်သား သင့်ပေပြီ။

ဇမ္ဗုကသည် ရိုးရိုးသာမန် ပုဂ္ဂိုလ်အား ဝန်တိုစိတ်ဖြင့် ပြစ်မှားမိခြင်းမျိုး မဟုတ်ဘဲ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာအပေါ် ဝန်တိုစိတ်ဝင်ပြီး ရဟန္တာအား လေးပါးသော ဆဲရေးခြင်းဖြင့် ဆဲရေးမိသဖြင့် မဟာအဝီစိသို့ ကျရသည့်အထိ အဆိုးဆုံးသော ဆိုးကျိုးကို ခံစားရရှိပေသည်။

သီလ သမာဓိ ဟူသည် ရုပ်ရည် ရူပကာယ အပေါ်လည်း တည်မှီခြင်း မရှိ၊ အဝတ်အစားအသုံးအဆောင်ပေါ်တွင်လည်း တည်မှီခြင်းမရှိ။ ဆောက်တည်အပ်သော အကျင့်ဖြစ်၍ ရုပ်ရည် ရူပကာယကို ကြည့်ပြီး ဆုံဖြတ်၍မရသကဲ့သို့ အဝတ်အစားကို ကြည့်ပြီး ဆုံဖြတ်၍လည်း မရချေ။

ယခု ဇမ္ဗုက ပြစ်မှားမိသော ရဟန္တာသည် ပြောင်ပြောင်ဝင်းဝင်းလည်း မရှိ။ သစ်သစ်လွင်လွင်လည်း မရှိ။ ညစ်ထေးထေးသာ ဖြစ်၏။ အပြင်သဏ္ဍာန်အားဖြင့် အဖြူဘက်အဖြူ

စင်ဆိုး ကိလေသာ အညစ်အကြေးဟူက မြူမျှမရှိသော ပုဂ္ဂိုလ် ဖြစ်ပေသည်။

ထို့ကြောင့် ရဟန်းသံဃာများကို မြင်သော် ရှိခိုး လေး စားရမည်။ မပြစ်မှားမိအောင် အထူးသတိထားရမည်ဟူသော အချက်ကိုလည်း အလေးအနက် မှတ်ယူသင့်ပေ၏။

## ချစ်ခြင်း မုန်းခြင်း

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဤမျှ ဆိုးရွားပြီး ဤမျှ မကောင်းကျိုးကို ပေးနိုင်စွမ်း ရှိသည့် 'မနာလိုခြင်း၊ ဝန်တိုခြင်း' တရားများနှင့် တစ်နည်းအားဖြင့် မနာလိုမှု ဝန်တိုမှု ပြည့်ကျပ် နေသော သတ္တဝါများအဖို့ မည်ကဲ့သို့-

- ခိုက်ရန်ဒေါသ ကင်းရှင်းကြပါအံ့နည်း။
- လက်နက်ဘေး၊ ဥစ္စာဘေးမှ ကင်းဝေးကုန်ကြပါအံ့နည်း။
- ရန်ဟူသမျှ ကင်းရှင်းကြပါကုန်အံ့နည်း။
- ခိုက်ရန်ဒေါသ အနည်းငယ်မျှ မရှိဘဲ အေးအေးချမ်း ချမ်း နေကြရပါကုန်အံ့နည်း။

ဤမနာလိုမှု၊ ဝန်တိုမှုကြောင့် သတ္တဝါအပေါင်းတို့သည် ဘေးရန်ထူပြော လျက် ကိုယ်စိတ်နှစ်ပါးဆင်းရဲလျက် လိုအင် ဆန္ဒမပြည့်ဝဘဲ နေကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် အချုပ်အားဖြင့် သိကြားမင်းကြီးမေးသည့်-

''သတ္တဝါတွေ ဘေးရန်ကင်းရှင်းလိုလျက် စိတ်ဆင်းရဲခြင်း ကင်းဝေးလိုလျက် မိမိတို့၏ အလိုဆန္ဒများ အဘယ်ကြောင့် မပြည့်ဝရပါသနည်း ဘုရား'' ဟူသော မေးခွန်းကို မြတ်စွာဘုရားက-

'မနာလိုခြင်း' နှင့် 'ဝန်တိုခြင်း' တရားနှစ်ပါးကြောင့် ဖြစ်ပေသတည်း ဟူ၍ ပြန်လည် ဖြေကြားတော်မူပေသည်။

သိကြားမင်းကြီးကား အလွန် ဉာဏ်ပညာ ကြီးမားသူ ဖြစ်၏။ တစ်သွားပြလျှင် တစ်လံမြင်ဆိုသည့် ပုဂ္ဂိုလ်မျိုး ဖြစ်၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားသခင်က ''သိကြားမင်းကို တရားဟောလျှင် သိကြားမင်းကြီး၏ ဉာဏ်ပညာ ကြီးမားမှုကြောင့် သိကြားမင်းသာမက များလှစွာသော သတ္တဝါများ အဘို့အကျိုးထူးနိုင်မည်'' ဟု ဆင်ခြင် သုံးသပ်နေ့ခြင်း ဖြစ်ပေသည်။

အကယ်၍ ဤတရားပွဲတွင် မေးလျှောက်သူက-

''သတ္တဝါများ ဘေးကင်းလိုလျက် ဆင်းရဲခြင်း ကင်းလိုလျက် မိမိဆန္ဒ အဘယ့်ကြောင့် မပြည့်ဝပါသနည်း'' ဟု လျှောက်ထားသည်ကို မြတ်စွာဘုရားရှင်က-

''မနာလိုခြင်း နှင့် ဝန်တိုခြင်းတို့ကြောင့် ဖြစ်ပေသည်'' ဟု ဖြေကြားတော်မူသည်တွင် မေးလျှောက်သူသည် ဉာဏ်ပညာ မထက်မြက်သော သာမန်ပုဂ္ဂိုလ်ဖြစ်က-

''ဘြော် သတ္တဝါတို့ ဘေးကင်းလိုလျက် ဆင်းရဲခြင်းကင်း လိုလျက် မိမိတို့ရဲ့ လိုအင်ဆန္ဒ မပြည့်ဝရခြင်းမှာ မနာလိုမှုနှင့်

ဝန်တိုမှုကြောင့်ပေကိုး” ဟု အဆုံးသတ် မှတ်ချက်ချပြီး - “သာဓုပါဘုရား”ဟု ဆိုကာ ပြန်သွားပေလိမ့်မည်။

ယခု သိကြားမင်းက ဉာဏ်ပညာ ထက်မြက်ကြီးမားသူ ဖြစ်သဖြင့် တရားပွဲမှာ ညှိမျှဖြင့် အဆုံးမသတ်သွားချေ။ သိကြားမင်းသည် မြတ်စွာဘုရားရှင်အား တစ်ဆင့် တစ်ဖန် ထပ်မံ၍ မေးမြန်း လျှောက်ထားပြန်သည်။ သိကြားမင်း ထပ်မံလျှောက်ထား မေးမြန်းသည်မှာ-

“တန်ခိုးတော် အနန္တ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော် မေးလျှောက်သော ပုစ္ဆာအပေါ် အရှင်ဘုရား ဖြေကြားတော်မူသော အဖြေမှာ အားရကျေနပ်ဖွယ် ဖြစ်ပါသည် ဘုရား။ ဘုရားတပည့်တော် ကျေနပ်အားရပါသည် ဘုရား။

“မြတ်စွာဘုရား သခင်တို့သည် ဟုတ်လည်း ဟုတ်မှန်၊ အကျိုးလည်း ရှိသော စကားကိုသာ ဆိုတော်မူတတ်သည် ဟူသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံတော်မူသည့်အလျောက် အရှင်ဘုရား၏ အဖြေစကားသည် မှန်လည်း မှန်ကန်ပြီး ဘုရားတပည့်တော်နှင့်တကွ များလှစွာသော သတ္တဝါတို့အတွက် ကြီးမားသော အကျိုးကျေးဇူးကိုလည်း ဖြစ်တွန်းစေပါသည် ဘုရား။

“အရှင်ဘုရား၏ အဖြေစကားကို ကြားရသည့်အတွက် ဘုရားတပည့်တော်မှာ ရှည်မြင့်လှစွာသောကာလမှ စ၍ ဖြစ် ပေါ်နေခဲ့သည့် ယုံမှားသံသယသည်လည်း ကင်းရှင်းသွားပါ ပြီဘုရား။ သို့လော သို့လော ဟူ၍ တွေးတောကြံဆခဲ့ရသည့်

ဘာဝမှလည်း လွတ်မြောက်ခဲ့ရပါသည် ဘုရား။ ထို့ကြောင့် ဘုရားတပည့်တော်မှာ ဖော်မပြနိုင်သော ကြည်နူးဝမ်းမြောက်မှု ဖြစ်ရပါသည်ဘုရား။ သာဓုပါဘုရား၊ သာဓု၊ သာဓု။

"ဘုန်းတော် အနန္တနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား ဖြေကြားတော်မူသော စကားနှင့် စပ်လျဉ်း ပြီး တပည့်တော် ထပ်မံမေးမြန်း လျှောက်ထားလိုပါသည်ဘုရား။ တပည့်တော်အား မေးမြန်းလျှောက်ထားခွင့် ပြုပါဦးဘုရား"

"ဤ ဘေးရန် ကင်းရှင်းခြင်းနှင့် လိုအင်ဆန္ဒပြည့်ဝခြင်းတို့ကို ဟန့်တားနှောင့်ယှက်သည့် တရားသည် မနာလိုခြင်းနှင့် ဝန်တိုခြင်းတရားဟူ၍ တပည့်တော် သိခဲ့ရပါပြီဘုရား။ တပည့်တော်သည် ထပ်မံ မေးမြန်းလျှောက်ထားလိုသည်မှာ–

"ထို မနာလိုခြင်းနှင့် ဝန်တိုခြင်းတရားတို့သည်၊ ထိုမနာလိုခြင်းနှင့် ဝန်တိုခြင်း သံယောဇဉ်နှောင်ကြိုးသည် အဘယ် အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း ဘုရား။ ထိုတရား၏ အကြောင်းရင်းသည် မည်သည့်တရားဖြစ်ပါသနည်းဘုရား" ဟူ၍ ဖြစ်ပေသည်။

မြတ်စွာဘုရားသခင်သည် သိကြားမင်းကြီးက ဤသို့ ထပ်မံ မေးမြန်းလျှောက်ထားမည်ကို ကြိုတင် သိမြင်ပြီ ဖြစ်ပေသည်။

တရားနာသူ၏ ဉာဏ်၊ ညာဏ်ထက်မြက်မှုပေါ် မူတည် ပြီး တရားဟောပုဂ္ဂိုလ်က ပြည့်ပြည့်စုံစုံ ဟောရပေသည်။ အမေး အဖြေ ဟောကြားခြင်းသည် ထူးခြားသော ဟောကြားခြင်း ဖြစ်၏။ မေးမြန်းသူက ဉာဏ်ပညာထက်မြက်လေလေ။ ဟောသူက ပို၍ ပြည့်ပြည့်စုံစုံ ဟောနိုင်လေလေ။ သတ္တဝါများအတွက်

အကျို ရှိလေလေဖြစ်၏။ ခက်ခဲနက်နဲသောတရားများကို ဤသို့ ဟောလေ့ရှိတော်မူ၏။

မဟာသမယသုတ်ကို မြတ်စွာဘုရားသခင်သည် ဤသို့ပင် အမေးအဖြေပုံစံဖြင့် ဟောကြားတော် မူခဲ့ပေသည်။

သို့သော် မဟာသမယသုတ် ဟောရန်အတွက် မေးရမည့် ပုဂ္ဂိုလ်မှာ သိကြားမင်း၏ဉာဏ်ပညာမျိုးနှင့် မရ။ သိကြားမင်း သာမက ဗြဟ္မာမင်းသော်လည်းကောင်း၊ဘုရားသခင်မှတစ်ပါး အခြား မည်သည့်ပုဂ္ဂိုလ်မျှ မေးနိုင်စွမ်း မရှိ။ဉာဏ်မမီနိုင်သဖြင့် မြတ်စွာဘုရားသခင်သည် မိမိနှင့်ဉာဏ်ရည်တူဖြစ်သော 'နိမ္မိတ ရုပ်ပွားတော်' တစ်ဆူကို ဖန်ဆင်းပြီး အမေးပုစ္ဆာ ဟော ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ယခု သိကြားမင်းကြီး၏ ထပ်မံမေးမြန်း လျှောက်ထား ခြင်းကို မြတ်စွာဘုရားသခင်က—

"တာဝတိံသာ ဒေဝါသခင် သိကြားရှင်၊ ဤမနာလိုခြင်း ဝန်တိုခြင်း တရားနှစ်ပါး၏ အကြောင်းခံတရားကား 'ချစ် အပ်သော ပုဂ္ဂိုလ်၊ မုန်းအပ်သော ပုဂ္ဂိုလ်၊ ချစ်အပ်သော အာရုံ၊ မုန်းအပ်သော အာရုံ'တို့ ဖြစ်ပေ၏"ဟု ဖြေကြားတော် မူသည်။

ချစ်ဖွယ်ရာ၊ မုန်းဖွယ်ရာ ရှိသဖြင့် မနာလိုခြင်း၊ ဝန်တိုခြင်း တရားများ ရှိလာရခြင်း ဖြစ်ပေသည်။ချစ်ဖွယ်ရာ၊ မုန်းဖွယ်ရာ မရှိလျှင် မနာလိုခြင်း၊ ဝန်တိုခြင်း တရားများ ရှိလာရန် အကြောင်း မရှိချေ။ ချစ်ဖွယ်ရာ ဆိုသည်ကား....

— ချစ်စဖွယ်အဆင်း
— ချစ်စဖွယ်အသံ

- ချစ်စဖွယ်အနံ့
- ချစ်စဖွယ်အရသာ
- ချစ်စဖွယ် အထိအတွေ့နှင့်
- ချစ်စဖွယ်ပုဂ္ဂိုလ်၊ သတ္တဝါ၊ သက်ရှိ သက်မဲ့ အာရုံအားလုံး တို့ ဖြစ်ပေသည်။

မုန်းဖွယ်ရာဆိုသည်မှာလည်း အထက်ပါအတိုင်း မုန်းစဖွယ် အဆင်း၊ အသံ၊ အနံ့ စသည် အားလုံးတို့ ဖြစ်ပေသည်။

မိမိ၏ မုန်းစဖွယ်၊ တစ်နည်း မိမိမုန်းသည့် ပုဂ္ဂိုလ်များတွင် ချစ်စဖွယ်အာရုံများ ရှိနေက မကျေမနပ် ဖြစ်ပေမည်။ ဤမကျေနပ်ခြင်းကား 'မနာလိုခြင်း' ပေတည်း။ မိမိနှင့် မပတ်သက်သည့် ချစ်စဖွယ်များ မုန်းသူထံ မရှိစေခြင်းသာ 'မနာလိုခြင်း'။

မိမိ၏ ချစ်စဖွယ်ပုဂ္ဂိုလ် အာရုံများသည် မိမိ၏ မုန်းစဖွယ်ပုဂ္ဂိုလ်များနှင့် မနီးစပ်စေလိုသည့်ဆန္ဒ 'ဝန်တိုခြင်း'ပင် ဖြစ်ပေသည်။

မိမိနှင့်ပတ်သက်သည့် ချစ်စဖွယ်ကို မုန်းသူနှင့် မပတ်သက်စေခြင်းက 'ဝန်တိုခြင်း'။

ထို့ကြောင့် မနာလိုမှုနှင့် ဝန်တိုမှုတို့သည် ချစ်ခြင်း၊ မုန်းခြင်းဟူသော နှစ်ပါးကို အခြေခံပြီး ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

ဤအဖြေဖြင့်ပင် သာမန် ပုဂ္ဂိုလ်များအဖို့ ကျေနပ်သွားဖွယ်ရာ ရှိသော်လည်း သိကြားမင်းကား မကျေနပ်သေး။ မြတ်စွာဘုရားကို ထပ်မံ မေးမြန်း လျှောက်လားပြန်သည်။ မေးမြန်းပုံမှာ....

"ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရား၊ ထို 'ချစ်ခြင်း၊ မုန်းခြင်း' ဟူသည့် တရားနှစ်ပါးသည် အဘယ်တရားအပေါ် အကြောင်းခံပြီး ဖြစ်ပေါ်လာခြင်း ဖြစ်ပါသနည်း" ဟူ၍ ဖြစ်ပေသည်။

ထိုအခါ မြတ်စွာဘုရားသခင်က....

"တာဝတိံသာ နတ်ရွာဘုရင် သိကြားမင်း၊ ချစ်အပ်သော အရာနှင့် မုန်းအပ်သောအရာ (ချစ်ခြင်း၊ မုန်းခြင်း) တရားနှစ်ပါးသည် လိုချင် နှစ်သက်သော တဏှာဆန္ဒသာ အစရှိကုန်၏၊ အကြောင်းရင်း ဖြစ်ကုန်၏" ဟူ၍ ချစ်ခြင်း မုန်းခြင်း တရား နှစ်ပါးတို့၏ အကြောင်းရင်းကို ဖြေကြားတော်မူသည်။

တဏှာဆန္ဒ တည်းဟူသော လိုချင် တပ်မက်ခြင်းတရား ရှိ၍သာ ချစ်စဖွယ်၊ မုန်းစဖွယ်များ၊ ချစ်အပ်သော အရာ၊ မုန်းအပ်သောအရာများ ရှိနေခြင်း ဖြစ်၏။ ထိုတဏှာဆန္ဒကို ခွဲစိတ်ကြည့်မည်ဆိုက....

၁။ ရှိလိုသော ဆန္ဒ
၂။ ရလိုသော ဆန္ဒ
၃။ သုံးစွဲလိုသော ဆန္ဒ
၄။ သိမ်းဆည်းလိုသော ဆန္ဒ
၅။ ပေးဝေလိုသော ဆန္ဒ

ဟူ၍ ငါးမျိုး တွေ့ရပေသည်။

ချစ်စဖွယ်အာရုံကို ရှာကြံလိုသည်မှာ သဘာဝပင် ဖြစ်၏။ သတ္တဝါတို့သည် ချစ်စဖွယ်ကိုသာ အမြဲ ရှာလိုသော ဆန္ဒရှိ၏။ ချစ်စဖွယ်ဆန္ဒကို မဆုံးနိုင်သော ရှာခြင်းဖြင့် သံသရာ

တစ်လျှောက်လုံးပင် ရှာလိုကြပေ၏။ ရှာပြီးရင်း ရှာချင်ရင်း ပင် ဖြစ်၏။

ချစ်စဖွယ်အာရုံကို ရှာ၍ တွေ့သော် တွေ့ရုံဖြင့် အတော မသတ်ပေ။ ရှာခြင်းသည် တွေ့ရုံအတွက် မဟုတ်။ တွေ့ရရုံ သက်သက်အတွက် ချစ်စဖွယ် အာရုံကို ရှာဖွေနေကြခြင်း မဟုတ်။ တွေ့လျှင် ရချင်သည်။ ချစ်စဖွယ်အာရုံကို တွေ့လိုက် သည်နှင့် မိမိ၏ လက်ဝယ်ပိုင်ပိုင် ရလိုကြသည်။ တွေ့ရုံဖြင့် မပြီး ရမှ ဖြစ်ပေမည်။

ချစ်စဖွယ်အာရုံကို ရှာတွေ့ပြီး ရပြီးပြန်တော့လည်း ကိစ္စ မပြီးသေး။ ထိုချစ်စဖွယ် အာရုံမှာ တွေ့ပြီး၊ ရပြီးသည်နှင့် ကျေနပ်၍ ရသည့်ကိစ္စ မဟုတ်။ တွေ့ပြီး ရပြီးက သုံးစွဲလိုပေ သည်။ သုံးစွဲရမှ ဖြစ်ပေမည်။

ချစ်စဖွယ်အာရုံကို ရှာ၍ တွေ့၍ ရ၍ သုံးစွဲ ပြီး၍လည်း မကျေနပ်ကြပြန်သေးချေ။ ထိုချစ်စဖွယ်အာရုံကို မပြတ်အောင် မပျက်အောင်၊ အချိန်မရွေး ရှိအောင် သိမ်းဆည်း ထားလို သေးသည်။

ထိုချစ်စဖွယ်အာရုံကို ရှာတွေ့ပြီး၊ ရရှိပြီး၊ သုံးစွဲပြီး၊ အစဉ် သုံးစွဲနိုင်အောင် သိမ်းဆည်းပြီးဖြစ်၍ ကျေနပ် ရောင့်ရဲ သင့် ပေသည်။ သို့သော် ချစ်စဖွယ် အာရုံကို ရှာသူက ဤမျှဖြင့် မရောင့်ရဲသေးပေ။ မိမိတွင် ချစ်စဖွယ်ပုဂ္ဂိုလ်များ ရှိသေးသည် မဟုတ်လော။ ထိုပုဂ္ဂိုလ်များ ချစ်နှစ်သက်သူများကို ပေးဝေ လိုပေသေးသည်။

ပမာအားဖြင့် အကြင် ယောကျ်ားတစ်ဦးသည် ချစ်စဖွယ် အာရုံဖြစ်သည့် စွဲမက်ဖွယ်ရာ အဖိုးတန် ရတနာဖြစ်သည့်'ရွှေ'ကို

ရှာလိုက်၏။ တွေ့သော် ရလိုက်၏။ ရသော် သုံးစွဲလိုက်၏။ လက်ဝတ် ရတနာများ လုပ်ပြီး ဝတ်ဆင်လိုက်၏။ ပြီးတော့ မပျောက်မပျက် အောင် သိမ်းဆည်း ထားလိုက်၏။ ပြီးတော့ ဇနီး၊ သားသမီး များကိုလည်း ဆင်မြန်းရန် အမွေခံရန် ပေးဝေလိုက်၏။

မဟာသမုဒ္ဒရာ ဟူသည် မည်သည့် အခါမျှ ရေသောက်၍ မဝ ဟူ၍ ဆိုရိုးရှိ၏။ ဆိုလိုသည်မှာ မည်မျှ များပြားသော ချောင်းငယ် မြောင်းငယ်များက ရေများ စီးဝင်သော်လည်း မဟာသမုဒ္ဒရာဝယ် ပြည့်ခြင်း၊ လျှံခြင်း မရှိဟူ၍ ဖြစ်ပေသည်။

မီးသည်လည်း မည်သည့်အခါမျှ လောင်၍မဝ ဟူ၍ ဆိုရိုး ရှိပေသေး၏။ ဆိုလိုသည်မှာ လောင်စာရှိနေသရွေ့ မီးကား လောင်နေမည်သာ ဖြစ်၏။ လောင်စာ ရှိလျက် မည်သည့် ပယောဂမျှမပါဘဲ အလိုလို ငြိမ်းမည် မဟုတ်ဟူ၍ ဖြစ်သည်။

တစ်ဖန်....

အဝတ်တန်ဆာ ဆင်ယင်ရာတွင် အမျိုးသမီးများသည် မည် သည့် အခါမျှ ရောင့်ရဲမှု မရှိ ဟူ၍လည်း ဆိုရိုး ရှိသေးသည်။

သံသရာဝယ် ကျင်လည်ကျက်စားလျက်ရှိကြသော သတ္တဝါ အပေါင်းတို့သည်လည်း ချစ်စဖွယ် ချစ်နှစ်သက်ဖွယ် အာရုံများ ကို ခံစားရာတွင် မည်သည့်အခါမျှ 'ဝ' သည်ဟူ၍မရှိချေ။

ကာမဂုဏ် စည်းစိမ်ကား ဆားငန်ရည်နှင့်ပမာတူ၏။ ဆား ငန်ရည်ကား သောက်လေသောက်လေ ငတ်မပြေတည်း။ ကာမ ဂုဏ်စည်းစိမ်သည်လည်း ခံစားရလေ ခံစားချင်လေတည်း။ မီးခိုးမဆုံး မိုးမဆုံးဟု ပညာရှိများ ဆိုမိန့်ကြားခဲ့သည်။

လောကီအာရုံ ကာမဂုဏ်ဟူသည် မည်ရွေ့မည်မျှ ခံစားရသော်လည်း ‘ဝ’ သွားပြီ၊ ကျေနပ်သွားပြီ၊ တော်ပြီဟူ၍ မရှိပေ။

ရှေးအခါက တိတ္ထိအချို့သည်—

ကာမဂုဏ်ကို ကာမဂုဏ်ဖြင့် သတ်ရမည်။ ကာမဂုဏ်ကို အီသွားအောင်၊ ရွံမုန်းသွားအောင် ခံစားလိုက်ရလျှင် ကာမဂုဏ်ခံစားချင်စိတ် ကုန်ခန်းသွားမည်ဟု တွေးမိပြီး ကာမဂုဏ်ကို ခံစားသည့်နည်းဖြင့် ကျင့်ကြံ အားထုတ်ခဲ့ကြသေးသည်။

ထမင်းစားသူသည် မစားရသေးမီက ဆာသဖြင့် အလွန်အမင်းစားလိုကြသည်။ စားရသောအခါလည်း ‘ဝမ်းသာအားရ’ နှင့် စားနိုင်သမျှ စားကြသည်။ ဝ သွားသောအခါ ဆက်မစားနိုင်ကြတော့။ ကာမဂုဏ်ခံစားမှုသည်လည်း ဤနည်းအတိုင်း ဖြစ်သည်ဟု ယူဆကြသည်။

ထမင်းဝသော် ဆက်မစားနိုင်ဘဲ ရပ်လိုက်ကြ၊ ဆောင်လိုက်ကြသည်။ ဤမျှဖြင့် အဆုံးမသတ်ပဲ ဆက်၍လှုလာသော် နောက်များမကြာမီ အစာကျေပြီး ပြန်ဆာသည်။ ပြန်စားတော့ ပြန်ဝသည်၊ နောက်ပြန်ဆာသည်။ ပြန်ဝသည်။ ပြန်ဆာသည် ဟူ၍ ဆက်ကာဆက်ကာဖြင့် သံသရာ တစ်လျှောက်လုံး အဆုံးမသတ်။ အစားမဆုံး၊ အဝမဆုံး၊ ပြန်ဆာမဆုံး ဖြစ်ခဲ့သည်ကို မတွေ့ကြသဲ့ လိုသရွေ့ဆဲပြီး ကာမဂုဏ်ကို ကာမဂုဏ်ဖြင့် သတ်ကြရာ ‘အကျင့်ပျက် အရည်ရဟန်း’ တွေ ဖြစ်လာလေတော့သည်။

မည်သည့်အခါမှ ခံစား၍ မဝနိုင်သည့် ချစ်စဖွယ် အာရုံများကို အထက်က ဖော်ပြခဲ့သည့် ဆန္ဒငါးပါးအကြောင်းခံဖြင့် ရှာဖွေမှု၊ ရယူမှု၊ ခံစားမှု၊ သိမ်းဆည်းမှု၊ ပေးဝေမှုများကို မရပ်မနား ဆိုလည်နေသွားကဲ့သို့ သတ္တဝါများမှာ မရပ်မနား ဆောင်ရွက်ခဲ့ကြပေသည်။

ထိုသို့မရပ်မနား ဆိုလည်နေသွားသို့ ကြိုးပမ်းအားထုတ် ဆောင်ရွက်ရာတွင် ချစ်ခဖွယ်များက ကူညီအားပေးကြသည်။ မုန်းစဖွယ်များက ဟန့်တား နှောင့်ယှက်ကြသည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း မြတ်စွာဘုရားသခင်က-

"အသင် သိကြားမင်း။ ချစ်ခြင်း၊ မုန်းခြင်း တရားနှစ်ပါးသည် လိုချင် နှစ်သက်သော တဏှာ ဆန္ဒမှ အစပြုသည်" ဟု ဖြေကြားတော်မူသောအခါ သိကြားမင်းသည် ထို့ထက် ဟစ်ဆင့် ထပ်မံသိလိုသေးသဖြင့်-

"ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရား။ ချစ်ခြင်း၊ မုန်းခြင်း တရားနှစ်ပါး၏ အခြေခံသည် လိုချင် နှစ်သက်မှုဟု ဆိုအပ်သော တဏှာ ဆန္ဒ ဖြစ်ကြောင်း အရှင်ဘုရား ဟောပြ၍ သိရပါပြီ ဘုရား။

"ဤ လိုချင် နှစ်သက်မှု တည်းဟူသော တဏှာ ဆန္ဒ၏ အခြေခံအကြောင်းတရားကို တပည့်တော် သိလိုပါသေးသည် ဘုရား။ ဤတဏှာဆန္ဒ၏ အကြောင်းရင်းကား အဘယ်တရား ဖြစ်ပါသနည်း" ဟု မြတ်စွာဘုရားသခင်အား ထပ်မံမေးမြန်း လျှောက်ထားလိုက်ပြန်သည်။

ထိုအခါ မြတ်စွာဘုရားသခင်က-

''နတ်တို့အရှင် သိကြားမင်း။ လိုချင်နှစ်သက်မှု တည်း ဟူသော တဏှာဆန္ဒ၏ အခြေခံအကြောင်းတရားမှာ 'ကြံစည်ဆုံးဖြတ်မှု' ဖြစ်ပေ၏။ ဤကြံစည်ဆုံးဖြတ်မှုသည် တဏှာလောဘ၏ အကြောင်းရင်းတည်း'' ဟု ပြန်လည် ဖြေကြားတော်မူသည်။

သက်ရှိ သက်မဲ့ အာရုံများနှင့် ထိတွေ့ပြီးနောက် လိုချင်စဖွယ် ပုဂ္ဂိုလ်၊ သတ္တဝါ၊အရာဝတ္ထုအနေဖြင့် ထင်မြင်လာခြင်းသည် 'ကြံစည်ဆုံးဖြတ်မှု'ပင် ဖြစ်၏။

အဆင်း လှလှကလေး တွေ့သည့်အခါ ''အဆင်း လှလှကလေး''ဟု ထင်မြင်ခြင်းသည် ကြံစည်ဆုံးဖြတ်မှုပင် ဖြစ်၏။

ဤကြံစည်ဆုံးဖြတ်မှု မပါက မျက်စိက ရုပ်ဝတ္ထုကို မြင်လျှင် မြင်ရုံပင် ရှိမည်။ လှသလော၊ အရုပ်ဆိုးသလော၊ မုန်းစရာလော၊ ကြောက်စရာလော၊ လိုချင်စရာလော၊ မသတီစရာလော၊ ဖြူသလော၊ မည်းသလော အစရှိသည့် အသိမျိုးကို သိရှိနိုင်မည် မဟုတ်ပေ။

ထပ်၍ ထပ်၍ မေးမြန်း လျှောက်ထားခြင်းသည် ပို၍ ပို၍ နက်နဲစွာ အရင်းအမြစ်ကျစွာ သိလာရကြောင်း ညဏ်အမြင်ရှိသော သိကြားမင်းသည် မြတ်စွာဘုရားသခင်အား ထပ်မံ၍ ပြီးလျှင်-

''အန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တဏှာဆန္ဒ၏ အကြောင်းရင်းအခြေခံသည် 'ကြံစည်ဆုံးဖြတ်မှု'ဟူ၍ မြတ်စွာဘုရားသခင် ဟောပြတော်မူသဖြင့် အားရကျေနပ်စွာ သိရပါပြီ ဘုရား။ အရှင်

ဘုရား ခွင့်ပြုတော်မူပါလျှင် 'ထိုကြံစည်ဆုံးဖြတ်မှု၏ အခြေခံ အကြောင်းရင်းကား အဘယ်တရား ဖြစ်ပါသနည်း'ဟု ထပ်မံမေးမြန်း လျှောက်ထားလိုပါသေးသည် ဘုရား''ဟု လျှောက်ထား မေးမြန်းပြန်သည်။

ထိုအခါ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက-

''တာဝတိံသာနတ်တို့ရှင်ဘုရင် ကြားနာမည်မှတ် သိကြားနတ်။ ထို 'ကြံစည်ဆုံးဖြတ်မှုဟူသော တရား၏ အခြေခံ အကြောင်းရင်းကား ချဲ့ထွင်၍ မှတ်သားခြင်း' ဖြစ်ပေသည်''ဟု ဖြေကြားတော်မူပြန်သည်။

သာမန်ပုဂ္ဂိုလ်၊ သတ္တဝါများအဖို့ သက်ရှိသက်မဲ့ သတ္တဝါ အရာဝတ္ထုများကို မြင်သည့်အခါ မြင်ရုံမျှဖြင့် ပြီးပျောက်သွားခြင်းမရှိဘဲ မှတ်သားခြင်းအမှုကိုပါ ပြုကြမြဲ ဖြစ်၏။

မြင်မိသည်နှင့် သက်ရှိလော၊ သက်မဲ့လော၊ လူလော၊ တိရစ္ဆာန်လော၊ အရာဝတ္ထုလော၊ ကြီးကြီးလော၊ ငယ်ငယ်လော၊ ရှည်ရှည်လော၊ ပုပုလော၊ ပိန်ပိန်လော၊ ဝဝလော၊ ဖြူဖြူလော၊ မည်းမည်းလော၊ ချစ်စရာလော၊ ကြောက်စရာလော၊ နှစ်သက်စရာလော၊ ရွံမုန်းစရာလော၊ ချောချောလှလှကလေးလော၊ ရုပ်ဆိုးဆိုးကြီးလော၊ ဣတ္ထိလိင်လော၊ ပုလ္လိင်လော၊ ယောကျ်ားလော၊ မိန်းမလော အစရှိသည့် အမှတ်အသားများကို တစ်ခဏချင်း မှတ်သားလိုက်ကြသည်။

ထိုသို့ မှတ်သားခြင်းသည် အချည်းအနှီး မှတ်သားခြင်း မဟုတ်၊ 'ချဲ့ထွင်ရန် မှတ်သားခြင်း' ဖြစ်သည်။ ထိုသို့ မှတ်သား ပြီးနောက် မည်သို့ ချဲ့ထွင်သနည်းဟူမူ-

၁။ သာယာသောအနေဖြင့် ချဲ့ထွင်သည်။

- ဝတ်ဆင်ရလျှင် မည်မျှ ကောင်းမည်နည်း။
- စားသောက်ရလျှင် မည်မျှ ကောင်းမည်နည်း။
- နေထိုင်ရလျှင် မည်မျှ ကောင်းမည်နည်း။
- နမ်းရှုပ်ရလျှင် မည်မျှ ကောင်းမည်နည်း။
- ထိတွေ့ရလျှင် မည်မျှ ကောင်းမည်နည်း။
- ပိုင်ဆိုင်ရလျှင် မည်မျှ ကောင်းမည်နည်း။

စသည် စသည်ဖြင့် ပုံကြီးချဲ့သည်။

၂။ ခွဲခြားသော အနေဖြင့် ချဲ့ထွင်သည်။

- ရန်သူလော၊ မိတ်ဆွေလော၊
- ချစ်စရာလော၊ မုန်းစရာလော။
- ယောက်ျားလော၊ မိန်းမလော။
- ငါ့ကို ယုဉ်မည်လော၊ အညံ့ခံမည်လော။

စသည် စသည်ဖြင့် ခွဲခြားပြီး ချဲ့ထွင်သည်။ ပုံကြီးချဲ့သည်။

ထိုသို့ ချဲ့ထွင်ပြီးနောက်–

- ချစ်စရာပေပဲ၊ မုန်းစရာပေပဲ။
- လိုချင်စရာပေပဲ၊ ပစ်ပယ်စရာပေပဲ။
- ရန်သူပေပဲ၊ မိတ်ဆွေပေပဲ။

စသည်ဖြင့် ကြံစည်ဆုံးဖြတ်မှုများကို ပြုသည်။ ချစ်သည်၊ မုန်းသည်၊ လိုက်ခိုက်မည် စသည်ဖြင့် ဆုံးဖြတ်ချက်များချပြီး ဆောင်ရွက်သည်။ ပြန်လှန်လိုက်သည်ရှိသော်-

သက်ရှိသက်မဲ့ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု အစရှိသည့် သက်ရှိ သက်မဲ့ အာရုံများနှင့် မိမိတို့ အာရုံ ထိတွေ့သော အခါ-

= ထိတွေ့ပြီး ချက်ချင်း ပျောက်မသွားတဲ့ စွဲထင်ရန် မှတ်သားသည်။

= မှတ်သားစွဲထင်ပြီးနောက် လိုချင်နှစ်သက်သည့် တဏှာ ဆန္ဒတွေ ဖြစ်ပေါ်လာသည်။

— ထိုတဏှာဆန္ဒများကြောင့် ချစ်စဖွယ် မုန်းစဖွယ်များ ဖြစ်ပေါ်လာသည်။

— ချစ်စဖွယ် မုန်းစဖွယ်များရှိခြင်းကြောင့် မနာလိုခြင်း၊ ဝန်တိုခြင်းများ ဖြစ်ပေါ်လာသည်။

= မနာလိုခြင်း၊ ဝန်တိုခြင်းကြောင့် သတ္တဝါများမှာ မိမိတို့ လိုအင်ဆန္ဒ မပြည့်ဝတဲ့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေကြရသည်။ ဘေးရန်ဒေါသ သင့်နေကြရသည်။

နောက်တစ်နည်းအားဖြင့်-

— စွဲထင်နိုင်အောင် စွဲမှတ်မိ၍ ကြံစည်ဆုံးဖြတ်နိုင်သည်။

— ကြံစည်ဆုံးဖြတ်မိ၍ လိုလား နှစ်သက်မိသည်။

— လိုလား နှစ်သက်မိ၍ ချစ်စဖွယ်၊ မုန်းစဖွယ်များ ရှိလာရသည်။

= ချစ်စဖွယ်၊ မုန်းစဖွယ်ရှိ၍ မနာလိုခြင်း၊ ဝန်တိုခြင်း ဖြစ်လာရသည်။

— မနာလိုခြင်း၊ ဝန်တိုခြင်းကြောင့် သတ္တဝါအများ ကိုယ်စိတ်နှစ်ဖြာ မချမ်းသာတဲ့ ဘေးရန်ဒေါသ ဝန်းရံ ခလျက် ဆင်းရဲနေကြပေသည်။

ထို့ကြောင့် ဘေးကင်းလိုသော၊ ဆင်းရဲခြင်း ကင်းလိုသော၊ လိုအင်ဆန္ဒ ပြည့်ဝလိုသော သတ္တဝါအပေါင်းတို့သည် ဘေးမကင်းခြင်း၊ ဆင်းရဲခြင်း၊ လိုအင်ဆန္ဒ မပြည့်ဝခြင်းတို့၏ မူလအစ အရင်းအမြစ်ဖြစ်သော 'ချွတ်ငင်၍ စွဲမှတ်ခြင်း' ကို ပယ်ရပေမည်။

သိကြားမင်းကြီးက ထပ်၍ထပ်၍ မေးမြန်းခြင်း၊ မြတ်စွာဘုရားသခင်က သိကြားမင်း မေးသမျှ ထပ်ကာ ထပ်ကာ ဖြေကြားခြင်းတို့ဖြင့် သတ္တဝါအများ၏ ဘေးမကင်းခြင်း၊ ဆင်းရဲခြင်း၊ လိုအင်ဆန္ဒ မပြည့်ဝခြင်းတို့၏ မူလအစကို အကြောင်းရင်းခံကိုရောက်ရှိသွားလေသည်။ ယင်းစာဝ်မြင်ကို သိကြားမင်းကြီး သိရှိသွားပေပြီ။ ကောင်းစွာ သိရှိသွားပေပြီ။ ယုံမှားသံသယ ကင်းရှင်းသွားပေပြီ။

မြတ်စွာဘုရား ပွင့်တော်မမူသေးမီက 'ရဟန်း' ဟု ဆိုသူ၊ 'ပုဏ္ဏား' ဟု ဆိုသူ၊ 'ပညာရှိ' ဟု ဆိုသူ၊ 'ဂိုဏ်းဆရာ' ဟု ဆိုသူ စသူ စသူများကို မေးမြန်းခဲ့ပါသော်လည်း အဖြေမရခဲ့သည့် သိကြားမင်းကြီး၏ ပြဿနာကို မြတ်စွာဘုရားသခင်က ယုံမှားသံသယ ကင်းရှင်းသွားအောင် ဖြေကြား ဟောကြားတော်မူသဖြင့် သိကြားမင်းကြီးမှာ ကြီးစွာသော ကျေနပ် ဝမ်းမြောက်မှုကို ရရှိသွားပေသည်။

သို့ဆိုက သိကြားမင်းကြီးသည် မိမိ သိလိုသော တရားကို ကွက်ကွက်ကွင်းကွင်း သံသယကင်းစွာ သိမြင်ပြီဖြစ်၍ မြတ်စွာဘုရားသခင်အား ဖူးမြော်ပြီး တာဝတိံသာသို့ ပျော်ပျော်ကြီး ပြန်ရန်သာ ရှိတော့သည် မဟုတ်ပါလော။

မဟုတ်ပါ။ သိကြားမင်းကြီးသည် ထိုသို့ မပြန်သေးပါ။ ထိုအသိမျှဖြင့် အားရကျေနပ်ခြင်း မရှိသေးပါ။ ထို့ကြောင့် သိလိုသေးသည်ကို ထပ်မံ မေးလျှောက်ပြန်သည်။ သိကြားမင်းကြီး သိလိုသေးသဖြင့် ထပ်မံ မေးလျှောက်သည်မှာ –

"ဘုန်းတော်ခြောက်ပါးသခင် အရှင်မြတ်ဘုရား။ သံသရာဘေးကို မျှော်တွေးထိတ်လန့်ပြီး သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကောင်းမြတ်သော အကျင့်ဖြင့် ကျင့်နေသော ရဟန်းသည် အဘယ်သို့ ကျင့်က 'ချုပ်ငြိမ်းခြင်း' တရားကို ချုပ်ငြိမ်းအောင် ကျင့်ရာ ရောက်ပါသနည်း ဘုရား" ဟူ၍ ဖြစ်ပေသည်။

"တရားဟူသည် သိရုံနှင့် မပြီး၊ ကျင့်ကြံအားထုတ်မှ ပြီးမည်" ဟူသော အချက်ကို သိကြားမင်းက ကောင်းစွာ သိသဖြင့် သံသရာမှ လွတ်မြောက်ကြောင်း မည်သို့ကျင့်ကြံ အားထုတ်ရမည်ကိုပါ မြတ်စွာဘုရားသခင်အား မေးမြန်းလျှောက်ထားခြင်း ဖြစ်ပေသည်။

'ချုပ်ငြိမ်းခြင်း' တရားကို မည်ကဲ့သို့ ပယ်ဖျောက်ရမည် ဟူသော အချက်ပင်ဖြစ်၏။ ထိုချုပ်ငြိမ်းခြင်း တရားကို ပယ်ဖျောက်နိုင်လျှင် လုံးဝ ချုပ်ငြိမ်းအောင် အားထုတ်နိုင်လျှင် –

— သံသရာမှ လွတ်မြောက်ပြီ။ နိဗ္ဗာန်ရောက်ပြီ။

ချုပ်ငြိမ်းခြင်းတရား ပယ်ဖျောက်ရေးအတွက် သိကြားမင်းကြီး လျှောက်ထားချက်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက –

"ဣန္ဒြာဒေဝ သိကြားမြတ်။ ခွဲထွင်ဖို့ စွဲမှတ်ခြင်းတရားကို ပယ်ဖျောက်ရေးအတွက် သံသရာဘေးကို မျှော်တွေးထိတ်လန့်ပြီး သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကောင်းမြတ်သော အကျင့်မြင့် ကျင့်ကြံ အားထုတ်နေသော ရဟန်းသည်-

- မမှီဝဲအပ်သော တရားနှင့် မှီဝဲအပ်သောတရား ဟူ၍ တရားနှစ်ပါး ရှိသည့်အနက်-
- မမှီဝဲအပ်သောတရားကို ပယ်ပြီး မှီဝဲအပ်သောတရားကို မှီဝဲလျှင် ခွဲထွင်ဖို့ စွဲမှတ်ခြင်းကို ချုပ်ငြိမ်းအောင် ကျင့်ကြံအားထုတ်ခြင်း မည်ပေ၏။

"နတ်တို့အရှင် သိကြားမင်း-

- ဝမ်းသာမှု
- ဝမ်းနည်းမှု
- ဝမ်းသာ ဝမ်းနည်း အကြား အလယ် အလတ် ဖြစ်နေမှု

ဟူ၍ ဝေဒနာသုံးပါး ရှိပေ၏။

ထိုဝေဒနာသုံးပါးကိုလည်း....

- မမှီဝဲအပ်သည့် ဝေဒနာ
- မှီဝဲအပ်သည့် ဝေဒနာ ဟူ၍ခွဲခြားပြီး....

= မမှီဝဲအပ်သော ဝေဒနာကို ပယ်ပြီး မှီဝဲအပ်သော ဝေဒနာကို မှီဝဲလျှင် ခွဲထွင်ဖို့ စွဲမှတ်ခြင်းကို ချုပ်ငြိမ်းအောင် ကျင့်ကြံအားထုတ်ခြင်း မည်ပေ၏" ဟူ၍ ဖြေကြားတော်မူသည်။

မမှိုဝဲအပ်သော တရားကို ပယ်
မှိုဝဲအပ်သော တရားကို မှိုဝဲ
မမှိုဝဲအပ်သော ဝေဒနာကို ပယ်
မှိုဝဲအပ်သော ဝေဒနာကို မှိုဝဲခြင်းသည်-

ချဲ့ထွင်ဖို့ စဲ့မှတ်ခြင်းကို ချုပ်ငြိမ်းအောင် အားထုတ်ခြင်း၊ သံသရာမှ လွတ်မြောက်အောင် အားထုတ်ခြင်းဖြစ်ကြောင်း မြတ်စွာဘုရားသခင်က ဟောကြားခြင်းဖြစ်ပေသည်။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားသခင်အား ထပ်မံ၍...

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊
မည်ကဲ့သို့သော-
ဝမ်းသာမှု
ဝမ်းနည်းမှု
အလယ်အလတ် ဖြစ်မှုသည် မှိုဝဲအပ်သော တရားဖြစ်ပြီး...

မည်ကဲ့သို့သော
ဝမ်းသာမှု
ဝမ်းနည်းမှု အလယ်အလတ် ဖြစ်မှုသည် မမှိုဝဲအပ်သော တရားဖြစ်ပါသနည်းဘုရား" ဟု လျှောက်ထားပြန်သည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း-

"အသင် သိကြားမင်း၊ ကုသိုလ်ဖြစ်စေမည့်
- ဝမ်းနည်းမှု
- ဝမ်းသာမှု
- အလယ်အလယ်ဖြစ်မှု တရားများသည် မှိုဝဲအပ်သော တရားများဖြစ်ပြီး၊

အကုသိုလ်ဖြစ်စေမည့်—
— ဝမ်းနည်းမှု
— ဝမ်းသာမှု
— အလယ်အလတ်ဖြစ်မှု တရားများသည် မမှိုဲအပ်သော
တရားများ ဖြစ်၏” ဟူ၍ ထပ်မံဟောကြားတော် မူပြန်
သည်။

ဝမ်းသာခြင်း
ကြည်နူးခြင်း
နှစ်ခြိုက်ခြင်း
ရွှင်လန်းခြင်း
နှလုံးသာယာခြင်း

စသည့် ဝေါဟာရများသည် အဓိပ္ပာယ်တူသော ဝေါဟာရများ ဖြစ်၏။ 'ကျေနပ်ခြင်း' ကို ဖော်ပြသော ဝေါဟာရများ ဖြစ်၏။

ထိုဝေါဟာရများသည် ကောင်းမှုတွင်သာရှိပြီး မကောင်းမှုတွင် မရှိဟု မမှတ်ယူအပ်ပေ။ ကောင်းမှုတွင်လည်း ရှိ၏။ မကောင်းမှုတွင်လည်း ရှိ၏။

အလှူဒါန ကုသိုလ်ကောင်းမှု အစုစုပြုပြီး ဝမ်းသာကြည်နူး ရွှင်လန်းနေခြင်းသည် ကောင်းမှုဘွင် သုံးသော ဝေါဟာရ ဖြစ်ပြီး —

မိမိရန်သူ၊ မိမိမုန်းနေသူ ပျက်စီး၍၊ မိမိက မိမိမုန်းနေသူအား နှိပ်စက်ညှဉ်းပန်းခဲ့၍ ဝမ်းသာကြည်နူးရွှင်လန်းနေခြင်းသည် မကောင်းမှုတွင် သုံးသော ဝေါဟာရ ဖြစ်၏။

ကောင်းမှုပြုပြီး မကောင်းမှုအတွက်ရသော ဝမ်းသာ ကြည်နူး ရွှင်လန်းနေခြင်းသည် မှိုဝဲအပ်သော ဝမ်းသာခြင်းဖြစ်ပြီး –

မကောင်းမှုအတွက်ရသော ဝမ်းသာကြည်နူး ရွှင်လန်းခြင်းသည် မမှီဝဲအပ်သော ဝမ်းသာခြင်း ဖြစ်၏။

၎င်းတွင် ပြုပြီး၊ ပြုဆဲ၊ ပြုလတ္တံ့သော ကာလသုံးပါးလုံးအတွက် မမှီဝဲအပ်သော ဝမ်းသာခြင်းတို့ ရှိကြပေသည်။

အလှူဒါနပြုရန် ကြံစည်ကြိုးပမ်းစဉ်က ဝမ်းသာခြင်းသည် ပြုလတ္တံ့သော ကောင်းမှုအတွက် မှီဝဲအပ်သော ဝမ်းသာခြင်း။

အလှူဒါနပြုနေဆဲတွင် ပြုနေသော ဒါနကောင်းမှုအပေါ် ပီတိပွားနေခြင်းသည် ပြုဆဲကောင်းမှုအတွက် မှီဝဲအပ်သော ဝမ်းသာခြင်း။

အလှူဒါနပြုပြီးနောက် ပြုခဲ့ပြီးသော အလှူဒါနအတွက် တစိမ့်စိမ့်တွေးပြီး ပီတိပွားနေခြင်းသည် ပြုပြီးသော ကောင်းမှုအတွက် မှီဝဲအပ်သော ဝမ်းသာခြင်း။

သူတစ်ပါးအား ဒုက္ခရောက်စေရန် အစီအမံများပြုလုပ်ပြီး မိမိ အစီအမံအတွက် ဝမ်းသာခြင်းသည် မပြုရသေးသော မကောင်းမှုအတွက် မမှီဝဲအပ်သော ဝမ်းသာခြင်း ဖြစ်၏။

မိမိအစီအမံဖြင့် သူတစ်ပါးအား ဒုက္ခရောက်အောင်ဆောင်ရွက်ရာတွင် ဆောင်ရွက်နေဆဲ သူတစ်ပါးဒုက္ခရောက်နေဆဲတွင် ဝမ်းသာခြင်းသည် ဆောင်ရွက်ဆဲအတွက် မမှီဝဲအပ်သော ဝမ်းသာခြင်းဖြစ်၏။

မိမိအစီအမံဖြင့် သူတစ်ပါးအား ဒုက္ခရောက်စေပြီးနောက် သူတစ်ပါး ဒုက္ခရောက်ခဲ့ခြင်းအတွက် တစိမ့်စိမ့်တွေးပြီး ဝမ်းသာနေခြင်းသည် ဆောင်ရွက်ပြီးအတွက် မမှိုဝဲအပ်သော ဝမ်းသာခြင်းဖြစ်၏။

— ဝမ်းနည်းခြင်း

= ပူဆွေးခြင်း

— စိတ်ဆောကရောက်ခြင်း

≡ မကျေနပ်ခြင်း

— နှလုံးမသာယာခြင်း

စသည်တို့မှာလည်း အဓိပ္ပာယ်တူသော ဝေါဟာရများပင် ဖြစ်ကြ၏။ 'မကျေနပ်ခြင်း' ကို ဖော်ပြသော ဝေါဟာရပင် ဖြစ်၏။

ထိုဝမ်းနည်းခြင်း၊ မကျေနပ်ခြင်းတရားတို့တွင်လည်း မှီဝဲအပ်သောတရားနှင့် မမှီဝဲအပ်သော တရားဟူ၍ နှစ်ပါး ရှိပေသည်။

ကုသိုလ် ကောင်းမှု တစ်ခုခု ပြုရန် စိတ်စဉ် ထားပြီး ဝါမှ အကြောင်း တစ်ခုခုကြောင့် ပျက်ကွက် သွားရသည့်အခါ ဖြစ်ပေါ်လာသော မကျေနပ်မှု၊ ဝမ်းနည်းမှုသည် မှီဝဲအပ်သော ဝမ်းနည်းခြင်း ဖြစ်၏။

ဤသို့ ပျက်ကွက်သွားသည့်အတွက် ဝမ်းနည်းပြီးနောက် ထိုအကြိမ်က ကောင်းမှုပြုရန် သဒ္ဓါစိတ်ပေါ်နိုင်သဖြင့် မှီဝဲအပ်သော ဝမ်းနည်းခြင်းဖြစ်၏။ ကောင်းကျိုးပေးမည့် ဝမ်းနည်းခြင်း ဖြစ်၏။

မိမိရန်ငြိုးဖွဲ့ထားပြီးနောက် ဒုက္ခပေးရန်၊ သတ်ရန်ရည်ရွယ်ထားသည့် မိမိရန်သူမှာ သူတစ်ပါးသတ်သွားခြင်းကို ခံလိုက်ရသည်ဟု ကြားသိရသောအခါ "တောက် ငါကိုယ်တိုင် မသတ်လိုက်ရတာ နာသကွာ"ဟု ဆိုပြီး ဖြစ်လာသော မကျေနပ်မှု၊ ဝမ်းနည်းခြင်းသည် မမှိုဲ့အပ်သော ဝမ်းနည်းခြင်း ဖြစ်၏။

ယခု ဒုက္ခမပေးရလျှင် နောင် ဒုက္ခပေးရန်ကြံ့ပမ်းဦးမည်။ သူ့ကို မသတ်လိုက်ရလျှင် သူနှင့်ပတ်သက်သူများကို သတ်မည်၊ ဒုက္ခပေးမည် စသည့် မကောင်းမှုများ ထပ်မံ ပေါ်ပေါက်လာနိုင်ပေသည်။

ဝမ်းသာမှု ဝမ်းနည်းမှုနှစ်ပါးတွင် မှီဲအပ်သော ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ မမှီဲအပ်သော ဝမ်းသာမှု၊ ဝမ်းနည်းမှုများကို ရှင်းလင်းဖော်ပြပြီးနောက် ဝမ်းနည်းမှုလည်း မရှိ၊ ဝမ်းသာမှုလည်း မရှိတဲ့ အလယ် အလတ် ဖြစ်နေမှုတွင် မှီဲအပ်ခြင်းနှင့် မမှီဲအပ်ခြင်းကို ဆက်လက်ဖော်ပြရပေမည်။

— နတ်၊ လူတို့တွင် ဤသို့ ဝမ်းသာခြင်း ဝမ်းနည်းခြင်းတရားနှစ်ပါးမှ လွတ်သော 'အလယ်အလတ်ဖြစ်နေမှု' အချိန်က ပို၍များပေသည်။

သာမန်အချိန်တွင် စိတ်သည် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း မရှိတတ်ပေ။ အလယ်အလတ် ဖြစ်နေတတ်ပေသည်။ ထူးခြားသော ကြား၊ မြင်၊ စိတ်ကူး ထိတွေ့ စသည်တို့နှင့် ကြုံမှ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ ဖြစ်ပေါ်လာရပေသည်။ အလယ်အလတ်စိတ်သည် သာမန်စိတ်၊ မလှုပ်မှားတဲ့ ငြိမ်သက်နေသော စိတ်မျိုး ဖြစ်သည်။

ထို သာမန်အချိန်မျိုး အလယ်အလတ်စိတ်သာ ဖြစ်ပေါ်နေချိန်မျိုးတွင် မကောင်းမှု အကုသိုလ်ဒုစရိုက်များ မဖြစ်ပေါ်စေဘဲ ကောင်းမှုကုသိုလ် သုစရိုက်များကိုသာ မွေးမြူထားခြင်းသည်–

မှီဝဲအပ်သော အလယ်အလတ် ဝေဒနာကို မှီဝဲခြင်းဖြစ်ပြီး မကောင်းမှု အကုသိုလ် ဒုစရိုက်များကို မွေးမြူထားခြင်းသည်–

မမှီဝဲအပ်သော အလယ်အလတ်ဝေဒနာကို မှီဝဲခြင်းဖြစ်ပေသည်။ ထို့ကြောင့်–

- ဝမ်းသာမှု
- ဝမ်းနည်းမှု
- အလယ်အလတ်ဖြစ်နေမှု တည်းဟူသော ဝေဒနာ သုံးပါးစလုံးတွင် မှီဝဲအပ်သော ဝေဒနာကို မှီဝဲခြင်းဖြင့်–
- ချွတ်ထွင်ရန် စွဲမှတ်ခြင်းကို ချုပ်ငြိမ်းအောင် ကြိုးပမ်းအားထုတ်ခြင်း မည်ကြောင်း မြတ်စွာဘုရားသခင်က ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ ထိုအခါ သိကြားမင်းကြီးက မြတ်စွာဘုရား သခင်အား–

"သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား။

"မမှီဝဲအပ်သော ဝေဒနာ၊ မမှီဝဲအပ်သော တရားများကို မည်သို့ ပယ်ရှားရပါမည်နည်း ဘုရား" ဟု မေးမြန်းလျှောက်ထားပြန်ပါသည်။

ထိုအခါ နတ်လူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက–

## အကုသိုလ်ပယ်နည်း

"တာဝတိံသာ နတ်ရွာသခင် လူနတ်ချင်း။ အကုသိုလ် ပွားရာ ပွားကြောင်းဖြစ်သည့် တရားများကို 'ကိ၊ သိ' သည့်နေရာတွင် ချက်ချင်း ရပ်ပြီး ဖြတ်ပယ်ခြင်းဖြင့် မမှိုဝဲ့အပ်သော ဝေဒနာ၊ မမှိုဝဲအပ်သော တရားများကို ပယ်ရှားရပေမည်"

ဟု မမှိုဝဲအပ်သော တရားပယ်နည်းကို မိန့်ကြားတော်မူ၏။

ဒေါသထွက်ဖွယ်ရာအကုသိုယ်ပွားဖွယ်ရာများကို မြင်သဖြင့် ဒေါသထွက်ခြင်း၊ အကုသိုလ်ပွားခြင်းများ ဖြစ်ရပေသည်။ ဤအချက်ကို သတိထားပြီး ဒေါသထွက်စရာမြင်သည်နှင့်–

ဒါဟာ ဒေါသထွက်စရာပဲ

ဒါဟာ အကုသိုလ်ပွားစရာပဲ

ဒါဟာ မမှိုဝဲအပ်တဲ့ အာရုံပဲ ဟု ချက်ချင်းသိ၊ ချက်ချင်း သတိရှိ၊ ချက်ချင်းရပ်၊ ချက်ချင်းဖြတ်လိုက်ရန် ဖြစ်သည်။ အမြင်နောက်၊ ဒေါသနောက်သို့ ဆက်မလိုက်မိရန် ဖြစ်ပေသည်။

ထို့အတူ=

– အကုသိုလ်တရားကို ပွားများစေမည့် အသံ။

= အကုသိုလ်တရားကို ပွားများစေမည့် အနံ့။

– အကုသိုလ်တရားကို ပွားများစေမည့် အရသာ။

– အကုသိုလ်တရားကို ပွားများစေမည့် အထိအတွေ့။
– အကုသိုလ်တရားကို ပွားများစေမည့် အကြံအစည်။
များကိုလည်း မမှိုဝဲအပ်သော ဝေဒနာ၊ မမှိုဝဲအပ်သော တရား၊ မမှိုဝဲအပ်သော အာရုံဟု သိပြီးလျှင် ချက်ချင်း ရပ်ပစ်ရပေမည်။

အရေးအကြီးဆုံး အချက်မှာ–
သတိပင် ဖြစ်သည်။

အမြဲ သတိဖြင့် နေထိုင်ရန် ဖြစ်သည်။ အမြဲ သတိဖြင့် နေထိုင်ကျင့်ရှိသူသည် မည်သည့် အကုသိုလ်တရားကို ပွားများစေမည့် အာရုံဝင်လာသည် ဖြစ်စေ ချက်ချင်း သတိရပြီး ဆင်ခြင်ထိန်းသိမ်းနိုင်ပေသည်။

သာမန်အားဖြင့် သတိနှင့် သွားလာနေထိုင် လုပ်ကိုင်နေသူသည် ဝင်လာသော အကုသိုလ်တရားကို တာရှည် အပွားများမခံဘဲ သတိဖြင့် ရပ်ပြီး ဖြတ်နိုင်ပေသည်။

ကျွမ်းသည့် ကားမောင်းသူသည် ကားမောင်းနေစဉ် ရှေ့မှ တစ်စုံတစ်ဦး ရုတ်တရက် ဖြတ်လိုက်သည်နှင့် ယင်း၏ ခြေမှာ ဘရိတ်နင်းပြီးသား ဖြစ်နေသည်။ ဤသည်မှာ အမြဲသတိထပ် နေပြီး သတိ အသိနှင့် အလုပ် တစ်ထပ်တည်းကျခြင်း ဖြစ်ပေသည်။

ဤကား သွားလာ နေထိုင် လုပ်ကိုင် စားသောက် လှုပ်ရှားရင်းမှ ဝင်လာသော အကုသိုလ်တရားများကို ဖယ်ရှားနည်းပင် ဖြစ်တော့သည်။

ထို့ထက် တစ်ဆင့်တက်ပြီး တတ်နိုင်ပါက ရနိုင်သမျှကို အချိန်ယူလျက် မိမိ၏ ကိုယ်ခန္ဓာ လှုပ်ရှားမှု တစ်ခုခု၊ သို့မဟုတ် အသက်ရှူသောအခါ ထိတွေ့ပွတ်တိုက်နေသည့် ထွက်လေ ဝင်လေနှင့် နှာဝတို့၏ ထိတွေ့မှု စသည်တို့ကို အာရုံစိုက်ပြီး မပြတ် သတိထား မှတ်သားနေမှု။

မြတ်စွာဘုရားသခင်၏ ဂုဏ်တော် စသည်တို့ကိုသာ စူးစိုက် မှတ်သား ပွားများနေမှု စသည့် နည်းများဖြင့် မမှိုဲ့အပ်သည့် တရားများ ဝင်မလာနိုင်အောင် ကြိုးစားအားထုတ်ရမည် ဖြစ် ပေသည်။

ထိုသို့ ကြိုးပမ်းအားထုတ်၍ အောင်မြင်ချိန် များသည်နှင့် အမျှ မမှိုဲ့အပ်သော အကုသိုလ်တရားများကို မမှိုဲ့မိဘဲ အကုသိုလ် နည်းပါးမည် ဖြစ်ပေသည်။

သိကြားမင်းကြီး၏ မေးလျှောက်ချက်မှ ကျန်ရှိနေသေး သော စကားကိုလည်း မြတ်စွာဘုရားက အောက်ပါအတိုင်း ဖြေကြားတော်မူပြီး အဆုံးသတ်တော်မူသည်။

“အသင် သိကြားမင်း၊ ဆိုခဲ့သည့်အတိုင်း မမှိုဲ့အပ်သော တရားများကို ရှောင်ပြီး မှိုဲ့သင့်သော တရားများကို မှိုဲ့သော နည်းဖြင့် ကျင့်သော ရဟန်းသည် ‘ချွတ်ငင်ဖို့ စွဲမှတ်ခြင်း၏ ချုပ် ငြိမ်းရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်’ သင့်လျော်မှန်ကန်သော သမ်းကြောင်းဖြစ်သည့် ‘အလယ် အလတ် လမ်းစဉ်’ဟု ခေါ် ဆိုအပ်သည့် အကျင့်ကို ကျင့် သူဖြစ်ပေ၏”

ဤတွင်-

မူလရည်ရွယ်ထားသော စာဖတ်ပရိသတ်ကို ငဲ့၍ တစ် ကြောင်း၊ သတ္တပဉ္စာသုတ်ကို ဤမျှပင် လိုရင်းနှင့် အလွယ်

ကူဆုံး၊ အကျဉ်းဆုံး ဖော်ပြမည်ဟူသော မိမိ၏ မူလရည်ရွယ်ချက်အရ တစ်ကြောင်း၊ မိမိ၏ အရည်အချင်းအရ ဤမျှပင် ရေးသင့်သည်ဟု ခံယူထား၍ တစ်ကြောင်း သက္ကပဥ္ဥသုတ်တွင် မြတ်စွာဘုရားသခင် ဟောကြားတော်မူသော တရားကို ဤရွေ့ ဤမျှပင် ဖော်ပြလိုက်ပါသည်။

ဤတွင်—

သိကြားမင်း၏ ရှေးဦးမေးခွန်းဖြစ်သော-

"သတ္တဝါများ ချမ်းသာချင်လျက် ဘာကြောင့် မချမ်းသာ ကြသနည်း" ဟူသော မေးခွန်းမှ မြတ်စွာဘုရားသခင်၏ နောက်ဆုံးအဖြေဖြစ်သော မမှိဝဲအပ်သောတရားကို သတိဖြင့် သိပြီး ချက်ချင်းရပ် ဖြတ်"

ဟူသော အဖြေအထိကို စာဖတ်ပရိသတ်များ ပိုပြီးမှတ်သား ရ လွယ်ကူစေရန် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အထူးသီကုံး ဖွဲ့ဆိုထားသည့် လင်္ကာတစ်ပုဒ်ကို ဖော်ပြပါမည်။ အလွန်တိုပြီး အလွန်လွယ်သဖြင့် အရကျက်ထားက အကျိုး အနန္တ ဖြစ်ပါသည်။ လင်္ကာမှာ—

## အချုပ်လင်္ကာ

ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊
ဘေးရန်ပလျက်၊ အေးမြချမ်းသာ၊ နေလိုပါလည်း၊
ဣဿာမစ္ဆေ၊ သူရှုပ်ပွေ၍၊ (မနာလိုပေ၊ ဝန်တိုတွေ

ကြောင့်)၊ ထင်ခြေမကျ၊ ဆင်းရဲရတည့်။ မူလဇာတ်မြစ်၊ သူ့ကြောင်းစစ်သော်၊ မုန်းချင်အပ်သား၊ အာရုံများနှင့်၊ လိုလားတစ်လီ၊ ကြံစည်တစ်တန်၊ ချွမ်မှန်မှတ်စွဲ၊ ခြေတည်လွဲ၍၊ ဆင့်ကဲဆင့်ကာ၊ ဖြစ်ရိုးပါတည့်၊ ခြောက်ဖြာဒွါရ၊ ထင်သမျှကို၊ မှတ်ကြသဖြင့်၊ မမှီသင့် ရှောင်၊ မှီသင့်ဆောင်၍၊ မှန်အောင်ပြင်က၊ လမ်းမှန်ရသည်၊ မုချ ချမ်းသာရေးပေတည်း။

တရားပိုင်း ပြီးသွားသော်လည်း ဇာတ်လမ်းပိုင်းက ကျန်ပါသေးသည်။

= မြတ်စွာဘုရားသခင်၏ တရားတော်နှင့် သိကြားမင်းကြီး၏ အကျိုးခံစားမှု။
- သိကြားမင်းကြီး၏ ဘုရားဖူးခရီးမှ ရရှိသော သိကြားမင်းကြီးအတွက် အကျိုးကျေးဇူး။
- သိကြားမင်းကြီး၏ ဘုရားဖူးခရီးမှ ရရှိသော ပဥ္စသိခနတ်သား၏ အကျိုးခံစားမှု။
- ပဥ္စသိခနတ်သားနှင့် သူရိယဝစ္ဆသာတို့ ဇာတ်လမ်းများကို ဆက်လက်ဖော်ပြရန် ကျန်ပါသေးသည်။

## သိကြားမင်းကြီးအတွက် အကျိုးကျေးဇူး

နတ်သိကြားများက သာမန်လူသားများထက် စိတ်တန်ခိုးကြီး၏။ ပညာဉာဏ်ကြီး၏။ စိတ်အလျင်မြန်၏။ မြတ်စွာဘုရားသခင် ဟောကြားတော်မူသော 'မနာလိုမှု၊ ဝန်တိုမှု၊ ချုပ်ငြိမ်း

ကြောင်း တရား' ကို နာကြားရာတွင် တရားနာကြားရင်း တရားကို ဆင်ခြင်သုံးသပ် နှလုံးသွင်းသွားနိုင်သည်။

မှိုဝဲအပ်သော စမ်းသာမှုများ ပေါ်လာသည်ကို အသင့် မှိုဝဲသွားနိုင်သည်။

ထို့ကြောင့် တရားဆုံးသည်နှင့် သိကြားမင်းကြီးသည် 'သောတာပန်' ဖြစ်သွားလေသည်။

ဤတွင် -

ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးနေကျ ကြားနေကျ စကား ဖြစ်သည့် သောတာပန် အကြောင်းကို မကျယ်မဟုတ်မူဘဲ အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။

## သောတာပန်ဟူသည်

သောတာပန်ဟူသည် ရေစီးကြောင်းထဲသို့ ရောက်ရှိသွားသူ ဟူ၍ အဓိပ္ပာယ်ရသည်။

သောတ = ရေအလျင်

အာပန္န = ရောက်ရှိခြင်း

သောတ+အာပန္န = သောတာပန်

= ရေစီးကြောင်းထဲ ရောက်ရှိခြင်း ဟူ၍

ဒဂုန်ဦးစန်းငွေက 'သောတာပန် နှင့် ယထာဘူတ' စာအုပ်တွင် ဖော်ပြထားသည်။ ဆက်လက်ပြီး -

= သောတာပန် ဆိုသည်မှာ နိဗ္ဗာန်သို့ သွားရာ ရေစီး ကြောင်း၊ နိဗ္ဗာန်လမ်းမကြီးပေါ်သို့ ရောက်ရှိသွားပြီ

ဖြစ်သူ၊ ထိုသို့ နိဗ္ဗာန်ရေစီးကြောင်းကြီးထဲသို့ ရောက်ရှိသွားပြီ ဖြစ်သဖြင့် အပါယ် လေးပါး တံခါးပိတ်၍ နိဗ္ဗာန်ရောက်ဖို့အတွက် စိတ်ချရသူ ဖြစ်သတည်း။

တစ်နည်းအားဖြင့် –

– ဟိမဝန္တာမှ စီးလာကြကုန်သော မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ရေအလျဉ်တို့သည် နောက်သို့ ပြန်နစ်ခြင်း (ပြန်ဆုတ်ခြင်း) မရှိကုန်မူ၍ မဟာသမုဒ္ဒရာသို့ အရောက် စီးသွားကြကုန်သောကြောင့် 'သောတ' မည်ကုန်၏။

ထို့အတူ ထိုအရိယာ (သောတာပန်)တို့သည်လည်း ပုထုဇဉ်အဖြစ်သို့ တစ်ဖန် ပြန်ရောက်ခြင်း မရှိကြကုန်မူ၍ နိဗ္ဗာန်သို့သာ တစ်ဖြောင့်တည်း ဆန်တက်၍ သွားကြကုန်၏။

ပုထုဇဉ်တို့သည် ဘဝဂ်ဘုံမှသော်လည်း အဝီစိသို့ တိုင်အောင် အောက် အောက်ဘုံတို့သို့ တစ်ဖန် ပြန်ရောက်ကြသကဲ့သို့ ထို အရိယာတို့သည် မိမိတို့ ဖြစ်ရာ ဘုံမှ အောက် အောက်ဘုံသို့ တစ်ဖန် ပြန်ရောက်ခြင်း မရှိကုန်ပြီ။ အထက် အထက်ဘုံသို့ ဆန်တက်ရန် တစ်ခေါက် တစ်လမ်းသာ ရှိကြကုန်၏။

## သောတာပန်ဖြစ်ရန်

လောကီ ပုထုဇဉ်သားတို့နှင့် ကိလေသာ တရားများကား များပြားလှကုန်၏။ မည်မျှ များပြားသနည်း ဟူမူ ဂဏန်း

သချ်ာအားဖြင့် ရေတွက်သော် တစ်ထောင့်ငါးရာတိတိ ရှိသတည်း။

ထိုများပြားလှသော ကိလေသာထဲမှ သောတာပန် ဖြစ်ရန်အတွက် ကိလေသာ တစ်ချက်ကိုသာ ပယ်သတ်ရပေမည်။ ထိုပယ်သတ်ရမည့် ကိလေသာကား-

'သက္ကာယဒိဋ္ဌိ'ပင် ဖြစ်တော့သည်။ သက္ကာယဒိဋ္ဌိ ကွာလျှင် ကိလေသာပေါင်း တစ်ထောင့်လေးရာကိုးဆယ့်ကိုး ကျန်လျက်နှင့်ပင် သောတာပန် ဖြစ်လေပြီ။

သက္ကာယဒိဋ္ဌိ ဟူသည်ကား -

သက္ကာယ = ထင်ရှားရှိနေသော ခတ်အစုကို

ဒိဋ္ဌိ = ထင်မြင်စွဲလမ်းခြင်းပင်တည်း။

'ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်' ခတ်အစုကို 'ငါ၊ သူ၊ တစ်ပါး၊ ယောကျ်ား၊ မိန်းမ' ဟူ၍ မှားယွင်းစွာ ထင်မြင်စွဲလမ်းခြင်းပင်။

တစ်နည်းအားဖြင့် -

ဒ. မြင်ခံ၊ အထင်ခံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်ကား ပေါ်ပေါ်လွင်လွင် မြင်တွေ့ နေရသည့် 'ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်ကို သက္ကာယကောင်'ဟု ခေါ်၏။

ထိုရှိနေသည့်'သက္ကာယ'ကို'သက္ကာယ'ဟု မထင်လေဘဲ 'ငါ၊ ငါ့သား၊ ငါ့ယောကျ်ား၊ ငါ့မယား၊ ငါ့သမီး' ဟူ၍ အထင်မှား အမြင်မှား၊ အမှတ်မှားခြင်းကို ခေါ်သည်။

သောတာပန်ပုဂ္ဂိုလ်သည် ထိုသက္ကာယဒိဋ္ဌိကို ဖယ်ရှားပြီး ဖြစ်သည်။

သောတာပန် ဖြစ်ကြောင်း အင်္ဂါရပ် လေးပါး ရှိ၏။ ၎င်းတို့မှာ-

(၁) အရဟံ = သမ္မာသမ္ဗုဒ္ဓ အစရှိသော ဘုရားဂုဏ်တော်တွင် မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း။

(၂) သွာက္ခာတ အစရှိသော တရားဂုဏ်တော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း။

(၃) လောကုတ္တရာသမာဓိ၏ ပဒဋ္ဌာန် ဖြစ်သော သီလဝိသုဒ္ဓိဂုဏ်နှင့် ပြည့်စုံခြင်း။

(၄) သုပ္ပဋိပန္န အစရှိသော သံဃာဂုဏ်တော်၌ မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်း တို့ ဖြစ်သည်။

'မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်း' ဆိုသည်မှာ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါး၏ဂုဏ်တော်ကို အာရုံပြု ကြည်ညိုနေသည့်အခါ မိမိစိတ်ကို တည်ငြိမ်စွာ အစိုးရစွာ ချွန်သမာပတ် ဝင်စားနေသကဲ့သို့ ကြည်ညိုခြင်းကို ဆိုလိုသည်။

## သောတာပန် သုံးမျိုး

လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ဗြဟ္မာအမျိုးမျိုး ရှိသကဲ့သို့ သောတာပန်လည်း အမျိုးမျိုး ရှိ၏။ ထိုအမျိုးမျိုးကို သောတာပန် အနု၊ သောတာပန်အရင့် ဟူ၍ နှစ်မျိုးခွဲပြီးနောက်...

(၁) ကေဗိဇ သောတာပန်
(၂) ကောလံကောလ သောတာပန်
(၃) သတ္တက္ခတ္တုပရမ သောတာပန် ဟူ၍ သုံးမျိုး ခွဲခြားသည်။

(၁) ကေဗိဇ သောတာပန် ဟူသည် ယခု ဘဝတွင် သောတာပန် ဖြစ်ပြီး ယခုဘဝတွင်ပင် နိဗ္ဗာန်ဝင်သော သောတာပန်မျိုး ဖြစ်၏။
(၂) ကောလံကောလ သောတာပန်ဟူသည် နှစ်ဘဝ၊ သုံး၊ လေး၊ ငါး ခြောက်ဘဝနှင့်ဖြစ်စေ နေပြီးမှ နိဗ္ဗာန်ဝင်သော သောတာပန်မျိုး ဖြစ်၏။
(၃) သတ္တက္ခတ္တုပရမ သောတာပန်ဟူသည် သောတာပန် ဖြစ်သည့် ဘဝမှစ၍ ခုနစ်ဘဝမြောက်တွင် နိဗ္ဗာန်ဝင်သော သောတာပန်မျိုး ဖြစ်၏။

## သောတာပန်တို့ ခံစားမှု

သောတာပန်တို့သည် ကိလေသာ မကုန်သေး။ ကိလေသာ ပေါင်း တစ်ထောင့်လေးရာ ကိုးဆယ့်ကိုးပါး ကျန်သေးသဖြင့် ကိလေသာ ကုန်စင်အောင် ဆက်လက် ကြိုးပမ်းရပေဦးမည်။ သို့သော် ယခု သောတာပန် ဖြစ်သည်နှင့်ပင်....

(၁) အပါယ်ဘဝမှ အပြီး ကျွတ်လွတ်ပြီး သောတာပန် ဟူသည် အပါယ်ဘုံသို့ လားရန် အပါယ်ကျရန် မရှိတော့။

(၂) ဘဝများစွာ ကမ္ဘာများစွာ ကျန်သေးသော်လည်း မိမိတို့၏ စိတ်သန္တာန်တွင် မိစ္ဆာဒိဋ္ဌိ တရားတို့၏ နှောင့်ယှက်မှု၊ အပါယ် ဒုက္ခတို့၏ နှောင့်ယှက်မှုမှ ကင်းငြိမ်း၏။

(၃) ယင်းအပါယ်ဒုက္ခ၏ ကင်းငြိမ်းမှု၊ အပြီးလွတ်ငြိမ်းမှုသည် ဘဝကမ္ဘာ အသင်္ချေ ကြာသော်လည်း ပျက်ကွက်ခြင်း မရှိ။

(၄) တစ်ဘဝတစ်ခါ ခန္ဓာငါးပါး ပျက်ချုပ်မှုရှိသော်လည်း မိမိတို့ရရှိပြီးသော သဥပါဒိသေသ နိဗ္ဗာန်ကား ပျက်ဆုံးခြင်း မရှိ။ တစ်ဘဝ တစ်ခန္ဓာပျက်၍ တစ်ဘဝ တစ်ခန္ဓာသို့ ရောက်လျှင်လည်း ထိုနိဗ္ဗာန်တွင်သာ ရောက်ရ၏။ ပုထုဇဉ်ခန္ဓာသို့ ပြန်မရောက်ရတော့။

ဟူသော အကျိုး ကျေးဇူးများကို ခံစားရပေသည်။

## သောတာပန်တို့ ပယ်ပြီးသော တရားများ

သောတာပန်ဟူသည် အရိယာအဆင့်တွင် ပထမဆုံးအဆင့်၊ အနုဆုံးအဆင့် ဖြစ်၏။ သောတာပန်၏ အထက်တွင် သကဒါဂမ်၊ အနာဂမ်၊ ရဟန္တာ ဟူ၍ ရှိပေသေးသည်။ သံသရာမှ လုံးဝ လွတ်မြောက်သွားသော အဆင့်သည် ရဟန္တာ အဆင့်ပင် ဖြစ်၏။ တစ်ထောင့်ငါးရာ ကိလေသာမှ သက္ကာယ ဒိဋ္ဌိ တစ်ပါးသာ ပယ်နိုင်သေးသော သောတာပန် ပုဂ္ဂိုလ်သည်

အာသဝတရား၊ ဩဃတရား၊ ယောဂတရား၊ ဂန္ထတရား စသည်များတွင်လည်း အများစုကို ချန်ပြီး အနည်းစုကိုသာ ပယ်နိုင်ကြသေး၏။ ပယ်သော တရားများကို စုပေါင်းချုံး လိုက်သော်....

၁။ အယူတွင် ယစ်မူးစေတတ်သော တရား
၂။ ဒိဋ္ဌိ ဗက်နွံထဲတွင် နစ်၍ သတ်တတ်သော တရား
၃။ မလှုပ်နိုင်အောင် ဒိဋ္ဌိဖြင့် တုပ်နှောင်ထားသော တရား
၄။ နွား၊ ခွေး၊ ကြက်၊ ငှက်တို့၏ အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ ဟူသော မှားယွင်း သုံးသပ်ချက် တရား။
၅။ ဤတရားမှ တစ်ပါး အခြား မရှိဟု တရားသေ ဆုပ်ကိုင်ထားသော တရား
၆။ အယူတွင် စွဲလမ်းမှု တရား
၇။ သည်ဟာသာ အမှန်တရားဟု တရားသေ စွဲလမ်းမှု တရား
၈။ ကိုယ်ရှိသည်ဟု စွဲသော အတ္တ စွဲလမ်းမှုတရား
၉။ ကောင်းသော အလုပ်ကို လုပ်ရန်ကြံတိုင်း 'ဟုတ်မှ ဟုတ်ပါ့မလား' ဟု ယုံမှားခြင်း တရား
၁၀။ အယူမှား၍ တပ်မက်ခြင်း တရား
၁၁။ ယုံမှားခြင်းတွင် တပ်မက်ခြင်း တရား
၁၂။ ဒိဋ္ဌိဖြင့် နှောင်ဖွဲ့ထားခြင်း တရား
၁၃။ ယုံမှားခြင်းဖြင့် နှောင်ဖွဲ့ထားခြင်း တရား
၁၄။ ဒိဋ္ဌိဖြင့် နှိပ်စက်ခြင်း တရား

၁၅။ ယုံမှားခြင်းဖြင့် နှိပ်စက်ခြင်း တရား

၁၆။ အနိစ္စကို နိစ္စထင်ခြင်း၊ အနတ္တကို အတ္တထင်ခြင်း တွင် အမှတ်မှားခြင်း တရား

— အသိမှားခြင်းတရား

— အယူမှားခြင်းတရား ဟူ၍ ဖြစ်ပေသည်။

## ဘိုစဉ်စံ သောတာပန်

သောတာပန်သည် အပါယ်တံခါး ပိတ်၍ နိဗ္ဗာန်အတွက် စိတ်ချရသော ဘဝ ဖြစ်၏။ ထို့ကြောင့် လူတို့သည် သောတာပန် ဖြစ်လိုကြကုန်၏။

သို့သော် လူနှင့် သောတာပန်ကြားတွင် ပြဿနာတစ်ခုက ခိုးလိုးခုလုကြီး ခံနေရ၏။ ယင်းပြဿနာကား အခြားမဟုတ်။ ကာမဂုဏ်ပင်တည်း။

ဟူ၍ ဘိုစဉ်စံ သောတာပန်အကြောင်းကို အစပျိုးလျက် ဒဂုန် ဦးစန်းငွေက သူ၏ သောတာပန်စာအုပ်တွင် ဆက်လက် ဖော်ပြထားပြန်သည်။

လူသည် ကာမဂုဏ်ညွန်အိုင်ကြီးထဲတွင် ကျွဲလူးသကဲ့သို့ လူးလာခဲ့သော ဝါသနာအထုံပါလာလေသူဖြစ်ရကား ရုတ်တရက် ကာမဂုဏ်ကို အာလယမဖြတ်နိုင်ချေ။ ကာမကို မခွဲနိုင် မခွာရက် ဖြစ်နေသည်။

> "အကယ်၍များ ကာမဂုဏ်ခံစားရင်း ရောက်မည့် နိဗ္ဗာန်၊ ရမည့်နိဗ္ဗာန်များ ရှိပါက ရောက်ချင်ရချင်စမ်း ပါဘိတော့သည်"

ဟူ၍ တောင့်တကြသည်။ ထိုသို့တောင့်တသူများ အမှန် ရှိ၏။ သာဓကအားဖြင့်-

မြတ်စွာဘုရား လက်ထက်တော်က ဥဂ္ဂသေန သူဌေးသည် သားမယားကိုလည်း အလွန် ချစ်၏။ စည်းစိမ်လည်း အလွန် ယစ်၏။ နိဗ္ဗာန်ကိုလည်း လိုချင်၏။

ထိုသို့ မယားကို ချစ်ရင်း၊ စည်းစိမ်ယစ်ရင်း၊ နိဗ္ဗာန်ရနိုင် သောနည်းလမ်း ရှိမရှိ မြတ်စွာဘုရားသခင်အား လျှောက်ထား လေသည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက-

ကာမဂုဏ်ဘန်းလန်းနှင့် လူ့ဘောင်တွင် နေသူများအတွက် ထိုသူတို့နှင့် လျော်ကပ်သော လူ့အဖြစ်၊ လူ့ဘဝနှင့်ပင် စနီးတွဲလဲ၊သားတွဲလဲ၊ရွှေငွေတွဲလွဲနှင့် နိဗ္ဗာန်ဝင်နိုင်သော သော တာပန် လမ်းစဉ်ကို ညွှန်ပြဟောကြားတော်မူ၏။

ဥဂ္ဂသေန သူဌေးကဲ့သို့ လောကီစည်းစိမ်ကို ဘုံစဉ်စံပြီးမှ နိဗ္ဗာန်ဝင်ရောက်လိုသူများနှင့် သောတာပန်အဖြစ်သည် အထူး သင့်လျော်၏။ သောတာပန်ကား တစ်ထောင့်ငါးရာ ကိလေ သာမှ တစ်မျိုးကိုသာ ပယ်ထားသေးသည် မဟုတ်ပါလော။

ဝိသာခါ ကျောင်းအမကြီးသည် ခုနစ်နှစ်သမီးအရွယ်ကပင် သောတာပန်ဖြစ်ပြီး သား၊သမီး တစ်ကျိပ်၊ မြေး၊မြစ် တစ်စု တစ်ရုံးနှင့် အနှစ် ၁၂၀ လုံးလုံး ပျော်ဘပြုံးပြုံး လူ့စည်းစိမ်ကို

ခံစားသွားပြီး ယခု နိမ္မာနရတိနတ်ဘုံတွင် သုနိမ္မိတ နတ်မင်းကြီး၏ မိဖုရားအဖြစ် ကြီးပွားသော နတ်စည်းစိမ်ကို ခံစားလျက်ရှိ၏။ ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်မည့်သူပေတည်း။

ဤမျှဆိုလျှင် 'သောဘာပန်' အကြောင်းကို အကျဉ်းမျှ သိလောက်ပေပြီ။ သတောမျှ သိလောက်ပေပြီ။ သိကြားမင်းကြီး သောတာပန်ဖြစ်ခြင်းကို ပြန်ကောက်လိုပါသည်။

## သိကြားမှ သိကြားသို့

မြတ်စွာဘုရား၏ မနာလို ဝန်တိုချုပ်ကြောင်း တရားကို ကြားနာ၍ သိကြားမင်းကြီးသည်သောတာပန်အဖြစ်သို့ရောက်ရှိသွားလေသည်။

သိကြားမင်းကြီးသည် သောတာပန်ဖြစ်ပြီးသည်နှင့် ချက်ချင်းပင် စုတေစိတ်ကျသွားသည်။ သိကြားအဖြစ်မှ ကွယ်လွန်အနိစ္စရောက်သွားသည်။

ထို့နောက် ချက်ချင်းပင် သိကြားတာပြန်ပြီး သိကြားမင်းကြီးပင် ပြန်ဖြစ်လာသည်။

သိကြားမင်းကြီး စုတေစိတ်ကျခြင်းနှင့် သိကြားဘဝသို့ အသစ်တစ်ဖန်ရောက်ရှိလာခြင်း၊ သိကြားမင်းပင် ပြန်ဖြစ်လာခြင်းတို့သည် အလွန် လျင်မြန်လှ၏။ မည်မျှလျင်မြန်သနည်းဟူမူ ဤအခြင်းအရာကို မြတ်စွာဘုရားသခင်နှင့် သိကြားမင်းကြီးမှ တစ်ပါး အခြားမည်သူမျှ မသိရှိလိုက်ကြပေ။ အနီးအနားတွင် တရားနာနေကြသည့် အလွန်တန်ခိုးကြီးသော နတ်များပင်မသိ

ရှိလိုက်ကြပေ။ မူလသိကြားမင်း၊ သိကြားဟောင်း ဟူ၍ပင် ထင်နေကြသည်။ သိကြားသစ်မှန်း မသိလိုက်ကြ။

မြတ်စွာဘုရားသခင်၏ တရားတော်ကို နာရသည့်အကျိုး၊ သိကြားမင်းကြီး၏ ဘုရားဖူးခရီးမှ ရရှိသည့် အကျိုးကျေးဇူးကား 'အပါယ်သို့ မကျတော့ပြီ' ဟု အာမခံချက်ရသော သောတာပန်ဖြစ်ခြင်းနှင့် သိကြားမင်းဘဝမှ စုတေစိတ်ကျပြီးနောက် ချက်ချင်းသိကြားဘဝကို ပြန်လည်ရရှိခြင်းတို့ ဖြစ်ပေသည်။

ဤနေရာတွင် သိကြားမင်းကြီးသည် သောတာပန်ဖြစ်ပြီးမှ မြတ်စွာဘုရားသခင်အား ယပ်မခမေးမြန်း လျှောက်ထားသဖြင့် မြတ်စွာဘုရားသခင် ဖြေကြားတော်မူချက်များကို ဖြည့်စွက် ဖော်ပြလိုသေးသဖြင့် ယိုရင်းကို ဖြည့်စွက် ဖော်ပြပါမည်။

သောတာပန်ဖြစ်ပြီးမှ သိကြားမင်းကြီးသည် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးအား—

''ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ မေတ္တာတော်အနန္တ၊ ကရုဏာတော်အနန္တ၊ စကြဝဠာကမ္ဘာမြေ မိုးဖျန်းဖျန်းကျူးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား။

''ခွဲဖို့ရန် စွဲမှတ်ကြောင်းတရား ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ဟောပြောပြသသည့် ဤအရှင်ဘုရား၏ စကားတော်သည် မှိုဝဲရန် ဟောပြောသည့်အတိုင်းပင် မှန်ပါသည်ဘုရား။

''ကျိုးရှိ၊ ဟုတ်မှန် နှစ်တန်သော စကားမြတ်ကိုသာ ဆိုတော်မူသော မြတ်စွာဘုရား။

''အရှင်ဘုရား၏ အဖြေစကား ဘုရားတပည့်တော် မေး သမျှ ပြန်ဖြေသည့်စကားကို တပည့်တော် ကြားနာရ၍ တပည့် တော်သည်-

''ချဲ့ဖို့ရန် စွဲမှတ်ကြောင်း ချုပ်ရာနိဗ္ဗာန်သို့ ရောက်အောင် မည်သို့ ကျင့်ရပါမည်နည်း'' ဟူသော အမေးပြဿနာနှင့် ယှဉ် မှားခြင်း မရှိတော့ပါဘုရား။

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်အား သနားသဖြင့် ထပ်မံ သည်းခံပြီး ဖြေကြားတော်မူပါဦးဘုရား။

''သံသရာမှ လွတ်မြောက်ကြောင်းကို ရှုမှီး ကျင့်ကြံ အားထုတ်လျက်ရှိသော ရဟန်းသည် အဘယ်သို့ ကျင့်လျှင် အပါယ် စသည်တို့မှ လွတ်မြောက်စေသည့် ပါတိမောက် သီလဖြင့် အကုသိုလ်ကို ပိတ်ဆို့စောင့်စည်းဖို့ ကျင့်သူ ဖြစ်ပါ သနည်း ဘုရား'' ဟူ၍ ထပ်မံ လျှောက်ထားမေးမြန်းပြန်သည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း-

''တာဝတိံသာ နတ်တို့ရှာထား ဣန္ဒမည်မှတ် သိကြားနတ်။

''ငါသည် ကိုယ်ဖြင့် ပြုအပ်သောအမှု၊ နှုတ်ဖြင့် ပြောဆို အပ်သော အမှု၊ ပစ္စည်းရှာမှုတို့ကို 'မှီဝဲအပ်၊ မမှီဝဲအပ်' ဟူ၍ နှစ်ပါး ဟော၏'' ဟု ဖြေကြားတော်မူ၏။

သိကြားမင်းက ထပ်မံ၍-

''ထပ်မံပြီး လျှောက်ထားပါရစေဦး ဘုရား။ အဘယ်သို့ ကျင့်သော ရဟန်းသည် အကုသိုလ်ကို ပိတ်ဆို့ရန် ကျင့် ကြောင်း ဖြစ်ပါသနည်း ဘုရား'' ဟူ၍ မေးမြန်း လျှောက် ထားပြန်၏။ မြတ်စွာဘုရားသခင်က-

''တာဝတိံသာ နတ်များရှာက လူနတ်မည်ရင်း သိကြားမင်း-

— မျက်စိဖြင့် မြင်အပ်သော အဆင်း။
— နားဖြင့် ကြားအပ်သော အသံ။
— နှာခေါင်းဖြင့် ရအပ်သော အနံ့။
— လျှာဖြင့် စားသိရအပ်သော အရသာ။
— ကိုယ်ဖြင့် ထိသိရအပ်သော အတွေ့အထိ။
— စိတ်ခေတ်ဖြင့် ကြံစည်သိရသော သဘောအားရုံ။

များကို မှီဝဲသင့်၊ မမှီဝဲသင့် ဟူ၍ နှစ်မျိုးနှစ်စားအားဖြင့် ခေါ်ဘုရား ဟောတော်မူ၏''ဟူ၍ ပြန်လည် မြေကြားတော်မူ၏။

ထိုအခါ သိကြားမင်းက-

'ဘုန်းတော် အလွန်တရာ ကြီးမားတော်မူသော မြတ်စွာဘုရား။

''မျက်စိဖြင့် မြင်ရသော အကြောင်းအဆင်းသည် မှီဝဲသူအတွက် အကုသိုလ် ပွားစေ၏။ ကုသိုလ်တရားကို ဆုတ်ယုတ်စေ၏ဟု ဆိုက ထိုအဆင်းကို မမှီဝဲရ။ အကြောင်းအဆင်းသည် အကုသိုလ် တရားကို ဆုတ်ယုတ်စေ၏။ ကုသိုလ်တရားကို ပွားများစေ၏ဟု ဆိုက ထိုအဆင်းကို မှီဝဲရ၏။ အခြား အာရုံငါးပါးကိုလည်း ဤသဘောင်းပင် ခွဲမှတ်ရမည်ဟု ဘာပညတ်တော် နားလည်ပါသည် ဘုရား'' ဟူ၍ လျှောက်ထားလေသည်။

သိကြားမင်းသည် မြတ်စွာဘုရားသခင်အား မိမိ မေးမြန်း ချက်၊ မြတ်စွာဘုရားသခင်က မိမိအား ပြန်လည်ဟောပြော ချက်များကို မိမိ သဘောပေါက်သကဲ့သို့ တရားနာ နတ်

ပရိသတ်များ သဘောပေါက်စေလိုသော ဆန္ဒဖြင့် အသေးစိတ် မေးမြန်းလျှောက်ထားခြင်း၊ ထပ်၍ ထပ်၍ မေးမြန်းလျှောက် ထားခြင်း၊ မိမိ သဘောပေါက်သည်ကို ဤသို့ နားလည် သဘောပေါက်ပါသည် ဘုရားဟု အများ နားလည်သဘော ပေါက်နိုင်အောင် လျှောက်ထားခြင်းများကို ပြုလေသည်။

သိကြားမင်းသည် မြတ်စွာဘုရားသခင်၏ တရားတော်ကို နာရ၍ နားလည်သဘောပေါက်၍၊ တရားတော်၌ ယုံမှားခြင်း ကင်း၍ သောတာပန်ဖြစ်ပြီးနောက် မိမိ၏စိတ်ထဲ စွဲမြဲနေသည့် ဆန္ဒတစ်ရပ်ကို မြတ်စွာဘုရားသခင်အား လျှောက်ထားမေး မြန်းပြန်သည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤလောကတွင်-
ရဟန်း ဟူ၍လည်းကောင်း
ပြဟ္မဏ ဟူ၍ လည်းကောင်း
သူမြတ် ဟူ၍ လည်းကောင်း

စသည်အားဖြင့် ဝန်ခံသူ များပြားစွာ ရှိကြပါကုန်၏ ဘုရား။ ထိုသူအားလုံးတို့သည်-

- အယူဝါဒချင်း တူညီကြပါသလား ဘုရား။
- ကိုယ်နှုတ် အကျင့်ချင်း တူညီကြပါသလား ဘုရား။
- အလိုဆန္ဒချင်း တူညီကြပါသလား ဘုရား။
- အပြီး အဆုံးချင်း တူညီကြပါသလား ဘုရား။

ထိုသို့သော သိကြားမင်း၏ အမေးကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက—

"အသင် သိကြားမင်း၊ ထိုသူတို့သည် အချင်းချင်း မတူညီကြပါကုန်"ဟူ၍ ဖြေကြားတော်မူ၏။

ထိုအခါ သိကြားမင်းကြီးက—

"အဘယ့်ကြောင့် ဤကဲ့သို့ မတူညီကြပါသနည်း ဘုရား" ဟု မေးမြန်းပြန်သည်။

မြတ်စွာဘုရားသခင်ကလည်း—

"အရှင်သိကြားမင်း။ လောကတွင် လူ၊ နတ် စသည့် သတ္တဝါများတွင် တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်း မတူညီကြ၊ အကြိုက်အမျိုးမျိုး ကွဲလွဲကြ၏။ ထိုသို့ ကွဲလွဲကြသည့် သတ္တဝါများတွင် မိမိတို့ အလိုရှိသည်ကိုသာ သုံးသပ်ပြီး စွဲမြဲကြပေ၏။

ဤအယူဝါဒကား မှန်၏။

အခြား အယူဝါဒဟူသရွေ့ အချိုးအနှိုး အလကားအမှားတွေသာ ဖြစ်၏ဟု ပြောလေ့ရှိကြ၏။

ထို့ကြောင့် ထိုရဟန်း၊ ပုဏ္ဏား၊ သူမြတ်ဆိုသူ အားလုံးတို့သည် တစ်ဦးနှင့် တစ်ဦး အယူဝါဒချင်း မတူညီကြခြင်း ဖြစ်ပေ၏။

ကိုယ်နှုတ် စောင့်ထိန်းမှု အကျင့်သီလချင်း မတူညီကြကုန်။

ထို့ကြောင့် အပြီးအဆုံး တရားချင်းလည်း မတူညီကြကုန်"

ဟူ၍ ပြန်လည် ဖြေကြားတော်မူ၏။

သိကြားမင်းက—

"မှန်လှပါ အရှင်ဘုရား၊ ထိုရဟန်း၊ ဗြဟ္မဏ၊ သူမြတ် အမည်ခံသူ အားလုံးတွင်—

၁။ ငင်စစ်အားဖြင့် အပြီးအဆုံး ရှိပါသလား ဘုရား။
၂။ စင်စစ်အားဖြင့် ယောဂကုန်ဆုံးရာ ရှိပါသလား ဘုရား။
၃။ စင်စစ်အားဖြင့် အကျင့်မြတ်ကို ကျင့်ကြပါသလား ဘုရား။
၄။ စင်စစ်အားဖြင့် အဆုံးသတ်တရား ရှိကြပါသလား ဘုရား''

ဟူ၍ ထပ်မံမေးမြန်း လျှောက်ထားပြန်သည်။ အမှတ်စဉ် (၃)သည် အကျင့်တရားဖြစ်ပြီး ကျန်အားလုံးသည် ဗုဒ္ဓဘာသာက နိဗ္ဗာန်တရားဟု ဆိုသည့် 'အဆုံးသတ်တရား' ဖြစ်ပေသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက–

''နတ်တို့အရှင် သိကြားမင်း။

''အကြင်ရဟန်းသည် တဏှာကုန်ကြောင်း မဂ်အကျင့်ဖြင့် (မဂ္ဂင်ရှစ်ပါးအကျင့်) လွတ်မြောက်ကုန်၏။ ထိုလွတ်မြောက်သော ပုဂ္ဂိုလ်တို့သာ စင်စစ်အပြီးအဆုံးရှိကြပေ၏။ (မဂ်အကျင့် မဟုတ်ဘဲ၊ မဂ္ဂင်ရှစ်ပါးမရှိဘဲ၊ မဂ္ဂင်ရှစ်ပါးဖြင့် မကျင့်ဘဲ မပြီးဆုံး) စင်စစ် ယောဂကုန်ရာ ရှိကြပေ၏။ စင်စစ်အကျင့်မြတ်ကို ကျင့်ကြပေ၏။ စင်စစ်အဆုံးသတ်တရား ရှိကြပေ၏။

''ထိုသို့သော ရဟန်းမြတ်များသာလျှင် စင်စစ်အားဖြင့် အပြီးအဆုံးစသည်တို့နှင့် ပြည့်စုံသောကြောင့်၊ ရဟန်း၊ ဗြဟ္မာ၊ သူမြတ်အမည်ခံမျှ ဖြစ်ကြကုန်သော ထိုပုဂ္ဂိုလ်အားလုံးတို့သည်

စင်စစ်အားဖြင့် အပြီးအဆုံး ရှိကြသူများမဟုတ်ပါချေ။ စင်စစ်အားဖြင့် အဆုံးသတ်တရား ရှိကြသူများ မဟုတ်ပါချေ" ဟူ၍ အကျယ်တဝင့် ဖြေကြားတော်မူ၏။

သိကြားမင်းက ထပ်မံ၍ —

"ရှေ့ဘုန်းတော်သခင် အရှင်မြတ်ဘုရား—

"လှုပ်ရှားတက်ကြွလှသော တဏှာသည် အမြဲစွဲကပ်နေသော ရောဂါဆိုးကြီးဖြစ်ပါသည်ဘုရား။

"လိုချင်တောင့်တလျက် လှုပ်ရှားတက်ကြွသောတဏှာသည် အဖုအလုံး၊ အိုင်းအမာရွတ်ကြီးသဖွယ် ဖြစ်ပါသည်ဘုရား။

"ခန္ဓာကိုယ်တွင်း စူးဝင်နေသည့် မြားနှင့်လည်း တူပါသည်ဘုရား။

"ထိုထိုဘဝများစွာဖြစ်ခြင်းငှာအတွက် ဤပုဂ္ဂိုလ်သတ္တဝါများကို ဆွဲငင်နေပါသည်ဘုရား။

"ထိုသို့ဆွဲငင်သောကြောင့် ထိုပုဂ္ဂိုလ်သတ္တဝါတို့သည် ဘဝကောင်း၊ ဘဝဆိုးတို့သို့ ရောက်ရသည်ဟု ထင်ပါသည်ဘုရား။

"ယခင်အခါများက ဤမေးခွန်းမျိုးကို သမဏ ဗြဟ္မဏ အမည်ခံ ရဟန်း ပုဏ္ဏားအမည်ခံ၊ သူမြတ်အမည်ခံများကို မေးခဲ့ဖူးပါ၏ ဘုရား။

"သို့သော် မေးခွင့်ပင် မရလိုက်ပါဘုရား။

"ယခု မြတ်စွာဘုရားသခင်သာလျှင် ဘုရားတပည့်တော် ကျေနပ်လောက်အောင် ဖြေကြားပေးပါသည်ဘုရား။

"သံသယဆူးငြောင့်ကို ပယ်နုတ်ပေးပါဘုရား" ဟူ၍ ဝမ်းသာအားရ လျှောက်ထားလိုက်လေသည်။

"အကယ်၍များ ကာမဂုဏ်ခံစားရင်း ရောက်မည့် နိဗ္ဗာန်၊ ရမည့်နိဗ္ဗာန်များ ရှိပါက ရောက်ချင်ရချင်စမ်း ပါဘိတော့သည်"

ဟူ၍ တောင့်တကြသည်။ ထိုသို့တောင့်တသူများ အမှန်ရှိ၏။ သာဓကအားဖြင့်-

မြတ်စွာဘုရား လက်ထက်တော်က ဥဂ္ဂသေန သူဌေးသည် သားမယားကိုလည်း အလွန် ချစ်၏။ စည်းစိမ်လည်း အလွန်ယစ်၏။ နိဗ္ဗာန်ကိုလည်း လိုချင်၏။

ထိုသို့ မယားကို ချစ်ရင်း၊ စည်းစိမ်ယစ်ရင်း၊ နိဗ္ဗာန်ရနိုင်သောနည်းလမ်း ရှိမရှိ မြတ်စွာဘုရားသခင်အား လျှောက်ထားလေသည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက-

ကာမဂုဏ်ဘန်းလန်းနှင့် လူ့ဘောင်တွင် နေသူများအတွက် ထိုသူတို့နှင့် လျော်ကပ်သော လူ့အဖြစ်၊ လူ့ဘဝနှင့်ပင် စနိုးတွဲလဲ၊ သားတွဲလဲ၊ ရွှေငွေတွဲလဲနှင့် နိဗ္ဗာန်ဝင်နိုင်သော သောတာပန် လမ်းစဉ်ကို ညွှန်ပြဟောကြားတော်မူ၏။

ဥဂ္ဂသေန သူဌေးကဲ့သို့ လောကီစည်းစိမ်ကို ဘုံစဉ်စံပြီးမှ နိဗ္ဗာန်ဝင်ရောက်လိုသူများနှင့် သောတာပန်အဖြစ်သည် အထူးသင့်လျော်၏။ သောတာပန်ကား တစ်ထောင့်ငါးရာ ကိလေသာမှ တစ်မျိုးကိုသာ ပယ်ထားသေးသည် မဟုတ်ပါလော။

ဝိသာခါ ကျောင်းအကြီးသည် ခုနစ်နှစ်သမီးအရွယ်ကပင် သောတာပန်ဖြစ်ပြီး သား၊ သမီး၊ တင်ကျိပ်၊ မြေး၊ မြစ် တစ်စု တစ်ရုံနှင့် အနှစ် ၁၂၀ လုံးလုံး ပျော်ဘုံးပုံး လူ့စည်းစိမ်ကို

ယခုအခါ မြတ်စွာဘုရားသခင်သည် ဆရာဖြစ်၍ မိမိက တပည့်ဖြစ်ကြောင်း၊ မြတ်စွာဘုရား၏ ကျေးဇူးကြောင့် မိမိမှာ သောတာပန်ဖြစ်ပြီ ဖြစ်ကြောင်း။

အပါယ်ရောက်ကြောင်းတရားမှ ကင်းလွတ်ပြီးသည့် ဂတိ (လားရာ)နှင့် ဉာဏ်(မဂ်ဉာဏ်) တည်မြဲသွားပြီဖြစ်ကြောင်း။

အထက်မဂ်များကို ကိုယ်ပိုင်ဉာဏ်ဖြင့် ရောက်နိုင်ပြီ ဖြစ်ကြောင်းများကိုပါ ဝမ်းမြောက်ဝမ်းသာ ဆက်လက် လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသခင်က—

''အသင် သိကြားမင်း ဤကဲ့သို့သော ဝမ်းမြောက်မှုမျိုး ရှေးအခါက ဖြစ်ခဲ့ဖူးပါသလား''ဟု မေးတော်မူသည်။

သိကြားမင်းက-

''မှန်လှပါ၊ ဘုန်းတော် ခြောက်ပါးသခင် အရှင်မြတ် ဘုရား။

''ရှေးအခါက အသူရာနတ်များနှင့် စစ်ခင်းရာတွင် အနိုင် ရရှိသည့်အတွက် ဝမ်းမြောက်ခဲ့ဖူးပါသည် ဘုရား။

သို့သော် ထိုဝမ်းမြောက်မှုမှာ လက်နက်များ ကျက်စားရာ နယ်ပယ်မှ ဝမ်းမြောက်မှု ဖြစ်ပါသည်ဘုရား။

စင်စစ် ငြိုးငွေ့ရန်၊ တပ်မက်ခြင်း ကင်းရန်၊ ချုပ်ငြိမ်းရန်၊ အထူးသိရန်၊ ထိုးထွင်းသိရန်၊ သင်းရဲငြိမ် ရန်၊ နိဗ္ဗာန်ရောက်ရန် မဖြစ်ပါဘုရား။

ယခု မြတ်စွာဘုရားသခင်၏ တရားတော်ကို နာကြားပြီး သောတာပန်ဖြစ်လျက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရခြင်းမှာ လက်နက်များ ကျက်စားရာ နယ်ပယ်မှ ဝမ်းမြောက်မှု မဟုတ်ပါဘုရား။

ငင်စစ် ငြိမ်းငွေ့ရန်၊ တပ်မက်ခြင်း ကင်းရန်၊ ချုပ်ငြိမ်းရန်၊ အထူးသိရန်၊ ထိုးထွင်းသိရန်၊ ဆင်းရဲငြိမ်းရန်၊ နိဗ္ဗာန် မျက်မှောက်ရန် ဖြစ်ပါသည် ဘုရား" ဟူ၍ ရှင်လန်း အားရစွာ ပြန်လည် လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားသခင်က—

"နတ်တို့သခင် သိကြားမင်း၊ အသင်သည် အတယ်သို့သော အကျိုးကို မျှော်ကိုးပြီး ဤသို့သော ဝမ်းမြောက်မှု ဖြစ်ရခြင်းကို လျှောက်ထားရပါသနည်း" ဟု ထပ်မံ မေးမြန်းတော်မူပြန်သည်။ သိကြားမင်းကလည်း—

"ဘုရားတပည့်တော်သည် အကျိုး ခြောက်ပါးကို မျှော်ကိုးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည် ဘုရား။

တပည့်တော် မျှော်ကိုးသော အကျိုး ခြောက်ပါးမှာ—

## သိကြားမင်း ရသော အကျိုးခြောက်ပါး

၁။ ဤ ဝေဒိသသာလ လိုဏ်ဂူတွင်ပင်လျှင် တည်နေစဉ် သိကြားနတ်အသက်ဖြင့် လျက်၊ ဘုရားတပည့်တော် သည် တစ်ဖန် နတ်အသက်ကို ရပါသည် ဘုရား။

ဤသို့ဝမ်းမြောက်ခြင်း၏ မျှော်လင့်ဖွယ်အကြောင်းကို သိတော်မူပါ ဘုရား။ ထို့ကြောင့် ဝမ်းမြောက်ရပါသည် ဘုရား။

၂။ နတ်သက်အသစ်ကို စွန့်၍ နတ်ဘဝမှ စုတေသော် ဘုရားတပည့်တော်သည် လူ့ဘဝတွင် မိမိ နှစ်သက်ပျော်မွေ့ရာအမျိုးတွင် တွေဝေခြင်း မရှိဘဲ အမိဝမ်းတွင်းသို့ ရောက်ရပါမည် ဘုရား။

၃။ သိကြား နတ်ဘဝမှ လူ့ဘဝသို့ ရောက်ရှိသော ဘုရားတပည့်တော်သည် မတွေမဝေသော ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား၏၊ တစ်နည်းအားဖြင့် မေးခွန်းပြဿနာ ဟူသမျှတွင် မတွေမဝေ ဖြေရှင်းတော်မူနိုင်သော အရှင်ဘုရား၏ အဆုံးအမ သာသနာတော်တွင် မွေ့လျော်လျက် နေသည်ဖြစ်၍ မြင်မှု၊ကြားမှု စသည်တို့ကို တစ်ဖန် အမှတ်ရလျက် မမြဲသည့် အခြင်းအရာ စသည်ဖြင့် မှန်ကန်စွာသိလျက် 'သင့်သော နည်းမှန်၊ အကျင့်မှန်'ဖြင့် နေသွားပါမည် ဘုရား။

၄။ ထိုသို့ သင့်သော နည်းမှန်၊ အကျင့်မှန်ဖြင့် ကျင့်သုံးနေထိုင်သော တပည့်တော်အား အကယ်၍ ကိုယ်တိုင်သိအပ်သော သကဒါဂါမိမဂ်(သောတာပန်)ထက် တစ်ဆင့်မြင့်သော ဉာဏ်သည် ဖြစ်ငြားအံ့၊ တစ်နည်းအားဖြင့် 'သကဒါဂါမိဖြစ်က' ထိုထက်

မြင့်သော အထက်မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို သိလို လသဖြင့် သိအောင် နှလုံးသွင်း အားထုတ်နေပါ မည် ဘုရား။ ထိုသို့ သကဒါဂါမိမဂ်ဖိုလ်ကို ရသော ထိုလူ့ဘဝသည် ဘုရားတပည့်တော်၏ နောက်ဆုံး လူ့ဘဝဖြစ်ပါမည် ဘုရား။

၅။ ထိုလူ့ဘဝ၊ လူ့အသက်ကို ပြန်ပြီးသော် ဘုရား တပည့်တော်သည် တာဝတိံသာ နတ်ပြည်တွင် သိကြားမင်း တစ်ဖန်ဖြစ်ရပါမည် ဘုရား။

၆။ များသော အခြံအရံရှိသော မြင့်မြတ်ကြီးကျယ် သည့် အသက် ဘုန်းကံ ရှိသောကြောင့် အကနိဋ္ဌ နတ်ဘုံ (ဗြဟ္မာ့ဘုံ) သည် ရှိပါ၏ဘုရား။ ထိုအကနိဋ္ဌ နတ်ဘုံသည် အမြတ်ဆုံးလည်း ဖြစ်ပါ၏ ဘုရား။ ဘုရား တပည့်တော်၏ နောက်ဆုံး ဘဝသည် ထိုအကနိဋ္ဌဘုံသာ ဖြစ်ပါ၏ ဘုရား။

"ဤအကြောင်းအရာ ခြောက်ပါးကို သိမြင်သဖြင့် ဘုရား တပည့်တော်၏ ဝမ်းမြောက်ခြင်း ဖြစ်ရပါသည် ဘုရား။

"ဘုန်းတော် အလွန်ထူးကြီးမားတော်မူထသော မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဘုရား-

"နတ်အပေါင်းတို့သည် ဗြဟ္မာမင်းတို့အား အရိုအသေပြု ခြင်း၊ ရှိခိုးခြင်းများကို ပြုနေကြရပါသည် ဘုရား။

"ယခုအချိန်မှစပြီး နတ်အပေါင်းတို့၏ ကိုးကွယ်ရာ၊ ရှိခိုးရာ၊ အရိုအသေပြုရာမှာ မြတ်စွာဘုရားသခင်သာ ဖြစ်ပါတော့သည် ဘုရား။

"မြတ်စွာဘုရားသခင်သည်သာလျှင် ကိုယ်ပိုင်ဉာဏ်အစစ်ဖြင့် သိသော ဘုရားစစ်စစ် ကေန် ဖြစ်ပါသည် ဘုရား။

"အရှင်ဘုရားသည် သာလွန်သူ မရှိ အမြတ်ဆုံးဘုရား ဖြစ်ပါ၏ ဘုရား။

"နတ်လူတို့အား အကျိုးများအောင် ညွှန်ကြား ပြသ ဆိုဆုံးမကာ ဟောကြားပြသတတ်သည့် 'နတ်လူတို့၏ဆရာ မြတ်' ကေန် ဖြစ်ပါ၏ ဘုရား။

"အရှင်ဘုရားသည် နတ်ပြဟ္မာနှင့်တကွ ဖြစ်သော 'လောကဓာတ်တွင် ပြိုင်ဘက်မရှိ' အထွတ်ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ပါ၏ ဘုရား"

ဟူ၍ အတိုင်းမသိ ဝမ်းမြောက်မှုဖြင့် ပြန်လည်လျှောက်ထားလေသည်။ အထက်က ဖော်ပြခဲ့သည့်အတိုင်း သိကြားမင်းကြီးသည် မြတ်စွာဘုရား သခင်၏ တရားတော်ကို နာရသည့်အတွက်-

၁။ သိကြားဘဝမှ စုတေ ပြီးနောက် သိကြားမင်းအသစ်တစ်ဖန် ဖြစ်ရခြင်း။

၂။ ထိုသိကြားဘဝမှ စုတေ ပြန်သော် လူ့ဘဝတွင် အမျိုးကောင်းသား ဖြစ်ရမည် ဖြစ်ခြင်း။

၃။ ထိုလူ့ဘဝတွင်လည်း မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော တရားတော်မြတ်ကို ပြန်လည်အမှတ်ရပွားများပြီး မြတ်စွာဘုရားသခင်၏ အဆုံးအမဖြင့်သာ ပျော်မွေ့နေထိုင်ရမည် ဖြစ်ခြင်း။

၄။ ထိုသို့ တရားတော်ကို ပွားနေပြီး ယခုရှိထားသည့် သောတာပန် အဆင့်ထက်မြင့်သော သကဒါဂါမ်

အဆင့်ကို ရရှိသောအခါ အထက်မဂ်ဉာဏ်များကို ရလိုသည့်အတွက် ရရာရကြောင်း တရားများကို ပွားများအားထုတ်နေမည် ဖြစ်ခြင်း။

၅။ ထိုလူ့ဘဝမှ စုတေသော် တာဝတိံသာ နတ်ပြည်တွင် သိကြားမင်း တစ်ဖန် ပြန်ဖြစ်ရမည် ဖြစ်ခြင်း။

၆။ ထိုသိကြားမင်းဘဝမှ စုတေသော် ရဟန္တာ၊ ဗြဟ္မာများသာ ပျော်စံရာဖြစ်သည့် အကနိဋ္ဌဗြဟ္မာ့ဘုံတွင် နောက်ဆုံး ဖြစ်ပြီး နိဗ္ဗာန်ဝင်ရမည် ဖြစ်ခြင်း- ဟူသော အကျိုးထူးတရားများကို ရရှိသွားပေသည်။ သိကြားမင်းကြီး၏ ဘုရားဖူးခရီး ရှိ သိကြားမင်းကြီး ရရှိသွားသည့် အကျိုးကျေးဇူးများပင်တည်း။

ထိုအကြောင်းတရား ခေါက်ပါးကို မြင်၍ သိကြားမင်းမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း မြတ်စွာဘုရားသခင်အား လျှောက်ထားခြင်း ဖြစ်ပေသည်။

ထို့ပြင် မိမိတို့သည် ရှေးယခင်အစဉ်အဆက် ဗြဟ္မာများကို ကိုးကွယ်ရာဟူ၍ ရှိခိုးခဲ့ကြရပြီး ယခုအခါ ကိုးကွယ်ရာအစစ်မှာ မြတ်စွာဘုရားသခင်သာ ဖြစ်ကြောင်း။ ထို့ကြောင့် မြတ်စွာဘုရားသခင်အားသာ ကိုးကွယ်ပါတော့မည် ဖြစ်ကြောင်းကိုပါ လျှောက်ထားပေသည်။

ဤတွင်—

ရှိခိုးကိုးကွယ်ခြင်းတွင် မိမိတို့ထက် ဝါနှိုက်ကြီးသူ၊ မိမိတို့ထက် အစွမ်းထက်သူ စသည်ဖြင့် ကြောက်ရွံ့ခြင်း၊ ရိုသေခြင်း စသည်တို့ဖြင့် ရှိခိုးကိုးကွယ်ခြင်း–

လောကီရေးရာအရ မိမိတို့အား ဒုက္ခပေးနိုင်သူ၊ ဒုက္ခပေးမည့်သူကို နှိမ်နင်းအောကျယ်နိုင်သူဟူ၍ ဒုက္ခပေးခြင်းမှ ကင်းဝေးအောင် ရှိခိုးကိုးကွယ်ခြင်း။

မိမိတို့အား စီးပွားလာဘ်လာဘ်ပေးဖို့၊ မစဖို့ ရှိခိုးကိုးကွယ်ခြင်း။

စသည်ဖြင့် ရှိခိုးကိုးကွယ်ခြင်း အမျိုးမျိုး ရှိပေသည်။ နတ်တို့က ဗြဟ္မာတို့အား ရှိခိုးကိုးကွယ်ခြင်းသည် လိုလောကီရေးရာအရ ရှိခိုးကိုးကွယ်ခြင်းသာ ဖြစ်ပေ၏။

မြတ်စွာဘုရား၏ တရားတော်ကို မနာရမီက သိကြားမင်းသည်လည်း ဗြဟ္မာမင်းများကို ထိုလောကီရေးရာအရ ရှိခိုးကိုးကွယ်ခဲ့၏။

ယခု သောတာပန်ဖြစ်ပြီးသော သိကြားမင်းသည်—

လောကုတ္တရာ ရေးရာအရ သံသရာဘေးမှ ကာကွယ်သူ၊ ကယ်တင်သူအားသာ ရှိခိုးကိုးကွယ် ရပေမည်။ မြတ်စွာဘုရားသခင်သည် သတ္တဝါများအား သံသရာဘေးမှ ကာကွယ်သူ၊ ကယ်တင်သူဖြစ်၍ မြတ်စွာဘုရားသခင်သာလျှင် ရှိခိုးကိုးကွယ်ရာအစစ် ဖြစ်သည်ဟူ၍ ကောင်းစွာ သိရှိသွားပေပြီ။

သိကြားမင်းသည်—

မိမိ သိရှိသကဲ့သို့ မိမိနှင့် ပါလာသော နတ်ပရိသတ်များကိုလည်း သိစေလို၏။ ထို့ကြောင့်—

မိမိ၏ အသိကို မိမိဝမ်းထဲတွင်ပင် မထားဘဲ နတ်ပရိသတ်များပါ သိရှိစေရန် မြတ်စွာဘုရားအား ထုတ်ဖော်လျှောက်ထားခြင်း ဖြစ်ပေသည်။

## ပဉ္စသိခအတွက် အကျိုးကျေးဇူး

မြတ်စွာဘုရားသခင်အား အဖူးအမြော် လာရခြင်းကြောင့် သိကြားမင်းကြီး၏ ဘုရားဖူးခရီးမှ သံသရာမှ လွတ်မြောက်ရန် သေချာပြီဖြစ်ခြင်း၊ အပါယ်မကျရန် အာမခံချက်ရပြီ ဖြစ်ခြင်း တည်းဟူသော အဖိုးအနဂ္ဃ အကျိုးကျေးဇူးများ ရရှိခဲ့သော သိကြားမင်းကြီးသည် ဤရရှိခဲ့သော အကျိုးကျေးဇူးအတွက် အထောက်အကူပြုသူ၊ ကျေးဇူးပြုသူကို မမေ့သွား၊ ပစ်မထား ချေ။ သူ့ကျေးဇူးရှင်ကို သတိတရ ကျေးဇူးဆပ်ပါသည်။

သိကြားမင်းကြီး၏ ကျေးဇူးရှင်ကား -

- ဦးစွန်းဖုတ် ငါးခုရှိသော
- ဗေလုဝပဏ္ဍုတဝီသ နတ်စောင်းရှင်ဖြစ်သော
- စတုမဟာရာဇ်၊ တာဝတိံသာဝယ် စောင်းတီးကောင်း၊ သီချင်းဆိုကောင်းဟု ကျော်ကြားသော
- တေးဂါထာ သီကုံးဖွဲ့နွဲ့ရာတွင်လည်း ကျွမ်းကျင် လိမ္မာသော
- တေးရေးကောင်း၊ တေးဆိုကောင်း၊ စောင်း တီးကောင်းသဖြင့် သူရိယဒေဝဓီတာနှင့် တစ်နေ့တာ ပေါင်းသင်းခွင့်ရခဲ့သော
- မြတ်စွာဘုရား ပွင့်တော်မူစကာ ဂီတစောင်းသံဖြင့် ပူဇော် ခဲ့သော
- "မြတ်စွာဘုရားနှင့် အကျွမ်းဝင်သူ" ဟု သိကြားမင်း ကြီးက အသိအမှတ်ပြု ဂုဏ်တင်ထားသော

- သိကြားမင်းကြီး၏ ဘုရားဖူးခရီးကို ဦးဆောင် ဦးရွက် ပြုရသော
- သိကြားမင်းကြီး ဘုရားဖူးခွင့် ရရေးအတွက် မြတ်စွာ ဘုရားသခင်အား လျှောက်ထားပေးရသော
- စတုမဟာရာဇ် နတ်တို့ဝယ် အလှဘုရင် တစ်ပါးဟု ကျော်ကြားနေသည့် တိမ္ဗရု နတ်မင်းကြီး၏ သမီးတော် သူရိယဝစ္စသာကို အရူးအမူး ချစ်ကြိုက် စွဲလမ်းနေ သော
- သူရိယဝစ္စသာအား အရူးအမူး ချစ်ကြိုက်မိသဖြင့် မြတ်စွာဘုရားကိုပင် ရှက်အားကြောက်အား အနောက် ထားပြီး ရင်ဖွင့်လျှောက်ထားရှာသော

'ပဉ္စသိခ' နတ်သားပင် ဖြစ်ပေသည်။

ထို ပဉ္စသိခ နတ်သားလေးအား ကျေးဇူးဆပ်ရန် သိကြား မင်းကြီး အကြံရတော်မူသည်။

ထို ပဉ္စသိခ နတ်သားလေးသည် မိမိအား ဘုရားဖူးခွင့် ရရှိ အောင် ဆောင်ရွက်ပေးသည့်အတွက် မြတ်စွာဘုရားသခင်၏ မျက်မှောက်တော်တွင်ပင် ကျေးဇူးဆပ်မည်ဟုလည်း သိကြား မင်းကြီးက ကြံမိလေသည်။

ထိုသို့ မြတ်စွာဘုရားသခင်အား ဖူးမြော်ခွင့် ရအောင် ဆောင်ရွက်ပေးသူအား မြတ်စွာဘုရားသခင်၏ မျက်မှောက် တော်တွင်ပင် မဆိုင်းမတွ ကျေးဇူးဆပ်ပြခြင်းသည် မြတ်စွာ ဘုရားသခင်အား မည်မျှ ကြည်ညိုမြတ်နိုးကြောင်း ပြသခြင်း ဖြင့် မြတ်စွာဘုရားသခင်အား ပူဇော်ခြင်းပင် ဖြစ်ပေမည်။

ထို့ပြင် ပဥ္စသိခ နတ်သားလေးအား ကျေးဇူးဆပ်ရာတွင် ပါဝင်လာမည့် သက်ဆိုင်ရာ ကာယကံရှင်များသည်လည်း ယခု အခါ တရားနာပရိသတ်အဖြစ် မြတ်စွာဘုရား၏ ထံတော် မှောက်ပယ် ရောက်ရှိနေကြပြီ ဖြစ်သည့်အတွက် တစ်ဦးချင်း ညွှန်ကြားနေရန် မလိုတော့ဘဲ တစ်ပြိုင်နက်တည်း အားလုံးကို ညွှန်ကြားပြီးသားလည်း ဖြစ်သွားပေသည်။

ထို့ကြောင့် သိကြားမင်းကြီးသည် ပဥ္စသိခနတ်သားလေး အား မြတ်စွာဘုရားသခင်၏ မျက်မှောက်တွင်ပင်–

''ချစ်သား ပဥ္စသိခနတ်သား။ သင်သည် အကျွန်ုပ်အတွက် ကျေးဇူးများလှပေသည်။

''သင့်ကျေးဇူးကား ငါ့အပေါ် ကြီးမားလှပေသည်။သင်၏ ဆောင်ရွက်ပေးမှုကြောင့်၊သင်၏ ခွင့်ပန်ပေးမှုကြောင့် ငါသည် မြတ်စွာဘုရားသခင်အား ဖူးမြော်ခွင့်ရပြီး အဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ခံစားရပေသည်။ ထို့ကြောင့်–

''ချစ်သား ပဥ္စသိခ နတ်သား–

''သင့်အား ငါသည် ဖခင်အရာတွင် ထားပါအံ့။သင်ကား ငါ၏ ဖခင်ဖြစ်ပါလော့။ဤနည်းဖြင့် သင့်ကျေးဇူးကို ငါ တုံ့ ပြန်ပါ၏။

''ဖခင် ပဥ္စသိခနတ်သား–

''သင့်အား ကျွန်ုပ် ထပ်မံ၍ကျေးဇူးဆပ်ပါဦးအံ့။သင်သည် ယခုအချိန်မှစပြီး သီဆိုတီးမှုတ်ဖျော်ဖြေရသူ နတ်သားကလေး ဘဝမှ ဂန္ဓဗ္ဗနတ်မင်းကြီးဘဝသို့ တိုးမြှင့်ယူပါလော့။သင့်အား ဂန္ဓဗ္ဗနတ်မင်းကြီးရာထူးကို ငါပေး၏''

''ဖခင် ဂန္ဓဗ္ဗနတ်မင်းကြီး ပဥ္စသိခ-

"သင် အလိုလားဆုံး၊ အတောင့်တဆုံး၊ အနှစ်သက်ဆုံး၊ အစွဲလမ်းဆုံးဖြစ်သည့်ဆုကြီးတစ်ခုကိုလည်းပေးခြင်းဖြင့် ကျွန်ုပ် ကျေးဇူး ဆပ်ပါဦးအံ့။

"သင် အလွန် စွဲလမ်းနေသည့်နေရောင်ဖျော့ဖျော့ အဆင်း ရှိသည့် သူရိယ ဝစ္ဆသာ အမည်ရှိသည့်နတ်သမီးလေးကို သင့်အား ငါပေးပါ၏။ သင့်ကြင်ယာအဖြစ် သိမ်းပိုက်ပါလော့" ဟူ၍ မိန့်ကြားပြီး ကျေးဇူးဆပ်ပါပေသတည်း။

## သိကြားမင်းကြီး၏ ဘုရားရှိခိုး

အထက်ပါအတိုင်း ပဉ္စသိခနတ်သားအား ဖခင်အရာထား၍ ဂန္ဓဗ္ဗနတ်မင်းကြီးအဆင့်သို့ တိုးမြှင့်ပေး၍၊ သူရိယ ဝစ္ဆသာကို အပ်နှင်း၍ ကျေးဇူးဆပ်ပြီးနောက် သိကြားမင်းကြီးသည် မြတ်စွာဘုရားသခင်အား ကိုယ်၊နှုတ်၊နှလုံး သုံးပါးစလုံးဖြင့် အလွန်ကြည်ညိုလေးစားရိုသေစွာ ကြည့်ရှုဖူးမြော်ပြီး မြေကြီးကို လက်ဝါးဖြင့် အားရပါးရ ပုတ်လိုက်သည်။

ပြီးတော့—

"နမော တဿ ဘဂဝတော 'အရဟတော' သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ ပီတိသောမနဿစိတ် အလွန် ပိုဖိတ်စွာဖြင့် ရွတ်ဆို ရှိခိုးလိုက်သည်။

ဤတွင်—

နမောတဿ ဘုရားရှိခိုး အကြောင်းကို ဦးဆန်းထွန်း၏ ဆောင်းပါးမှ ကောက်နုတ်၍ အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။

နမောတဿ' ဘုရားရှိခိုးသည် 'နတ်ကြီးငါးပါး ဘုရားရှိခိုး ဖြစ်၏။ ထိုနတ်ကြီးငါးပါးကား—

၁။ သာတာဂိရိနတ်မင်းကြီး
၂။ အာဠဝိနတ်မင်းကြီး
၃။ မဟာရာဇ်(စတုမဟာရာဇ်)နတ်မင်းကြီး
၄။ သိကြားမင်းကြီး
၅။ ဗြဟ္မာမင်းကြီး

တို့ ဖြစ်သည်။

၁။ သာတာဂိရိနတ်မင်းကြီးသည် မြတ်စွာဘုရားသခင်အား "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ ရှိခိုးရာတွင် 'နမော' ဆိုသည့် ပုဒ်ကို ဦးစားပေးအာရုံပြု ရွတ်ဆိုရှိခိုး၏။ 'နမော' ဆိုသည်ကား ညွတ်တွားခြင်း၊ ရိုကျိုးခြင်း၊ ရှိခိုးခြင်း စသည်ပင် ဖြစ်၏။ သာတာဂိရိနတ်မင်းသည် ကောင်းကင်တွင် တစ်ထိလွှားလွှားသွားလာနေသူ ဖြစ်၏။ ထို တစ်ထီးလွှားလွှား နေသူသည် မြတ်စွာဘုရားကို အလွန် ညွတ်၏။ ထို့ကြောင့် 'ညွတ်သော' အနက်အဓိပ္ပာယ်ရှိသည့် 'နမော'ကို ဦးစားပေး ရွတ်ဆိုရှိခိုးခြင်း ဖြစ်၏။

'သာတာဂိရိ နမော ယက္ခော'၊ သာတာဂိရိဘီလူးနတ်မင်းသည် မြတ်စွာဘုရား သခင်အား 'နမော' ဟု ရှိခိုး၏ ဟူ၍ရေးသူဟောင်းတို့ မှတ်တမ်းတင်ကြကုန်၏။

၂။ အသူရိန် နတ်မင်းသည် မြတ်စွာဘုရားသခင်အား "နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဟူ၍ ရှိခိုးရာတွင် 'တဿ' ဟူသော ပုဒ်ကို ဦးစားပေး အာရုံပြု ရွတ်ဆိုသည်။ 'တ' ဆို သည်မှာ 'ထို-ဟို' ဟူ၍ ကြီးမားဝေးလံသော အရာ များကို ညွှန်ပြခြင်းဖြစ်၏။ အသူရိန်နတ်မင်းကြီး သည် အလွန်ကြီးမားသော ခန္ဓာကိုယ် ရှိ၏။ ထို့ ကြောင့် ခန္ဓာကိုယ်သေးငယ်သည့် မြတ်စွာဘုရားနှင့် တွေ့လျှင် မည်သို့အဆင်ပြေမည်နည်းဟုပင် တွေးမိ ခဲ့ဖူး၏။ တကယ်တမ်း မြတ်စွာဘုရားသခင်နှင့် တွေ့ သောအခါ အသူရိန်နတ်မင်းကြီးသည် မြတ်စွာ ဘုရားသခင်အား အတော်ပင် မော့်ဖူးရရှာပေ သည်။ ထိုအခါ အသူရိန်နတ်မင်းကြီးသည် မြတ် စွာဘုရားသခင်အား အလွန်အမင်း ကြည်ညို လေးစားသွားပြီး နမောတဿဖြင့် ရှိခိုးရာတွင် 'တဿ' ကို ဦးစားပေး အာရုံပြု ရွတ်ဆိုရှိခိုး၏။

'တဿစ အသုရိန္ဒကော'။ အသူရိန် နတ်မင်းသည် မြတ်စွာဘုရားအား 'တဿ' ဟု ရှိခိုး၏ ဟူ၍ ရှေး သူဟောင်းတို့ မှတ်တမ်းတင်ကြကုန်၏။

၃။ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော စတု မဟာရာဇ် နတ်မင်းတို့သည် မြတ်စွာဘုရားသခင် အား—

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူ၍ ရှိခိုးရာတွင် 'ဘဂဝတော' ဟူသောပုဒ်ကို ဦးစားပေး အာရုံပြု ရွတ်ဆို ရှိခိုးကြသည်။ ထိုသို့ ဦးစားပေး ရွတ်ဆိုရှိခိုးကြခြင်းမှာ ယိုးဒယားမင်းကြီးတို့သည် မိမိတို့၏ အသီးသီး ကြီးကျယ်များပြားလှသော မိဖုရား၊ သားသမီး အခြွေအရံများ၊ ဘုံနန်းပြာသာဒ်များ၊ နယ်ပယ်ပိုင်ဆိုင်မှုများနှင့် ကြီးမားသော ကမ္ဗဇိဒ္ဓိဘန်ခိုး အရှိန်အဝါတို့ကို အလွန်ဂုဏ်ယူ ထည်ဝါနေကြ၏။ သို့သော်မြတ်စွာ ဘုရားသခင်၏ 'ဘဂဝါ' ဂုဏ်တော်နှင့်နှိုင်းစာသော် မိမိတို့၏ ဂုဏ်ရှိန်မှာ နေမင်းနှင့် ယှဉ်သော ပိုးစုန်းကြူးကဲ့သို့ ဖြစ်သွားရသည်ကို သိသဖြင့် မြတ်စွာဘုရားသခင်၏ ဘဂဝါဂုဏ်တော်ကို ဦးစားပေး အာရုံပြု ရွတ်ဆိုရှိခိုးကြခြင်း ဖြစ်၏။

'ဘဂဝတော မဟာရာဇာ'၊စတုမဟာရာဇ် နတ်မင်းကြီးတို့သည် မြတ်စွာဘုရားသခင်အား 'ဘဂဝတော'ဟု ရှိခိုးကြကုန်၏ ဟူ၍ ရှေးသူဟောင်းတို့ မှတ်တမ်းတင်ကြကုန်၏။

၄။ သီဟိုဠ်မင်းကြီးမှုကား မြတ်စွာဘုရားသခင်အား နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူ၍ ရှိခိုးရာတွင် 'အရဟတော' ဟူသော ပုဒ်ကို ဦးစားပေး အာရုံပြု ရွတ်ဆိုရှိခိုး၏။ ထိုသို့ 'အရဟတော' ကို ဦးစားပေး အာရုံပြု ရွတ်ဆို ရှိခိုး

ရခြင်းမှာ သိကြားမင်းသည် စတုမဟာရာဇ်၊ တာဝတိံသာတို့မှာ နတ်များ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ရက္ခိုက်များ၏ အပူဇော်ကို ခံနေရသူဖြစ်၏။ အပူဇော်ကြီး ခံနေရသူ ဖြစ်၏။ သို့သော် သောတာပန်ဖြစ်ပြီးနောက် မြတ်စွာဘုရားသခင်၏ ပူဇော်ထိုက်သော ဂုဏ်တော် အရဟံ ဂုဏ်တော်ကို အနှစ်သာရနှင့် တိတိကျကျ သိရသောအခါ မြတ်စွာဘုရားသခင်၏ အရဟံ ဂုဏ်တော်ကို ကြည်ညို ရှိခိုးလိုလှန်းသဖြင့် အရဟာဒဘာဝဟူသော ပုဒ်ကို ဦးစားပေး အာရုံပြု ရွတ်ဆို ရှိခိုးခြင်း ဖြစ်သည်။

'သက္ကော အရဟာတော တာဒာ'၊ သိကြားမင်းသည် မြတ်စွာဘုရားအား 'အရဟတော'ဟု ရှိခိုး၏ ဟူ၍ ရှေးသူဟောင်းများ မှတ်တမ်း တင်ကြကုန်၏။

၅။ ဗြဟ္မမင်းသည် မြတ်စွာဘုရားသခင်အား နမော ကဿ ဘဂဝတော အရဟတော 'သမ္မာသမ္ဗုဒ္ဓဿ' ကို ဦးစားပေး ရွတ်ဆို ရှိခိုး၏။ ထိုသို့ ရွတ်ဆို ရှိခိုးရခြင်းမှာ ဗြဟ္မာမင်းတို့သည် အသိပညာ ကြီးမားကြကုန်၏။ ထို့ကြောင့် ဗြဟ္မာမင်းတို့သည် အသိပညာဖြင့် မာနကြီးကြကုန်၏။ ထို ဗြဟ္မာမင်းတို့သည် မြတ်စွာဘုရား၏ အသိပညာဖြစ်သော သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို 'ဗကဗြဟ္မာကြီး' သိသကဲ့သို့ သိသောအခါ မာနကျပြီး မြတ်စွာဘုရားသခင်

အား 'သမ္မာသမ္ဗုဒ္ဓဿ' ဂုဏ်တော်ပုဒ်ကို ဦးစား ပေး အာရုံပြု ရွတ်ဆိုရှိခိုးကြခြင်း ဖြစ်၏။

'သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ'၊ ဗြဟ္မာသည် မြတ်စွာ ဘုရားသခင်အား သမ္မာသမ္ဗုဒ္ဓဿဟု ရှိခိုး၏ ဟူ၍ ရှေးသူဟောင်းတို့ မှတ်တမ်း တင်ကြကုန်၏။

နမော တဿ တစ်ပုဒ်လုံး၏ အဓိပ္ပာယ်ကို အကျဉ်းချုံးလိုက်သော်-

"ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော၊ ခပ်သိမ်းသောတရား အပေါင်းတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း၍ သိတော်မူပေသော ထို မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ရှိသေ ညွှတ်ကျိုး ရှိခိုးပါ၏" ဟူ၍ ဖြစ်ပေသည်။

သိကြားမင်းကြီးသည် မြေကြီးကို လက်ဝါးဖြင့် အားရ ပါးရ ပုတ်ခဲ့သေး၏။ ထိုသို့ မြေကြီးကို လက်ဝါးဖြင့် အားရ ပါးရ ပုတ်ခဲ့ခြင်းမှာ-

"သည်ခေလာက သည်မြေပြင်ဝယ် သည်မျှ ကြီးကျယ် မြင့် မြတ်သော ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက် လာယ် ပါလလား" ဆိုပြီး မြေကြီးကို အသင်္ဘကြီး ပုတ်ခတ်ခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားသခင် ပွင့်တော်မူစက သိကြားမင်းသည် ခရုသင်းမှုတ်ပြီး ပူဇော်ခဲ့ဖူးပေ၏။

သို့သော် ထိုစဉ်က မြတ်စွာဘုရားသခင်အား ကြည်ညိုသဒ္ဓါ ပွားမှုကဲ့သို့ မလေးနက်ခဲ့ပေ။

ယခု မြတ်စွာဘုရားသခင်၏ တရားတော်ကို နာရပြီး၊ သောတာပန်ဖြစ်ပြီး၊ လက်ငင်းလက်တွေ့ အကျိုးခံစားရပြီး တော့မှ မြတ်စွာဘုရားသခင်အား ယခင်ရှေးထက် ဆထက်မမြင် မနိုင်းယှဉ်သာအောင် ကြည်ညိုလေးစားခဲ့၏။ အံ့ဩတုန်လှုပ် ခြင်း ဖြစ်မိသည်အထိ ကြည်ညိုလေးစားခဲ့ပေ၏။ ထို့ကြောင့် လည်း မြေကြီးကို အားရပါးရ လက်ဖြင့် ပုတ်ပြီး–

"သည်လောက သည်မြေပြင်ဝယ် သည်မျှကြီးကျယ် မြင့် မြတ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ပေါ်ပေါက်တတ်ပါ တလား" ဟူ၍ ဥဒါန်းကျူးမိခြင်း ဖြစ်ပေသတည်း။

ဤတွင်–

မြတ်စွာဘုရားသခင်အား ကြည်ညိုလေးစား သဒ္ဓါပွားရာ တွင် အဆင့်အတန်းအလျောက် လေးနက်မှုရှိကြောင်း တွေ့ရ ပေသည်။

ပုထုဇဉ် ပုဂ္ဂိုလ်ထက် သောတာပန် ပုဂ္ဂိုလ်တို့၏ ကြည်ညိုခြင်းက ပိုလေးနက်၏။

သောတာပန်ထက် သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ ကြည်ညိုခြင်းက ပိုလေးနက်၏။

သကဒါဂါမ်ထက် အနာဂါမ် ပုဂ္ဂိုလ်တို့၏ ကြည် ညိုခြင်းက ပိုလေးနက်၏။

အနာဂါမ်ထက် ရဟန္တာတို့ ပုဂ္ဂိုလ်တို့၏ ကြည်ညို ခြင်းက ပို၍ လေးနက်၏။

ထို့ကြောင့်—

မြတ်စွာဘုရားသခင်၏ တရားတော်ကို သိလေလေ၊ ကြည်ညိုလေလေ ဖြစ်သည်။

မြတ်စွာဘုရားသခင်၏ တရားအရသာကို လေးလေးနက်နက် ခံစားနိုင်လေလေ မြတ်စွာဘုရားအား လေးလေးနက်နက် ကြည်ညိုလေလေ ဖြစ်၏။

## နိဂုံး

ဤစာအုပ်၏ အစ အဦး နိဒါန်းပိုင်းက ဖော်ပြပြီးခဲ့သည့် အတိုင်း မြတ်စွာဘုရားသခင်၏ တရားတော်များသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးကို အတိုင်းမသိ ဖြစ်ထွန်းစေပါသည်။

ဤစာအုပ်သည် မြတ်စွာဘုရား၏ တရားတော်များအနက် အစိတ်အပိုင်းတစ်ခုဖြစ်သည့် သက္ကပဉှသုတ်မှ တရားသဘောကို အလွယ်ဆုံး၊ အရှင်းဆုံး၊ အကျဉ်းဆုံးအဖြစ် ဉာဏ်မီသမျှ ဖော်ပြနိုင်သမျှ ဖော်ပြထားခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏ တရားတော်သည် လေ့လာသူ၏ အရည်အချင်းအလိုက် လေးနက်၏။

လေးနက်မှုအားလုံးသည် ကျမ်းတင်ရာ ရှိသည်ဆိုက စာရေးသူသည် တင်ကျပ်သားနှင့် ရှင်းညွှန်ထင်၏။ ရှိချင်မှလည်း ရှိပေမည်။

စပယ်ဦးစာပေ

ဤတစ်ကျပ်သားမျှရှိသော စာရေးသူသည် မိမိကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် မိမိလိုပင် မမီသေးသော ပုဂ္ဂိုလ်များအတွက် ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝ ဟူသော ရည်ရွယ်ချက်ဖြင့် မိမိသိသော အတိုင်းအတာမျှဖြင့်ပင် ဓမ္မဒါနပြုရခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားသခင်၏ တရားတော်များကို လေ့လာလိုသူများအတွက် လေ့လာလိုမှု တိုးပွားစေရန် ရည်ရွယ်ပါသည်။

ဤစာအုပ်ကို ဖတ်ပြီး အားမရသေးသဖြင့် ဤစာအုပ်ထက် ပြည့်စုံသော လေးနက်သော စာအုပ်များကို ပတ်ရှုလေ့လာလို စိတ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါ၏။

ဤစာအုပ်ကို ဖတ်ပြီး ဗုဒ္ဓတရားတော်တွင် စိတ်ပါဝင်စားမှု၊ လေ့လာလိုမှုထက် ကျင့်ကြံအားထုတ်လိုမှုများ ပေါ်ပေါက်ပြီး လေ့လာ ကျင့်ကြံ အားထုတ်သည် ဆိုပါက စာရေးသူ စာရေးရကျိုး နပ်ပါပြီ။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါ နေသို့ လွှန်းပါစေ။

ခပ်သိမ်း များစွာ သတ္တဝါ နှစ်ဖြာ ကိုယ်စိတ် ချမ်းသာပါစေ။

ချောင်းဆုံအုန်းသွင်

ဘာသာရေးစာပေ စာမူ ကြိုတင်ခွင့်ပြုချက်အမှတ် (၄၂၂)

* ငယ်လည်း လေးတန်၊ ပန်လည်း လေးခု၊ ဆု ရှစ်ခုတို့အရှင်....၊
* အကြားအမြင် များခြင်း၊ သတိ ကောင်းခြင်း၊ ဉာဏ် ထက်မြက်ခြင်း၊ လုံ့လ ကြီးခြင်း၊ အလုပ်အကျွေး အပြုစု ကောင်းခြင်း ဟူ၍ ဧတဒဂ် ဂုဏ်ထူးကြီး ငါးခုကို ပြိုင်ဘက်မရှိ ဆွတ်ခူးနိုင်ခဲ့သူ....၊
* ဘုရားရှင် ကိုယ်တော်တိုင်က ခြောက်ကြိမ်တိုင်တိုင် ပိတ်ထားခဲ့သော တံခါးပေါက်ကို အမျိုးသမီးများအတွက် မရ ရအောင် ဖွင့်ပေးနိုင်ခဲ့သူ။

ဝမ်းမြောက်စရာ၊ ကြည်ညိုစရာ၊ အားကျစရာ၊
ကြေကွဲစရာ၊ စက်ဆုပ်စရာ၊ နာကြည်းစရာ
ရသပေါင်းစုံ လွှမ်းခြုံဖော်ကျူးလျက်....

# ညီတော်အာနန္ဒာ၏
# တစ်သက်တာမှတ်တမ်း

ဝဏ္ဏသိရိ

အရွယ်ကြီး ဆိုက်ကြီး၊ စာမျက်နှာ (၅၀၀) ခန့် ထူထူထဲထဲ
ဂျပ်ကတ်–နှစ်ထပ်ဖုံး ခန့်ခန့်ညားညားဖြင့်

**ပထမတွဲ–ဒုတိယတွဲ**

**တစ်ပြိုင်တည်း ထွက်ပါပြီ။**

ပထမတွဲ-ခြောက်ဆယ်ကျပ်။ ဒုတိယတွဲ-ခြောက်ဆယ်ကျပ်။

**တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါသည်။**

စပယ်ဦးစာပေဖြန့်ချိရေး

မှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)

စာမူ ခွင့်ပြုချက်အမှတ် (၄၁၆/၈၈) (၇)

★ အလယ်တန်း၊ တက္ကသိုလ်ဝင်တန်းမှ တက္ကသိုလ်နောက်ဆုံးနှစ်အထိ မြန်မာစာအဓိက ကျောင်းသူ ကျောင်းသားများအတွက်... လက်ကိုင်ပြုရမည့် စာအုပ်။

★ မြန်မာဘာသာ မြန်မာစာကို နှစ်ပေါင်း (၂၀) ကျော် လေ့လာ ပို့ချလျက်ရှိပြီး၊ အမရစာတန်း၊ စာပေသုတ၊ စာပေရသ၊ စာပေ ဆိုင်ရာ စာအုပ်များ ပြုစုထုတ်ဝေခဲ့သော...

**မောင်နေလ ၏ လက်ရာသစ်**

# မောင်နေလ

# မြန်မာဘာသာ မြန်မာစာ

★ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)

★ ဆရာ မောင်ခင်မင် (ဓနုဖြူ)တို့၏ အမှာစာများဖြင့်

အရွယ်ကြီး၊ ဆိုက်ကြီး၊ စာမျက်နှာ (၃၀၀)ခန့်

ဂျပ်ကတ်-နှစ်ထပ်ဖုံးဖြင့်

ထွက်ပါပြီ။

ဘစ်အုပ် - သုံးဆယ်ကျပ်။

တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါပြီ။

**ပယ်ဦးစာပေဖြန့်ချိရေး၊**

အမှတ် ၂၃၄/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)

စာမူ ကြိုတင်ခွင့်ပြုချက် အမှတ်(၀၉၀)

ဤဗွန္နယာမှာ........

သင်က သူများကို နိုင်လျှင်

သင့်ကိုလည်း အလွှာအရှင်မြတ်က နိုင်တတ်ပါသည်။

* ဆရာကြီး သခင်ဘသောင်း ဘာသာမပြန်ရသေးသော ပုံဝတ္ထုများကို မြန်မာစာပေတွင် 'တစ်ထောင့်တစ်ည' ဝတ္ထုများ (အစ–အဆုံး)) ရှိစေရန် စပယ်ဦးစာပေမှ ဆက်လက် စီစဉ်ထုတ်ဝေသွားပါမည်။

# ကျော်လှိုင်ဦး

မြန်မာပြန်

# တစ်ထောင့်တစ်ည

# ပုံပြင်များ

စာအုပ် အမှတ် (၁) (၂) (၃) (၄)

အတွင်းသရုပ်ဖော် ပုံပေါင်းများစွာဖြင့်

မြိုင်မြိုင်ဆိုင်ဆိုင် ထူးထူးခြားခြားနှင့် ထွက်နေပါပြီ။

## တစ်ထောင့်တစ်ည (၅) မကြာမီ ထွက်ပါမည်။

တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါသည်။

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ်၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့၊ ဖုန်း(၇၆၃၇၀)

ဘာသာရေး စာမူခွင့်ပြုချက် အမှတ် (၂၃၄/၈၈)

★ သမ္ဗုဒ္ဓေဂါထာနှင့် မဟာယာန သာသနာ။

★ ဘိုးဘိုးအောင်၏ သမ္ဗုဒ္ဓေ ဂါထာတော်ကြီး၊

★ ယက္ကန်းစင်တောင် ဆရာတော်ဘုရား၏ သမ္ဗုဒ္ဓေ ဂါထာတော်ကြီး။

ဘေးဆိုးအမျိုးမျိုး အန္တရာယ်ဆိုး အမျိုးမျိုးမှ လွတ်ကင်းနိုင်သည့်

# သမ္ဗုဒ္ဓေအမျိုးမျိုး နှင့် တန်ခိုးသိဒ္ဓိများ

# သုသုက

ထွက်နေပါပြီ။

ဘစ်အုပ်-တစ်ဆယ့်ရှစ်ကျပ်

တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါပြီ။

**စပယ်ဦးစာပေဖြန့်ချီရေး**

အမှတ် ၁၅၊ ၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇

ဘာသာရေးစာပေ ခွင့်ပြုချက်အမှတ် (၁၂၁/၈၉)

ရဟန္တာ အရှင်မြတ်ကြီး၏ ကြေးပြာသာဒ် သမုဒ္ဒရာအတွင်း
လှည့်လည်ရာ နေရာများကို မြေပုံနှင့်တကွ ဖော်ပြထားသည့်

# ရှင်ဥပဂုတ္တရဟန္တာ

## ပူဇော်နည်းနှင့်

# ဥပဂုတ္တထေရအပဒါန်

### မော်စရိယ-ဦးခင်မောင်လင်း
### ပါဠိဦးမြန်မာစာပေသုတေသီ[ဆရာဇာဂရူ]
### ရေးသားပြုစုသည်

စက္ကူချော၊ ဂျက်ကတ် နှစ်ထပ်ဖုံးဖြင့်

ထွက်နေပါပြီ။

ဘစ်အုပ်-နှစ်ဆယ်ကျပ်။

**တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါသည်။**

**စပယ်ဦးစာပေဖြန့်ချိရေး**

မှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)

**စပယ်ဦးစာပေ ဖြန့်ချိရေး**
**မှာယူ ရနိုင်သော စာအုပ်များ**

| စဉ် | ဘာသာရေးဆရာ | စာအုပ်အမည် | တန်ဖိုးကျပ် |
|---|---|---|---|
| ၁။ | တက္ကသိုလ်ထင်ကြီး | တိုးချဲ့ပြင်ဆင်ထားသော ခေတ်သုံးအင်္ဂလိပ်ဝေါဟာရ | ၇၅ |
| ၂။ | ဝဏ္ဏသိန်း | ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ပတွဲ) | ၆၀ |
| ။ | | ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ဒုတွဲ) | ၆၀ |
| ၃။ | ဒဂုန်ဦးစန်းငွေ | ဘဒ္ဒါတိယပျို့အဖွင့် | ၂၅ |
| ၄။ | ။ | သောတာပန်နှင့် ယထာဘူတ | ၂၅ |
| ၅။ | သုသုက | သမ္ဗုဒ္ဓေအမျိုးမျိုး နှင့် တန်ခိုးသိဒ္ဓိများ | ၁၀ |
| ၆။ | မောင်နေလ | မြန်မာဘာသာ မြန်မာစာ | ၃၀ |
| ၇။ | တက္ကသိုလ်သျှင်သီရိ | သစ္စာတန်ခိုးတော်များ | ၂၀ |
| ၈။ | ။ | ဒေဝဒတ်၏ ဘဝရေစက်ခရီးများ | ၂၅ |
| ၉။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ညပုံပြင်များ (၃) | ၄၀ |
| ၁၀။ | ။ | ။ (၄) | ၃၀ |
| ၁၁။ | စိုးမြင့် | အာရာဖတ်နှင့် ပါလက်စတိုင်း လွတ်မြောက်ရေး | ၂၅ |
| ၁၂။ | စိုးမြင့် | ရာဂျစ်ဂန္ဒီ (သို့မဟုတ်) အမေတူ အမေ့သား | ၃၅ |
| ၁၃။ | စိုးမြင့် | အမြုတေ အင်္ဂလိပ်အီဒီယံများ(A–K) (L–Z)တစ်တွဲ | ၃၅ |
| ၁၄။ | စိုးမြင့် | ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာ အသုံးအနှုန်းများ | ၄၀ |
| ၁၅။ | ဒေါက်တာဦးမောင်ကလေး | ဆေးအတတ်ပညာသမိုင်း | ၃၅ |
| ၁၆။ | အရှင်အာနန္ဒာ | ခေတ်တလျှောက် မြန်မာကဗျာ လက်ရွေးစင် | ၂၀ |
| ၁၇။ | ဦးကိုကိုသိန်း | အထက်တန်းစာရင်းကိုင်ပညာ | ၅၀ |
| ၁၈။ | မောင်စင်ကြယ် | ထောင်မှာတမ်း | ၂၅ |
| ၁၉။ | ပါမောက္ခ ဦးဖေမောင်တင် | မြန်မာစာပေသမိုင်း | ၄၀ |
| ၂၀။ | [illegible] | [illegible] ဖြစ်ရပ်ဆန်းများ | [illegible] |

**စာကြည့်တိုက်**
**ထမ္ဗာဓေး – ရန်ကုန်။**

| | | | |
|---|---|---|---|
| ၂၁။ | ဥပဒေပါမောက္ခ မောင်တင်အုံး | ဥပဒေသိပ္ပံပညာ | ၂၀ |
| ၂၂။ | ” မောင်တင်အုံး | သုတဥပဒေအထွေထွေ | ၂၅ |
| ၂၃။ | ဒေါက်တာအုန်းမောင် | အရက်နှင့် ကျန်းမာရေး | ၁၀ |
| ၂၄။ | ဦးဘာဘာ | အင်္ဂလိပ်ဘာသာ အများသုံး စကားလုံးများ | ၁၆ |
| ၂၅။ | မန်းတင် | ပထမအရွယ် | ၁၈ |
| ၂၆။ | ဇော်ဂျီ | နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ | ၁၈ |
| ၂၇။ | မင်းသုဝဏ် | ဟိုက္ကူကဗျာ မြည်းစရာ | ၅ |
| ၂၈။ | ဓမ္မာစရိယ ဦးခင်မောင်လင်း | ရှင်ဥပဂုတ္တ ရဟန္တာပူဇော်နည်း | ၂၀ |
| ၂၉။ | ကျော်ထင် | ဂျပ်ရှင်ပညာသည်များ၏ လိပ်စာများ | ၁၅ |
| ၃၀။ | ဖြူသပုံလှမိုးနွယ် | ကောသာရစ်ခွေ ပန်ပါလေ | ၁၆ |
| ၃၁။ | ဘူတဝိဇ္ဇာသုတေသီအောင်သက် | ထူးဆန်းထွေလာဝေဒနာ ပယောဂလေလား သွေးလေလား | ၂၀ |

တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါသည်။

**စပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း ၇၆၃၇၀)

* ဘွဲ့အမည် များစွာရှိသော ဥပဂုတ္တ ရဟန္တာ တန်ခိုးရှင် မထေရ်မြတ်။
* ရှင်ဥပဂုတ္တမထေရ်၏ အန္တရာယ်ကင်း ဂါထာတော်ကြီး။
* ရှင်ဥပဂုတ္တရဟန္တာ ရုပ်တုတော် ထုလုပ်ကိုးကွယ် ပူဇော်နည်း။
* ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီး မာရ်နတ်မင်းကို ဆုံးမတော်မူခြင်း။
* ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီး သမုဒ္ဒရာအတွင်း ကြွေးပြုသော ကျောင်းတော် လှည့်လည်ဖူးသော နေရာများကို မြေပုံနှင့် တကွ ကြည့်ရှု ဖတ်မှတ် ကြည်ညိုနိုင်မည့်....

# ရှင်ဥပဂုတ္တရဟန္တာ

## ပူဇော်နည်း-နှင့်

# ဥပဂုတ္တထေရအပဒါန်

မဟာစရိယ-ဦးခင်မောင်လင်း
ပါဠိမြန်မာစာပေ သုတေသီ [ဆရာဇာဂရ]
ရေးသားပြုစုသည်

မင်္ဂလာဆောင်၊ ဂျက်ကတ် နှစ်ထပ်ဖုံးဖြင့်
ထွက်နေပါပြီ။